# တိပိဋကဓရ စာမေးပွဲ

# သုတ္တန်ဆိုင်ရာ ပုစ္ဆာပေါင်းချုပ်

(၁၉၆၂ - ၁၉၇၉)

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေးဦးစီးဌာန။

သာသနာ ၂၅၂၃ ကောဇာ ၁၃၄၁ ဇန်နဝါရီလ ၁၉၈၀

၁၄၉၄၇

# တိပိဋက ရေစာမေးပွဲ

# သုတ္တန်ဆိုင်ရာ ပုစ္ဆာ ပေါင်းချုပ်

[၁၉၆၂ - ၁၉၇၀]

—


ပြည်ထောင်စု ဆိုရှယ်လစ် သမ္မတ မြန်မာနိုင်ငံတော်
သာသနာရေး ဦးစီးဌာန

သာသနာ ၂၅၂၃-ခု ကောဇာ ၁၃၄၁-ခု ဇန္နဝါရီ ၁၉၈၀

ပဉ္စမ အကြိမ်

အုပ်ရေ ၃၀၀၀

ရန်ကုန်မြို့၊ ကမ္ဘာ့အေး၊ သာသနာရေးဦးစီးဌာန အတွက်
မင်္ဂလာပုံနှိပ်တိုက် (၀၇၉၆) တွင် ဦးကြီးခင်က ပုံနှိပ်၍
လက်ထောက် ညွှန်ကြားရေးမှူး ဦးမြင့်မောင်
မှတ်ပုံတင် အမှတ် (၀၂၅၂၇) က ထုတ်ဝေသည်။

# တိပိဋကရေ ရွေးချယ်ပွဲ ပုစ္ဆာပေါင်းချုပ်

# နိဒါန်း

——

တိပိဋကရေရွေးချယ်ပွဲ+ နိကာယ် စာလျှောက်မေးပွဲများသို့ ဝင်ရောက် ဖြေဆိုတော်မူလိုကြသော သာသနာ့ အာဇာနည် အလျာ သာသနာ့ဝန်ဆောင် ညီနောင်အပေါင်း အရှင်ကောင်းတို့....

အရှင်တို့...တပည့်တော်တို့သည် ငယ် + လတ် + ကြီး+ ကျော် + ဓမ္မာစရိယ စာမေးပွဲများ ဝင်ရောက် ဖြေဆိုခဲ့ကြစဉ်က တတန်း တတန်းလျှင် အနည်းဆုံး ပုစ္ဆာဟောင်းများကို ၁၀–စောင်အောက် မနည်း ခဲခဲယဉ်းယဉ်း ရှာဖွေစုဆောင်းကြ၍ ထိုပုစ္ဆာဟောင်းများကို ကြည့်ရှု လေ့လာကြရသဖြင့် ဆိုင်ရာ ဆိုင်ရာ ငယ် + လတ် + ကြီး + ကျော် + ဓမ္မာစရိယ အတန်းတို့၌ အောင်မြင် ထမြောက်ကြောင်း အထောက်အပံ့ကောင်း ရခဲ့ကြသည်ကို အရှင်တို့ + တပည့်တော်တို့ လက်တွေ့ပင် ဖြစ်ခဲ့ကြရပါသည်။

ဤသို့ "ပုစ္ဆာဟောင်းများကို တတ်နိုင်သမျှ အများဆုံး စုဆောင်း၍ ကြည့်ရှု လေ့လာကြရခြင်းသည် ဆိုင်ရာ ဆိုင်ရာ စာမေးပွဲများ၌ အောင်မြင် ထမြောက်ကြောင်း အထောက်အပံ့ကောင်း တခု ဖြစ်သည်ကို အရှင်တို့ + တပည့်တော်တို့ လက်တွေ့ ဖြစ်သောကြောင့် တပည့်တော်၏ စိတ်သန္တာန်၌ 'တိပိဋကရေ ရွေးချယ်ပွဲ ပုစ္ဆာဟောင်းများ' ကို ရနိုင်သမျှ အများဆုံး စုဆောင်း၍ စာအုပ် အဖြစ် ရိုက်နှိပ်၍ တိပိဋကရေ ရွေးချယ်ပွဲ + နိကာယ်စာလျှောက်မေးပွဲများသို့ ဝင်ရောက် ဖြေဆိုတော်မူလိုကြသော သာသနာ့ အာဇာနည် အလျာ သာသနာ့ဝန်ဆောင် ညီနောင် အပေါင်း အရှင်ကောင်းတို့အား ထို 'တိပိဋက ရေ ရွေးချယ်ပွဲ ပုစ္ဆာပေါင်းချုပ်' စာအုပ်များကို ဓမ္မဒါန အဖြစ် လှူဒါန်းကြရပါမူ ကောင်းလေစွ...." ဟူ၍ အကြံအစည် တခု ကြာမြင့်စွာကပင် ဖြစ်ရှိခဲ့ပါသည်။

ယခုအခါ "အရှင်မြတ်တို့ဘုန်း၊ မိုးနှယ်ချုန်း၊ ချိန်ဆုန်း ခါသင့်၊ ပန်းနှယ်ပွင့်" ဟု ဆိုရမည်လောက် တပည့်တော် တောင့်တခဲ့သော အကြံအစည် ထမြောက်ရန် အခွင့်ဖန်လာခဲ့သည်မှာ တပည့်တော် ဦးစီးဆောင်ရွက်သော မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋက + နိကာယ သာသနာပြု အဖွဲ့မှ အဖွဲ့ဝင် ဥက္ကဋ္ဌ ဆရာဝန်ကြီး ဦးသာလှ အမှူးပြုသော အမှုဆောင်လူကြီးများက "ဆရာတော်....တပည့်တော်တို့ အဖွဲ့က သာသနာရေး

ဦးစီးဌာန၏ အကူအညီကို ရယူ၍ ‘ တိပိဋကစရ ရွေးချယ်ပွဲ ပုစ္ဆာပေါင်းချုပ် ’ **စာတအုပ်** ရိုက်နှိပ်၍ တိပိဋကဓရ စာသင်သားကြီးများ + နိကာယ် **စာသင်သားကြီးများ** **အား** တပါးလျှင် တအုပ်ကျစီ ဓမ္မဒါန လှူဒါန်းကြရလျှင် ( ဝိဇ္ဇာ + သိပ္ပံ တက္ကသိုလ် ကျောင်းကြီးများ၌ ဆိုင်ရာ ဘာသာ ပုစ္ဆာဟောင်းများကို စုဆောင်း လေ့လာကြရသဖြင့် ဆိုင်ရာ ဘာသာရပ် အောင်မြင်ကြောင်း အထောက်အပံ့ကောင်း တခု ဖြစ်သကဲ့သို့ ) ထို တိပိဋက စာသင်သားကြီးများ + နိကာယ် စာသင်သားကြီးများ အဖို့ ဆိုင်ရာ ဆိုင်ရာ ဘာဏက + ကောဝိဒ အဆင့်အတန်းတို့၌ မပင်မပန်း အောင်မြင်နိုင်ကြောင်း အထောက် အပံ့ကောင်း တခု ဖြစ်လိမ့်မည် ” ဟု တပည့်တော်တို့ အဖွဲ့က ပမိုက်မသုန် ယုံကြည်ကြပါ သဖြင့် ထို ‘ တိပိဋကစရ ရွေးချယ်ပွဲ ပုစ္ဆာပေါင်းချုပ် ’ စာအုပ် ရိုက်နှိပ်၍ ဓမ္မဒါန လှူဒါန်း လိုပါကြောင်း သဘောတူဆန္ဒ တောင်းခံကြပါသည်။

တပည့်တော်သည် “ အရှင်မြတ်တို့ဘုန်း၊ မိုးဆီးနှယ်ချုန်း၍၊ ချိန်းဆုန်း ခါသင့်၊ ပန်း နှယ်ပွင့်ပြီ ” ဟု ဝမ်းမြောက် ဝမ်းသာ အကြွင်းမဲ့ သဘောတူ လက်ခံ၍ နိုင်ငံတော်အစိုးရ ၏ သာသနာရေးဦးစီးဌာန ဒကာတော်များအား အတတ်နိုင်ဆုံး ကူညီပါရန် မေတ္တာရပ် ခံ – ၎င်းတို့ကသည်း ဝမ်းပန်းတသာ ကူညီကြလျက် အဆက်ဖော်ပြပါ “ တိပိဋက + နိကာယ သာသနာပြုအဖွဲ့ ” က ဓမ္မဒါန ဒါယကာ ခံယူ၍ ဤ “ **တိပိဋကဓရ ရွေးချယ်ရေး ပုစ္ဆာပေါင်းချုပ်** ” စာအုပ်ကို ရိုက်နှိပ်ပြီး အရှင်မြတ်တို့အား တပါးလျှင် စာတအုပ်ကျစီ မပ္ပဒါနလှူဒါန်းရန် ရည်သန် ဆုံးဖြတ်ပြီး ဖြစ်ပါသည် ( မရရှိသေးသော တိပိဋက စာသင် သားကြီးများ + နိကာယ် စာသင်သားကြီးများသည် အောက်အမည်ပါ တိပိဋက၊ နိကာယ သာသနာပြု အဖွဲ့ဝင် ဒကာကြီးများသံ ဆက်သွယ်၍ အလှူခံနိုင်ပါသည် ) အရှင် ဘုရားတို့....။

**တိပိဋက + နိကာယ သာသနာပြု အဖွဲ့၏ လောကုတ္တရာဆယ် အာသီသ**

၁ · တိပိဋက ဝင်၊ ထေရ်အရှင်၊ အောင်မြင် ကြပါစေ။

၂ · နိကာယ်စာ ဝင်၊ ထေရ်အရှင်၊ အောင်မြင် ကြပါစေ။

၃ · နိကာယ် ငါးဝ၊ ပိဋက သုံးဖြာ၊ သာသနာ၊ ရောင်ဝါ နေသို့ ထွန်းပါစေ– ဟူ၍ ဖြစ်ပါသည်။

**အမှာစာ။** ။ယခု လောလောဆယ် နိုင်ငံတော်အစိုးရ သာသနာရေး ဦးစီးဌာနမှ တာ ဝန်ယူ ကျင်းပသည့် ( ၁၆ )နှစ်စာ တိပိဋကဓရ ရွေးချယ်ရေး ပုစ္ဆာ တို့ကိုသာ ယခု

အကြိမ် ရိုက်နှိပ်၍ ဓမ္မဒါန လှူဒါန်းရပါသည်၊ သာသနာရေး ဦးစီး ဌာနမှလည်း ရှေးနှစ်ပေါင်း (၁၄)နှစ်က ပုဒ္ဓာများကို အတတ်နိုင်ဆုံး ကြိုးစား၍ ရှာဖွေ စုဆောင်း ပေးရန် (နှင့်) တိပိဋက + နိကာယ သာသနာပြု အဖွဲ့ကလည်း ဓမ္မဒါန ဒါယကာ ခံဘို့ ရန် ထက်သန်သော သဒ္ဓါတရား ထားရှိကြပါသည်။

## ဤစာအုပ်ကို တောင်းယူနိုင်သော ဌာနများ

### (က) အောက်ဗမာပြည် (ရန်ကုန်မြို့) အတွက်

၁ - အထူးကု ဆရာဝန်ကြီး ဦးသာလှ၊ အမှတ် - ၁၀ (ခ)၊ မာတင်ရိပ်သာ၊ အင်းယားကန် အနောက်ဖက်၊ ဖုန်း (၃၂၆၄၀)
၂ - ဦးသန်း၊ အမှတ်–၃၉၇၊ အောက်ပုဇွန်တောင်၊ ဖုန်း (၄၆၅၄၉)
၃ - ဦးလှမောင်၊ အမှတ်-၁၃၉၊ ပဒုမာလမ်း၊ ရွှေဘုံသာလမ်း၊ ဖုန်း (၇၈၁၂၃)
၄ - ဦးစွန်၊ အမှတ်- ၃၃၊ လမ်း-၃၀၊ ပဒုမထပ်၊ ဖုန်း (၇၃၂၂၀)
၅ - ဦးညွှာ၊ မိုးကောင်းဘုရား သာသနာ့ အကျိုးဆောင်၊ ဖုန်း (၅၁၀၉၈)

### (ခ) အထက်ဗမာပြည် (မန္တလေးမြို့) အတွက်

၁ - ဦးသာဒွေး (ကျောင်းဒကာကြီး) ပိုက်ကျုံးရပ်၊ ဖုန်း (၇၀၄)
၂ - ဦးထိ (ကျောင်းဒကာကြီး) ဝါးတန်းရပ်၊ ဖုန်း (၁၉၂)
၃ - ဦးဖိုးမို (ကျောင်းဒကာကြီး) သူဌေးတန်းရပ်၊ ဖုန်း (၃၆၁)
၄ - ဦးဘအေး (ကျောင်းဒကာကြီး) စစ်ကိုင်း၊ ဖုန်း (၂၃)
၅ - မန်းဒေဝီ ဦးလှရွှေ၊ ဆိုင်းတန်း၊ မန္တလေးမြို့၊ ဖုန်း (၃၆၁)
တို့ ဖြစ်ပါသည်။

ပုံ/ဦး ဝိစိတ္တသာရာဘိဝံသ
တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ
တိပိဋက + နိကာယ သာသနာပြု အဖွဲ့၏ —
တာဝန်ခံ နာယက
ဓမ္မနာဒ ကျောင်းတိုက်၊ ဝါးတန်း
စက်တိုင် မြို့နယ်
မန္တလေး အနောက်ဖက်

နိကာယ်ငါးဖြာ၊ သာသနာ၊ ရောင်ဝါနေသို့ ထွန်းပါစေ။

# နိကာယ် (၅) ရပ် ပိဋကတ်စာပေးပွဲ ဝင်လိုသူ အရှင်သူမြတ်များသို့-

နိကာယ်စာမေးပွဲ နှင့် တိပိဋကခရ စာမေးပွဲတို့ကို ဝင်ရောက် ပြန်ဆို ဖြေဆိုတော်မူလိုကြပါလျက် ဘာသာစနသပ္ပါယကို မရနိုင်ခြင်း - နေရာထိုင်ခင်း အတွက် စာကြည့်စာကျက်ရန် အထူး သင့်လျော်သော ဝိဝေက အရပ်ကို မရရှိကြခြင်းတို့ကြောင့် မြော်မှန်းချက် စာပေးရေး နှေးဖင့်နေကြသော သာသနအာဇာနည် အလျာ ရဟန်းတော် အရှင်မြတ်များ ဘုရား....

အရှင်မြတ်တို့ အဖို့ရာ ဘောဇနသပ္ပါယ မမျှခြင်း - ဝိဝေက အရပ်ကို မရရှိခြင်း — ဤအခက်အခဲ နှစ်ရပ်ကို လွန်မြောက်နိုင်ရန် တပည့်တော်သည် ယခု ၁၃၃၉ - ခု တပို့တွဲလ (၁၉၇၈-ခု ဖေဖော်ဝါရီလ) မှ စ၍ မိမိအား နိုင်ငံတော် အစိုးရက လစဉ် လှူဒါန်းထောက်ပံ့သော 'တိပိဋကဓရ လစာ ဆွမ်းဆန်တော်' ကို မင်းကွန်းတောင်ရိုးရှိ 'မင်းကွန်း မိုးမိတ် စေတီတော်များ ဂေါပကအဖွဲ့' သို့ ကပ္ပိယ အဖြစ် ဆောင်ရွက်ရန် အပ်နှင်း၍ အရှင်မြတ်တို့ စိတ်အေးချမ်းသာစွာ စာကျက် စာကြည့်နိုင်ရန် နိကာယ်သာသနာတော်အား ပူဇော် လှူဒါန်းပြီး ဖြစ်ပါသည်။

မင်းကွန်း မိုးမိတ် ဂေါပကအဖွဲ့က တပည့်တော် လှူဒါန်းသော 'တိပိဋကဓရ လစာ ဆွမ်းဆန်တော်' ကို မူသာ မှတည်၍ လိုအပ်လျှင် လိုအပ်သလို ဗကာ ပေါပေါက်အောင် ဆောင်ရွက်လျက်....

(က) အရှင်ဘုရားတို့ ဆွမ်းမခံရဘဲ စိတ်အေးချမ်းသာစွာ စာကျက် - စာကြည့် နိုင်ရန် — နှင့်

(ခ) အရှင်ဘုရားတို့ သိတင်းသုံးမည့်သော နေရာ ရရှိရေး အတွက် မင်းကွန်းတောင်ရိုးရှိ မိုးမိတ် စေတီတော်များ ကုန်းမြေ၌ ချမ်းသာစွာ နေထိုင် နိုင်ရန် ကာဝန်ယူ၍ စီမံပေးရန် သဘောတူပြီး ဖြစ်ပါသည်။

သို့ပါ၍ အလိုရှိသော အရှင်မြတ်များသည် မိုးမိတ် စေတီတော်များ ဂေါပက အဖွဲ့ဝင် ဖြစ်ကြသော အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံ ကြွရောက်၍ တိုင်ပင် ဆွေးနွေး စာရင်းပေးတော်မူကြပါရန် သာသနာရေး အတွက် အားတက်ဖွယ် သတင်းကောင်း အကြောင်းကြား သိစေပါသည် အရှင်မြတ်တို့ဘုရား....။

**ဦးဝိစိတ္တသာရာဘိဝံသ**
မင်းကွန်း တိပိဋကဓရဆရာတော်

**နာယက ဆရာတော်ကြီးများ**

၁ - 'အဂ္ဂမဟာပဏ္ဍိတ' အရိယမဂ္ဂင် ဆရာတော်ဘုရားကြီး၊ မင်းကွန်း
၂ - ဓမ္မစကြာ သုံးဆယ်ပေး ဆရာတော်ဘုရားကြီး ။
၃ - ဦးကောသလ္လ ( ရေးဦးတိုက် ဆရာတော် ) ။
၄ - တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ
ဦးဝိစိတ္တသာရာဘိဝံသ၊ ။
၅ - ဦးစန္ဒိမ၊ ရွာပင်တိုက်သစ် ဆရာတော်၊ ။
၆ - ဦးဥက္ကံသာဘိဝံသ၊ ( ဓမ္မနာဒ တိုက်အုပ်ဆရာတော် ) ။
၇ - ဦးဥက္ကံသ၊ ( သီရိခေတ္တ ကျောက်စာခင်လေးချောင် ဆရာတော် ) ။
၈ - ဦးဇောတိက၊ ( ဝေယန်ဘုံမြင့် ဆရာတော် ) ။
၉ - ဦးအာစာရ ( ရတနာဘုံမြင့် ဆရာတော် ) ။

**မန္တလေးမှ နာယက လူကြီးများ**

၁ - ဦးသာဌေး၊ ကျောင်းဒကာကြီး၊ ပွဲကုန်း၊ မန္တလေး။
၂ - ဦးထီ၊ ကျောင်းဒကာကြီး၊ ဝါးတန်း၊ မန္တလေး။
၃ - ဦးဘိုးမှိ၊ ကျောင်းဒကာကြီး၊ သူဌေးတန်း၊ မန္တလေး။
၄ - ဦးဘအေး၊ ကျောင်းဒကာကြီး၊ စစ်ကိုင်း။
၅ - မန်းခေတ် ဦးလှရွှေ၊ ဆိုင်းတန်း၊ မန္တလေး။

## ရန်ကုန်မှ နာယက လူကြီးများ

၁. အထူးကု ဆရာဝန်ကြီး၊ ဝဏ္ဏကျော်ထင် ဒေါက်တာ ဦးသာလှ။
   အမှတ် ( ၁၀ )၊ ( ဘီ ) မာတင်ရိပ်သာ၊ ရန်ကုန်။
၂. ဦးသန်း၊ အမှတ် ( ၃၉၇ )၊ အောက်ပုဇွန်တောင်၊ ရန်ကုန်။
၃. ဦးစွန်၊ အမှတ် ( ၃၃ )၊ လမ်း ၃၀၊ ရန်ကုန်။
၄. ဦးဩဘာ ( မိုးကောင်းဘုရား သာသနာ့ အကျိုးဆောင် ) ရန်ကုန်။
၅. ဦးလှမောင်၊ ရန်ကုန်။

ဤစာရွက်ကို တွေ့ရှိသော သူတော်စင်တို့က နိကာယ်စာမေးပွဲ+တိပိဋကစာမေးပွဲဝင်လိုသော အရှင်မြတ်တို့ထံ ဆက်ကပ်ပေးရန် မေတ္တာရပ်ခံပါသည်။

# သာသနာရေးအားတက်ဖွယ်ရာသတင်းလွှာ
## နိကာယ်ငါးဖြာ သာသနာ ရောင်ဝါနေသို့ လင်းခဲ့ပြီ

**အို....သပ္ပုရိသ ကလျာဏနွယ်ဝင် သူတော်စင်အပေါင်းတို့**

ကျွန်တော်များ၏ မင်းကွန်းတောင်ရိုးရှိ မိုးမိတ် စေတီတော်များ ပြုပြင် စောင့်ရှောက်ရေး အဖွဲ့ကြီးက 'တိပိဋက + နိကာယသာသနာပြု အဖွဲ့' တခု ဖွဲ့စည်းကြ၍ မင်းကွန်း တိပိဋကဓရ ဆရာတော်၏ 'တိပိဋကဓရ ( ၂၅ )နှစ်မြောက် ငွေရတုအလှူ'ဖြစ်သည့် ဆရာတော်အား နိုင်ငံတော်အစိုးရက လစဉ် နှစ်စဉ် 'လှူဒါန်းနေကျ ဆွမ်းဆန်တော်စရိတ် နိဗဒ္ဓအလှူကို ဆရာတော်က (မိမိ မသုံးစွဲတော့ပဲ) ၁၃၃၉ - ခု၊ တပို့တွဲလ ( ၁၉၇၈- ခု၊ ဖေဖော်ဝါရီလ ) က စ၍ လစဉ် လစဉ် လှူဒါန်းသည့် အပြင် ယခု အခါ ဆရာတော်ဘုရားအား တိပိဋကဓရ ဘွဲ့တံဆိပ်တော် ရရှိသည့် အထိမ်းအမှတ် ပူဇော်ပွဲများမှ လှူဒါန်းကြသည့် နဝကမ္မ ဝတ္ထုငွေများနှင့် **အဂ္ဂမဟာပဏ္ဍိတ** ဘွဲ့တံဆိပ်တော်မှ ရရှိသည့် ဆွမ်းဆန်တော် နဝကမ္မ ကိုပါ ထပ်မံ လွှဲအပ်၍ ကျွန်တော်များ၏ '**တိပိဋက + နိကာယ သာသနာပြု အဖွဲ့**' ကို ကပ္ပိယ ကာရက အဖြစ် တာဝန် လွှဲအပ်ကာ နိကာယ် ငါးရပ် ပိဋကတ် သာသနာတော်အား လှူဒါန်းခဲ့ပါသည်။

ကျွန်တော်များ၏ အဖွဲ့က (က) ဆရာတော်၏ ဆွမ်းဆန်တော် စရိတ် နှစ်ရပ် အပြင် တိပိဋကဓရ ဘွဲ့တံဆိပ်တော် ရရှိသည့် ငွေရတု အလှူမှ နဝကမ္မ ဝတ္ထုငွေများနှင့် (ခ) သဒ္ဓါတရား ဖြစ်ပွားကြသူ ဒကာ ဒကာမတို့က တိပိဋက + နိကာယ သာသနာပြု ရန်ပုံငွေပဒေသာပင် စိုက်ပျိုးကြ၍ ထိုသာသနာပြု ရန်ပုံငွေ ပဒေသာပင်မှ ဖြစ်ထွန်း သီးပွင့်သည့် အတိုးအညွန့် ငွေဘိုကို လစဉ် အသုံးစရိတ် နဝကမ္မ ပြုလုပ်ကြလျက် တိပိဋကဓရ စာမေးပွဲ + နိကာယ် စာမေးပွဲတို့ကို ဝင်ရောက် ဖြေဆို ဖြေဆိုတော်မူလိုကြပါလျက် ဆွမ်း ပစ္စည်း ပလိဗောဓ နှင့် ဝိဝေက အရပ်တို့ကို မရခြင်းတို့ကြောင့် စာပေခရီး နှေးဖင့်နေကြသော သာသနာ့ အာဇာနည်အလျာ အရှင်မြတ်တို့ထံ ( ၁ ) စာကျက် - စာကြံ - စာအံ - စာကြည့်၍ ကောင်းသော ဝိဝေက အရပ် နှင့် ( ၂ ) သပ္ပာယ ဘောဇဉ်ကိုပါ လှူဒါန်းလိုပါကြောင်း ပင့်လျှောက်လွှာများ အဆင့်ဆင့် ဆက်ကပ်ပင့်လျှောက်ခဲ့ပါသည်။

၁၃၄၀ - ခုနှစ်တွင် သာသနာ့ အာဇာနည်အလျာ အရှင်မြတ် ( ၄၈ ) ပါးတို့ကို 'မင်းကွန်းတောင်ရိုး မိုးမိတ် ကုန်းမြေ တိပိဋက + နိကာယ ကျောင်းတိုက်သို့' ရိုသေစွာ ပင့်ဆောင်၍ နေရာကျောင်း, ဆွမ်း, လှူဒါန်းကြလျက် အရှင်မြတ်တို့သည်လည်း မိမိတို့ ရည်မှန်းအပ်သည့် တိပိဋက + နိကာယ ဒေသနာ ဘုရားဟော ကျမ်းစာတို့ကို အသီးသီး

နေ့နေ့ ညည စာကျက် - စာကြည့် - စာကြံ - စာအံတော်မူပြီး (၃၇) ပါး ဝင်ရောက်ဖြေဆိုရာ၊ တိပိဋကနှင့် နိကာယ စာအောင် သံဃာ (၃၂) ပါး ပေါ်ထွန်းလာပြီး ဂုဏ်ထူးဖြင့် အောင်မြင်သူများပါ ပါဝင်ပါသည်။

ယခုနှစ် ၁၃၄၁ - ခုနှစ်တွင် သံဃာတော် (၈၂) ပါး စုဝေး ရောက်ရှိလာကြပြီး တိပိဋက + နိကာယ ဘုရားဟော ဒေသနာများကို သင်အံ လေ့ကျက်လျက် ရှိနေကြပြီ ဖြစ်ပါ၍....

'နိကာယ်ငါးဖြာ သာသနာ ရောင်ဝါ နေသို့ လင်းခဲ့ပြီ' ဟူသော သာသနာရေး အားတက်ဖွယ်ရာ ဤသတင်းလွှာကို ကလျာဏနွယ်ဝင် သူတော်စင်တို့ထံ ပို့သ ဆက်ရောက်စေအပ်ပါသည်။

ဤသာသနာပြု ကိစ္စနှင့် ပတ်သက်၍ တိပိဋက + နိကာယ သာသနာပြုအဖွဲ့ဝင် အဖြစ် ပါဝင်၍ ကုသိုလ်ပြုလိုကြသော ကလျာဏနွယ်ဝင် သူတော်စင်တို့သည် —

ရန်ကုန်မြို့ အတွက်....

၁ - ဥက္ကဋ္ဌကြီး - အထူးကု ဆရာဝန်ကြီး ကျောက်ကျော်ထင် ဦးသာလှ
ခြံအမှတ် ၁၀ (ခ) ဓာတင်ရိပ်သာ၊ ၉ - မိုင်၊ ပြည်လမ်း ဖုန်း (၃၂၆၄၀)

၂ - ဦးသန်း၊ အမှတ် - ၁၉၇၊ အောက်ပုဇွန်တောင်လမ်း၊ ဖုန်း (၇၆၅၄၉)

၃ - ဦးလှမောင်၊ အမှတ် - ၁၃၉ (ပဉ္စမထပ်) ရွှေဘုံသာလမ်း၊ ဖုန်း (၇၈၁၂၃)

၄ - ဦးဖွန့်၊ အမှတ် - ၃၃၊ လမ်း - ၃၈ (ပဉ္စမထပ်) ဖုန်း (၇၃၂၂၀)

၅ - ဦးသြဘာ၊ မိုးကောင်းဘုရားသာသနာ့အကျိုးဆောင်အသင်း ဖုန်း (၅၁၁၉၈)

မန္တလေးမြို့ နှင့် မင်းကွန်း အတွက်....

၁ - ဦးသာရွှေ၊ ကျောင်းဒကာကြီး၊ ဗိုလ်ချုပ်၊ ဖုန်း (၇၀၄)

၂ - ဦးထိ၊ ကျောင်းဒကာကြီး၊ ဝါးတန်း၊ ဖုန်း (၁၉၂)

၃ - ဦးဖိုးမှို၊ ကျောင်းဒကာကြီး၊ ဘုရားငွေတန်းချပ်၊ ဖုန်း (၃၆၁)

၄ - ဦးဘအေး၊ ကျောင်းဒကာကြီး၊ စစ်ကိုင်း၊ ဖုန်း (၂၃)

၅ - မန်းခေတ် ဦးလှရွှေ ဆိုင်းတန်း၊ မန္တလေး ဖုန်း (၃၆၁)

တို့ထံ၌လည်း ဆွေးနွေး လှူဒါန်းနိုင်ပါသည်။

မိုးမိတ်ဆေးဘိုးတော်ကြီးများ ပြုပြင် စောင့်ရှောက်ရေး - နှင့်
တိပိဋက + နိကာယ သာသနာပြု အဖွဲ့
မင်းကွန်း-မန္တလေး နှင့် ရန်ကုန်

# ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## ( ၁ ) ဒီဃနိကာယ ( သီလက္ခန္ဓဝဂ္ဂ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

## ၁၃၂၃ ခု၊ ပြာသိုလပြည့်ကျော် ၆ ရက်။ (၂၆-၁-၆၂)

---

( ၁ ) သဒ္ဒါဒေယျာနိ ဘောဇနာနိ ဘုဉ္ဇိတွာ—အရ အတ္ထအားဖြင့် ယူသင့်သည်တို့ကို အဋ္ဌကထာ အာဘော်ကျ ရေး၍/ ဋီကာသို့ စ ပန ဝေယျာကရဏသို့ ၌ မည်သည့်သုတ်မျိုးကို ဝေယျာကရဏ ခေါ်သည်ဟုလည်း ရေးခဲ့ပါ။

( ၂ ) ပူရဏကဿပ, မက္ခလိဂေါသာလ, အဇိတကေသကမ္ဗလ, ပကုဓကစ္စာယန, သဉ္စယဗေလဋ္ဌပုတ္တ, နိဂဏ္ဌနာဋပုတ္တ တို့၏ အချင်းချင်း တူဟန် ညီမျှကြသည့် ဂုဏ်အင်္ဂါ အရည်အချင်းတို့ကို ဖော်ပြပါ။

( ၃ ) မည်သည့်အကျိုးကို ဖြစ်စေတတ်သည့် အလှူကို သဂ္ဂသံဝတ္တနိက ခေါ်ဆိုရသည်ဟု ပြ၍/ သာမည သာမညဖလ အရ မည်သည့် အရာကို ယူရမည်ဟုလည်း အဋ္ဌကထာ အာဘော်ကျ ရေးခဲ့ပါ။

( ၄ ) ဇေ ဂတိကာ ဘဝိဿန္တိ ဇေ အဘိသမ္ပရာယာတိ ၌ ဇေ ဂတိကာ-ဇေ အဘိသမ္ပရာယာ ဟူသော နှစ်ပုဒ်တို့သည် တူ မတူ-တူး ပေါ်းကို ရှင်းပြ၍/ သေဋ္ဌော သဇီတာဟု ၌ သဇီတာ၏ ရုဇိကာ ပိဘာဇိဘာ ဖြစ်ပုံကို ပြပြီးလျှင်/ ဝေဒနာကမ္မဋ္ဌာနေ ဝုတ္တနယေန ဖဿာယတနာနံ သမုဒယာဒယော ဝေဒိတဗ္ဗာ ဟူသော အဋ္ဌကထာ ဝိနိစ္ဆယချက်ကို စိစစ်၍ ထူးခြားချက် ရှိ မရှိ တိကျ စုံလင်စွာ ဖော်ပြပါ။

( ၅ ) ယာဿ ဒါနိ ကာလံ မညသိတိ ဟူသော ပါဠိသည် မည်သည့်စကား ဖြစ်သည်ကို အကြောင်းနှင့် တကွ ပြ၍/ ၎င်း၏ ဆိုလိုရင်းကိုပါ ရှင်းပြပြီးလျှင်/ အာဘကို ညွှင်းသတ်သောမင်း အဇာတသတ်သည် အဟု ဗေဒဘယံ ဟူသော ပါဠိ၌ အဘယ့်ကြောင့် ဘယ ဖြစ်ပါသနည်း၊ ဝါဒစုံ အကြောင်းသွင်း၍ ပြည့်စုံစွာ ရှင်းပြခဲ့ပါ။

( ၆ ) ရက္ခာဝရဏဂုတ္တိံ ဟု ဆိုက ပြီးနိုင်ပါလျှင် အဘယ်ကို ရည်၍ မမိုက် ပုဒ်ကို မိန့်ဆိုသည်ကို ဗျတိရေကာန္တယအားဖြင့် ဖော်ပြ၍/ ပဋ္ဌဝိဓ စေတောခိလဝိနိဗန္ဓစိတ္တော ဝိဟရေန္တော ကာမဋ္ဌာနံနာမ အတ္ထိတိ၌ စေတောခိလ စေတောဝိနိဗန္ဓတို့၏ သရုပ်များနှင့် တကွ ၎င်းတို့၏ ထူးခြားပုံကိုပါ ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

( ၇ ) ဒါရု ဖြစ်သော ပေါက္ခရသာတိ ပုဏ္ဏားသည် အမ္ဗဋ္ဌ လုလင်အား ဧဝရူပေန ကိရ ဘောပုရိသော အတ္တစရကေန ဟူသော စကားဖြင့် အဘယ်ကို ရည်ရွယ်၍ ပြောဆိုသည်ဟု ညွှန်ပြပြီးလျှင်/ အဓိဝါသေသိ ဘဂဝါ တုဏှီဘာဝေန ဟူသော ပါဠိ၏ ဘာဝတ္ထကိုလည်း ရေးခဲ့ပါ။

( ၈ ) သောဏဒဏ္ဍသုတ်လာ ဇိဏ္ဏော ဝုဒ္ဓေါ မဟလ္လကော အဒ္ဓဂတော ဝယော အနုပ္ပတ္တော ဟူသော ပါဠိတော်ကို သံဝဏ္ဏနာနှင့် အညီ ဝါဒစုံ ရှင်းလင်း၍/ ဝယော အနုပ္ပတ္တော၌ ဟူရမည့် နှင်ကို တိကျ မှန်ကန်စွာ ရေးခဲ့ပါ။

( ၉ ) ဧကမိဒါဟံ ကဿပ သမယံ ရာဇဂဟေ ဝိဟရာမိ ဂိဇ္ဈကူဋေ ပဗ္ဗတေ ( ပ ) အတ္တမနော ပရိဗိယတ္တာယ ၌ ပေယျာလကို ထုတ်ပြခဲ့ပါ။

( ၁၀ ) ဘဝံ ဟိ သောဏဒဏ္ဍော ( ပ ) သံသုဒ္ဓဂဟဏိကော ( ပ ) ပရမာယ ဝဏ္ဏ ပေါက္ခရတာယ သမန္နာဂတော ပါဠိ၌ သံသုဒ္ဓ ဖြစ်ပုံ ဂဟဏိ အရ ယူသင့်ပုံကို ဝိသေသအားဖြင့် ရေး၍/ ပေါက္ခရတာယဖြင့် သိစေအပ်သော အဓိပ္ပာယ်ကိုလည်း ဝါဒကွဲနှင့် တကွ ရေးခဲ့ပါ။

( ၁၁ ) မဟာလိသုတ်လာ ဩဋ္ဌဒ္ဓ၏ လက္ခဏာ အထူးနှင့် တကွ ကိစ္စ သုံးမျိုးကို ထင်ရှားအောင် ရေးပြီးလျှင်/ အမည်လေးပါး ရပုံကိုလည်း ရေးခဲ့ပါ။

( ၁၂ ) ပထာ ယထာ ခေါ ပေါဋ္ဌပါဒ နိစ္စောဝံ ဖုသတိ ပါဠိ အရကို သံဝဏ္ဏနာနှင့် အညီ ပြောဆိုပြီးလျှင်/ ဧတေ စ ဒေ ဒိဗ္ဗာ ဂဗ္ဘာ ပရိပါစေန္တိ ဒိဗ္ဗာနံ ဘဝါနံ အဘိ နိဗ္ဗတ္တိယာ ပါဠိ၏ ယေ စ မေ အရ ဒိဗ္ဗာ ဂဗ္ဘာ အရ ဒိဗ္ဗာ ဘဝါ အရတို့နှင့် တကွ ရှင်းလင်းချက်ပေးပုံကို ပြောဆိုခဲ့ပါ။

၁၀–မှတ်စီ

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၂) ဒီဃနိကာယ (မဟာဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၃-ခုနှစ် ပြာသိုလပြည့်ကျော် ၈-ရက်။ (၂၈-၁-၆၂)

—

(၁) ဓမ္မဓာတ် အလုံးစုံကို ထိုးထွင်း၍ သိတော်မူသောကြောင့် အတိတဗုဒ္ဓတို့၏ ဘဝဇာတ်တွင် ဖြစ်တော်စဉ် အားလုံးကို ဘုရားရှင် ကိုယ်တိုင်သာ အောက်မေ့နိုင်သည်၊ သို့မဟုတ် မည်သည့် အကြောင်းကြောင့်လည်း အောက်မေ့နိုင်သေးသည် ဟု ရှင်းလင်း ဖော်ပြပါ။

(၂) ဘုရားရှင်၏ အဆုံးအမ သာသနာတော်၌ နေထိုင်ပါလျက် ပဗ္ဗဇိတ သမဏ ဟု မခေါ်ဆိုထိုက်သူကို ပေါ်လွင်အောင် ဖော်ထုတ်လိုက်ပါ။

(၃) လာဘ်ရမှု သဘောသည် မည်သည့် အရာကို စွဲ၍ ဖြစ်သည် ဟု ရေးပြီးလျှင်/ တထာရူပေဟိ လာဘေဟိ အပ္ပဋိဝိဘတ္တဘောဂီ၌ ပဋိဝိဘတ္တ နှစ်မျိုးကိုလည်း ထုတ်ပြပါ။

(၄) အယံ ဝုစ္စတာနန္ဒ ဘိက္ခု ဥဘတောဘာဂဝိမုတ္တောဘ၌ ဒွိဘာဂ ဒွိဝိမုတ္တများ နှင့် ဝိမုတ္တ ဖြစ်ပုံကိုပါ ပြည့်စုံစွာ ဖော်ပြ၍/ကိလေသာနံ ပန အာသန္နပစ္စေ ဝိရူဟနဋ္ဌာနေ သမုဒါစရတိ ဟူသော အဋ္ဌကထာလာ စကားကိုလည်း အကြောင်း ယုတ္တိများဖြင့် ရှင်းပြပါ။

(၅) ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ န ပါပိစ္ဆာ ဘဝိဿန္တိ ၌ အဘယ်တို့သည် ပါပိစ္ဆာ မည်ကုန်သည်ကို ပြ၍/ဇဝံ ပုနပ္ပုနံ တံ သမာပတ္တိံ သမာပဇ္ဇိတွာ ဒသမာသေ ဝိက္ခမ္ဘေန္တော ဣမံ ဘဒ္ဒကပ္ပမေဝ တိဋ္ဌေယျ ၌ မည်သို့ နှလုံး ပြု၍ ဣမံ ဘဒ္ဒကပ္ပမေဝ တိဋ္ဌေယျ ဟု မိန့်ဆိုသည်ကိုလည်း ရှင်းပြခဲ့ပါ။

(၆) သေယျထိဒံ စတ္တာရော သတိပဋ္ဌာနာ စတ္တာရော သမ္မပ္ပဓာနာ စသည်၌ စတ္တာရော သတိပဋ္ဌာနာ စသည်ကို အဘယ်၏ အစွမ်းဖြင့်သာလျှင် ဟော တော်မူအပ်သည်ကို ပြည့်စုံစွာ ရှင်းပြ၍/သဗ္ဗောပိ သော ပစ္ဆိမော သက္ခိသာ-

ဝကော ၌ သမ္ဗောပိ သော-ဟူသည့် အဘယ်တို့ပါနည်း၊ စုံလင်စွာ ထုတ်ပြခဲ့ပါ။

(၇) တေ ရညာ ပဋိက္ခိတ္တာ ကေမန္တံ အပက္ကမ္မ ဧဝံ သမစိန္တေသုံ ဟူသော ပါဠိတော်ဝယ် ဧဝံ သမစိန္တေသုံ၏ စိန္တနာကာရကို ရေးသား၍/အခိဝါသေသိခေါ် အာနန္ဒ ရာဇာ မဟာသုဒဿနော တုဏှီဘာဝေန ၌ အဘယ်ကို လိုသောကြောင့် တုဏှီဘာဝ နေပါသနည်း။

(၈) ဂရဟိတာ စ သာပေက္ခာ ကာလံ ကိရိယာ ဟူသော ပါဠိတော်လာ ဂရဟိတ ဂရဟိတဗ္ဗ ပုဂ္ဂိုလ်တို့ကို ရေးပြ၍/ အဘယ်အကြောင်းကြောင့် ကဲ့ရဲ့အပ်သည်ကို ရေးခဲ့ပါ။

(၉) ကေသွိံ ဘာသမာနသွိံ (ပ) သွာယံ ဧကောဝ ဘာသတိ ၌ ပေယျာလကို ထုတ်ရေးခဲ့ပါ။

(၁၀) သက္ကပဥ္စသုတ်လာ ဧဝမနဿံ ပါဟံ ဒေဝနမိန္ဒ ပါဠိကို အဘယ်ကို ပြလို၍ ဟောကြောင်းကို ရေးပြီးလျှင်/ဤသုတ်၌ ရူပကမ္မဋ္ဌာန်းကို ဟော မဟော ထင်ရှားအောင် ဝေဘန်ခဲ့ပါ။

(၁၁) သဝိတက္က သဝိစာရ ဒေါမနဿ အဝိတက္က အဝိစာရ ဒေါမနဿ ဟု နှစ်ပါး ဟောခြင်းအကြောင်းနှင့် တကွ အတူးကို ကောက်ပြပြီးလျှင်/ကထံ ပဋိပန္နော (ပ) ပါတိမောက္ခသံဝရာယ စသော စကား၏ စိန္တနာကာရကိုလည်း ဖော်ပြခဲ့ပါ။

(၁၂) ဂစ္ဆန္တော ဝါ ဂစ္ဆာမီတိ ပဇာနာတိ ပါဠိတော် အရ သိပုံ အခြင်းအရာကို ဥပမာ ဥပမေယျနှင့် တကွ ပေါ်လွင်အောင် ဖြေဆိုပြီးလျှင်/အာနာပါန အားထုတ်ရာ၌ သစ္စာလေးပါး ဖြစ်ပုံကိုလည်း ညွှန်ပြခဲ့ပါ။

၁၀ — မှတ်စီ

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) ဒီဃနိကာယ (ပါထိကဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၃ ခုနှစ် ပြာသိုလပြည့်ကျော် (၁၁) ရက် (၃၀-၁-၆၂)

---

(၁) ဧဝံ ပသန္နော အဟံ ဘန္တေ ဘဂဝတိ စသော ဘဂ္ဂဝ၏ စကားမှာ ဘုရားရှင် အပေါ်၌ မည်သို့သော ရည်ရွယ်ချက်ဖြင့် ပြောဆိုသည် ဟု ရှင်းပြ၍/ ဂေါစရေ ဘိက္ခဝေ စရထ ၌ ဂေါစရ အဂေါစရတို့ကိုသည်း ဖော်ပြပါ။

(၂) မည်သို့ သဘောရှိသော ဝါဒကို တပေါဇိဂုစ္ဆဝါဒ ခေါ်သည်ဟု ရေး၍/ ၎င်းဝါဒ နှင့် အတ္တကိလမထာနုယောဂတို့ အချင်းချင်း ထူးခြားချက် ရှိလျှင် ရေးခဲ့ပါ။

(၃) အတ္တဒီပါ ဘိက္ခဝေ ဝိဟရထ အတ္တသရဏာ အနညသရဏာ ၌ အနညသရဏာ ဟု ဘုရားရှင် ဆက်လက် ဟောတော်မူခြင်း နှင့် ကုသလာနံ ဘိက္ခဝေ ဓမ္မာနံ သမာဒါန ဟေတု ဧဝမိဒံ ပုညံ ပဝဍ္ဎတိ ၌ ပုညံ အရ အဋ္ဌကထာ အာဘော်ကျ ရေးသားလိုက်ပါ။

(၄) ပညာယ ဒုဗ္ဗလီကရဏာ မည်ခြင်း အကြောင်းကို ရှင်းပြ၍/ဧဝံ ဘာသိတာ ဟိ ဝါစာ အမုသာ ဧဝ ဟောတိ အပိသုဏာ စ-စသည်၌ အဘယ်ကို ပြခြင်းငှာ ဧဝံ ဘာသိတာ ဟိ-စသည်ကို မိန့်သည်၊ မှန်ဒါ စသည်ဆိုက မည်သည့်အကျိုးများ ဖြစ်နိုင်သည်ကို ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

(၅) တိဏ်ပရိနိဗ္ဗာနာနိ စသည်ကို မိန့်ဆိုရခြင်း၏ ကြောင်း ကျိုး ရင်းများကို ရှင်းပြ၍/ ကေသို ပန ဓမ္မံ ဒေသေန္တော ဒေသနာ ပိ အစ္ဆရိယာ ဟောတိ ဝိဝါဒဘာဝတော စ-၌ ဝိဝါဒဘာဝတောဖြင့် အသို့ပြပါသနည်း။

(၆) ဥပရိမော ဟေဋ္ဌိမံ န သမာပဇ္ဇတိ ၌ မဝင်စားခြင်း၏ အကြောင်းကို ပြ၍/ ဥပရိမော ပန ဟေဋ္ဌိမဿ ဇာနာတိသည် အဘယ်ကို ရည်၍ ဆိုသည်ကို ရှင်းပြပြီးလျှင်/မလဝိလကာ ပိကိလေသော ပန္နဒေတိ ၌ ပန္နဒေတိ ဟူသည် အဘယ်နည်း။

(၇) အဒ္ဒသာ ခေါ ဘဂဝါ သိင်္ဂါလကံ ဂဟပတိပုတ္တံ ဟူသော ပါဠိတော် အရ ဘုရားရှင်သည် သိင်္ဂါလ သူကြွယ်သားကို ဘယ်နှစ်ကြိမ် မြင်သည်ဟု ကျနစွာ ရေးသားပြီးလျှင်/ထိုသို့မြင်ရာ၌ ဘုရားရှင်၏ အာဘောဂကိုလည်း ဆက်လက် ရေးခဲ့ပါ။

(၈) ဧကေန ဘောဂေ ဘုဉ္ဇေယျ ဒွီဟိ ကမ္မံ ပယောဇယေ ဟူသော ပါဠိတော်၌ ဧကေန ဘောဂေ ဘုဉ္ဇေယျဖြင့် စားသောက်သုံးစွဲပုံကို အဋ္ဌကထာ အာဘော် ကျ ဖြေဆို၍/ကုလံသံ သဏ္ဌပေဿာမိ ဟူသော ပါဠိတော်အရ **သားသုံး** မျိုးကိုလည်း အဓိပ္ပာယ်နှင့် တကွ ရေးပြခဲ့ပါ။

(၉) အယံ ခေါ သာ မာရိသ အာဋ္ဌာနာဋ္ဌိယာ ရက္ခာ (ပ) ကာလံ မညထာတိ၌ ပေယျာလကို ထုတ်ရေးခဲ့ပါ။

(၁၀) ဓမ္မေ ဉာဏံ စသော ဉာဏ်လေးပါး အဓိပ္ပာယ်ကို ဖော်ပြ၍/ဝိသညောဂ လေးပါး၏ တရားကိုယ်ကို ကောက်ပြခဲ့ပါ။

(၁၁) စတ္တာရိ အဓိဋ္ဌာနာနိ ပါဠိအရ အဓိဋ္ဌာန်လေးပါးတို့၏ တရားကိုယ်တို့ကို ကောက်ပြပြီးလျှင်/အဋ္ဌဒါနူပပတ္တိယော (ပ) ဝီတရာဂဿ နော သရာဂဿ ပါဠိ၌ ဝီတရာဂဿ စသည် ဆိုခြင်း၏ အကြောင်းကိုလည်း ရှင်းလင်းခဲ့ပါ။

(၁၂) ပဝိဝိတ္တဿာယံ ဓမ္မော ၌ ဝိဝိတ္တ၏ သရုပ် နှင့် အဓိပ္ပာယ်ကို ပေါ်လွင်အောင် ရေးသား၍/ဉာဏဒဿန ဝိသုဒ္ဓိ ဘာဝေတဗ္ဗတရား၏ အရကိုလည်း ညွှန်ပြခဲ့ပါ။

၁၀–မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## ၁) ဒီဃနိကာယ (သီလက္ခန္ဓ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၄ - ခုနှစ်၊ တပို့တွဲလဆန်း ၁ - ရက်၊ (၂၅-၁-၆၃)

---

(၁) အောက်ပါ စကားနှစ်ရပ်ကို အနက်ပေးပြီးလျှင်/သန္ဓာတာ အနုပ္ပဒါတာ ဖြစ်အောင် ပြောဆိုပုံကိုလည်း ရေးခဲ့ပါ။

(က) ဘိန္နာနံ ဝါ သန္ဓာတာ။ (ခ) သဟိတာနံ ဝါ အနုပ္ပဒါတာ။

(၂) ကောဘတ္တကော ရတ္တူပရတော၊ ဝိကာလဘောဇနာတို့ကို အချိန်အခါအားဖြင့် ပိုင်းခြားပြီးလျှင်/အတ္ထဝါဒီ နှင့် အတ္ထသံဟိတတို့၏ အတူ့ကိုလည်း ရေးလိုက်ပါ။

(၃) ဆွေမျိုး သံယောဇဉ် မကင်းကြသူများ အတွက် ဉာတိကထာကို တိရစ္ဆာန ကထာမှ လွတ်အောင် မည်သို့ ပြောဆိုသင့်သည်ဟု ရေး၍/ယခုခေတ်၌ မည်သို့ ပြောဆိုကြသည်မှာ ကုဟက–လပက ဖြစ်နေသည်ဟုလည်း ဖော်ပြပါ။

(၄) ပဏ္ဏဇ္ဈာနံ ကဏ္ဏိကလက္ခဏံ ၌ ပဏ္ဏဇ္ဈာန ကဏ္ဏိကတို့၏ ဘေဒ ဝေဟာတဗ္ဗ များကို ဖော်ပြ၍/ သန္တာရမ္မဏေသု ပဝတ္တနတော ပိ သန္တာ ဟု အဋ္ဌကထာ ဖွင့်ဆိုခြင်းကိုလည်း ရှင်းပြပါ။

(၅) သန္တိ ဘိက္ခဝေ ဓော စသည်ကို ဘုရားရှင် အာသုပ်မြွက်ဆော် ဟောတော် မူခြင်းအကြောင်းကို ဖော်ပြ၍/ဝါစာဝိက္ခေပံ အာပဇ္ဇတိ၌ ဝါစာဝိက္ခေပ အရများကို ရေးသားပြီးလျှင်/ဝေန္တိပိ မေ နော ဟူသော စကားဖြင့် ဆိုလို ရင်းကိုလည်း ရှင်းပြခဲ့ပါ။

(၆) ဒိပုဏ္ဏာတိ (လ) သုခုမံ အတ္တန္တရံ ပဋိဝိဇ္ဈနသမတ္ထာ ၌ အဋ္ဌကထာ ဖွင့်ဆို ခြင်းကို ရှင်းပြ၍/တဣ န ကေန္ဒန ကာရဏံ ပဒိယေသိဗ္ဗံ ဟု အဋ္ဌကထာ မိန့်မှာချက်ကို ကျိုး ကြောင်းနှင့် တကွ ရေးသားပြီးလျှင်/ပထဝီကာယောတိ

အာဒီသု ပထဝီယေဝ ပထဝီကာယော ပထဝီသမူဟော ဝါ ၌ အဋ္ဌကထာဆရာ၏ နှလုံးသွင်းကိုလည်း ပြည့်စုံစွာ ရှင်းပြခဲ့ပါ။

(၇) အထ ခေါ ဘဂဝါ အမ္ဗဋ္ဌ မာဏဝံ တေဒဝေါစ - ဟူသော ပါဠိတော်ဝယ် ဘုရားရှင်၏ အာဘောဂကို ရေးသား၍/ဘဂဝန္တံ ယေဝ တာဏံ ဂဝေသီ၊ ဘဂဝန္တံ ယေဝ လေဏံ ဂဝေသီ၊ ဘဂဝန္တံ ယေဝ သရဏံ ဂဝေသီ — ၎င်းသုံးပုဒ်တို့ ထူး မထူး ယှဉ်တွဲပြလျက် ဆုံးဖြတ်ခဲ့ပါ။

(၈) သီလပရိဓောတာ ပညာ — ဟူသော ပါဠိတော်ကို သိသာရုံမျှ အဓိပ္ပာယ်ရှင်းလင်း၍/သဒ္ဓေါ ဒါယကော ဟူသော ပုဒ်တို့ကိုလည်း သံဝဏ္ဏနာနှင့် အညီ အဓိပ္ပာယ် ရေးခဲ့ပါ။

(၉) အရိယာ ပုဂ္ဂိုလ်သည် သတ္တဝါ အများတို့အား အဘယ် အကျိုးများကို ပေးနိုင်သည်ကို ရေးခဲ့၍/အောက်ပါ ပေယျာလ ပါဠိကို ရေးသား ဖော်ပြခဲ့ပါ။

ဇဝံ မေ သုတံ ဧကံ သမယံ ဘဂဝါ ဝေသာလိယံ ဝိဟရတိ
မဟာဝနေ ကူဋာဂါရသာလာယံ (ပ) ကူဋာဂါရသာလာယံ။

(၁၀) ဂဂ္ဂရာယ ပေါက္ခရဏိယာ တီရေ — ပါဠိ အရ ဌာနကို စုံလင်စွာ ရေးသားပြီးလျှင်/စတုတ္ထစျာနံ ဥပသမ္ပဇ္ဇ ဝိဟရတိ (ပ) ဉာဏဒဿနာယ စိတ္တံ အဘိနီဟရတိ (ပ) ပညာယ — ပါဠိ၌ အဋ္ဌကထာဆရာ၏ အလိုကို တိကျစွာ ညွှန်ပြခဲ့ပါ

(၁၁) အတီတာနာဂတပစ္စုပ္ပန္နေ အတ္တေ စိန္တေတုံ - ပါဠိ အရ စိန္တနာကာရကို ပေါ်လွင်အောင် ရေးသား၍/မနောမယိဒ္ဓိဉာဏ်၏ အပ္ပဋ္ဌ အပ္ပသပ္ပာရမှာနှင့် မဟပ္ဖလ ဖြစ်ပုံ — ယည မည်ပုံတို့ကိုလည်း ညွှန်ကြားခဲ့ပါ။

(၁၂) အတ္ထိ ကဿပ မဂ္ဂေါ အတ္ထိ ပဋိပဒါ — ဟု ဟောပြီးမှ အယမေဝ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ ဟု ဟောခြင်း၌ အကြောင်းကို ဖော်ပြပြီးလျှင်/ဣဓ ဟာယ စ ကဿပ သီလသမ္ပဒါ စသည်၏ အရကိုလည်း တိကျစွာ ညွှန်ပြခဲ့ပါ။

၁၀—မှတ်စီ

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၂) ဒီဃနိကာယ (မဟာဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၄ - ခုနှစ်၊ တပို့တွဲလဆန်း ၂ - ရက် (၂၆ - ၁ - ၆၃)

---

(၁) ဝိပဿီမင်းသား ရဟန်းပြုနိုင်လောက်အောင် ပဗ္ဗဇိတထံမှ ကြားနာလိုက်ရသည့် ပဗ္ဗဇိတဂုဏ်တို့ကို ရေး၍/ အဝိဟိံသ နှင့် အနုကမ္ပတို့၏ ထူးခြားချက်ကိုလည်း ဖော်ပြပါ။

(၂) ဝိပဿီဘုရားရှင်သည် ခဏ္ဍ နှင့် တိဿတို့အား ဟောတော်မူသော တရားတော်နှင့် ၎င်းတို့ ဉာဏ်၌ ထင်မြင်လာသည့် တရားတို့ကို ထုတ်ပြပါ။

(၃) သက်န်းဝတ်ဖြင့် သာသနာတော်၌ နေထိုင်ပါလျက် ပဗ္ဗဇိတဟု လည်းကောင်း သမဏဟု လည်းကောင်း မခေါ်ဆိုထိုက်သူကို ဖော်ထုတ်ပြီးလျှင်/ ပစ္စည်းလေးပါးကို ဘုရားရှင် ခွင့်ပြုပါလျက် ဤ၌ 'မတ္တညုတာ စ (ပ) သယနာသနံ' ဟု ပစ္စည်း နှစ်ပါးသာ ဟောတော်မူခြင်း အကြောင်းကိုလည်း ရေးလိုက်ပါ။

(၄) အာဘာဿရာဖြင့် အခြား ဗြဟ္မာကို ယူသော အရာဌာန ရှိ မရှိနှင့်/ ၎င်း အာဘာဿရာ ဗြဟ္မာတို့၏ နာနာ ဖြစ်ပုံကိုပါ ပြည့်စုံစွာ ရေးပြီးလျှင်/ မျက်မှောက် မျက်ကွယ် မေတ္တာ မနောကံ မည်ပုံကိုလည်း သန္နာယနှင့် တကွ ကျနစွာ ဖော်ပြပါ။

(၅) တေသံ စ ဒိန္န ပုဗ္ဗံ (လ) နော ပရိဟာပေဿန္တိ - ၌ နော ပရိဟာပေဿန္တိ ဖြစ်ပုံကို ထင်ရှားစွာ ပြ၍/ အညတြမိထုဘေဒါ၌ ဘေဒ အရ ရေးသားပြီးလျှင်/ ရဏ္ဏညူ နှင့် စိရပဗ္ဗဇိတတို့ ထူး မထူးကိုလည်း ပြည့်စုံစွာ ရေးသားခဲ့ပါ။

(၆) အဘယ်ကို ပြလိုသောကြောင့် ဘိက္ခုနှင့် မေတ္တစိတ္တေန အာဘိသမာစာရိကဓမ္မပူရဏံ မေတ္တံ ကာယကံနာမ ပုဒ် — အာဘိသမာစာရိကဓမ္မ ပူရဏံ ပုဒ်တို့ကို အဋ္ဌကထာ မိန့်ဆိုသည်ကို ပြည့်စုံစွာ ရှင်းပြပြီးလျှင်/ အဃံ ခေါ် သော အာနန္ဒ ဓမ္မာဒါသော - ၌ ဓမ္မာဒါသ၏ အမည်ကို မှုချာမှုချတို့ဖြင့် စုံလင်စွာ ဖော်ပြခဲ့ပါ။

(၇) သော ဟောတိ ရာဇာ စက္ကဝတ္တိ - ဟူသော ပါဠိတော် စကား အရ အဘယ် မျှလောက် အတိုင်းအရှည်ဖြင့် စကြာရတနာ လည်သည်ဟု ခေါ်ဆိုသည်ကို ညွှန်းပြပြီးလျှင်/ စကြာရတနာ လည်၍ ကောင်းကင်သို့ ပျံတက်သော အခါ၌ စကြာမင်း၏ အခြွေအရံတို့သည် မြို့တွင်းနေ လူအများတို့အား စည်တော်ဖြင့် လှည့်လည် ကြေးကြော်ပုံကိုလည်း ရေးခဲ့ပါ။

(၈) ဝေဿဝဏဿပိ ဂိဇ္ဈကူဋံ ပဗ္ဗတံ ဩဘာသေတွာ - ဟူသော ပါဠိတော်၌ ဩဘာ သေတွာ ဟူသော ပုဒ်ကို သာ သံဝဏ္ဏနာနှင့် အညီ အဓိပ္ပာယ် ရေး၍/ တာဝတိံသာ သုဓမ္မာဇရပ်၏ အလျား အနံ အဝန်း အစောက် ပမာဏ များကိုလည်း ရေးခဲ့ပါ။

(၉) အာသာဝတီနတ်ပန်း နှင့် ပင်လယ်ကသပ်ပန်းတို့၏ အထူးကို ဖြေဆို၍/အောက် ပါ ပေယျာလ ပါဠိကိုလည်း ရေးသား ဖော်ပြခဲ့ပါ။

အထ ခေါ ဘန္တေ သက္ကော ဒေဝါနမိန္ဒော ဒေဝါနံ တာဝတိံသာနံ သမ္မုခါဒံ ဝိဒိတွာ (ပ) အထ ခေါ ဘန္တေ သက္ကော ဒေဝါနမိန္ဒော။

(၁၀) ကုသလာ ပစ္စရိယံ ဇနော ပဇ္ဇာ - ပါဠိသည် ဝိကပ္ပနာ ဖြစ်သင့်လျက် အဘယ် ၏ အစွမ်းဖြင့် ဆိုအားသည်ကို ဖော်ပြ၍/ ပါပါဒေဘာဂ သံဝရပုစ္ဆာ၌ ဘေဒ ဖြစ်သည်ကို ... ယသံဝဏ္ဏနာ၌ ဖော ပဖြစ်ပြီး အကြောင်းကို ဖြေဆို ပြီးလျှင်/ အန္တိမေ ဝတ္ထုမာနုဿ ဘော နိဝါသော ဟိယဘာတိ — ပါဠိ၏ သန္ဓာယ ဘာသိတကို ညွှန်ပြခဲ့ပါ၊

(၁၁) လောကယနော အယံ ဘိက္ခဝေ - ပါဠိ၌ ဧကော ကေသာ ကေသွိ ကော သံဝဏ္ဏနာ အရ အဓိပ္ပာယ် ဆိုလိုရင်းကို ရှင်းလင်းပြီးလျှင်/ သမုဒယခမ္မာ- နုပဿီ ဝါ ကာယသ္မိံ ဝိဟရတိ - အရ နှလုံးသွင်းပုံကို ရေးသားခဲ့ပါ။

(၁၂) ကာယာနုပဿနာ စသော လေးပါးကို အဘယ်ပုဂ္ဂိုလ်တို့ အတွက် အသီး အသီး ဟောသည်ဟု ရေးသားပြီးလျှင်/ အသုဘနိမိတ်၌ ကာမစ္ဆန္ဒနီဝရဏကို ပယ်ပုံ နှင့် ပယ်ကြောင်း ဖြစ်သော တရားများကို စုံလင်စွာ ဖြေဆိုခဲ့ပါ။

# ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## ( ၃ ) ဒီဃနိကာယ ( ပါထိကဝဂ္ဂ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၄ - ခုနှစ်၊ တပို့တွဲလဆန်း ၄ - ရက်၊ (၂၈-၁-၆၃)

—

( ၁ ) နိဗ္ဗြောဓပရိဗိုဇ်နှင့် စပ်၍ ဘုရားရှင် ကြိုးဝါးတော်မူသည့် အောက်ပါ သီဟနာဒကထာ၌ ဖြစ်သင့်သော ဂရုဟာစကားကို အဋ္ဌကထာ အာဘော်ကျ ရေးလိုက်ပါ။

ဟန္ဒ မယံ အညာဏတ္ထမ္ပိ သပဏော ဂေါတမေ ဖြူဟွစရိယံ စရာမ၊ ကိံ ကရိဿတိ သတ္တာယော။

( ၂ ) ကုသလာနံ ဘိက္ခဝေ ဓမ္မာနံ သမာဒါနဟေတု ဧဝမိဒံ ပုညံ ပဝဍ္ဍတိ — ၌ ပုည အရ ယူသင့်သည်များကို ဖော်ပြ၍/မည်သည့်ပုဂ္ဂိုလ် အပေါ်၌ မည်သို့ မည်ပုံ ပြုကျင့်ရသည်ကို သံဝိဒဟာသု အဋ္ဌောဇနည်း—ဟု ခေါ်ဆိုသည်ဟု လည်း ရေးခဲ့ပါ။

( ၃ ) အသက်ရှည်အောင် ဥစ္စာပေါ်အောင် မည်သို့ပြုကျင့်ရမည် ဟု ဘုရားရှင် ဟောတော်မူပါသနည်း ပြ၍/ဝါသေဋ္ဌ နှင့် ဘာရဒွါဇ နှစ်ပါး ရှိနေပါလျက် ဝါသေဋ္ဌ အာမန္တေသိ ဟု အဘယ့်ကြောင့် ဝါသေဋ္ဌကို ဦးစားပေး ခေါ်ဆို သည်ဟုလည်း ရေးလိုက်ပါ။

( ၄ ) အာရဒ္ဓဝီရိယော—၌ ဝီရိယ အမျိုးအစားများကို ပဟာဘဗ္ဗ ပူရေတဗ္ဗ အင်္ဂါ တို့နှင့် တကွ ယှဉ်စပ်၍ ပြပြီးလျှင်/ယုတ္တာပ္ပဋိဘာနော ခေါ ပန ဟောတိ နော မုတ္တာပ္ပဋိဘာနော-ဟူသော အဋ္ဌကထာ စကားကိုလည်း အကြောင်း သွင်း၍ ဥပမာနှင့် တကွ ရှင်းပြပါ။

( ၅ ) တတ္ထ ပဋိဝေဓော စ ပဋိပတ္တိ စ ဟောတိ ပိ န ဟောတိ ပိ-၌ ဟောတိ ပိ န ဟောတိ ပိ ဖြစ်ပုံကို ပြ၍/သာသနဋ္ဌိတိယာ ပန ပရိယတ္တိပမာဏံ- ၌ ပမာဏ ဖြစ်ဟန်ကိုလည်း ရေးသားခဲ့ပါ။

(၆) အဘဗ္ဗော ခီဏာသဝေါ ဘိက္ခု သန္နိဓိကာရကံ ကာမေ ပရိဘုဉ္ဇိတုံ—၌ အဘယ်၏ အစွမ်းဖြင့် ဤအဘဗ္ဗော ခီဏာသဝေါ စသော အမေးသည် လာသည်ကို ပြပြီးလျှင်/ဘုရားလောင်း၏ ဒဠှသမာဒါန အဝတ္တိတသမာဒါန ဖြစ်ခြင်း အကြောင်းများကိုလည်း ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

(၇) ဣတ္ထိံ ဝါ ဝါဟနံ ကတွာ—ဟူသော ပါဠိတော်၏ အဓိပ္ပာယ်ကို ရေး၍/ တဿ စ နဂရာ အဟု၊ အန္တလိက္ခေသု မာပိတာ စကားအရ ဝေဿဝဏ် နတ်မင်းကြီး၏ မြို့အမည်များကို ကုန်စင်အောင် ရေးသားခဲ့ပါ။

(၈) အာဋာနာဋိယ ပရိတ်တော်၏ ပရိကမ်ကို ရေးသား၍/ထိုအာဋာနာဋိယ ပရိတ်တော်ကို ရွတ်ဆိုသော ရဟန်းသည် ကြဉ်ရှောင်အပ်သော ခဲဘွယ်များ နှင့် အရပ်ကိုလည်း ရေးခဲ့ပါ။

(၉) အောက်ပါ ပေယျာလ ပါဠိတော်ကို ရေးသား ဖော်ပြခဲ့ပါ။

> တေန ခေါ ပန သမယေန နိဂဏ္ဌော နာဋပုတ္တော ပါဝါယံ အဓုနာ ကာလင်္ကတော ဟောတိ (ပ) မိစ္ဆာ ပဋိပန္နော တွ မသိ။

(၁၀) ဣဓာဝုသော ဘိက္ခု သန္တုဋ္ဌော ဟောတိ ဣတရီတရေန-ပါဠိ၌ စီဝရ သန္တောသ တို့တွင် လေး-ငါး-ဘဆဲ့နှစ်ခု မြောက် သန္တောသတို့၏ အဓိပ္ပာယ် ကို ဖော်ပြပြီးလျှင်/ဥဒ္ဒိသောတော [illegible]နိဒ္ဒဂါမိ ပါဠိအရ စတုက္ကကို ပေါ်လွင်ထင်ရှားအောင် ဖြေဆိုပါ။

(၁၁) စတ္တာရိ ဓမ္မပဒါနိ ပါဠိ အရ ဓမ္မပဒ လေးပါး၏ တရားကိုယ်တို့ကို ကောက် ပြ၍/ဒုတိယ စတုက္က ဓမ္မသမာဒါန၏ အဓိပ္ပာယ်တို့ကိုလည်း ရှင်းခဲ့ပါ။

(၁၂) အတ္တဘာဝကို ရခြင်း လေးမျိုးကို အဘယ်ပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် ဟောထားသည်ဟု ဖော်ပြပြီးလျှင်/သံယောဇဉ် ငါးပါးတို့ ဖွဲ့အပ်သော အန္တောဗဒ္ဓါ ဗဟိသယိတာ စသော ပုဂ္ဂိုလ် လေးမျိုးကို ရေးသား၍/ ဤ ပုဂ္ဂိုလ်တို့ကိုသာ ယူခြင်း၌ အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) ဒီဃနိကာယ (သီလက္ခန္ဓ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၅ - ခုနှစ်၊ တပို့တွဲလဆန်း ၁၁ - ရက်၊ (၂၄-၁-၆၄)

---

(၁) နိဟိတဒဏ္ဍော နိဟိတသတ္ထော—ဟူသော ပါဠိတော်၌ အဘယ်တို့ကို သတ္ထ ဟု ဆိုရမည်နည်း၊ အကြောင်းပြ ဖြေပြီးလျှင်/တောင်ဝှေး-ဒန်ပူဖြတ် ဓားမ-လက်သည်းလှီးဓား-သင်ခုန်းဓားတို့ကို ဆောင်၍ သွားသော ရဟန်းတို့အား နိဟိတဒဏ္ဍ-နိဟိတသတ္ထ ခေါ်သင့် မခေါ်သင့်ကိုလည်း အကြောင်းပြ ဆုံးဖြတ်ခဲ့ပါ။

(၂) ပိသုဏဝါစာ၏ သမ္ဘာရကို အဋ္ဌကထာလာတိုင်း ထုတ်ဆောင် ပြပြီးလျှင်/ ကုလာကူဋဘေဒကိုလည်း အဓိပ္ပာယ်နှင့် တကွ ညွှန်ကြားခဲ့ပါ။

(၃) (က) ဣတ္ထိကထာ (ခ) ဝိသိခါကထာတို့ကို မည်သို့ ပြောဆိုလျှင် တိရစ္ဆာနကထာ ဖြစ်၍/ မည်သို့ပြောဆိုလျှင် တိရစ္ဆာနကထာမှ လွတ်ကြောင်း ရေးပြီးလျှင်/ကုဟကာတိအာဒီသု တိဝိဓေန ကုဟကဝတ္ထုနာ စသည်ဖြင့် အဋ္ဌကထာ ဖွင့်ဆိုချက်တွင် တိဝိဓ သရုပ်ကိုလည်း ထုတ်ဆိုခဲ့ပါ။

(၄) သင်္ခါနံ ကာဝေယျံတို့၌ သင်္ခါနဘေဒများကို စုံလင်စွာ ပြ၍/ဥစ္ဆာဒနာဒီသု မာတုကုစ္ဆိတော နိက္ခန္တဒါရကာနံ (လ) နယာဘိ၌ မာတုကုစ္ဆိတော နိက္ခန္တ-ဒါရကာနံဖြင့် အဘယ်ကို ယူရမည်ကို အကြောင်းနှင့်တကွပြပြီးလျှင်/နိပုဏာတိ သဏှသုခုမ သဘာဝတ္တာ ဟု အဋ္ဌကထာ ဖွင့်ဆိုခြင်း အကြောင်းကိုလည်း ရှင်းပြခဲ့ပါ။

(၅) သဗ္ဗညုတဉာဏဥ္စ တတောပိ ဂမ္ဘီရတရန္တိ-၌ တတောပိ၏ အဓိပ္ပာယ်ကို ကုန်စင်အောင် ရှင်းပြ၍/ဣမိနာမဟံ တေ ဇာနာမိ ဟူသည် အဘယ်ကို ပြပါသနည်း၊ အန္ဝယ ဗျတိရေက အားဖြင့် ဖော်ပြပြီးလျှင်/မန္ဒော ဟူ၍သာ ပါဠိလာရှိပါလျက် မန္ဒပညော ဟု အဋ္ဌကထာ ဖွင့်ဆိုခြင်း အကြောင်းကိုလည်း ရေးသားခဲ့ပါ။

(၆) အဘိဘူတိ အဘိဘဝိတာ ဌိတော-၌ အဘယ်သည် အဘိဘဝိတာ ဖြစ်သည်ကို ဖော်ပြ၍/အန္တာနန္တိကဝါဒ ရှိသော ပုဂ္ဂိုလ် လေးယောက်တို့ကို အဘယ်

တို့၌ သွင်းအပ်သည်ကို အကြောင်းနှင့် တကွ ပြပြီးလျှင်/ကာမဂုဏေဟိ အရ
ကို မာနုသကာ မနုဿတု ကာမဂုဏာသဒိသာ ဒဋ္ဌဗ္ဗာ၊ ဒိဗ္ဗာ (လ) ကာမဂုဏာ
သဒိသာတိ ဟု မိန့်ဆိုခြင်း အကြောင်းကိုလည်း ရေးသားခဲ့ပါ။

(၇) အာလောကိတေ ဝိလောကိတေ-ပါဌ်အရ တာဝကာလိကဘာဝ၏ အစွမ်း
ဖြင့် အသမ္မောဟသမ္ပဇဉ် ဖြစ်ပုံကို ဥပမာနှင့် စုံလင်စွာ ဖြေဆိုပြီးလျှင်/
ကာလဝလ္လိမဏ္ဍပဝါသီ မဟာနာဂမထေရ်၏ ဂတ ပစ္စာဂတဝတ်ဖြင့် ကျင့်ပုံ
ကို ဖြေဆိုပါ။

(၈) သင်္ဃာဋိပတ္တစီဝရဓာရဏေ-ပါဌ် အရ အသမ္မောဟသမ္ပဇဉ် ဖြစ်ပုံကို လက်
ခြေ ပြတ်သော ကိုးကွယ်ရာမဲ့သော အနာရှိသော သူကို ဥပမာပြု၍ ဖြေဆို
ပြီးလျှင်/အသိတေ ခါယိတေ ပါဌ် အရ အသမ္မောဟသမ္ပဇဉ် ဖြစ်ရာ၌ ဓာတ်
ခြောက်ပါးတို့၏ ကိစ္စကို အသီး အသီး ဖြေဆိုပါ။

(၉) ဟိံသတီတိ သရဏံ သရဏာဂတာနံ တေနေဝ သရဏဂမနေန ဘယံ သန္တာ-
သံ ဒုက္ခံ ဒုဂ္ဂတိ ပရိကိလေသံ ဟနတိ ဝိနာသေတီတိ အတ္ထော ပါဌ်၌ ဘယံ
စသော ပုဒ်၏ အရကောက်နှင့် တကွ သရဏဂုဏ် သုံးပါးက အသီး အသီး ဖျက်
ဆီးပုံကို ဖြေဆိုပြီးလျှင်/သရဏဘေဒ ဖြစ်လျက် သရဏဂုဏ်တင်သည် ဆိုရာ၌
အဘယ်၌ တင်ပါသနည်း၊ ဖြစ် မဖြစ်ကို တင်ပုံနှင့် တကွ ရှင်းလင်းခြဖြေဆိုပါ။

(၁၀) ဣတ္ထိယာ ဝါ ဣတ္ထိံ ကရိတွာ ပါဌ် အရ ဆိုလိုရင်း သဘာဝတ္ထကို ပြ၍/
အမ္ဗဋ္ဌအား စူဠသီလ စသည်ကို ဟောရာ၌ သီလ၏ အစွမ်းဖြင့်သာ ဟော
ခြင်း၌ မနသိကာရကို ပြည့်စုံစွာ ထုတ်ပြပြီးလျှင်/အမ္ဗဋ္ဌဝိဇ္ဇာ မည်ခြင်း၏
အနွတ္ထသညာကို ဖြေဆိုပါ။

(၁၁) သုဘာသုတ်လာ အစိရပရိနိဗ္ဗုတေ ဘဂဝတိ ဟူသော ပါဠိတော်၌ အစိရ အရ
တရက် နှစ်ရက်မျှ ကြာသည်ကိုပင် ယူရပါမည်လော၊ အဘယ်ကို ယူရမည်ဟု
ဖြေဆို၍/သောဒေယျ ပုဏ္ဏားသည် သုဘာလုလင်အား မပြောကြားခဲ့သော
ဥစ္စာ ပစ္စည်းတို့ကိုလည်း ရေးပြခဲ့ပါ။

(၁၂) တေဝိဇ္ဇ ပုဏ္ဏားတို့သည်လည်းကောင်း လူအများတို့သည်လည်းကောင်း လ နေ
တို့ကို အဘယ် အကြောင်းကြောင့် တောင်းတကြသည်ကို ဖြေဆို၍/ပါဠိ
တော်လာ စင်္ကီ စသော ပုဏ္ဏားတို့၏ အမည်ကို အစဉ်အတိုင်း ရေးပြခဲ့ပါ။

၁၀ — မှတ်စီ

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၂) ဒီဃနိကာယ (မဟာဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၅-ခုနှစ်၊ တပို့တွဲလဆန်း ၁၃ - ရက်။ (၂၆-၁-၆၄)

—

(၁) သဗ္ဗာကာရပရိပူရာနိ- ဟူသော ဤပါဠိဖြင့် အဘယ်အထူးကို သိအပ်သည်ကို ပြ၍/ပခုမန္တိ သကလစက္ကဝါဠ အဓိပ္ပေတံ၌ အဓိပ္ပေတံဖြင့် အဘယ်ကို ပြသည်ကို ရေးပြီးလျှင်/ကမ္မဝိပါကဇ ဟူသည် အဘယ်ပါနည်း၊ အဋ္ဌကထာ ဋီကာနယ တို့ဖြင့် စုံလင်စွာ ပြခဲ့ပါ။

(၂) တွော တော စ မဟာပုရိသော သဗ္ဗဗန္ဓနာ ဝိမုတ္တော- ၌ အဘယ်သည် သဗ္ဗဗန္ဓနာ ဖြစ်သည်ကို ပြ၍/ဒုဒ္ဒသောတိ ဂမ္ဘီရတ္တာဝ ဒုဒ္ဒသော- ဒုက္ခေန ဒဋ္ဌဗ္ဗော ဟု အဋ္ဌကထာ ဖွင့်ဆိုခြင်းများကို ခွဲခြား၍ ရှင်းပြပြီးလျှင်/စိတ္တော ပန ဥဘယမ္ပေတံ ဗုဒ္ဓါနံ နတ္ထိ - ၌ ဥဘယအရ နှင့် ၎င်းနှစ်ပါးစုံ ဘုရားရှင်တို့ မရှိခြင်းအကြောင်း ကိုပါ ထည့်လောင်း၍ ပြခဲ့ပါ။

(၃) ဘဂဝတော ပန သီတံ ဝါ ဥဏှံ ဝါ နတ္ထိ-၌ အဘယ်ကို ရည်၍ သီတံ ဝါ ဥဏှံ ဝါ နတ္ထိ- ထိုကဲ့သို့ မိန့်ဆိုဘိသည်ကို ပြ၍/အဘိဏှံ သန္နိပါတာတိ ဣဒံ ဝဇ္ဇိသတ္တကေ ဝုတ္တသဒိသမေဝ ဟု အဋ္ဌကထာ မိန့်မှာခြင်း အကြောင်းရင်း များကို ရေးသားပြီးလျှင်/မည်သည့် အကြောင်း အကျိုးထူးကို ရှု၍ အာရည ကောသု သေနာသနေသု သာပေက္ခာ ဘဝိဿန္တိ ဟူ၍ ဟောကြားတော်မူပါ သနည်း။

(၄) အာစရိယပဗ္ဗာဒယေ ဝတ္တံ ပူရေထာတိ ဝေရုပံ ပဋိသန္ထာရဓမ္မံ- ၌ပဋိသန္ထာရဓမ္မ ဟူသည် အဘယ်၏ အစွမ်းဖြင့် မိန့်ဆိုအပ်သည်ကို ဆိုလိုရင်းနှင့် တကွ ဖော်ပြ၍/ပုဗ္ဗဘာဂပဋိပဒါတိ စ သီလအာစာရပညတ္တိ မုတက် သမာဒါနံ - ၌သီလ နှင့် အာစာရ ပညတ် ထူး မထူးကို ရေးပြပြီးလျှင်/သဒ္ဓဿာတိ ဗုဒ္ဓါဒိသု ပသန္နစိတ္တဿ ဝတ္တသမ္ပန္နဿ ယဿ ၌ အဘယ်ကို ပြလို၍ ဝတ္တသမ္ပန္နဿ ဟူ၍ မိန့်ထားပါသနည်း။

(၅) ယတ္ထ ဧဝ ဝုသိတံ ပုရေ ဟူသော ပါဠိနှင့် တဒဂ္ဂေ အဟံ (ပ) သဥ္စာနာမိ ဟူသော ပါဠိတို့၏ အဓိပ္ပာယ်ကို စုံလင်စွာ ဖြေဆိုပြီးလျှင်/ ဣမေ ခေါ ဘိက္ခု (ပ)

သတိမာဝိနေယျ ပါဠိ၌ လောက အရ သဘာဝတ္ထနှင့် တကွ ဤဒေသနာသည် လောကီလော လောကုတ္တရာလော သိသာအောင် ရှင်းလင်း ဖြေဆိုပါ။

(၆) အထ ခေါ မဟာဂေါဝိန္ဒော (ပ) နဝံ သန္ဓာဂါရံ ကာရာပေတွာ (ပ) ကရုဏံ ဈာနံ ဈာယိ၊ ဥက္ကဋ္ဌာနာ အပဟု ပရိတဿနာ-ပါဠိ၌ သန္ဓာဂါရ နှင့် ဈာနံ အရတို့ကို ဖော်ပြ၍/ဥက္ကဋ္ဌာန ပရိတဿန ဖြစ် မဖြစ်ကိုလည်း ပေါ်လွင် ထင်ရှားအောင် စိစစ် ဝေဖန်ခဲ့ပါ။

(၇) တေ ဝိဇာနာထ ဘိက္ခဝေါ (ပ) တေသံ ပါတုရဟုညဏံ-၌ သန္ဓာယဘာသိတ နှင့်တကွ ညဏ်ဖြစ်ပေါ်လာပုံကို ဖော်ပြ၍/တဒါသော ပစ္စုဒါဝတ္တိ၊ သကိုဒ္ဓေါ အသာယံ ဝသေ ဟု ဟောခြင်း၏ အကြောင်းကို စုံလင်စွာ ဖြေဆိုပါ။

(၈) ရာဂဒေါသ မောဟာနံ တနုတ္တာ သကဒါဂါမိနော သကိဒေဝ ဣမံ လောကံ အာဂန္တွာ-ပါဠိ၌ တနုတ္တာ အရ ဘာဝတနုက-ကို ယူသင့် မယူသင့်နှင့် တကွ တနုဘေဒကို ရှင်းလင်း ဆုံးဖြတ်ပြီးလျှင်/ဣမံ လောကံ အာဂန္တွာ အရ ယူသင့် မယူသင့်သော အမျိုးအစား ပုဂ္ဂိုလ်များကို အကြောင်းနှင့် ရှင်းလင်း ဖြေဆိုပါ။

(၉) မဟာသတိပဋ္ဌာနသုတ်ကို ဘုရားရှင် မဟောကြားမီ ရှေးအခါက သတိပဋ္ဌာန်တရားကို အားထုတ်ကြသောသူ မရှိဟု မှတ်ရပါသလော-ဖြေဆို၍/သတိပဋ္ဌာန်တရားကို မပွားများသောသူအား ကဲ့ရဲ့ ပြစ်တင်သော စကားကိုလည်း ရေးသွင်းပါ။

(၁၀) ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ-၌ ဘိက္ခု အရကို ကောက်ပြ၍/ဖန်ရည်ဆွမ်းသော သင်္ကန်းကို မဝတ်သော နတ်, လူတို့ကို ရဟန်းဟု ခေါ်ဆိုအပ် မအပ် အကြောင်းသွင်းလျက် ဖြေရှင်းပြခဲ့ပါ။

(၁၁) ကဒ္ဓေဝရဿ နိက္ခေပေါ-ဗိဝိန္ဓိယဿုပစ္ဆေဒေါ ဟူသော ပါဠိတော်တို့ကို အဓိပ္ပာယ် ရေး၍/အဘယ်အကြောင်းကြောင့် အန္တောသောက-အန္တောပရိသောက ဟူ၍ ခေါ်ဆိုအပ်ပါသနည်း။

(၁၂) အောက်ပါ ပေယျာလပါဠိကို ဖော်၍ ရေးပြခဲ့ပါ။

ကော် မန္တံ နိသိန္နေ ခေါ ပါယာသိ ရာဇညော အာယသမန္တံ ကုမာရကဿပံ တေဒဝေါစ (ပ) ကမ္မာနံ ဖလံ ဝိပါကောတိ။

၁၀-မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) ဒီဃနိကာယ (ပါထိကဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၅ - ခုနှစ်၊ တပို့တွဲလဆန်း ၁၅ - ရက်။ (၂၀-၁-၆၄)

——

(၁) အနုပိယံ ပိဏ္ဍာယ ပါဝိသိ - ၌ ဘုရားရှင်ကို ပါဝိသိ ဟူ၍ ဆိုရခြင်း အကြောင်းကို ပုံပမာနှင့် တကွ စုံလင်စွာပြ၍/ သာနုစရိက မည်ပုံကို အဝယဝနှင့် တကွ ဘာဝတ္ထ ကိုပါ ပြပြီးလျှင်/ အာယတိံ ပန နေသံ ဝါသနာယ ပစ္စယော ဘဝိဿတိ - ၌ အဘယ်၏ အစွမ်းဖြင့် နေသံ - မိန့်ထားပါသနည်း၊ ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

(၂) စာရိတ္တန္တိ မိစ္ဆာစာရံ - အဋ္ဌကထာ ဖွင့်ဆိုခြင်းကို ရှင်းပြ၍/ အဘယ်သည် မိစ္ဆာဓမ္မ - မည်သည်ကို ဖော်ပြပြီးလျှင်/ မာတုပိ ပုတ္တမှိ စသည် ဟောခြင်း အကြောင်းကိုလည်း ရေးသားခဲ့ပါ။

(၃) နိရောဓာ ဝုဋ္ဌာယ အရဟတ္တပတ္တ အနာဂါမိနော စ - ၌အရဟတ္တပတ္တ အနာဂါမိနော မိန့်ဆိုထားခြင်းကို ရှင်းပြ၍/ ဝိသာခေတ္ထာသာ ပန ပင်္ဂါဏ် နတ္ထိ — ၎င်းစကားအရ အဆောက်အထားကို ပြပြီးလျှင်/ ပရိယေသိတာနို့ ပတ္တံဝါ အပတ္တံဝါ - ၌ အဋ္ဌကထာ နှလုံးသွင်းနှင့် ပြဆိုခြင်းများကိုလည်း ရှင်းပြခဲ့ပါ။

(၄) အနောဓနော ဟောတိ၌ အနောဓန မည်ပုံကို ပြည့်စုံစွာ ဖော်ပြ၍ / နာဘိသဒ္ဒတိ ကုဋ္ဋလကဏ္ဏကောဝိယ တတ္ထ တတ္ထ မမ့် တုဒန္တောဝိယ န လဂ္ဂ - ၌ အဋ္ဌကထာ ဖွင့်ဆိုခြင်း အကြောင်းများကို ရှင်းပြပြီးလျှင် / သုတေနာတိ ပရိယတ္တိ သဝနေန - ဟု အဋ္ဌကထာ မိန့်ဆိုပုံကိုလည်း အကြောင်းသွင်း၍ ရှင်းပြခဲ့ပါ။

(၅) သိင်္ဂါလ သတို့သားသည် မနီးမဝေး၌ ရပ်နေသော မြတ်စွာဘုရားကို မမြင်ဘဲ အရပ်မျက်နှာတို့ကိုသာ ရှိခိုးနေခြင်း အကြောင်းနှင့်/ ရှေးက ရဘနာ သုံးပါးကို မကြည်ညိုပါဘဲလျက် ယခုမှ ယထာ ကထံ ပန ဘန္တေ - စသော စကားများကို လျှောက်ထားခြင်း၏ အကြောင်းကို ဖော်ပြပြီးလျှင်/ ဂင်္ဂးစကား၏ မနသိကာရကိုလည်း ညွှန်ပြခဲ့ပါ။

(၆) ဥဂ္ဂဟာတု ဘန္တေ ဘဂဝါ အာဌာနာဋိယံ · ဟု လျှောက်ထားခြင်းနှင့် သိခီ · ဝေဿဘူ ဘုရားများလည်း စက္ခုရှိကြပါလျက် · ဝိပဿိဿစ နမတ္ထု၊ စက္ခုမန္တဿ – ဟု ဆိုခြင်း၌ နှလုံးသွင်းကို ဖော်ပြပြီးလျှင် / ဒိဗ္ဗံ ယာနံ ဥပဋ္ဌိတံ ပဉ္စသဒ္ဒါ သိဝိကာစေဝ – ပါဌ်၏ အဓိပ္ပာယ်ကိုလည်း စုံလင်စွာ ဖြေဆိုပါ။

(၇) နာမရူပဒုက် · ၌ စတ္တာရော ခန္ဓာ နာမနဋ္ဌေန နာမံ · ပါဌ်အရ တံသ ဖုဿ စသော အမည်များနှင့် ပထဝီ အာပေါ အမည်များသည် နာမ်မည်သင့် · မမည်သင့်၊ နာမံ အရ ယူသင့် · မယူသင့်များကို အကြောင်းနှင့်တကွ စုံလင်စွာ ဖော်ပြပြီးလျှင် / နိဗ္ဗာန်၏ နာမနဋ္ဌကြောင့် နာမ်မည်ပုံကိုလည်း ဖြေဆိုပါ။

(၈) ဥဒ္ဓဂ ဥတ္တာသဘယံ အပနုဒိတာ၊ ဝမ္မိကဋ္ဌ ရက္ခာဝရဏ ဂုတ္တိံ သံဝိဓာတာ ပါဌ်၌ ဥဗ္ဗေဂနှင့် ဥတ္တာသဘယ တို့၏ အထူးနှင့် တကွ/ သံဝိဓာတာ · အရကိုကို ထင်ရှားအောင် ရှင်းလင်း ဖြေဆိုပါ။

(၉) အောက်ပါ ပါဠိတော် ပေယျာလကို ထုတ်ပြ ရေးခဲ့ပါ။

တဒင္ဂတံ ဝုစ္စတိ.........ပ..........သဟိတေဟိ နန္ဒတိ ပမောဒတိ စ။

(၁၀) သခ်ါဂျပါယံ ဝါ အာဝုသော ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌတိ ..ပ....အာပဇ္ဇတိ · ဟု ဟောတော်မူသကဲ့သို့ ဝိညာဏုပါယံ ဝါ အာဝုသော · စသည်ဖြင့် မဟောခြင်းကြောင့် ရအပ်သော ဗျတိရေက အကျိုးကို ရေးပြ၍ / နေဝ အတ္တာ· နုက္ကံသေတိ – ဟူသော ပါဠိတော်၏ ဘာဝတ္ထကိုလည်း ရေးပြခဲ့ပါ။

(၁၁) ဒါယကဓာတ ဝိသုဇ္ဈတိ၊ နော ပဋိဂ္ဂါဟကတော ဟူသော ပါဠိတော်၏ အဓိပ္ပာယ်ကို ရေးခဲ့၍ / (က) မိမိ လုံ့လကြောင့် သေသောနတ် (ခ) မိမိ သူတပါး လုံ့လတို့ကြောင့် သေသောနတ် (ဂ) မိမိ သူတပါး လုံ့လတို့ကြောင့် မသေသောနတ်တို့ကို အသီးအသီး ရေးပြခဲ့ပါ။

(၁၂) ဝီတရာဂဿာတိ.... ပဂ္ဂန ဝါ သမုစ္ဆိန္နရာဂဿ သာပါပတ္တိယာ ဝါ ဝိက္ခမ္ဘိတရာဂဿ – ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုရာ၌ ဝီတရာဂသဒ္ဒါ သမုစ္ဆိန္နရာဂ သဒ္ဒါတို့ဖြင့် အဘယ်ကို ယူရမည်ဟု အသီးအသီး ညွှန်းပြ၍ / ဒါနေန မုဒုစိတ္တော – ဟူသော စကား အရ ဒါနကြောင့် စိတ်နူးညံ့ပုံကိုလည်း သိသာရုံ ဖြေဆိုခဲ့ပါ။

၁၀ – မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) ဒီဃနိကာယ (သီလက္ခန္ဓ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၆ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ - ရက်။ (၂၂-၁-၆၅)

---

(၁) ကသ္မာ ပနေသ ဒီဃနိကာယောတိ ဝုစ္စတိ၊ ဒီဃပ္ပမာဏာနံ သုတ္တာနံ သမူဟတော နိဝါသတော စ - ၌ အဋ္ဌကထာဆရာ၏ နှလုံးသွင်းကို ရှင်းပြ၍/ ဒုတိယံ အနေကဇ္ဈာသယာနုသယစရိယာဓိမုတ္တိကာ သတ္တာ (လ) သာသနံ - ၌ အဘယ်ကို အဓိမုတ္တိ ဟူ၍ ဆိုအပ်ပါသနည်း။

(၂) အာဒါသ မည်သည် အဘယ် ဖြစ်သည်ကို ပြ၍/ ဝိသိခါ ကထာပိ - ၌ ဝိသိခါ သဒ္ဒါဖြင့် အဘယ်တို့ကို ယူရမည်ကိုလည်း အထောက်အထားနှင့် တကွ စုံလင်စွာ ပြပြီးလျှင်/ မဏိလက္ခဏာဒီသု ဝေရူပေါ မဏိပသဿတ္တာ ဝေရူပေ အာသတ္တော - ၌ ပသဋ္ဌ ပသဋ္ဌကာရဏ ဝစနများကိုလည်း ကျနစွာ ဖော်ပြခဲ့ပါ။

(၃) မည်သို့ စောဒနာရန် ရှိသောကြောင့် နာနာတ္တကာသာတိ-ကို ပုရိမပစ္ဆိမကထာ ဟိ ဝိမုတ္တာ - ဟု အဋ္ဌကထာ မိန့်မှာသည်ကို နာနာ အရနှင့် တကွ ကျနစွာပြပြီးလျှင်/ သံကိရဏံ ဝိကိရဏံ - ၌ အဘယ်သည် သံကိရဏမည်သည်ကိုလည်း ၎င်း၏ လဒ္ဓိဂုဏ်နှင့် တကွ စုံလင်စွာ ဖော်ပြခဲ့ပါ။

(၄) ဤ ဒုတိယဝါရ၌ သုညံ ဟူ၍ မဟောမူ၍ ဗြဟ္မဝိမာနံ ဟူ၍သာ ဟောခြင်း အကြောင်းကို ပြ၍/ ဣမိနာမယန္တိ အတ္တနော (လ) မညနာမတ္တေနေဝ ၌ မညနာမတ္တေနေဝ ဟူသည် အဘယ် ဖြစ်သည်ကိုလည်း ဗျတိရေကာနွယ အားဖြင့် ပြပြီးလျှင်/အဘယ်ကိုရည်၍ ဌာနံ ခေါ ပနေတံ ဟူသော ဤစကားကို ဟောကြားတော် မူအပ်ပါသနည်း။

(၅) အထ ခေါ ဘဂဝါ ဇိဝှာ နိန္နာမေတွာ ဥဘောပိ ကဏ္ဏသောတာနိ အနုမသိ ပဋိမသိ၊ ဥဘော ပိ နာသိကသောတာနိ အနုမသိ ပဋိမသိ၊ ကေဝလံပိ နလာဋမဏ္ဍလံ ဇိဝှာယ အာဒေသိ - ဟူသော ဘုရားရှင်၏ စကားတော်ဖြင့် အမ္ဗဋ္ဌလုလင်မှာ အဘယ်သို့ အသိဉာဏ် ဖြစ်သည်ဟု ရေးခဲ့ပါ။

(၆) ဗာလော • ဘော ဂေါတမ အမ္ဗဋ္ဌော မာဏဝေါ ခမတု ဘဝံ ဂေါတမော အမ္ဗဋ္ဌဿ မာဏဝဿာတိ -၌ ပေါက္ခရသာတိ ပုဏ္ဏားက အမ္ဗဋ္ဌကို ဗာလ ဟု ဘုရားရှင်အား လျှောက်ထား တောင်းပန်ရခြင်း အကြောင်းကို ပေါ်လွင်အောင် ဖော်ပြလိုက်ပါ။

(၇) ပုဗ္ဗေ ယညာ တိဿော ဝိဓာ ဒေသေသိ -၌ တိဿော အရ သရုပ်ကိုဖော်ပြပြီးလျှင်/ ဘုရားရှင်ထံသို့ ချဉ်းကပ်လိုသော ကူဋဒန္တ ပုဏ္ဏားကြီး၏ အဓိက ရည်ရွယ်ချက်ကိုလည်း ရေးခဲ့ပါ။

(၈) အတ္ထိ ခေါ မဟာလိ အညော စ ဓမ္မာ ဥတ္တရိတရာ စ ပဏီတတရာ စ -၌ အညဓမ္မ နှင့် အညအပါဒါနဓမ္မ တို့ကို ပိုင်းခြား ဖော်ပြခဲ့ပါ။

(၉) သောတာပန် ပုဂ္ဂိုလ်သည် အဘယ်ကြောင့် သမ္ဗောဓိပရာယဏ အမည်ရကြောင်း ရှင်းလင်း ဖြေဆိုပြီးလျှင်/ အောက်ပါ ပေယျာလကိုလည်း ဖော်ပြခဲ့ပါ။

ယေ တေ ကဿပ ဧဝမာဟံသု၊ (ပ) သဂ္ဂံ လောကံ ဥပပန္နံ။

(၁၀) သမနုယုဉ္ဇတိ သမနုဂါဟတိ သမနုဘာသတိ ၃ - ပါးတို့၏ အထူးကို ရေးပြီးလျှင်/ န ဧဝကမန္တရံ - ပါဠိတော် အရ ဆွမ်း မခံယူရခြင်း အကြောင်းကိုလည်း ပြည့်စုံစွာ ရေးသားခဲ့ပါ။

(၁၁) အဘယ်တို့သည် သမုတိကထာ ပရမတ္ထကထာ မည်ကြောင်း အသီးသီး ရေးပြီးလျှင်/ အတ္ထိ ခေါ ဘော ဂန္ဓာရီနာမ -၌ ဂန္ဓာရီ ဟူသည် အဘယ်နည်း/ အဋ္ဌကထာဆရာ အလိုတော်ကျ ပြည့်စုံအောင် ရေးသားခဲ့ပါ။

(၁၂) ယံ ပမာဏ ကတံ ကမ္မံ န တံ တတြာဝသိဿတိ - ပါဠိ ၌ ရူပါဝစရ အရူပါဝစရကံကို အဘယ့်ကြောင့် အပ္ပမာဏကတ ဆိုရကြောင်း ရှင်းပြပြီးလျှင်/ ရူပါဝစရ အရူပဝစရ ကံတို့၏ အကြား ကာမဝစရကံ မတည်နိုင်ခြင်းကိုလည်း ဥပမာသွင်း၍ ရှင်းပြခဲ့ပါ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၂) ဒီဃနိကာယ (မဟာဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၆-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇-ရက်။ (၂၄-၁-၆၅)

——

(၁) ပဋိစ္စသမုပ္ပါဒေ ဂမ္ဘီရောနာမ အာ၊ ၎င်း၏ ဂမ္ဘီရအကြောင်းများကို ပြ၍/ မာဟေဝံ အာနန္ဒ စသည်ကို ဟောတော်မူခြင်း အကြောင်းကို ဘုရားရှင် အလိုကျ ရှင်းပြပြီးလျှင်/ အနနုဗောဓာတိ ဉာတပရိညာဝသေန အနနုဗုဇ္ဈနာ-၌ အဘယ်ကို ပြလို၍ အဋ္ဌကထာဆရာ ဖွင့်သည်ကိုလည်း ကျနစွာ ရှင်းပြပါ။

(၂) သတ္တ ခေါ ဣမာနန္ဒ ဝိညာဏဋ္ဌိတိယော-၌ သတ္တ ဟူသော စကားကို အဘယ်၏ အစွမ်းဖြင့် မိန့်ဆိုအပ်သည်၊ ဝိညာဏဋ္ဌိတိ ဟူသည် အဘယ်၏ အမည် ဖြစ်သည်ကို ပြပြီးလျှင်/ ဧတ္တာဝတာ ကိံ ကထိတံ ဟောတိ ဝဋ္ဋကထာ ကထိတာ ဟောတိ-၌ အဘယ်ကို ပြလိုသောကြောင့် ဝဋ္ဋကထာ ကထိတာ-ဟု မိန့်ဆိုသည်ကိုလည်း ရှင်းပြပါ။

(၃) ပုဗ္ဗင်္ဂမာ ဟုတွာ တိဿ သိက္ခာပဒေသု ပဝတ္တန္တီတိ သံဃာဒိဏာယကာ-၌ တိဿ သိက္ခာပဒေသု ပဝတ္တေန္တိ ဟူ၍ ဖွင့်ဆိုခြင်းကို ရှင်းပြ၍/ ပေါနောဗ္ဘ-ဝိကာယ န ဝသံ ဂစ္ဆန္တိ-၌ ဝသံ ဂစ္ဆန္တိ မည်ပုံ-န ဝသံ ဂစ္ဆန္တိ-မည်ပုံများကို ပြည့်စုံစွာ ရေးပြီးလျှင်/ဗဟုဿုတာ ဘဝိဿန္တိ-၌ သုတ သဒ္ဒါ အဘယ်ဖြစ်သည်၊ ၎င်းဖြင့် အဘယ်တို့ကို ယူရမည်ကိုလည်း အကြောင်းများနှင့် တကွ ဖော်ပြခဲ့ပါ။

(၄) ပရိသုဒ္ဓသီလော ပန ဝတ္တံ အခဏ္ဍေန္တော ပူရေတိ-၌ ပရိသုဒ္ဓသီလော-ပါဌ် ဝတ္တံ အခဏ္ဍေန္တော-ပါဌ် တို့ဖြင့် အဘယ်ကို ပြသည်၊ အဘယ်ကို သိစေလို၍ ပူရေတိ ဟူ၍ မိန့်သည်များကို ရေးသားပြီးလျှင်/သာချဏိယ [illegible]ကို ဖြည့်သော ရဟန်း၏ တမလွန် ပစ္စုပ္ပန်၌ ဖြစ်သော အကျိုး အာနိသင်များကိုလည်း အကြောင်းရင်း တရားများနှင့် တကွ ယှဉ်တွဲ၍ ပြည့်စုံစွာ ရေးသားခဲ့ပါ။

(၅) ယထယိဒံ ဗြဟ္မစရိယံ အဒ္ဓနိယံ အဿ စိရဋ္ဌိတိကံ-၌ အဒ္ဓနိယ စိရဋ္ဌိတိကတို့ကို အကြောင်း အကျိုးနှင့် တကွ ဖော်ပြပြီးလျှင်/ ဘုရားရှင် ပရိနိဗ္ဗာန်စံတော်မူခါနီး၌ အရေးကြီးသည့် မှာထားချက်တို့ကို (၃)ခုထက် မနည်းရေးခဲ့ပါ။

(၆) အောက်ပါ ပါဠိတော် နှစ်ရပ်ကို မဆန့်ကျင်အောင် ဘုရားရှင်၏ အလိုနှင့် အညီ ညှိပြပါ။

၁၄၆၄၇

အာကာသမာနေ အာနန္ဒ တထာဂတော ကပ္ပံ ဝါ တိဋ္ဌေယျ ကပ္ပာဝသေသံ ဝါ။

ယံ တံ ဇာတံ ဘူတံ သင်္ခတံ ပလောကဓမ္မံ တံ ဝတ မာပလုဇ္ဇီတိ နေတံ ဌာနံ ဝိဇ္ဇတိ။

(၇) ဒိဿရတ္တံ ခေါ မံ တုံ့ ဒေဝိ ဣရဲ့ဌဟိ (ပ) အဿ စ ပန မံ တုံ့ ပစ္ဆိမေ ကာလေ အနုဋ္ဌေဟိ (ပ) အမနာပေဟိ သမုဒါစရတီတိ - ဟူသော စကားတော်အရ သုဘဒ္ဒါဒေဝီ၏ စကားမှာ မည်သို့သော ကြံစီ မြော်မှန်းချက် ပါနေ၍ မဟာသုဒဿန အလိုဣ အနိဋ္ဌ - အကန္တ စသည် ဖြစ်ရသည် ဟု ရှင်းလင်း ပြခဲ့ပါ။

(၈) အယံ ဝုတ္တာ ယော အဓိယော သမ္မာသမာဓိ ယဉ္စနိုသော ဣတိပိ သပရိက္ခာရော ဣတိပိ - ၌ ညှိနှိုင်း ပရိက္ခာရတို့ကို အပြည့်အစုံ ဖော်ပြပြီးလျှင်/ သမာဓိ အားကောင်းသော ပုဂ္ဂိုလ်မှာ မည်သည့် အကျိုးများ ဖြစ်နိုင်သေးသည်ဟု လည်း ရေးခဲ့ပါ။

(၉) မိမ္မာဝဖြင့် မရနိုင် မဖြစ်နိုင်သော ဘဝစည်းစိမ် ဉာဏ်တို့ကို ပြည့်စုံစွာ ရေးပြီးလျှင်/ သက္ကပဉ္စာသုတ် ဂေါပကဝတ္ထုလာ စင်ကြယ်သော သီလ ရှိသော နတ်သားတို့ ဖြစ်လျက် အဘယ့်ကြောင့် ဂန္ဓဗ္ဗနတ်မျိုး၌ ဖြစ်ရသည် ဟု လည်း အကြောင်း လုံလောက်စွာ ပြ၍ ဖြေကြားခဲ့ပါ။

(၁၀) မင်္ဂ နှင့် နိဗ္ဗာန်ကို အဘယ့်ကြောင့် တဏှာသင်္ခယ တဏှာသင်္ခယဝိမုတ္တ ခေါ်ဆိုရသည်ကို ရှင်းလင်း ဖြေကြားပြီးလျှင်/ သက္ကပဉ္စာသုတ်လာ မဟာပဥှာ ၁၄ - ဖြာ သရုပ်ကိုလည်း အဋ္ဌကထာလာတိုင်း ထုတ်ခဲ့ပါ။

(၁၁) မဟာသတိပဋ္ဌာန ဣရိယာပထပဗ္ဗ - ၌ သမုဒယဓမ္မာနုပဿီဝါ - အစရှိသော ပါဠိ၏ သဒ္ဒါယာဘာသိတကို ရေးပြပြီးလျှင်/ စိတ္တာနုပဿနာ - လာ ဝီတရာဂံ စိတ္တန္တိ ပဇာနာတိ - ပါဠိ၌ အဋ္ဌကထာ အလို ဝိဘာသုဂစိတ်များကို တိကျစွာ ကောက်ပြပြီး/ ကျန်၌ မကောက်ရသော စိတ်များကို အဘယ့်ကြောင့် မကောက်ရကြောင်းကိုလည်း ရှင်းလင်းခဲ့ပါ။

(၁၂) အဂ္ဂုသဘို၌ မည်သည့် ရေချန်များ ဖြစ်ပါသနည်း၊ ယိုချန်သည် လောကီလော - လောကုတ္တရာလော - ဆုံးဖြတ်ပြီးလျှင်/ အောက်ပါ ပေယျာလကိုလည်း ဖော်ပြလိုက်ပါ။

ဣမေဟိ ခေါ ဟီနကာယူပပန္နာ (ပ) သမာဟိတာဘ္ဘာ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) ဒီဃနိကာယ (ပါထိကဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၆ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ - ရက်။ (၂၆-၁-၆၅)

---

(၁) ဒွယဂါမိနီ • ဟူသော အမည်သည် အဘယ် အမည် ဖြစ်သည်ကို နွယ၏ အဘိဓေယျတ္ထနှင့် တကွ ပြ၍/ သံသပ္ပတီတိ ဩသီဒတိ တဇ္ဇတ္တဝ သဋ္ဌရတိ • ၌ အဋ္ဌကထာ နှလုံးသွင်းကို ရှင်းပြပြီးလျှင် / တေသ ဟိ စတ္တာရော ပစ္စယော ဒဒမာနာ သီလာဒိဂုဏသမ္ပန္နာနံ သမ္မုဒ္ဒါနံ ဒေမာတိ ဒေန္တိ • ၌ သမ္မုဒ္ဒါနံ ဒေမာတိ ဒေန္တိ • ၏ အဓိပ္ပာယ်ကိုသာ ဖော်ပြခဲ့ပါ။

(၂) ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ • ၌ နိဗ္ဗာနာယ၏ ဘာဝတ္ထကို ပြည့်စုံစွာ ပြ၍ / တံ ဒတွာ ဝိသဇ္ဇိတွာ • ၌ တံ၏ သန္ဓာယ ဘာသိတတ္ထကို လည်းကောင်း ဝိသဇ္ဇိတွာ ဟူသည် မည်သို့ စွန့်သည်ကို လည်းကောင်း ရေးသားခဲ့ပါ။

(၃) ဣမေ ဌတွာ ဥပမာ သံသန္ဒေတဗ္ဗာ • အရ သဒိသ ဒေဒိသိ တရားများကို ယှဉ်စပ်၍ ပြပြီးလျှင်/ သွာက္ခာတော ဘဂဝတာ ဓမ္မော • ၌ ကောင်းစွာ ဟော တော်မူအပ်သည်၏ အဖြစ်ကို မည်သို့အားဖြင့် သိအပ်ပါမည်နည်း၊ ကျနစွာ ရေးသားခဲ့ပါ။

(၄) သုပ္ပဋိပန္နော သံဃော • ၌သု • ဖြစ်ခြင်း အကြောင်းများကို ပြည့်စုံစွာ ဖော်ပြ၍/ အယံ ပဌမာဒဿနသမာပတ္တိ အရ ဒဿနသမာပတ် မည်ရာ၌ ရှုရာမှုချများ ကို ခွဲခြား၍ ပြပြီးလျှင်/ အယံ နိပ္ပရိယာယေန ပဌမာ ဒဿနသမာပတ္တိ • ၌ နိပ္ပရိယာယေန ဟူသော အဋ္ဌကထာ စကားများကိုလည်း ရှင်း၍ ပြခဲ့ပါ။

(၅) ပဋိကူလေ စ အပ္ပဋိကူလေ စ အပ္ပဋိကူလသညီ ဝိဟရေယျန္တိ အပ္ပဋိကူလသညီ တတ္ထ ဝိဟရတိ • ၌ မည်သို့ မည်ပုံ နေသည်ဟု ဖော်ပြ၍/ သတ္တာ ၁ ဟောတော် သေရော (ပ) စိရပဗ္ဗဇိတော • အရ အစိရပဗ္ဗဇိတ ဖြစ်ခဲ့သော် မည်သို့ ဖြစ်နိုင်သည်ဟု အကြောင်းပြ ဖြေဆိုပါ။

( ၆ ) တတ္ထ သမ္ဗဟုလ သင်္ကမ္မ သမာဂမ္မ အတ္တေန အတ္တ - ဗျဥ္ဇနေန ဗျဥ္ဇနံ သင်္ဂါယိတဗ္ဗံ - အရ သံဂါယနာတင်ခြင်းမျိုးကို ဆိုလိုပါသလော၊ ရေး၍/ တတ္ထ - ၌ ယူသင့်သော တရားများကိုလည်း ဖော်ပြလိုက်ပါ။

( ၇ ) အဘဗ္ဗော အာဂုသော ခီဏာသဝေါ ဘိက္ခု သဥ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတုံ - စသည်၌ ခီဏာသဝ ရဟန်းကို ရေးပြီးလျှင်/ ဣတိ ဘိန္ဒာနံ ဝါ သန္တာတာ သင်္ဂါတာနံ ဝါ အနုပ္ပဒါတာ - ဟူသော ကံကြောင့် မည်သည့် အကျိုး ရနိုင်သည်ဟုလည်း အထောက်အထား ပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၈ ) မိတ်ဆွေကောင်း လေးယောက်တို့တွင် သင် အနှစ်သက်ဆုံး ဖြစ်သော မိတ်ဆွေ တယောက်ကို အကြောင်းနှင့် တကွ ဖော်ပြခဲ့၍/ ပစ္စည်း ဥစ္စာ ချမ်းသာလိုလျှင် မည်သို့ ရှာဖွေ စုဆောင်းရမည် - မည်သို့စီမံ သုံးစွဲရမည် - မည်သို့ လှူဒါန်းရမည် ဟု ဘုရားရှင် ညွှန်ကြားချက်ကိုလည်း သဘောပေါက်အောင် ရှင်းပြလိုက်ပါ။

( ၉ ) အောက်ပါ ပေယျာလကို ကျနစွာ ဖော်ပြခဲ့ပါ။

အကုဗ္ဗိတ္ထိယော ဝါရုဏီ ( ပ ) အာဝသိတုံ ဿရုံ၊

( ၁၀ ) ဝိဇ္ဇာ စ ဝိမုတ္တိ စ - ဟူသော သင်္ဂီတိဒုကာ၌ ဝိမုတ္တိအရ ဝိမုတ္တိ အပြားကို အဓိပ္ပာယ်နှင့် တကွ ရေးပြီးလျှင်/ တယော အဒ္ဓါတိ ထယော ကာလာ - ဟု ဖွင့်သော အဋ္ဌကထာဆရာ၏ အာဘောဂ နှင့် တယောအဒ္ဓကို သုတ္တံ အဘိဓမ္မာ နည်း ၂ - ဖြာတို့ဖြင့် ပိုင်းခြားခြင်းကို ပြုခဲ့ပါ။

( ၁၁ ) နာဂုသော သတ္တာ ဉာတိဗျသန ဟေတုဝါ စသော ဒေသနာကို အဘယ့် ကြောင့် ဗုဒ္ဓ ဟောတော်မူရကြောင်း ရှင်းလင်း ဖြေပြီးလျှင်/ ဣမေ ဂုသော ဘိက္ခု သဒ္ဓေါ ဟောတိ - ၌ သဒ္ဓါ အရ သဒ္ဓါဘေဒ နှင့် ဣဓ ဓိပ္ပေတ သဒ္ဓါကိုလည်း ရှင်းလင်း ဖြေကြားခဲ့ပါ။

( ၁၂ ) ဗုဒ္ဓါနုဿတိမှ အဆင့်ဆင့် ပွားများသဖြင့် အရဟတ္တဖိုလ်သို့ ရောက်နိုင်ပုံကို အဋ္ဌကထာ ညွှန်ပြချက် အတိုင်း ရေးပြီးလျှင်/ ပဝိဝိတ္တဿာယံ ဓမ္မော - ၌ ဝိဝေက အပြားကိုလည်း အဓိပ္ပာယ်နှင့် တကွ ရေးသားခဲ့ပါ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၁ ) ဒီဃနိကာယ ( သီလက္ခန္ဓ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၇ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၅ - ရက်။ ( ၂၁-၁-၆၆ )

---

( ၁ ) ဒုတိယံ အနေကဇ္ဈာသယာနုသာယ ( က ) ယထာနုလောမသာသနံ - ၌ အဘယ်ကို အာသယ ဟု ဆိုအပ်သည်ကို ပြ၍/ စာသင်ခြင်း ( ၃ ) မျိုးတို့တွင် ပုထုဇန်တို့ ပဃဝဏီပါလန အကျိုးငှာ သင်ကြလျှင် မည်သည့် စာသင်ခြင်းမျိုး ဖြစ်သည်ကို အကြောင်းနှင့် တကွ ပြပြီးလျှင်/ သောမနဿ ( လ ) သုတ္တန္တာ ဥဒါနန္တိ ဝေဒိတဗ္ဗံ - ၌ အဘယ်သည် ဥဒါန မည်သည်ကိုလည်း ပုံပမာနှင့် တကွ စုံလင်စွာ ပြခဲ့ပါ။

( ၂ ) သာစိယောဂေါတိ ကုဋိလ ယောဂေါ၊ ဧတေသံ ယေဝ ဥက္ကောဋနာဒီနမေတံ နာမံ ဟု ဖွင့်ရာ၌ ၎င်း၏ လဒ္ဓဂုဏများကို ဖော်ပြ၍/ ဝတ္တသန္နိဓိ - အရာ၌ မည်သို့ ပြုလုပ်ပါက ဝိနည်းသည်း မလွှတ် သုတ္တန်နှင့်လည်း ညီညွတ်သည်ကို ပြပြီးလျှင်/ ရဟန်း တပါးမှာ ယာဉ် ( ၃ ) ခု ရှိပါလျှင် သုတ္တန် ဒေသနာတော်နှင့်လည်း အံဝင်ခွင်ကျ မည်သို့ ပြုလုပ်ရပါမည်နည်း။

( ၃ ) အာမိသန္တိ ဂုတ္တာဝသေသံ ဒဋ္ဌဗ္ဗံ ဟု အဋ္ဌကထာ ဖွင့်ခြင်းကို ပြည့်စုံစွာ ရှင်းပြ၍/ အဘယ် ရဟန်းမျိုးကို ကတုံးပေါ် ထိပ်ကွက် အသက်မွေးသည်ကို ဖော်ပြပြီးလျှင်/ အာမိသသန္နိဓိ မည်ရာ၌ တဗ္ဗိရဟိတ သမဏ ပရိုပတ္တိများကိုလည်း စုံလင်စွာ ဖော်ပြခဲ့ပါ။

( ၄ ) ဝသီပိတာ ဘူတာဘဗျာနံ - အရ ပဒ္ဒိဿန္ဓေအား လျော်စွာ ဘူတ နှင့် ဘဗျ မည်ပုံကို ခွဲခြား ဖြေဆိုပြီးလျှင်/ ဗြဟ္မဇာလသုတ်ကို ဟောကြားတော်မူရာ အဘယ်အခါ၌ မြေပထဗျာ တုန်လှုပ်ကြောင်းကိုလည်း အဋ္ဌကထာ မိန့်ဆိုချက် အတိုင်း ရေးသားခဲ့ပါ။

( ၅ ) ဆဋ္ဌာဘိဇာတိယာ အဋ္ဌပုရိသဘူမိယော - ၌ ဆသချပ် အဋ္ဌသချပ် တို့ကို ထုတ်ပြပြီးလျှင်/ အဋ္ဌသချပ်တို့တွင် မန္ဒဘူမိ ပဒဝီမံသဘူမိ ပန္နဘူမိ တို့၏ ထူးခြားချက်ကိုလည်း အဋ္ဌကထာရှင် မိန့်ဆိုချက် အတိုင်း ရေးသား ဖြေဆိုခဲ့ပါ။

(၆) သမညဖလသုတ် မက္ခလိဂေါသာလ ဝါဒဝယ် သတ္တသညီဂဗ္ဘာ သတ္တအသညီဂဗ္ဘာ သတ္တသရာ ပါဠိတော်တို့၌ သတ္တသရုပ်တို့ကို ထုတ်ပြပြီးလျှင်/ အဘိနိ-မန္တေယျမပိနံ-၌ အဘိဟာရ ၂-မျိုးကိုလည်း အဋ္ဌကထာလာတိုင်း ကျနစွာ ရေးသားခဲ့ပါ။

(၇) သင်္ဃာဋိ ပတ္တစီဝရ ဓာရဏေ ပါဠ်၌ ဓာရဏ ဖြစ်ပုံနှင့် ပေါင်း၍ ပြခြင်း၌ အကျိုးကို ဖြေဆိုပြီးလျှင်/ သပိတ်ကို ကိုင်ရာ၌ သာတ္ထက အသမ္မောဟ သမ္ပဇဉ် ဖြစ်ပုံကို ဖြေဆိုခဲ့ပါ။

(၈) ဥဇုံကာယံ ပဏိဓာယ-ပါဠ်ကို ဟောတော်မူခြင်း၏ အကျိုးနှင့် တကွ အာ-လောကသညီ သတော သမ္ပဇာနော-ပါဠ်၌ အာလောကသညီ ဖြစ်ပုံကို ဖြေဆိုပြီးလျှင်/ ဝီရိယ သမာဓိတို့ ရှိပါလျက် ဤနှစ်ပါးကို ဟောခြင်း၌ အကြောင်းကို ဖြေဆိုပါ။

(၉) ကူဋဒန္တ ကိရ ဘဂဝတာ ဝုတ္တမေဝ၊ ပါဠိယံ ပန န အာရုဠှံ ပါဠ်၌ ဘုရား ဟောတော်မူပါလျက် ပါဠိတော်၌ မပါခြင်း၏ အကြောင်းကို ဖြေဆိုပြီးလျှင်/ ဓမ္မစက္ခုဥပ္ပတ္တိသဿ အနာဂတေ ပစ္စေကဗုဒ္ဓေါ ဟုတွာ ပရိနိဗ္ဗာယိဿ-တီ ပါဠိ နှစ်ရပ် ဆန့်ကျင်သည် မဟုတ်ပါလော၊ ထင်ရှားအောင် ဖြေဆိုပါ။

(၁၀) ပေါဋ္ဌပါဒ သုတ်လာ အထ ခေါ ဘဂဝတော ဧတဒဟောသိ ဟူသော ပါဠိတော်၌ ဘုရားရှင်၏ အကြံအစည် ဖြစ်ပုံကို သံဝဏ္ဏနာနှင့် အညီ ရေးခဲ့၍/ သညာခေါ ပေါဋ္ဌပါဒ ပဌမံ ဥပ္ပဇ္ဇတိ ပစ္ဆာ ဉာဏံ-၌ သညာ နှင့် ဉာဏတို့၏ အဘိဓေယျတ္ထ-တို့ကိုလည်း အသီး အသီး စုံလင်စွာ ရေးသားခဲ့ပါ။

(၁၁) အဉ္ဇနာနံ ခယံ ဒိသွာ၊ ဝမ္မိကာနဉ္စ သဉ္စယံ။ မဓူနဉ္စ သမာဟာရံ၊ ပဏ္ဍိတော ဃရမာဝသေ — ဟူသော ဂါထာ၌ ပဏ္ဍိတော ဃရမာဝသေ-ပုဒ်၏ အဓိပ္ပာယ်ကိုသာ ရေးသား၍/ တောဒေယျ ဗြဟ္မဏ နှင့် ကေဝဋ္ဋဂဟပတိပုတ္တ-တို့ စည်းစိမ်ဥစ္စာ မည်မျှဖြင့် ကြွယ်ဝ ချမ်းသာကြပါသနည်း၊ ဖြေဆိုခဲ့ပါ။

(၁၂) ဂန္ဓာရီအတတ် နှင့် မဏိကာ အတတ်တို့၏ အဓိပ္ပာယ်တို့ကို စုံလင်အောင် ရေးသား၍/ ဘုရားရှင်သည် ဣဒ္ဓိဝိဓဉာဏ်ကို ဝေဝယာနိယ ဓမ္မ-ဟူ၍ အဘယ် အကြောင်းကြောင့် ဟောတော်မူခဲ့ပါသနည်း၊ ဖြေဆိုခဲ့ပါ။

၁၀ — မှတ်စီ

# (ခ) တိပိဋကဓရ သဘောစရးဖြေစာမေးပွဲ

## (၂) ဒီဃနိကာယ (မဟာဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၇-ခုနှစ်၊ တပို့တွဲလဆန်း ၂ - ရက်။ (၂၃-၁-၆၆)

—

(၁) ပါဠိတော် ဝေံသီလာ-ပုဒ်ကို မဂ္ဂသီလေန ဖလသီလေန - ဟု ဖွင့်လျှင် ပြီးနိုင်ပါလျက် အဘယ်ကိုပြခြင်းငှာ လောကိယ လောကုတ္တရ သီလေန ဝေံသီလာ - ဟူ၍ အဋ္ဌကထာ မိန့်ဆိုသည်ကို ပြ၍ / ဧဝံ ဓမ္မာ-၌ အလိုရှိအပ်သော ဓမ္မကို အကြောင်းနှင့် တကွ ပြပြီးလျှင် / သမ္ဗောဓနောတိ ဉာဏံ (လ) ဉာဏေန ပရိစ္ဆိန္ဒိတွာ မာတုကုစ္ဆိံ ဩက္ကမိတိ အဘွော - ၌ ဉာဏ်ဖြင့် ပိုင်းခြားပုံကိုလည်း ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

(၂) တတ္ထ မာလာတိ (လ) အမိလာယိတွာ တဒါ မိလာယန္တိ ဝတ္ထေသုပိ ဧသေဝ နယော - ၌ အမိလာတဖြင့်ပင် အဘယ် ပြအပ်သည်ကို မှတ်ရမည်/ အဘယ်ကို သိစေလိုပါ၍ ဝတ္ထေသု ပိ ဧသေဝ နယော-ဟု မိန့်ဆိုသည်တို့ကို ပြ၍/ မရဏကာလေ ပန တေသံ ကိလန္တရူပေါ အတ္တဘာဝေါ ဟောတိ-၌ အတ္တဘာဝ ကိလန္တရူပ - အဓိပ္ပာယ်ကို ရေးပြီးလျှင် / ပဉ္စန္နံ ကာမဂုဏာနံ - ဖြင့် ပြအပ်သည်များကိုလည်း ပြည့်စုံစွာ ရေးသားခဲ့ပါ။

(၃) အဘယ်ကို ပြခြင်းငှာ အစမှ ခန္တီ ပရမံ တပေါ - ဟူ၍ မိန့်တော်မူသည်ကို ပြ၍/ အဘယ်သို့သော အချင်းအရာ အားဖြင့် အဘယ့်ကြောင့် ဘုရားရှင်တို့သည် နိဗ္ဗာနံ ပရမံ - ဟူ၍ ဟောတော်မူသည်ကို ရေးပြီးလျှင်/ န ဟိ ပဗ္ဗဇိတော ပရူပဃာတီ-၌ ပရူပဃာတီ - ၏ အရများ နှင့် သဘာဝကျအောင် န ဟိ ပဗ္ဗဇိတော အရ မည်သို့မည်ပုံ ရဟန်းမည်သည် မဖြစ်သည်ကိုလည်း ရှင်းရှင်းမျှ ရေးပြခဲ့ပါ။

(၄) အဘယ်ကဲ့သို့သော ရဟန်းမျိုးကို နိဒ္ဒါရာမ သင်္ဂဏိကာရာမ - ခေါ်ဆို ရသည် ဟု အန္ဝယ ဗျတိရေက - တို့ဖြင့် ပြည့်စုံစွာပြပြီးလျှင် / ဗဟုဿုတာ - အရ ပရိယတ္တိ ဗဟုဿုတပုဂ္ဂိုလ် အပြားကိုလည်း ရေးသားခဲ့ပါ။

(၅) ငါးပါးသီလကို အရှိသော သာဝကတို့သည် အဘယ့်ကြောင့် နှစ်သက်ရခြင်း ဖြစ်ရကြောင်းကို ရေးပြီးလျှင် / အဘယ်ပါးသီလသည် ဘုရားရှင်ကို နက်ဖြန် ဆွမ်းအတွက် ပင့်ဖိတ်ပြီးသည်ကို သိလျက် လိစ္ဆဝီမင်းတို့သည် ဘုရားရှင်ကို အဘယ့်ကြောင့် ထပ်၍ ဖိတ်ကြကြောင်းကိုလည်း ဖြေဆိုခဲ့ပါ။

( ၆ ) ခတ္တိယ ဗြာဟ္မဏ ဂဟပတိ မဟာသာလ - သုံးမျိုးတို့ မြေမြုပ်ဥစ္စာ တနေ့သုံး ဥစ္စာ ( ရိက္ခာ ) တနေ့ဝင် ဥစ္စာတို့ကို အသီးသီး ရေးပြပြီးလျှင်/ ဘုရားရှင်၏ ဝိပ္ပကိဏ္ဏဓာတု နဝိပ္ပကိဏ္ဏဓာတု ၂ - မျိုးကို ခွဲခြား၍/ ဝိပ္ပကိဏ္ဏဓာတုတို့၏ အရွယ်ပမာဏကိုလည်း အဋ္ဌကထာလာတိုင်း ထုတ်ပြခဲ့ပါ။

( ၇ ) ဝေဓေတံ ဘူတပုဗ္ဗံ - ဟူသော ပါဠိကို ဟောသော ပုဂ္ဂိုလ်ကို ညွှန်ပြ၍/ ဓာတ်တော်တို့၏ အန္တရာယ်ကို မြင်၍ ဓာတ်တော်တို့ကို သိုမှီးထားရာတွင် ပါဝင် – မပါဝင်သော ဓာတ်တော်တို့ကို ဖြေဆိုပြီးလျှင် / သဗ္ဗတ္ထ စေတိယာ နိဒ္ဒိဋ္ဌာ ဓာတုံ အလဘိတွာဝ – ပါဠိအရ ဓာတ်တော်တို့ကို မရခြင်း အကြောင်း နှင့် စေတီကို ဖျက်ရာ၌ ကံထိုက် – မထိုက် ရှင်းခဲ့ပါ။

( ၈ ) ဥပပတ္တိသု ဗျာကရောတိ - ပါဠိအရ ဥပပတ္တိ နှစ်မျိုး၏ အရကို ဖြေဆိုပြီးလျှင်/ ဂတိံ နေသံ ဇာနိဿာမိ အဘိသမ္ပရာယံ - ၌ အဓိပ္ပာယ်ကို ရှင်းလင်း၍/ အတ္တာယံ ဣဘရာ ပဇာ - ပါဠိ၏ သန္ဓာယဘာသိတ - ကို ဖော်ပြခဲ့ပါ။

( ၉ ) အခြား ကပ္ပဋ္ဌာန်များလည်း ဗြဟ္မာဘုံသို့ ရောက်နိုင်ပါလျက် ကရုဏာဈာန်ကို သာ ဥဒ္ဒေါဂ အနုတ္တရ - ဆိုခြင်း၏ အကြောင်းကို ရှင်းလင်းပြီးလျှင်/ ဒက္ခိတာ ယေ အနေရာ-ဇိတသံ - ပါဠိ၌ အဓိပ္ပာယတ္ထနှင့် တကွ ထိုဗြာဟ္မာရပ် တည်ရာ ဌာနကို ညွှန်ပြခဲ့ပါ။

( ၁၀ ) အဘယ်တရားတို့သည် အဘယ်မည်သော ပပဉ္စတို့ မည်ကုန်၏ - ဟု အသီးသီး ရေးခဲ့၍/ ဤသက္ကပဉ္စသုတ်၌ အလိုရှိအပ်သော ပပဉ္စကိုလည်း ညွှန်ပြ၍/ အဘယ်ကြောင့် ပပဉ္စ - ဟု ခေါ်ဆိုရပါသနည်း ဖြေဆိုခဲ့ပါ။

( ၁၁ ) ဒေဝါသုရ သင်္ဂါမော သမုပဗျူဠှော အဟောသိ - ဟူသော စကားအရ နတ်တို့၏ စစ်ထိုးခြင်း သည် ( ယခုအခါ လူတို့ စစ်ထိုးခြင်းကဲ့သို့ပင် စစ်ထိုး ကြပါသလော ) ဖြေဆို၍/ ဉာယေန ဝိဟရိဿာမိဟူသော ပါဠိ၏ ဘာဝတ္ထ ကိုလည်း ရေးခဲ့ပါ။

( ၁၂ ) အယျမိတ္တာ မထေရ်၏ မွေးစားသော မိခင်ကြီးက တောသို့မသွားမီ သမီးဖြစ်သူ အား မှာကြားခဲ့သော စကားစုတို့ကို ကုန်စင်အောင် ရေးသား၍/ အယျ မိတ္တာ မထေရ်၏ ထွမ်းအနုမောဒနာကိုလည်း ဆက်လက်ရေးခဲ့ပါ။

၁၀ — မှတ်စီ

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) ဒီဃနိကာယ (ပါထိကဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၇ - ခုနှစ်၊ တပို့တွဲလဆန်း ၄ - ရက်။ (၂၅ - ၁ - ၆၆)

---

(၁) သီဟနာဒံ နဒိတွာ - ၌ ခြင်္သေ့ဟောက်ခြင်း အကြောင်းများကို ရေး၍/ အာဝုသော ပါထိကပုတ္တ သုဂတာပဒါနေသု ဇီဝမာနေ - ၌ သုဂတာပဒါန - အရကို အကြောင်းနှင့် တကွ ပြပြီးလျှင်/ ၎င်း သုဂတာပဒါန - ၌ ပါထိကပုတ္တသည် အဘယ်သို့ အသက်မွေးပါသနည်း။

(၂) သုတ္တနိပါတေ မင်္ဂလသုတ္တ, ရတနသုတ္တ, နာလကသုတ္တ, တုဝဋ္ဋကသုတ္တာနိ စ-၌ အဘယ်သည် နာလကသုတ်, တုဝဋ္ဋကသုတ်-မည်သည်ကို ဖော်ပြ၍/ ဣဋ္ဌသ အသမ္မောဟေန ပညာသိဒ္ဓိ-၌ အသမ္မောဟ-အရ ပညာသိဒ္ဓိ-အရကိုလည်း ကျနစွာ ဖော်ပြပါ။

(၃) သကဒါဂါမိမဂ္ဂေန သြဠာရိကေ ကိလေသေ ပဟာယ-၌ သြဠာရိကေ-ဟူသော ပုဒ်ကို အဋ္ဌကထာဆရာ မိန့်ဆိုထားပုံကို ကျနစွာ ရှင်းပြ၍/ သံသယ, ဝိစိကိစ္ဆာ-ဒွေဠှက မည်သို့ ထူးခြားကြပါသနည်း။

(၄) သန္နိဓိကာရ ပရိဘောဂံ-ဟူသော ပါဠိတော်၌ ကထာ-အပြားကို အဋ္ဌကထာ သွားအတိုင်း အဓိပ္ပာယ်နှင့် တကွ ပြည့်စုံစွာ ဖော်ပြ၍/ ကပ္ပိယကုဋိယံ ပန ဗဟုံ ဌပေန္တဿာပိ သန္နိဓိနာမ နတ္ထိ-၌ အဘယ့်ကြောင့် သန္နိဓိ-မရှိသည်ကိုလည်း တိကျစွာ ဖော်ပြခဲ့ပါ။

(၅) အဇာတသတ်မင်းသည် ပိယော မေ ဘန္တေ-စသည်ကို ဆိုခြင်းအကြောင်းကို ပြည့်စုံစွာ ရှင်းပြ၍/ အတ္တာ ကာရေတိ အဘ္ဘကာရော ယေန (လ) ပဋိ-ပက္ခပတိ ဝေမယံ ဗာလော ဇိနစက္ကေ ပဟာရံ ဒေတိနာမ-၌ ဇိနစက္က-ဟူသည် အဘယ်ပါနည်း။

(၆) ကောနုသန္တိကဿ သုတ္တဿ နိဒါနံ အာဒိ၊ ဣဒမဝေါစာတိ ပရိယောသာနံ-၌ နိဒါနံအာဒိ ဣဒမဝေါစာတိ ပရိယောသာနံ-ဟု မိန့်ဆိုခြင်း အကြောင်းကို ရှင်းပြ၍/ အနဝဇ္ဇသုခန္တိ အနဝဇ္ဇံ အနိန္ဒိတံ ကုသလံ (လ) ပဏိဂ္ဂဟိတံ ကာယိကစေတသိက သုခံ ပဋိသံဝေဒေတိ-၌ အဘယ်တရားတို့သည် ခြံရံ၍ ယူအပ်သော ကာယိက စေတသိက သုခကို ခံစားသည်ကိုလည်း ခံစားပုံနှင့် တကွ ကျနစွာ ဖော်ပြခဲ့ပါ။

(၇) သန္တုဋ္ဌေဝတို လူတရီတရ ပစ္စယ သန္တောသေန သမန္နာဂတော-ဟူသောအဋ္ဌကထာ အဖွင့်၌ သန္တောသ-အရ စီဝရသန္တောသ-တို့တွင် ယထာလာဘသန္တောသ နှင့် ယထာဗလသန္တောသ ၂-ပါးတို့၏ မည်ပုံကို ရေးပြီးလျှင်/ အဘယ်ကို ပြလို သောကြောင့် အဟိနိန္ဒြိယန္တိ သဏ္ဌာန ဝသေန အဝိကလိန္ဒြိယံ-ဟု အဋ္ဌကထာ ဆရာ ဖွင့်ဆိုပါသနည်း—ရှင်းလင်း ဖြေကြားခဲ့ပါ။

(၈) အမ္ဗဋ္ဌလုလင်က ဘုရားရှင်ကို ဘဿာ ဘောဇေဂါတမ သကျဇာတိ-ဟူသော စကားကို မည်သို့သော အဓိပ္ပာယ်ဖြင့် ဆိုကြောင်း ပြဆိုပြီးလျှင်/ အဘယ်သို့ သော တာပသ-ကို ဒန္တဝက္ကလိကာ တာပသ-ဟု ခေါ်ရသည်ကို လည်း ကောင်း တိရော ဒုဿန္ဒေန မန္တေသိ-ဟူသော ပါဠိ၏ သန္ဓာယဘာသိတကို လည်းကောင်း ရေးခဲ့ပါ။

(၉) အပ္ပေကစ္စေ နာမဂေါတ္တံ သာဝေတွာ ဧာမန္တံ နိသီဒိံသု-၌ နာမဂေါတ္တံ သာဝေတွာ-အရ အမည်အနွယ် ကြားပုံကို အဋ္ဌကထာ အလိုတော်ကျ ရေး သားပြီးလျှင်/ အဘယ်သို့ ဖြစ်လို၍ အမည်အနွယ်ကို ကြားရသည်ကို လည်း ကောင်း အောက်ပါ ပေယျာလကို လည်းကောင်း ရေးသားခဲ့ပါ။

တသ္မိံ ခေါ ဗြာဟ္မဏ ယညေနေဝ (ပ) ပရိက္ခမ္မာနိ အကံသု။

(၁၀) အထ ခေါ ဗြာဟ္မဏ ရာဇာ မဟာဝိဇိတော ပုရောဟိတံ ဗြာဟ္မဏံ အာ-မန္တေတွာ-၌ မဟာဝိဇိတမင်းသည် အဘယ့်ကြောင့် ပုဏ္ဏားကို ခေါ်ရသည်ကို ရှင်းပြပြီးလျှင်/ဇာနိယာ ဝါ ဂရဟာယ ဝါ ပဗ္ဗာဇနာယ ဝါ သမူဟနိဿာမိ-၌ ဇာနိယာ-အရ အဘယ်မှ ယုတ်စေသည်ကို လည်းကောင်း၊ ဂရဟာ—အရ အဘယ်သို့ ပြု၍ ကဲ့ရဲ့ခြင်းသို့ ရောက်စေသည်ကိုလည်းကောင်း ရေးခဲ့ပါ။

(၁၁) သုနက္ခတ္တသည် ဒိဗ္ဗသောတ အဘိညာဏ်ကို ရ-မရ အကြောင်း လုံလောက်စွာ ပြ၍ ဆုံးဖြတ်ပြီးလျှင်/ မဟာလိသုတ်လာ အရိယာ အဋ္ဌင်္ဂိကမဂ်ဝယ် မဂ္ဂင် ရှစ်ပါးချင်း အတူတူဖြစ်ပါလျက် သမ္မာဒိဋ္ဌိကိုသာ အဘယ့်ကြောင့် ရှေးဦးစွာ ဟောတော်မူရခြင်း အကြောင်းကို လည်းကောင်း၊ သမ္မာဒိဋ္ဌိ၏ အခြားမဲ့၌ သမ္မာသင်္ကပ္ပကို ဟောရခြင်းအကြောင်းကိုလည်းကောင်း ဖြေရှင်းခဲ့ပါ။

(၁၂) ပေါဋ္ဌပါဒ ပရိဗ္ဗာဇကာ အန္ဓာ အစက္ခုကာ၊ တွံ ယေဝ နေသံ ဧကော စက္ခုမာ-၌ အန္ဓာ-ပါဠိအရ အဘယ့်ကြောင့် အန္ဓ-မည်ကြောင်းကို လည်း ကောင်း၊ စက္ခုမာ-အရ အဘယ်သို့သော စက္ခုကို ရယူရမည်ကိုလည်းကောင်း ရေး၍/ ဝေါဒါနိယာ ဓမ္မာနာမ သမထဝိပဿနာ-ဟု အဋ္ဌကထာ ဖွင့်ရာ၌ သမထ ဝိပဿနာ၏ ဝေါဒါနိယဓမ္မ မည်ကြောင်းကိုလည်းကောင်း ရေးခဲ့ပါ။

**၁၀–မှတ်စီ**

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၂) ဒီဃနိကာယ (မဟာဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၄ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ - ရက်   (၂၈ - ၁ - ၇၃)

---

(၁) ရဇောဇလ္လံ ကာယေန ဥပလိမ္ပတိ-ဟူသော ပါဠိ လာရှိပါလျက် အဘယ် အကျိုးငှာ ဘုရားရှင်တို့သည် လက်တော်ကို ဆေးခြင်း စသည်ကို ပြုပါသနည်း၊ ဖော်ပြ၍/ရာဂရဇ္ဇာ န ဒက္ခန္တိ-ပါဠိတော်၌ မည်သည့် ရာဂဖြင့် မည်သို့ တပ်ကုန်သည်-အဘယ် သဘောဖြင့် မမြင်ကုန်သည်ကိုလည်း ကျနစွာ ဖော်ပြပါ။

(၂) ဝိသမဂတဿ တာဏံ လေဏံ-၌ အဘယ်သည် လေဏ-ဖြစ်သည်ကို ပြ၍/ဣဓ လောက ပရလောကေသု ဒါနသဒိသော အဝဿယော ပတိဋ္ဌာ (လ) နတ္ထိ-၌ အဘယ့်ကြောင့် အဝဿယ-ဖြစ်သည်၊ အဝဿယတ္တ ဖြစ်သဖြင့် အဘယ်နှင့် တူသည်ကိုလည်း အကြောင်းနှင့် တကွ ဖော်ပြပါ။

(၃) ပရိတ္တတ္တာနုဒိဋ္ဌိ အနုသေတိ-၌ ပရိတ္တတ္တ-ဖြစ်ပုံကိုသာ ဖော်ပြ၍/တံတံ ပစ္စယံ ပဋိစ္စ သမ္ဘာကာရဏာနေဝ ဥပ္ပန္နာတိ ပဋိစ္စသမုပ္ပန္နာ-၌ အဘယ်တို့သည် တံတံ ပစ္စယသမ္ဘာကာရဏာ-တို့ ဖြစ်ကြပါသနည်း-အသီးသီး ဖော်ပြပါ။

(၄) အနုလောမ နှင့် ပဋိလောမ-ကို ဟောလျှင် ပြီးနိုင်ပါလျက် အဘယ်၏ အစွမ်းဖြင့် အနုလောမ ပဋိလောမံ-ဟူသော ပုဒ်ကို ဟောအပ်သည်ကို အကြောင်းနှင့် တကွ ဖော်ပြ၍/အယံ ဝုစ္စတာနန္ဒ ဘိက္ခု ဥဘတောဘာဂ-ဝိမုတ္တော-၌ ဥဘတောဘာဂ-အရကိုလည်း ဝိမုစ္စန, ဝိမုစ္စိတဗ္ဗဘာဂ-တို့ဖြင့် ခွဲခြား၍ ကျနစွာ ဖော်ပြပါ။

(၅) အာရဒ္ဓဝီရိယာ ဘဝိဿန္တိ-၌ အဘယ် ရဟန်းမျိုးသည် စိတ်၌ ဖြစ်သော ဝီရိယကို အားထုတ်သည် မည်သည်ကို ပြ၍/တဿ ဥပဋ္ဌာနလက္ခဏော သတိ-သမ္ဗောဇ္ဈင်္ဂေါ-၌ ဥပဋ္ဌာနလက္ခဏ ဟူသည် အဘယ်ပါနည်း။

(၆) ဣတော ဗဟိဒ္ဓါ သမဏောပိ နတ္ထိ ၌ သာမဏောပိ အရကို ကျနစွာ ဖော်ပြ၍/ဒေဝတာ အာဟုသော ဥဇ္ဈာယန္တိ-၌ မည်သို့ ဆိုလျက် ကဲ့ရဲ့ကြကုန်သည်ကိုလည်း ဖော်ပြခဲ့ပါ။

(၇) မဟာသုဒဿနဿ ဟတ္ထိရတနံ ပါတုရဟောသိ သဗ္ဗသေတော သတ္တပ္ပတိဋ္ဌော-၌ သတ္တပ္ပတိဋ္ဌော အရ သတ္တပ္ပတိဋ္ဌ မည်ခြင်း အကြောင်းနှင့် ရင်းသတ္တပ္ပတိဋ္ဌ-၌ သတ္တ-၏ သရုပ်ကိုရေးပြီးလျှင်/အောက်ပါ ပေယျာလကိုလည်း ရေးခဲ့ပါ။

## သဗ္ဗသေတော သတ္တပ္ပတိဋ္ဌော (ပ) ဒမထံ ဥပဂစ္ဆိ။

(၈) လူတို့၏အဆင်း အရောင်နှင့် နတ်တို့၏ အဆင်း အရောင် ထူးခြားချက်ကို လည်းကောင်း၊ စန္ဒနုဂန္ဓော ဝါယတိ၊ မုခတော ဥပ္ပလဂန္ဓော၌ အဘယ်အခါ တို့၌ စန္ဒနဂန္ဓ ဥပ္ပလဂန္ဓတို့ ကြိုင်လှိုင်သည်ကိုလည်းကောင်း အဋ္ဌကထာလာ တိုင်း ရေးပြီးလျှင်/ ဇနဝသဘသုတ္တံလာ အဗ္ဘုတိတေ ကာလင်္ကတေ ဥပပတ္တိသု - ၌ ဥပပတ္တိ သရုပ်ကိုလည်း အဓိပ္ပာယ်နှင့် တကွ ထုတ်ဆိုပြခဲ့ပါ။

(၉) မဒနီယာ ကာမာတိ မဒကရာ ပမာဒကရာ ကာမာ ဟု ဖွင့်ဆိုသော အဋ္ဌကထာ ဆရာ၏ အာဘောဂကို ရေးပြပြီးလျှင်/ သစေ ဇဟထ ကာမာနိ - ၌ အဘယ် ကာမတို့ကို စွန့်သည်ကို ဆိုပါသနည်း၊ ရှင်းလင်း ရေးသား၍/ သဒ္ဓမ္မာ သဒ္ဓိရက္ခိတော - ၌ သဒ္ဓိ အရ အဘယ်တို့ကို ယူရမည်ကိုလည်း ရေးခဲ့ပါ။

(၁၀) မည်ကဲ့သို့သော အနက် သဘောကြောင့် တဏှာကို ဇော ရောဂ ဂဏ္ဍ သလ္လ ဟု ဆိုရသနည်း၊ အသီးသီး ရှင်းပြပြီးလျှင်/ သမ္ဗောဓိ စ ဘဝိဿတိ၊ အညာတာ ဝိပရိယာသမိ သေဝ အနဏ္ဏော ဘဝိဿတိ - ၌ သမ္ဗောဓိ စ ဘဝိဿတိ ပါဌ်၏ သန္နိဋ္ဌာယဘာဝသိတ နှင့် သေဝ အနဏ္ဏော ဘဝိဿတိ အရ အဘယ် ပုဂ္ဂိုလ်သည် အဘယ်ဘုံ၌ အဘယ်ကြောင့် အဆုံးဘာ ဖြစ်ရသည်ကိုလည်း ရှင်းလင်းခဲ့ပါ။

(၁၁) အနိဿိတော စ ဝိဟရတိ - အရ အဘယ်တို့၏ အစွမ်းဖြင့် မမှီမူ၍ နေသည်ကို ရေးပြီးလျှင်/ သော ဣမမေဝ ကာယံ ဥပသံဟရတိ - အရ ယောဂီရဟန်းသည် မိမိကိုယ်ကို သေပြီးသော သူ၏ ကိုယ်နှင့် တူစွာ ဉာဏ်ဖြင့် ဆောင်၏ ဟု ဆိုရာ ဆောင်ပုံကိုလည်းကောင်း သတ္တဝါတို့မှာ အဘယ် တရားများ ရှိမှသာ ရပ်ခြင်း စသည်တို့၌ ခံ့သည်ကိုလည်းကောင်း ရေးခဲ့ပါ၊

(၁၂) တသ္မိံ သမယေ အဋ္ဌ သံဝေဇနီယဝတ္ထူနိ ပစ္စဝေက္ခဏေန သံဝေဇေတိ ဟု အဋ္ဌကထာ ဆရာ ဖွင့်ပြရာ၌ အဋ္ဌ သံဝေဇနီယဝတ္ထု သရုပ်စုကို ထုတ်ပြပြီးလျှင်/ ကဋေ ဝရာဿ နိက္ခမေ ပါဠ်၏ အဓိပ္ပာယ်ကို သံဝဏ္ဏနာနှင့် အညီ ရေး၍/ ယေ ခေါ တေ ရာဇည သမဏဗြာဟ္မဏာ အရညဝနပတ္ထာနိ - ၌ အရည နှင့် ဝနပတ္ထ အထူး ကိုလည်း ရေးခဲ့ပါ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) ဒီဃနိကာယ (ပါထိကဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၄-ခုနှစ် ပြာသိုလပြည့်ကျော် ၁၂-ရက်။ (၃၀-၁-၇၃)

---

(၁) အပိ စ တုယှေ ဝေတံ ပါပကံ ဒိဋ္ဌိဂတံ ဥပ္ပန္နံ-၌ ဥပ္ပန္နာကာရ များကို ရေး၍/ န သမ္မာယာသီတိ န သမ္မာ ဉာဏဂတိယာ ပါယာသိ-ဟု ဖွင့်ဆိုရာ၌ ဉာဏ်အသွားဖြင့် မသွားနိုင်ပုံကို ဥပမာသွင်း၍ ရှင်းပြီးလျှင်/ ကာစ တထာ-ဂတာနံ အရဟန္တာနံ သမ္မာသမ္ဗုဒ္ဓါနံ အာသာဒနာတိ-၌ အာသာဒနာ ဟူသည် အဘယ်ပါနည်း။

(၂) အတ္တမနော ဟောတိ-၌ အတ္တမန၏ အာကာရတ္တများကို ဖော်ပြ၍/အနိဿရဏ-ပညော-၌ အဘယ်ပုဂ္ဂိုလ်သည် အနိဿရဏပညာ ပုဂ္ဂိုလ် ဖြစ်သည်ကိုပြပြီးလျှင်/ ယဒ္ဒါ ဟောတိ အတိမာနိ-၌ ယဒ္ဒ-၏ လက္ခဏာကိုသာ ကျနစွာဖော်ပြခဲ့ပါ။

(၃) မဒပ္ပမာဒါ ပဋိဝိရတာ-၌ မဒ-ပမာဒတို့၏ သရူပတ္တများကို ရေး၍/ ယံ ကုသလံ တံ သမာဒါယ ဝတ္တေယျာသိ-၌ ကောင်းစွာ ယူရမည့် ကုသိုလ်၏ ပုံပမာကိုသာ စုံလင်စွာ ပြ၍/ မိစ္ဆာဒိဋ္ဌိဝေပုလ္လပဂမာသိ-၌ အဘယ်သူသည် မိစ္ဆာဒိဋ္ဌိ ဖြစ်ပါသနည်း။

(၄) အထ ခေါ ဘဂဝါ ဝါသေဋ္ဌံ အာမန္တေသိ-၌ ဘုရားရှင်သည် ဝါသေဋ္ဌ သာမဏေကိုသာ မေးမြန်းတော်မူခြင်း၏ အကြောင်းကိုပြ၍/ တံ နေသံ ဝိညူနာနုဇာ-နန္တိ-ဟူသော ပါဠိတော်လာ စကားကို အဓိပ္ပာယ်သက်ကာကားဖြင့် ဖော်ပြပြီးလျှင်/ အဓမ္မသမ္မတံ ခေါ ဝါသေဋ္ဌ-၌ အဘယ်ကို အဓမ္မဟူ၍ သမုတ်အပ်ပါသနည်း။

(၅) န စ သာရမ္ဘဇံ ဇယာပေက္ခော-၌ သာရမ္ဘဇ ဖြစ်သော စကားကို မဆိုပုံများကို ပြည့်စုံစွာ ဖော်ပြ၍/မန္တာမန္တစဝါကံ ဘာသတိ-၌ မိန့်ကြားသည့်အဓိပ္ပာယ်ကိုရှင်းပြပြီးလျှင်/သမကာရီတိ သမစာရီ-၌ သမာစာရီ ပြုပုံကိုလည်း ခွဲခြား၍ ဖော်ပြပါ။

(၆) ဣဓ ပန စုန္ဒ သတ္ထာ စ ဟောတိ အသမ္မာသမ္ဗုဒ္ဓေါ (လ) ဝီရိယံ အာရ-ဘတိ-ပါဠိ၌ အလိုရှိအပ်သော ဝီရိယကို ကာလနှင့် တကွ ကျနစွာ ပြ၍/ အဋ္ဌိတဓမ္မာတိ နဋ္ဌိတ သဘာဝ-ဟု ဖွင့်ဆိုရာ၌ အဋ္ဌကထာအလိုကျ အဓိပ္ပာယ်ကို ရှင်းပြပြီးလျှင်/ ပုရိသံ ဇာနာတိ ပုရိသဝိသေသံ ဇာနာတိ-ပါဠိ၌ မည်သို့ သိသည်ကို ပုရိသံ ဇာနာတိ၊ မည်ကဲ့သို့ အကျိုး သိသည်ကို ပုရိသဝိသေသံ ဇာနာတိ ဖြစ်ဘိသည်ကိုလည်း အသီးသီး ဖော်ပြခဲ့ပါ။

(၇) **အရိယာသာဝကသည် မိမိအသက်ဆုံးသော်လည်း ဆန္ဒာဂတိ စသည်သို့ မလိုက်** ဟု အဋ္ဌကထာ ဖွင့်ဆိုရာ အဘယ်ကြောင့်ပါနည်း၊ ဖြေကြားပြီးလျှင် / သေရည် သေရက်ကို အဖန်တလဲလဲ သောက်သောသူအား ( ၁ ) ဖြစ်ပြီးသော စည်းစိမ် ဆုတ်ယုတ်ကုန်၏၊ ( ၂ ) မဖြစ်သေးသော စည်းစိမ် မဖြစ်ကုန်ဟု အဋ္ဌကထာ ဆရာ ဖွင့်ရာ ဟုတ်-မဟုတ်ကိုလည်း အကြောင်းအသီးသီး ထုတ်၍ ဖြေဆိုခဲ့ပါ။

(၈) ကုသလေန သမေက္ခသိ ၌ အဘယ်သူက အဘယ်သူတို့ကို အဘယ်ကဲ့သို့သော စိတ်ဖြင့် ကြည့်ရှုသည်ကို ဖော်ပြ၍ / မြောက်ကျွန်းသူ - မြောက်ကျွန်းသားများ မစ္ဆရိယပိတ် မရှိဟု အဋ္ဌကထာ ဖွင့်ရာ ဟုတ် - မဟုတ် အကြောင်း ထုတ်ပြ ပြီးလျှင် / ပရိတ်ကို အဘယ်ကဲ့သို့ ပြုလုပ်ရွတ်ဆိုလျှင် တံခိုးရှိသည် မရှိသည်ကို လည်းကောင်း၊ အကျိုးရှိသည် မရှိသည်ကို လည်းကောင်း အဋ္ဌကထာလာ တိုင်း ဖြေကြားခဲ့ပါ။

(၉) တယောအန္တယ-အရ အန္တသုံးပါးတို့တွင် မဂ်သည် အဘယ်ကြောင့် အဘယ် အန္တတွင် ပါဝင်သည်ကို လည်းကောင်း၊ တယော ရာသိ-အရ ရာသိ ၃ ပါး တို့၏ အသီးသီးသော အမည်ရင်းကို လည်းကောင်း၊ ရေးပြီးလျှင်/ သုတာ- ဝုဓန္တိ သုတမေဝအာဝုဓံ-ဟူသော အဋ္ဌကထာ အဖွင့်၌ သုတ-အရ အနက် အားဖြင့် အဘယ်ကို ယူရမည်ကိုလည်း ရေးခဲ့ပါ။

(၁၀) အဋ္ဌကထာ ဖွင့်ဆိုသော ပံသုကူလ သင်္ကန်းတို့တွင် ပန္တိက ပံသုကူလ သင်္ကန်း ဟူသည် အဘယ်နည်း၊ ရှင်းပြပြီးလျှင်/ အောက်ပါ ပေယျာလကိုလည်း ကျနစွာ ဖော်ပြခဲ့ပါ။

ကတမဉ္စာဝုသော အနုရက္ခဏာ ပဓာနံ ( ပ ) သမ္မုတိယာ ဉာဏံ။

(၁၁) ပိဏ္ဍပါတသန္တောသ-တွင် ဥပကာရ သန္တောသ၏ အဓိပ္ပာယ်ကို အဋ္ဌကထာလာ တိုင်း ရေးပြီးလျှင်/ ဓမ္မေ အဂါရဝေါ ဝိဟရတိ-၌ ဓမ္မ အဂါရဝ ဖြစ်ပုံကို ရေး၍/ ရဟန်းတပါးကို ပရိမသေ ပြုလျှင် သံဃအဂါရဝ ဖြစ်-မဖြစ်ကို လည်း အဋ္ဌကထာလာ စကား အားထား၍ ဖြေကြားခဲ့ပါ။

(၁၂) သတ္တအရိယဓနာနိ ( ပ ) ပညာဓနံ-၌ ပညာကို အဘယ်ကြောင့် ဓန-ဟု ဆိုရသနည်း၊ ရှင်းပြပြီးလျှင်/ ဒသုတ္တရသုတ်လာ စက်လေးဖြာတွင် ပဋိရူပ ဒေသဝါသ နှင့် အတ္တသမ္မာပဏိဓိတို့၏ သဘောသွားကို အဋ္ဌကထာ ပြော ကြားသည့် အတိုင်း ရေး၍/ စက်လေးဖြာတွင် အဘယ်စက်သည် အဘယ် ကြောင့် ပမာဏ ဖြစ်ကြောင်းကိုလည်း ရှင်းလင်း ဖြေကြားခဲ့ပါ။

၁၀ — မှတ်မိ

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၁) ဒီဃနိကာယ ( သီလက္ခန္ဓ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၅-ခုနှစ်၊ တပို့တွဲလဆန်း ၃ - ရက်။ (၂၅ - ၁ - ၇၄)

—

(၁) ဗြဟ္မဇာလသုတ္တံနာမ ဘန္တေ ကိံမသီလာလင်္ကာရံ(လ)တံ ပဌမံ သင်္ဂါယာမာတိ-၌ တိဝိဓသီလာလင်္ကာရံ·ပုဒ်ကိုသာ မုချာမုချ ခွဲခြားလျက် အနက်ပေး၍/သဗ္ဗံ တံ ဧကရသံ ဝိမုတ္တိရသမေဝ ဟောတိ-၌ ဝိမုတ္တိ·အရများနှင့် တကွ ရသ·သရုပ်များကို၂ါ ယှဉ်တွဲ၍ ထုတ်ပြပြီးလျှင်/ အနေကဇာတိ သံသာရံ — ဟူသော ဂါထာကို အဘယ့်ကြောင့် ပဌမ ဗုဒ္ဓဝစန-ဟူ၍ ဆိုအပ်သည်ကိုလည်း ပဌမ ဖြစ်ပုံနှင့် တကွ ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

(၂) အဘယ် အဖြစ်ဖြင့်သာလျှင် ပြုလို၍ ဝေတ္တိပုဂ္ဂလကိစ္စနိဒ္ဒေသော၊ သုတန္တိ ဝိညာဏကိစ္စ နိဒ္ဒေသော-ဟူ၍ မိန့်ဆိုသည်ကိုပြ၍ /မယာ သဝနကိစ္စ ဝိညာဏ သမင်္ဂိနာပုဂ္ဂလေန ဝိညာဏဝသေန လဒ္ဓ သဝန ကိစ္စဝေါဟာရေန သုတန္တိ - ၌ အဘယ်ကို ပြလိုသောကြောင့် ပုဂ္ဂလကိစ္စ သမင်္ဂိနာ ဟူ၍ မဆိုဘဲ သဝနကိစ္စဝိညာဏသမင်္ဂိနာဟု မိန့်ဆိုသည်ကို ပြပြီးလျှင်/ အရဟတ္တမဂ္ဂေန သဗ္ဗကိလေသေ သမုစ္ဆိန္ဒိတွာ ဂတော -၌ သဗ္ဗ ကိလေသသာ-အရ မည်သည့် ကိလေသာ နှင့် မည်သည့် စိတ်များကို ယူရမည်ကိုလည်း တိကျစွာ ဖော်ပြခဲ့ပါ။

(၃) အဘယ်ကို ပြုခြင်းသည် အနုယောဂ - မည်သည်ကို ပြ၍/ မာတုကာ မည်သည် မည်မျှ ပြားသည်ကို အဓိပ္ပာယ်နှင့် တကွ ကုန်စင်အောင် ဖော်ပြပြီးလျှင်/ အဘယ့်ကြောင့် မိဂစက္က-ဟူသော စကားကို အဘယ်၏ အစွမ်းဖြင့် မိန့်ဆိုအပ်သည်၊ ခန္ဓလက္ခဏံ အာဝုဓလက္ခဏံ ၌ အာဝုဓ-အရ အဘယ်ကို ယူရမည်ကိုလည်း ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

(၄) အနေက ဝိဟိတံ ပုဗ္ဗေနိဝါသံ အနုဿရတိ သော ဝေမာဟ-၌ သော ၏ သန္တာယတာသိတဘ္ဘ·ကို ဖော်ပြ၍/ ဣမိနာ မဟံ ဇော်ဇာနာမိ ဖြင့် အဘယ်ကို ပြသည်ကို အနွယ, ဗျတိရေက·အားဖြင့် ဖော်ပြပြီးလျှင်/ တေသံ တထာဂတာသာ ဓမ္မဒေသနံ သုတွာ ယေဘုယျေန ဘယံ သံဝေဂံ သန္တာသံ အာပဇ္ဇန္တိ အယံ ဉာဏဘာသနာနာမ - ၌ အဘယ်သည် ဘယသန္တာသ ဖြစ်သည်ကိုလည်း ကျနစွာ ဖော်ပြခဲ့ပါ။

(၅) သုဝဏ္ဏသတ္တကေန ဗာဟုံ ဖာလေတွာ သုဝဏ္ဏသရကေန လောဟိတံ ဂဟေတွာ ဥဒကေန သမ္မိန္ဒိတွာ ပါဒေယာသိ -၌ [illegible] ရောယှက်၍ ဟိုက်ခြင်း အကြောင်းကို ဖော်ပြ၍/ ရာဇာ ( လ ) သုတွာ [illegible] ကုသိုယံ ပုဏ္ဏာတိ ဝါ မိဘာတိ ဝါ န ပညာယတိ - ၌ မည်သည့် အလိုအားဖြင့် ပုဏ္ဏာတိ ဝါ မိဘာတိဝါ န ပညာယတိ-ဟူ၍ မိန့်သည်ကို ပြပြီးလျှင်/ ရာဇာ [illegible] သုတ္တသိဒေဝေါ ဥဿုဒ္ဓိတွာ သကလသာဂိုံ ဝေါဘေတွာ အဋ္ဌမိဋ္ဌ အာဟစ္စ အဋ္ဌာသိ - ၌ အဘယ်သည် ဝေါဘေတွာ-ဖြစ်သည်ကိုလည်း ကျနစွာ ဖော်ပြခဲ့ပါ။

(၆) ဒေဝဒတ်သည် မြေမျိုခါနီး၌ အဘယ့်ကြောင့် ဘုရားရှင်ကို မဖူးရသည်၊ မည်သည့် အရပ်မှာ မြေမျိုခံရသည်ကို တိကျစွာ ဖော်ပြ၍/ ဣဒါနိ ဂုဏကထာယ သုဋ္ဌုတရံ အနုတ္တမနော ဟုတွာ တုဏှီ အဟောသိ- ၌ ဝမ်းမမြောက်သော အဇာတသတ်သည်အဘယ့်ကြောင့် ဆိတ်ဆိတ်နေသည်ကို ရှင်းပြပြီးလျှင်/ ဒတ္တုပညတ္တန္တိ ဒတ္တုဟိ ဗာလမနုဿေဟိ ပညတ္တံ-ဟု ဖွင့်ဆိုရာဝယ် မည်သည့်အနက်သဘောကို ပြသည်ကိုလည်း ပိဋကတ္တမျ ရေးသားခဲ့ပါ။

(၇) ထိနမိဒ္ဓံ ပဟာယ (ပ) အာလောကသညီ သတော သမ္ပဇာနော – ၌ သတော, သမ္ပဇာနော - အရ အဘယ့်ကြောင့် အဘယ်တရားတို့ကို ယူရမည်ကို ရေးပြီးလျှင်/ အရုပ္ပေ ပန ဒိဗ္ဗစက္ခုဿ ဂေါစရော နတ္ထီတိ - ဟု အဋ္ဌကထာ ဖွင့်ရခြင်း အကြောင်းကို ရေး၍/ အောက်ပါပေယျာလကိုလည်း ဖော်ပြခဲ့ပါ။

တဏှံ တွံ ပဟာရဇ (ပ) သံဝရံ အာပဇ္ဇတိ တိ။

(၈) အစ္ဆာယကော မနုဿော တိဏ္ဏံ ဝေဒနံ-၌ ဖေဒင်မှာ လေးပုံ ရှိပါလျက် အဘယ်ကြောင့် တိဿော ဝေဒနာ-ဟု ဟောရသနည်း – ရှင်းပြပြီးလျှင်/ အနုပပန္နာတိ ဓတ္တိယကာပ် အပ္ပတ္တော အပရိသုဒ္ဓေါတိ အတ္ထော - ဟု အဘယ့်ကြောင့် အဋ္ဌကထာ ဖွင့်ရသည်ကို ရေး၍/ သောဏဒဏ္ဍသုတ်လာ ဂုဏ္ဍဝါ, မဟလ္လကော, အဒ္ဓဂတော-သုံးပုဒ်တို့၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာလာတိုင်း ပြည့်စုံစွာ ရေးခဲ့ပါ။

(၉) ဘောတော ခေါ ရညော ဇနပဒေ သာကလကာ-၌ အဘယ်ကြောင့် အဘယ်သူတို့ကို ကဏ္ဍက-ဟု ဆိုရသနည်း–ရှင်းပြပြီးလျှင်/ ယာဝတာ ကဿပ အရိယာ ပရမာ တပေါဇိဂုစ္ဆာ-၌ အဘယ့်ကြောင့် အရိယာမည်သည်, အဘယ်သည် ပရမာ မည်သည်ကိုလည်း အဋ္ဌကထာအလိုကျ ရေးပြခဲ့ပါ။

(၁၀) အဘယ့်ကြောင့် အဘယ်ချုပ်ကို သညဂ္ဂ – ဟု ဆိုရသနည်း – အဋ္ဌကထာအလို ပြဆိုပြီးလျှင်/ ဘဝမေတံ ကုသ္မိပ္ပိဝေဒဇာဘော နာမ–ဟု အဋ္ဌကထာ ဖွင့်ရာ ဇတံ သဗ္ဗံ-၏ အရုပ်ကို ရေး၍ ဗဟိဒ္ဓါပရိယေဋ္ဌိ ပဋ္ဌိ၏ အဓိပ္ပာယ်ကိုလည်း ဥပမာသွင်း၍ရှင်းပြခဲ့ပါ။

(၁၁) သော ကိရ ဘဂဝတော အာဂမနံ သုတွာ စိန္တေသိ ဝိဟာရံ ဂန္တွာ ဒိဋ္ဌနာမ ဘာရော အဋ္ဌကထာအဖွင့်၌ လောဟိစ္စပုဏ္ဏားသည် မကျောင်းသို့သွား၍ ဘုရားရှင်ကို ဖူးမြင်ရခြင်းမည်သည် ဝန်လေး၏--ဟု ဆို၏။ အဘယ့်ကြောင့်ပါနည်း–ဖြေရှင်းပြီးလျှင်/ ဒိဗ္ဗာ, ဂဗ္ဘာ–ဟူသော အမည်သည် မည်သည့် အမည်ဖြစ်သည်ကို လည်းကောင်း၊ ဘာသံ အန္တရာယကရော ဟောသိ- ၌ အဘယ်တို့၏အန္တရာယ်ကို ပြုသည်ကို လည်းကောင်း ရေးသားခဲ့ပါ၊

(၁၂) တေဝိဇ္ဇသုတ်လာ ယေဝေမေ ဗြာဟ္မဏကာရကာ – ၌ အဘယ့်ကြောင့် အဘယ်တရားတို့ကို ဗြာဟ္မဏကာရက – ဆိုရသနည်း – ရေးပြီးလျှင်/တေဝိဇ္ဇာ ဝိဝနန္တိ–ဟူသော ပါဠိ၏ သန္ဓာယဘာသိတကို ရေး၍/ သေယျထာပိ ဝါသေဋ္ဌ အယံ အစိရဝတီ နဒီ ပူရာ ဥဒကဿ သမတိတ္တိကာ ကာကပေယျာ-ပါဠိကိုလည်း သရုပ်နည်းကျကျ အနက်ပေးပြခဲ့ပါ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၂) ဒီဃနိကာယ (မဟာဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၅ - ခုနှစ်၊ တပို့တွဲလဆန်း ၅ - ရက်။ (၂၇-၁-၇၄)

---

(၁) ဝိပဿိဿ ဘိက္ခဝေ ဘဂဝတော (လ) ခဏ္ဍ တိဿံနာမ သာဝကယုဂံ အဟောသိ အဂ္ဂံ ဘဒ္ဒယုဂံ-၌ ခဏ္ဍ, တိဿ မထေရ်နှစ်ပါးတို့ မည်သို့ တော်စပ်ကြသည်၊ အထွတ်အထိပ်သို့ ရောက်သည့်နေရာ မည်သို့ ကွာခြားကြသည်များကို ဖော်ပြ၍/တတြ ရသ္မိံဝေမတ္တံ အဇ္ဈာသယ ပဋိဗဒ္ဓံ-၌ အဇ္ဈာသယပဋိဗဒ္ဓ-၏ အဓိပ္ပာယတ္ထကို ပြည့်စုံစွာ ဖော်ပြပြီးလျှင်/ဗောဓိသတ္တဉ္စ ဗောဓိသတ္တမာတာ တိရောကုစ္ဆိဂတံ ပဿတိ-၌ ပဿတိ-အရ မည်သည့် အဖြစ်သို့ ရောက်သောအခါ၌ သာလျှင် မြင်သည်ကိုလည်း ကျနစွာ ဖော်ပြခဲ့ပါ။

(၂) ဩဘာသဋ္ဌေန စ အာလောကောတိ ဝုတ္တာ-၌ ဩဘာသဋ္ဌ-ဟူသည် အဘယ် ဖြစ်သည်ကို ပြ၍/ဗုဒ္ဓစက္ခုနာတိ (လ) ဓမ္မစက္ခုတိ-၌ ဓမ္မစက္ခု-အရတွင် ပါဝင်သော ဉာဏ်-မပါဝင်သော ဉာဏ်များကို အကြောင်း ဥပမာဖြင့် စုံလင်စွာ ဖော်ပြပြီးလျှင်/သေယျထာပိနာမ သုဒ္ဓံ ဝတ္ထံ (လ) ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ-၌ ဝိရဇ ဝီတမလ-မည်ခြင်း အကြောင်းများကို နှစ်မျိုးစီမျှ ဖော်ပြခဲ့ပါ။

(၃) သစိတ္တပရိယောဒပနန္တိ အတ္တနော စိတ္တဇောတနံ၊ တံ ပန အရဟတ္တေန ဟောတိ-၌ အဘယ်သည် စိတ္တဇောတန ဖြစ်သည်၊ အဘယ်ကိုရည်၍ တံ ပန အရဟတ္တေ ဟောတိ-ဟူ၍ မိန့်ဆိုသည်ကို ပြပြီးလျှင်/အနုပဃာတောတိ ကာယေန ဥပဃာတဿ အကရဏံ-၌ ကာယ-အရကိုလည်း စုံလင်စွာ ဖော်ပြခဲ့ပါ။

(၄) ဂန္ဓဗ္ဗာနံ ဝါ ဂန္ဓဗ္ဗကာယ-၌ ဂန္ဓဗ္ဗ-အရ နတ်ကို ကျနစွာ ဖော်ပြ၍/ဥပါဒါနပစ္စယာ ဘဝေါတိဒေတ္ထ (လ) နိပ္ပရိယာယေနေတ္ထ ဒွါဒသကမ္မဘဝေါ လဗ္ဘန္တိ-၌ နိပ္ပရိယာယေနေတ္ထ ဒွါဒသကမ္မဘဝေါ လဗ္ဘန္တိ ဟူ၍ မိန့်ဆိုခြင်း အကြောင်းရင်းကို ရှင်းပြပြီးလျှင်/သေယျထာပိ မနုဿာ ကေစ္စေဝ ဒေဝါ ကေစ္စေဝ ဝိနိပါတိကာ-၌ အဘယ်ကိုသည် ကေစ္စေဝ ဝိနိပါတိကာ-မည်သည်၊ ၎င်းတို့၏ ကာယသည် အဘယ်တို့၏ အစွမ်းဖြင့် ထူးခြားသည်ကိုလည်း ကျနစွာ ဖော်ပြခဲ့ပါ။

(၅) သာတ္ထက ဗဟုဿုတာ ပန အာနန္ဒတ္ထေရာဒိသာ ဟောန္တိ၊ တေ ဣဓ အဓိပ္ပေတာ-၌ အဘယ်သည် သာတ္ထက ဗဟုဿုတ ဖြစ်သည်၊ ဤ၌ ၎င်းကို အဘယ့်ကြောင့် အလိုရှိအပ်သည်ကို ပြ၍/ပဂ္ဂဟာလက္ခဏော ဝီရိယသမ္ဗောဇ္ဈင်္ဂေါ-၌ ပဂ္ဂဟာလက္ခဏာ-မည်ခြင်း အကြောင်းကို ရေးပြီးလျှင်/သာရဏီယ ဝတ်ကို ဖြည့်ပြီးသော ရဟန်း၏

ပစ္စုပ္ပန် သံသရာ အကျိုး အာနိသင် များစွာတို့တွင် တတိယ နှင့် သတ္တမ • အကျိုး အာနိသင် တို့ကို ရခြင်း အကြောင်းများကိုလည်း ဖော်ပြခဲ့ပါ။

( ၆ ) သပ္ပဋိဟာရိယန္တိ ယာဝ န နိယျာနိကံ ကတွာ ဓမ္မံ ဒေသေယျန္တိ – ၌ နိယျာနိကံ ကတွာ ဓမ္မံ ဒေသေယျန္တိ - ဟူ၍ မိန့်ဆိုခြင်း အကြောင်းကိုလည်းကောင်း, သိင်္ဃဝဏ္ဏန္တိ သိင်္ဃသုဝဏ္ဏဝဏ္ဏံ – ဟူ၍ ဖွင့်ဆိုခြင်း အကြောင်းကိုလည်းကောင်း ရှင်းပြပြီးလျှင်/ အသလ္လီနေနာတိ အလီနေန အသင်္ကုစိတေန သုဝိကသိတေနေဝ စိတ္တေန – ၌ အဘယ်သည် သုဝိကသိတစိတ် ဖြစ်ပါသနည်း – ရေးသားခဲ့ပါ။

( ၇ ) ပကတိယာ ဝေ သော ပဏ္ဍိတော ဗျတ္တော မေဓာဝီ ဝိဘာဝီ – ဟူသော အဋ္ဌကထာ အဖွင့်၌ အဘယ့်ကြောင့် ပဏ္ဍိတ, ဗျတ္တ, မေဓာဝီ, ဝိဘာဝီ မည်ကြောင်း အသီးသီးရေးပြီးလျှင်/ ဂရဟိတာ စ သာပေက္ခာ ကာလံ ကရိယာ – ၌ ဂရဟိတာ • အရ အဘယ်သူတို့သည် အဘယ့်ကြောင့် ကဲ့ရဲ့ကြသည်ကိုလည်း ရေးခဲ့ပါ။

( ၈ ) ရာဇာ သဉ္ဇာယံ သုတ္တာနန္တာဝ နိဒ္ဒံ ဩက္ကမိ – ဟူသော အဋ္ဌကထာ အဖွင့်၌ ဒုဋ္ဌဂါမဏိမင်းသည် အဘယ့်ကြောင့် အိပ်ပျော်ခြင်းသို့ ရောက်သွားသည်ကို ရေးပြီးလျှင်/ တသ္မိံ အဇ္ဈတ္တကာယေ သမာဟိတော ဧကဂ္ဂစိတ္တော ဟောတိ - ၌ အဘယ်၏ အစွမ်းအားဖြင့် ကောင်းစွာ ထားအပ်သော စိတ်ရှိသည်ကိုလည်း ရေးခဲ့ပါ။

( ၉ ) ဇာတိ ခေတ်မှ အလွန် ဘုရားရှင်တို့၏ ဖြစ်ရာ အရပ်သည် မထင် – ဟု အဋ္ဌကထာဆရာ အဘယ့်ကြောင့် ဆိုသနည်း – ရေး ပြီးလျှင်/ ဝဏ္ဏဝါ ယသဝါ (ပ) ကိဉ္စိ အဘိပတ္ထိ - တန္တိ – ဟူသော ပေယျာလကိုလည်း ကျနစွာ ဖော်ပြခဲ့ပါ။

( ၁၀ ) ဆေတွာ ခိလံ ဆေတွာ ပလိဃံ ဣန္ဒခီလံ – ၌ အဘယ့်ကြောင့် အဘယ်တရားတို့ကို ခိလ, ပလိဃ, ဣန္ဒခီလ – ဟု ဆိုရသနည်း၊ အသီးသီး ရေးပြီးလျှင်/ အာဂုံ ဝဋ္ဋနိကာ သဋ္ဌာ – ၌ ဝဋ္ဋနိကနှင့် သဋ္ဌ - တို့၏ အဓိပ္ပာယ်ကို အကြောင်းနှင့် တကွ အသီးသီး ရေး၍/ မဟာသမယသုတ် အဆုံး ဂါထာကိုလည်း သမ္ဗန်ထည့်၍ အနက် ပေးခဲ့ပါ။

( ၁၁ ) အဒ္ဒသာသာ ခေါ်တိ အဒ္ဒက္ခိ – ဟု ဖွင့်ဆိုလျှင် ပြီးပါလျက် ပဋိဝိဇ္ဈိ – ဟု ဆင့်၍ •တဖန် ဖွင့်ရပြန်သည့် အဋ္ဌကထာ၏ အာဘောဂကို ရေးပြပြီးလျှင်/ ယတ္ထ မေ ရမတိ မနော – ဖြင့် အဘယ် အနက်ကို ပြသည်ကိုလည်းကောင်း, နိမ်သလောဟိတ မက္ခိကံ ပါဠိ၏ သန္ဓာ - ယဘာသိတကိုလည်းကောင်း ကျနစွာ ရေးခဲ့ပါ။

( ၁၂ ) ဘဝနေ့ာ ခေါပန မေ သဒ္ဓါယိကာ ပစ္စယိကာ – ၌ သဒ္ဓါယိက, ပစ္စယိက • တို့၏ အဓိပ္ပာယ်ကိုလည်းကောင်း ရဲပြည်၌ ရဲထိန်း မရှိ – ဟူ၍ အယူရှိသော ပုဂ္ဂိုလ်တို့၏ အယူဝါဒကို ချေဖျက်နိုင်သည့် အာဂမသုတ်၏ အမည်နှင့် ယုတ္တိကိုလည်းကောင်း အဋ္ဌကထာလာတိုင်း ရေးပြီးလျှင်/ အရာသိ သာဟိဟန္တိ အရဏိ ယုဂဋ္ဌ – အဋ္ဌကထာ အဖွင့်၌ အရဏိ ယုဂဋ္ဌ သရုပ်ကိုလည်း ရေးထုတ်ခဲ့ပါ။

၁၀ – မှတ်စ

# ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## ( ၃ ) ဒီဃနိကာယ ( ပါထိကဝဂ္ဂ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၅ - ခုနှစ်၊ တပို့တွဲလဆန်း ၇ - ရက်။ ( ၂၉-၁-၇၄ )

--

( ၁ ) တေန ခေါ ပန သမယေန အစေလော ( လ ) ဆမာနိကိဏ္ဏံ ဘက္ခသံ မုခေနေဝ ခါဒတိ၊ မုခေ နေဝ ဘုဉ္ဇတိ-ဟူသော ပါဠိလာ ဘက္ခသံ-ပုဒ်၏ အဘိဓေယျတ္ထကို စပ်ရာပုဒ်ကို ထောက်လျက် ခွဲခြား ကောက်ပြ၍/ မုခေနေဝါတိ ဟတ္ထေန အပရာမသိတွာ—ဟူ၍ အဋ္ဌကထာ ဖွင့်ပြခြင်းကို စောဒနာ သောဓနာသွင်း၍ ရှင်းပြပြီးလျှင်/ တဒ္ဓ ပဇာနံ နပရာမသာမိ-ဟူသော ပါဠိဖြင့် အဘယ်အနက်ကို ပြသည်ကိုလည်း ကျနစွာ ဖော်ပြပါ။

( ၂ )အပရိသာဝစရော သမဏော ဂေါတမော ( လ ) အန္တမန္တာနေဝ သေဝတိ- ၌ အပရိသာဝစရ နှင့် အန္တမန္တာနေဝ သေဝတိ တို့၏ ကာရဏတ္ထများကို အသီးသီး ဖော်ပြ၍/ အပ္ပသဒ္ဒကာမွာတိ ( လ )သော ကိရ စိန္တေသိ သမဏော ဂေါတမော ဧကံ ပဉှံ နကထေသိ ၌ ရဟန်းဂေါတမသည် ပြဿနာတခုကိုမျှ မဖြေဆိုခြင်း အကြောင်းရင်းကို ရေးပြီးလျှင်/ န မယံ ဣတော ဘိယျော ဥတ္တရိတရံ ပဇာနာမာတိ-၌ ဣတော-၏ သန္ဒာယဘာသိတတ္ထ နှင့် တကွ အဘယ်၏ အစွမ်းဖြင့် မသိသည်ကိုလည်း တိကျစွာ ဖော်ပြခဲ့ပါ။

( ၃ ) အမတ္တေယျတာတိ အာဒိသု မာတုဟိတော မတ္တေယျော တဿ ဘာဝေါ မတ္တေယျတာ-၌ အဘယ်သည် မတ္တေယျတာ- ဖြစ်သည်ကို ပြည့်စုံစွာ ရှင်းလင်းပြ၍/ သော အနေက သဟဿံ ဘိက္ခုသံဃံ ပရိဟရိဿတိ—၌ ပရိဟရိဿတိ ဟူသော စကားကို အဘယ်တို့၏ အစွမ်းဖြင့် ဟောအပ်သည်ကို ပြပြီးလျှင်/ ဣစ္ဆာတိ မယှံ ဘတ္တံ ဒေထာတိ ဧဝံ ဥပ္ပဇ္ဇနကတဏှာ-၌ ဧဝံဥပ္ပဇ္ဇနက တဏှာ ဟူသည် အဘယ်ပါနည်း။

( ၄ ) အဘယ်အနက်ကို ပြလိုသောကြောင့် ပုဗ္ဗာရာမေ မိဂါရမာတုပါသာဒေ-ဟူသော စကားကို သင်္ဂီတိကာရမထေရ်တို့ မိန့်ဆိုဘိသည်ကို ရှင်းပြ၍/ ဝါသေဋ္ဌဘာရဒွါဇ သာမဏေရ နှစ်ယောက်တို့၏ အမျိုး စည်းစိမ် ပညာနှင့် တကွ သာကျော်ဘိသည်၍ ရဟန်းတို့ဘောင်၌ ရှင်ပြုလာဟန်များကို မှန်ကန်စွာ ဖော်ပြပြီးလျှင်/ တဂ္ဃနေဝ ဘန္တေ ဗြဟ္မဏာ (လ) ပရိဘာသသာယ· ပရိပုဏ္ဏာယ နော အပရိပုဏ္ဏာယာတိ· ၌ အဘယ်သည် ပရိပုဏ္ဏာယ· ပရိဘာသသာယ, အပရိပုဏ္ဏာယ·ပရိဘာသသာယ ဖြစ်သည်ကိုလည်း ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

( ၅ ) ပညာယ ဒုဗ္ဗလီကရဏေ · ၌ ပညာ ၏ သရူပတ္ထကိုပြ၍/ သတ္တဗောဇ္ဈင်္ဂေ ယထာဘူတန္တိ သတ္တဗောဇ္ဈင်္ဂေ ယထာသဘာဝေန ဘာဝေတွာ · ၌ အကြင်ကြင်သဘောဖြင့် ပွားစေပုံကို ပြပြီးလျှင်/ကဏှသုက္ကသပ္ပဋိဘာဂန္တိ ( လ ) တဒ္ဓ ခေါ သပ္ပဋိဘာဂံ သဝိပက္ခံ ကတွာ ၌ အဘယ်သည် သဝိပက္ခံကတွာ ဖြစ်သည်ကိုလည်း ကျနစွာ ဖော်ပြခဲ့ပါ။

(၆) အပိစေတ္တ ဉာယပ္ပဋိဒ္ဓနောတိ ကာရဏပ္ပဋိပန္နော - ၌ အဘယ်ကြောင့် ကာရဏပ္ပဋိပန္နော–ဟု မိန့်ဆိုအပ်သည်ကို အပြည့်အစုံ ရှင်းပြ၍/ ဉာယမာရာဓေဿတီတိ ကာရဏံ နိပ္ဖာဒေဿတိ– ၌ နိပ္ဖာဒေဿတိ-၏ ပိဏ္ဍတ္ထ အဓိပ္ပာယ်ကိုမျှ ရှင်းပြပြီးလျှင်/ ယော စ ပယံသိတော ဘိယျောသောမတ္တာယ ဝီရိယံ အာရဘတိ- ၌ ဝီရိယံ-အရ အဘယ်ဝီရိယကို အလိုရှိအပ်သည်ကိုလည်း ကျနစွာ ဖော်ပြခဲ့ပါ။

(၇) ဂိဟိဘူတေန သတာ ဒတ္တကံ ကမ္မံ န ကာတဗ္ဗံ–ဟူသော အဋ္ဌကထာအဖွင့်၌ ဒတ္တကံ ကမ္မံ-အရ ရသင့်သော ကမ္မများကို ထင်ရှားအောင် ထုတ်ပြပြီးလျှင်/ ဣဒါနိ ယော ဝေ ကရောတော အနုတ္တော ဥပဇ္ဈာတိ-ဝယ် အနုတ္တဟူသော အဋ္ဌကထာစကား၌ ဋီကာဆရာဖွင့်ဆိုချက်များကိုရေး၍/သေဝတိအတ္ထကာရဏာ ပါဌ်ကိုလည်း သံဝဏ္ဏနာနှင့်အညီ အဓိပ္ပာယ်ရေးခဲ့ပါ။

(၈) အာဋာနာဋိယသုတ်လာ အင်္ဂီရသဿ နမတ္ထု စဠိဒေသာ ဂါထာကိုသာ ထည့်သင့်သော သမ္ဗန်ပုဒ်များ ထည့်၍ အနက်ယောဇနာပြီးလျှင်/ သဗ္ဗေ အင်္ဂတော ရသ္မိံ နိက္ခန္တတ္တာ အင်္ဂီရသာ အဖွင့်၌ အင်္ဂတော အရ အဘယ်အင်္ဂါမှ အဘယ်အရောင် ထွက်သည်ကိုလည်း ကျနစွာ ဖော်ပြခဲ့ပါ။

(၉) သေယျဿ သေဒယျာဟမသ္မိတိ မာနော ရာဇူနဉ္စေဝ ပဗ္ဗဇိတာနဉ္စ ဥပ္ပဇ္ဇတိ - ၌ မင်းနှင့် ရဟန်းတို့၏ သေယျမာန်ဖြစ်ပုံ အဋ္ဌကထာလာတိုင်း ညွှန်ပြပြီးလျှင်/မာနကိုးပါးတွင် အဘယ်မာန်ကို အဘယ်မဂ်ဖြင့် ပယ်သတ်သည်ကို ရေး၍/ တယော အဒ္ဓါ–အရ သုတ္တံ အဘိဓမ္မာ နှစ်ဖြာသောပရိယာယ်ဖြင့် အခွန့်ကာလ ပိုင်းခြားပုံလည်း ရေးခဲ့ပါ။

(၁၀) အဋ္ဌဒါနဝတ္ထူနိ -၌ ဒါနဝတ္ထု ၈ -ပါးတွင် ဘယဒါန နှင့် သာဟုဒါနတို့၏ အဓိပ္ပာယ်ကို သံဝဏ္ဏနာနှင့် အညီ ရေးပြီးလျှင်/ ၎င်းဒါနဝတ္ထု ၈ -ပါးတွင် အဘယ် ဒါနဝတ္ထု မြတ်သည်ကိုလည်း အကြောင်းပြ ရေးသားခဲ့ပါ။

(၁၁) သုဒ္ဓါဝါသဘုံကို သတ္တာဝါသ ဘုံကိုးဝတွင် ယူအပ် - မယူအပ် အကြောင်း လုံလောက်စွာ ပြပြီးလျှင်/ ဝေဟပ္ဖိုလ်ဘုံကို အဘယ် သတ္တာဝါသတွင် ထည့်သွင်းမည်နည်း–ရေး၍/ အောက်ပါ ပေယျာလကိုလည်း ဖော်ပြခဲ့ပါ။

ဒသအရိယဝါသာ (ပ) သုဝိမုတ္တပညော၊

(၁၂) ကတမေ ဒွေ ဓမ္မာ သစ္ဆိကာတဗ္ဗာ ဝိဇ္ဇာ စ ဝိမုတ္တိစ - ၌ အဘယ်တို့ကို အဘယ် အနက် သဘောတို့ကြောင့် ဝိဇ္ဇာ-မည်သည်ကို လည်းကောင်း၊ အဘယ့်ကြောင့် အဘယ်ကို ဝိမုတ္တိ – ဟု ဆိုရသည်ကို လည်းကောင်း- ရေးပြီးလျှင် / နိရောဓော တဿ နိဿရဏံ - ၌ အဘယ်ကို အဘယ့်ကြောင့် နိရောဓ–ဟု အလိုရှိအပ်သည်ကိုလည်း အဋ္ဌကထာ မိန့်မှာသည့်အတိုင်း ဖြေကြားခဲ့ပါ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) ဒီဃနိကာယ (သီလက္ခန္ဓ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၆ - ခုနှစ်၊ ပြာသိုလဆန်း ၁၃ - ရက်။ (၂၄ - ၁ - ၇၅)

(၁) သုတ္တေသု ဗြဟ္မဇာလံ ဗြဟ္မဇာလဿာပိ ဇဝံ မေ သုတန္တိအာဒိကံ အာယသ္မတာ အာနန္ဒေန ပဌမ မဟာသင်္ဂီတိကာလေ ဝုတ္တံ နိဒါနမာဒိ - ဟူသော အဋ္ဌကထာလာ ပါဌ်ကို သဘာဝကျကျ အနက်ပေး၍ /သမာဓိ ပညာ - မဂ္ဂင်များကို လုံခြုံအောင် စောင့်သုံးသော သူတို့သည် အဘယ်ကို ပယ်နိုင်သည်ကို အကြောင်းနှင့် တကွ ခွဲခြား၍ ပြည့်စုံစွာ ဖော်ပြပြီး လျှင်/တတ္ထ ဝေန္တိ နိပါတပဒံ-၌ လုတ္တနိဒ္ဒိဋ္ဌတ္တာတိ မေတိ အာဒီနိနာမပဒါနိ - ၌ အာဒိ· သဒ္ဒါတို့ဖြင့် အဘယ်ကို ယူရမည်ကိုလည်း ကျနစွာ ဖော်ပြခဲ့ပါ။

(၂) ဧတ္တာဝတာ စေတ္တ ဇဝံ မေ သုတန္တိဝစနေန ယထာ သုတံ ဓမ္မံ (လ) ပစ္စက္ခံ ကရောတိ၊ တေန န ယိဒံ အတိက္ကန္တသတ္ထုကံ ပါဝစနံ - ၌ တေန န ယိဒံ အတိက္ကန္တသတ္ထုကံ ပါဝစနံ–ပါဌ်ကိုသာ ဋီကာနှင့်အညီ အနက် ၂ မျိုး ပေးပြပြီးလျှင်/မဟတာ ဘိက္ခုသံဃေန သဒ္ဓိန္တိ (လ) ဒိဋ္ဌိ သီလ သာမည သင်္ဃာတသင်္ခါတေန သမဏဂဏေနာ တိ အတ္ထော - ၌ မည်သို့ ဟောတော်မူအပ်သော ဒိဋ္ဌိ၊ မည်သို့ဟောတော်မူအပ်သော သီလတို့မှ တူမျှသော အားဖြင့် ပေါင်းအပ်သော ရဟန်းအပေါင်း ဖြစ်သည်ကိုလည်း သေချာစွာဖော်ပြခဲ့ပါ။

(၃) သီလမေဝ သီလမတ္တကံ - ဟု အဋ္ဌကထာ ဖွင့်ပြသဖြင့် အနက်မရှိသော ပုဒ်တို့ကို အဘယ်အကျိုးငှာ ဘုရားရှင် ဟောတော်မူသည်ကို ပြ၍/ပါဏာတိပါတံ ပဟာယ ပါဏာ· တိပါတာ ပဋိဝိရတော- ၌ ပဟာယ·နှင့် ပဋိဝိရတော - ပုဒ်တို့ကိုသာ ဋီကာအလိုကျ အနက် ပေးပြပြီးလျှင်/ကဏ္ဍသုခါ·အ၅ အဘယ်ကို ယူ၅မည်ကိုလည်း ခွဲခြား၍ ကျနစွာဖော်ပြခဲ့ပါ။

(၄) ခတ္တဝိဇ္ဇာ ဟူသည် အဘယ်တို့ ဖြစ်သည်ကိုပြ၍/သန္တိ ဘိက္ခဝေ ဧကေ သမဏ ဗြဟ္မဏာ၊ သဿတဝါဒါ သဿတံ အတ္တာနဥ္စ လောကဥ္စ ပညပေန္တိ - ၌ အတ္တလောက- ကိုသာ သဿတ-ဆိုသင့်ပါလျက် ဝါဒကို သဿတဆိုခြင်း အကြောင်းကို လိုရင်းနှင့် တကွ ရှင်းပြပြီးလျှင်/နိစ္စံ, ဓုဝံ · တို့ ထူးခြားကြဟန်ကိုလည်း မှန်ကန်စွာ ဖော်ပြခဲ့ပါ။

(၅) သောမယှံ မနောရထော နိပ္ဖန္နောတိ ဒေဝဒတ္တဿ အာရောစေသိ-၌ မနောရထော ပုဒ်ကိုသာ ဆရာနည်း, သဒ္ဒါနည်းတို့ဖြင့် မှီးလျက် ပြည့်စုံစွာ အနက်ပေး၍/ သော ပိတရံ တာပနဂေဟေ ပက္ခိပါပေသိ · ၌ အဘယ်သည် တာပန ဂေဟ မည်သည်ကို ပြပြီးလျှင်/ ရာဇာ မဂ္ဂဖလ သုခေန စင်္ကမေန ယာပေတိ-၌ မဂ္ဂဖလသုခ,စင်္ကမန ဟူသည် အဘယ်ပါနည်း။

(၆) ဝယော အနုပ္ပတ္တောတိ ပစ္ဆိမဝယံ အနုပတ္တော-၌ ပစ္ဆိမဝယံ ပါဌ်ဖြင့် အဘယ် ကို ပြသည်ကို ရေး၍/တုဏှီ အဟောသီတိ (လ) ပုဗ္ဗေ ပူရဏဿ ဒဿနေနာပိ အနတ္တ မနော ၌ အဇာတသတ်သည် ပူရဏကဿပကို နှလုံးမသာ ဖြစ်ရခြင်း အကြောင်းရင်း

များကို ကုန်စင်အောင် ရှင်းလင်း ဖော်ပြပြီးလျှင်/ သာတ္ထကသမ္ပဇည အရာ၀ယ် ကော်စိ ပန အာမိသတောပိ ဝုဍ္ဎိ အတ္တောယေဝ-၌ အာမိသအားဖြင့် အစီးအပွားသည် အဘယ် ကြောင့် အတ္ထ-ဖြစ်သည်ကိုလည်း ကျနစွာ စီစစ်၍ ပြခဲ့ပါ။

(၇) ပဗ္ဗတန္တိ သေလံ-ဟု ဖွင့်သော အဋ္ဌကထာဆရာ၏ အာဘောဂကို ရေးပြပြီးလျှင်/ ပဗ္ဗတ-အရ ပဗ္ဗတဘေဒ နှင့် ယူသင့်သော ပဗ္ဗတကိုလည်းကောင်း သာမညဖလသုတ်၀ယ် အဋ္ဌကထာလာ ဖွင့်ပြသော ဝိပဿနာဉာဏ် စသော ၁၀-ပါးတို့တွင် ဝိပဿနာဉာဏ်, မနောမယဉာဏ်, အာသဝက္ခယဉာဏ် တို့၏ အာရုံများကိုလည်းကောင်း အသီးသီးရေးခဲ့ပါ။

(၈) ပဏ္ဏိပါတ သချာဂုံဟူသည် အဘယ်နည်း-အဋ္ဌကထာ ဖွင့်ပြသည့်အတိုင်း ရေးပြပြီးလျှင်/ အပိ စ စတုဟိ ကာရဏေဟိ ဗုဒ္ဓါ ဘဂဝန္တော စာရိကံ စရန္တိ-ဟူသော အဋ္ဌကထာအဖွင့်၌ စတုဟိ-သရုပ်ကို ထုတ်ဆို၍/အောက်ပါ ပေယျာလကိုလည်း ရေးခဲ့ပါ။

ဒါသိပုတ္တာ ါဒ ဘူတပုဗ္ဗံ အမ္ဗဋ္ဌ (ပ) သံဝါသံ ကပ္ပေသုံ။

(၉) ဒါနကထံ, သီလကထံ, (ပ) အာနိသံသံ ကထေသိ-၌ ဘုရားရှင်သည် အဘယ့် ကြောင့် ဒါနကထာ-ကို ရှေးဦးစွာ ဟောရသည်ကိုလည်းကောင်း, ဂေါတမေန သဒ္ဓိံ ကောစိ ဒေဝ ကထာသလ္လာပေါ တိ-၌ ကထာ နှင့် သလ္လာပ တို့၏ အဓိပ္ပာယ်ကိုလည်း ကောင်း ဖော်ပြပြီးလျှင်/ဂဝသာရဇ္ဇပ္ပတ္တောတိ ဝိသာရဒဘာဝံ ပတ္တော-ဟူသော အဋ္ဌကထာအဖွင့်၌ အဘယ်ကြောင့် ရဲရင့်သည်အဖြစ်သို့ ရောက်သည်ကိုလည်း ဖြေကြားခဲ့ပါ။

(၁၀) ဧတ္ထာယံ ပဋိဝသန္တိ ကေနစိ ဒေဝ ကရဏီယေန-ပါဠိ၏ သန္ဓာယဘာသိတကို ရေးပြပြီးလျှင်/သဒ္ဒေါ ဒါယကော ဒါနပတိ အနာဝဋ္ဌဒွါရော-၌ ဒါနပတိ-ပုဒ်နှင့် စပ်၍ ဒါနပတိ, ဒါနဒါသ, ဒါနသဟာယ-သုံးပါးတို့၏ အဓိပ္ပာယ်ကို အဋ္ဌကထာလာတိုင်း ညွှန်းပြ၍/မဟာဝင်ဝိဘမင်း၏ အဘယ် ဒါနသဘာဝရှိသည်ကိုလည်း တိတိကျကျ ရေးပြခဲ့ပါ။

(၁၁) စတ္တာရိ မဟာသာနုံ အဗ္ဘုယေန အာရဒ္ဓစိတ္တာ ဘိက္ခူ ပဗ္ဗာဇေန္တိ ဥပသမ္ပာဒေန္တိ ဘိက္ခုဘာဝါယ အပိ ခမေတ္တ ပုဂ္ဂလခေမတ္တဘာ ဝိဒိတာတိ-ကို တည့်သင့်သော ကတ္တား ကံ-ကိုလည်းကောင်း တွေ့-အစွဲကိုလည်းကောင်း မှန်ကန်စွာ ထည့်စွဲ၍ အနက်ပေးပြီး လျှင်/ယေဝိပေတိ ယော လ္လမေ ဟထာဂတဿ ဓမ္မဒေသနံ သုတွာ အရိယဘူမိံ ဩက္ကမိတုံ အသက္ကုဏန္တာ (အသက္ကောန္တာ) ကုလပုတ္တာ အဋ္ဌကထာစကား၌ အဘယ့်ကြောင့် အသက္ကုဏန္တာ ဖြစ်ရသည်ကိုလည်း ရေးခဲ့ပါ။

(၁၂) အသ ခေါ ဝါသေဋ္ဌ ဘာရဒွါဇာနံ မာဏဝါနံ ဇင်္ဃဝိဟာရံ-၌ ဝါသေဋ္ဌ နှင့် ဘာရဒွါဇ-တို့၏ဆရာရင်း အသီးသီးတို့၏ အမည် နှင့် ၎င်းဆရာတို့၏ နေထိုင်ရာ အရပ်ကို လည်းကောင်း ဝါသေဋ္ဌနှင့် ဘာရဒွါဇ ၂-ဦးတို့ အဘယ်အကြောင်းကြောင့် ဇင်္ဃဝိဟာရ-ဖြင့် သွားရသည်ကိုလည်းကောင်း ရေးပြီးလျှင်/တေဝိဇ္ဇာဗျာသနံ ဟူသော ပါဠိတော်စကား သည်လည်း အဘယ်ကိုပြသည်ဟု ဥပမာသွင်း၍ ရှင်းလင်း ဖြေဆိုခဲ့ပါ။ ၁၀-မှတ်စီ

## (ခ) တိပိဋကဓရ သဒ္ဓါဘာရေးဖြေ စာမေးပွဲ

### (၂) ဒီဃနိကာယ (မဟာဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၆ - ခုနှစ်၊ ပြာသိုလပြည့်နေ့ (၂၆ - ၁ - ၇၅)

---

(၁) ဝိပဿီ ဝေဿဘူ ဘုရားတို့၏ ဝိဟာရ, ဝိဟာရဘူမိဂ္ဂဟဏာနေ့,ဥပဋ္ဌာက ပရိစ္ဆေဒ-များကို အသီးအသီး ဖော်ပြပြီးလျှင်/ဝိပဿီတိ တဿနာမံ၊ တဒ္ဓု ခေါ ဝိပိဓေ အတ္တေ ပဿနကုသလတာယ လဒ္ဓံ-၌ ဝိဝိဓေ အတ္တေ-ဟူသည် အဘယ်တို့ပါနည်း။

(၂) အင်္ဂေါတိ(လ)သဗ္ဗပဌမော - ဟူ၍ ဖွင့်ဆိုခြင်းကို အကြောင်းနှင့် တကွ ရှင်းပြ၍/ ပဋိသောတဂါမိ နိပုဏံ-၌ ပဋိသောတဂါမိ-အရကို စုံလင်စွာ ပြပြီးလျှင်/သတ္တာဝါဟ အဏ္ဏဝိစရလောကေ-၌ အဘယ့်ကြောင့် သတ္တာဝါဟ မည်သည်ကိုလည်း ရေးသားခဲ့ပါ။

(၃) အဘယ်တို့သည် ဒေသနာဂမ္ဘီရတာ မည်ကြသည်ကိုပြ၍/ပက္ခိန္နံ ဝါ ပက္ခိတ္တာ-ယ-၌ မည်သည့်သတ္တာဝါတို့သည် ပက္ခိနော-တို့ မည်သည်ကို ပြပြီးလျှင်/ပရိဂ္ဂဟံ ပဋိစ္စ မစ္ဆ-ရိယံ-၌ အဘယ်သဘောသည် မစ္ဆရိယ မည်သည်ကိုလည်း အဋ္ဌကထာအလိုကျ ရေးသား ခဲ့ပါ။

(၄) ဝဇ္ဇီ အဘိဏှံ သန္နိပါတာ သန္နိပါတ ဗဟုလာ တိ-၌ အဘယ်တို့သည် သန္နိပါတ ဗဟုလာ မည်ကုန်သည်ကို ဖော်ပြ၍/ပါဠိကခ်ါတိ ဋ္ဌစ္ဆိတဗ္ဗာ-ဟု ဖွင့်ဆိုရာ၌ ၎င်းဋ္ဌစ္ဆိတဗ္ဗာ၏ အဓိပ္ပာယ်တွက်ကို မည်သို့မှတ်ရမည်ကို ပြပြီးလျှင်/ပုဗ္ဗေဇ္ဇိတိ (လ) ဒဿေန္တိ- ၌ ဒဿေန္တိ-အရ အဘယ်ကိုပြသည်ကိုလည်း စုံလင်စွာ ဖော်ပြပါ။

(၅) ယာဝကီဝဥ္စ ဘိက္ခဝေ ဘိက္ခူ မေတ္တံ ကာယကမ္မံ-၌ မေတ္တံကာယကမ္မံ ပုဒ်ကိုသာ အဋ္ဌကထာ, ဋီကာ-အလိုကျ အနက်ပေးပြ၍/အဘယ်သည် ပရမ္မုခါ မေတ္တာ ကာယကမ္မ မည်သည်ကို ပြပြီးလျှင်/အရိယာတိ နိဒ္ဒေါသာ- ဟု ဖွင့်ပြရာ၌ နိဒ္ဒေါသ-၏ အဓိပ္ပာယ်ကိုလည်း ရှင်းပြခဲ့ပါ။

(၆) ဣတိ သီလံ ဣတိ သမာဓိ ဣတိ ပညာ- တို့၌ ဣတိသီလံ - ပုဒ်ကိုသာ အဋ္ဌကထာအလိုကျ အနက်ပေး၍/သီလဝိပ္ပန္နောတိ ဝိပ္ပန္နသီလော ဟူ၍ သာမက ဘိန္နသံဝရော - ဟူ၍ ထပ်ဆင့်၍ ဖွင့်ပြခြင်းကို စောဒနာ သောဓနာ သွင်းလျက် လိုရင်းနှင့် တကွ ရှင်းပြပြီးလျှင်/ မေ့လျော့ခြင်း တည်းဟူသော အကြောင်းကြောင့် သီလ မရှိသော ရဟန်းသည် အဘယ် တို့မှ ဆုံးရှုံးခြင်းသို့ ရောက်ပါသနည်း။

(၇) အတ္တနော ပန ဓမ္မရာဇဘာဝဿ အနုရူပါယ ပညာယ ပါဏာတိပါတာဒိနိ ဥပပရိက္ခိတွာ - ဟူသော အဋ္ဌကထာအဖွင့်၌ ဥပပရိက္ခိတွာ-အရ အဘယ်အားဖြင့် စူးစမ်းသည်

ကို ရေးပြီးလျှင်/သမဒဝပါကိနိယာ ဂဟဏိယာ သမန္နာဂတော-၌ သမဝေပါကိနိယာ သမန္နာဂတ ဖြစ်-မဖြစ် ပုဂ္ဂိုလ်တို့ကို ပြည့်စုံအောင် ရေးခဲ့ပါ။

(၈) ဝိဿဇ္ဇေဘိ သုမုဏ္ဍောဟု ဖွင့်ဆိုလျှင် ပြီးသင့်ပါလျက် အပလိင်္ဂဒွေါဟု ဆင့်၍ တဖန် ဖွင့်ပြန်ခြင်းမှာ အဘယ်ကို ပြလိုပါသနည်း-ရှင်းပြပြီးလျှင်/န ဝေ ကဒရိယာ ဒေဝလောကံ ဝဇန္တိ ဟူသော အဋ္ဌကထာစကား၌ အဘယ်ကြောင့် နတ်ပြည်သို့ မသွားရခြင်း အကြောင်းကို ရေး၍/ဂေါဝိန္ဒော ဝတ ဘော ဗြဟ္မဏော-၌ ဂေါဝိန္ဒ အခ်ိပ္ပာယ် နှင့် ဂေါ-ပုဒ်၏ အမည်ရင်းကိုလည်း ဖြေဆိုခဲ့ပါ။

(၉) ပုထုသီဟာဝ သလ္လိနာ-၌ ဘုရားရှင်သည် ခြင်္သေ့ကဲ့သို့ တဆူထည်းထည်း ပုံးအောင်းရခြင်း အကြောင်းကို ရေးပြီးလျှင်/ သဟဿံ ဗြဟ္မလောကာနံ၊ မဟာဗြဟ္မာဘိတိဋ္ဌတိ-၌ မဟာဗြဟ္မာ-အရ အဘယ်သို့သော ဗြဟ္မာကို ယူရမည်ကိုလည်းကောင်း၊ အဘိတိဋ္ဌတိ-အရ အခြားသော ဗြဟ္မာတို့ထက် အဘယ်တို့၏ အစွမ်းဖြင့် လွှမ်းမိုး၍ တည်သည်ကိုလည်းကောင်း ပြည့်စုံအောင် ဖော်ပြခဲ့ပါ။

(၁၀) သိတောဒကံ ပေါက္ခရဏီ၊ ယုတ္တံ ကိဉ္စက္ခရေဏုနာ။

နာဝေါ သမ္မာဘိ တဒေတ္တာသ၊ ဩဂါဟေဒတ ထန္နဒရံ-ဤဂါထာကို ထည့်သင့်ရာပါ၌ ထည့်စပ်၍ အနက်ကျနစွာပေးပြီးလျှင်/အာဝါသမဏ္ဍလိယ ကြောင့် ဘိလူးသည်လည်းကောင်း ပြိတ္တာသည်လည်းကောင်းဖြစ်၍ ထိုအာဝါသ၏ အန္တိုက်စုကို ဦးခေါင်းဖြင့် ချိမ၍ လှည့်လည်ရ၏-ဟု အဋ္ဌကထာ ဖွင့်ခြင်း အကြောင်းရင်းကိုလည်း ရေးသားခဲ့ပါ။

(၁၁) ဣဓ ဘိက္ခဝေ ဘိက္ခု ကာယေ ကာယာနုပဿီ ဝိဟရတိ-၌ ဘိက္ခု-အရ အဘယ်ပုဂ္ဂိုလ်ကို ညွှန်းပြသည်ကိုလည်းကောင်း အခြားသော နတ်လူတို့လည်း ပဋိပတ်ကို ကျင့်ကြသည်ဖြစ်ပါလျက် ဒေဝမနုဿ-ဟု မဆိုဘဲ ဘိက္ခု-ဟူ၍သာ ဆိုရသည်ကိုလည်းကောင်း ရေးပြီးလျှင်/ကာယေ-အရ အဘယ်ကာယကို အလိုရှိအပ်သည်ကိုလည်း ဥပမာနှင့် တကွ ရေးသားဖြေဆိုခဲ့ပါ။

(၁၂) မဟဂ္ဂတံ ဝါ စိတ္တံ မဟဂ္ဂတ စိတ္တန္တိ ပဇာနာတိ-၌ အဘယ်ကြောင့် မဟဂ္ဂတ မည်သည်ကို ဋီကာရှင် အလိုကျ ရေးပြပြီးလျှင်/မဟဂ္ဂတ-အရ အဘယ်စိတ်ကိုကောက်ရသည့်အကြောင်းကို ရေး၍/ ပါယာသိရာဇညသုတ် စောရဥပမာ-လာ အောက်ပါ ပေယျာလကိုလည်း ဖော်ပြလိုက်ပါ။

အယံ တေ ဘန္တေ စောရော အာဂုစာရီ (ပ) သိသံ ဆိန္ဒထာ တိ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) ဒီဃနိကာယ (ပါထိကဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၆ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ - ရက်။ (၂၀ - ၁ - ၇၅)

—

(၁) အတိပ္ပဂေါခေါတိ အတိဝိယပဂေါခေါ—ဟု ဖွင့်ပြရာဝယ် ၎င်းအဘိဓိယပဂေါ ခေါ—၏ အဓိပ္ပာယတ္ထကိုပင် ရေးပြ၍/ ပဋိသလ္လီနော ဘဂဝါ-၌ အဘယ် သည် ပဋိသလ္လီနော မည်သည်ကို ပြပြီးလျှင်/ သုညာဂါရ ဟဟာတိ သုညာဂါ ရေသုနဋ္ဌာ—ဟု ဖွင့်ဆိုခြင်းကို အကျယ်အားဖြင့်လည်း ထပ်ဆင့်၍ရှင်းပြခဲ့ပါ။

(၂) အန္တဂ္ဂါဟိကာယ ဒိဋ္ဌိယာ သမန္နာဂတော-၌ အဘယ့်ကြောင့် အန္တဂ္ဂါဟိက ဟူ၍ ဆိုအပ်သည်ကိုပြ၍/ ဣစ္ဆာ အနုသန် ဇရာ ပါဠိတော်၌ အဘယ်၏ အဖြစ်သည် အနုသန—ဖြစ်သည်ကို ဘာဝတ္ထနှင့် တကွ ဖြည့်စွက်ဖော်ပြပြီး လျှင်/ ဣဒံ ခေါ ဘိက္ခဝေ ဝဏ္ဏသ္မိံ-၌ ဝဏ္ဏ—၏ အဘိဓေယျတ္ထကိုလည်း ကျနစွာ ဖော်ပြခဲ့ပါ။

(၃) သုက္ကာ သုက္ကဝိပါကာ-၌ သုက္က—ဖြစ်ခြင်း အကြောင်းကို ရေး၍/ သုက္ကဝိပါ ကာတိ ဝိပါကောပိ နေသံသုက္ကော—ဟု ဖွင့်ပြလျှင် ပြီးနိုင်ပါလျက် သုခေါတိ အတ္ထော—ဟု ဖွင့်ဆိုခြင်း၏ သိစေလိုခြင်းကို ရှင်းပြပြီးလျှင်/ သုဘဋ္ဌာယိ-နော-၌ သုဘ—မည်ခြင်း အကြောင်းကိုလည်း ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

(၄) စတ္တာရော ဣဒ္ဓိပါဒါတိ (လ) ဆန္ဒာဒိဝသေန နာနာသဘာဂါ—ဟူ၍ အဋ္ဌကထာ ဖွင့်ပြခြင်း၏ အကြောင်းရင်းများကို ရှင်းလင်း ဖော်ပြ၍ / ပညာဝိမုတ္တ ပုဂ္ဂိုလ်များကို ရေတွက်ပြပြီးလျှင်/ အဘယ့်ကြောင့် ကာယသက္ခိ မည်သည် ကိုလည်း အဋ္ဌကထာအလိုကျ ဖော်ပြခဲ့ပါ။

(၅) သတ္ထာ စ နော လောကေ ဥဒပါဒိ အရဟံ သမ္မာသမ္ဗုဒ္ဓေါ ပါဠိတော်၌ သတ္ထာ စ နော လောကေ—ဟူသော ဤစကားကို အဘယ်ကို ပြခြင်းငှာ ဘုရားရှင်ဟော တော်မူအပ်သည်ကိုပြ၍/ သမ္ပရာယိကာနဉ္စ အာသဝါနံ ပဋိဃာတာယ-၌ အဘယ်သည် သမ္ပရာယိက အာသဝ မည်သည် ပဋိဃာတာယ-ဟူသည့်အဘယ် ဖြစ်သည်ကို ပြပြီးလျှင်/သုခလ္လိကာနုယောဂ မနုယုတ္တာ သမဏာ သက္ကျပုတ္တိ ယာ ဝိဟရန္တီတိ-၌ သုခလ္လိကာနုယောဂ-၏ အဓိပ္ပာယတ္ထကိုလည်း ဖော်ပြခဲ့ပါ။

(၆) ယမ္ပိ ဘိက္ခဝေ တထာဂတော (လ) အနုက္ကာဝသေသာ အပယာသိ-၌ အနုက္ကာ ဝန မပြည့်ခြင်း, မည်ခြင်း အကြောင်းကို ရှင်းပြ၍/ အဘယ်သည် ပတိဋ္ဌိယနာ မည်သည်ကို ပြပြီးလျှင်/ ပဋိဘောဂိယာ မနုဇော ဂုဏ-၌ ပဋိဘောဂိယာ အရကိုလည်း ကျနစွာ ဖော်ပြခဲ့ပါ။

(၇) ပါကာရေန ဂေါပုရဋ္ဋာလကယုတ္တံ နီလောဘာသံ မနောရမံ–ဟူသော အဋ္ဌကထာအဖွင့်၌ အဘယ်ကြောင့် နီလောဘာသ, မနောရမ–မည်သည်ကို အသီးသီး ရေးပြီးလျှင်/ ကူနန္တံ ကုဂိတံ-၌ ဂိတ–အရကို ရေးသား၍/ ပမတ္တံ ရက္ခတိ ပါဠိတော်၏ အဓိပ္ပာယ်ကိုလည်း သံဝဏ္ဏနာနှင့် အညီ ရေးသားခဲ့ပါ။

(၈) တေဇနာ အပိသုဏာသ-၌ အဘယ် အနက်သဘောကြောင့် အဘယ်ပုဂ္ဂိုလ်ကို ဇန–ဟု ဆိုရသနည်း–ရေးပြီးလျှင်/ သံဝရိပိ နိရုဇ္ဈတိတိ ရတ္တိ အန္တရဓာယတိ–ဟု ဖွင့်သော အဋ္ဌကထာစကား၌ ဋီကာဆရာ၏ ရှင်းလင်း ပြောကြားချက်ကို ရေး၍/ အောက်ပါ ပေယျာလကိုလည်း မှန်ကန်စွာ ဖော်ပြခဲ့ပါ။

ယေန ပေတာ ......(ပ)......ကုမ္ဘဏ္ဍေဟိ ပုရက္ခတော။

(၉) အကဏံ အထုသံ သုဒ္ဓံ၊ သုဂန္ဓံ တဏ္ဍုလပ္ဖလံ။ တုဏ္ဍိကီရေ ပစိတွာန၊ တတော ဘုဉ္ဇန္တိ ဘောဇနံ-ဂါထာကို ဘုဉ္ဇန္တိ–ကြိယာ၏ ဝိသေသန ထည့်စွက်၍ အနက်ပေးပြီးလျှင်/ ရာဂ-ကို ကိဉ္စန–ဟူ၍လည်းကောင်း၊ အဂ္ဂိ–ဟူ၍ လည်းကောင်း–ဆိုရကြောင်း အဋ္ဌကထာလာတိုင်း အသီးသီး ရေးခဲ့ပါ။

(၁၀) တီဏိ စက္ခူနိ မံသစက္ခု, ဒိဗ္ဗစက္ခု, ပညာစက္ခု-၌ မံသစက္ခု-၏ သမ္ဘာရ-များကို ထုတ်ပြီးလျှင်/ ဒိဗ္ဗစက္ခု အာလောကနိဿိတံ ဉာဏံ–ဟူသော အဋ္ဌကထာ ဖွင့်ဆိုချက်တွင် ဋီကာဆရာ၏ အကြောင်းပြ ရှင်းလင်းချက်ကို ရေး၍/ အာဓိပတေယျ သုံးပါး၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာဖွင့်နှင့် အညီ ရေးသားခဲ့ပါ။

(၁၁) အဘယ်ကြောင့် အဘယ်ပုဂ္ဂိုလ်တို့ကို သမဏမစလ, သမဏပဒုမ, သမဏပုဏ္ဍရီက, သမဏသုခုမာလ-ဟု ဆိုရသနည်း–အဋ္ဌကထာ အလိုတော်ကျ သိသာရုံ ဖော်ပြပြီးလျှင်/ အသမ္မောဟ သမ္ပဇာနတောတိ အရဟတ္တမဂ္ဂေါ–ဟု အဋ္ဌကထာ ဖွင့်ဆိုခြင်းကို ရှင်းပြ၍/ အညတရံ ဒီဃာယုကံ ဒေဝနိကာယံ ဥပပန္နော ဟောတိ-၌ အညတရံ ဒီဃာယုကံ ဒေဝနိကာယံ–တို့ အရ အဘယ်ဘုံတို့ကို ရသည်ကိုလည်း အကြောင်းပြ ရေးသားခဲ့ပါ။

(၁၂) ဝီတရာဂဿ နော သရာဂဿ–၌ ဝီတရာဂ-အရ အဘယ်ရာဂမှ ကင်းသည်ကို ရေးပြီးလျှင်/ ဒသ အကုသလကမ္မပထာ-၌ ကမ္မပထ-၏ အဓိပ္ပာယ်ကို အဋ္ဌကထာ အာဘော်ကျ ရေးပြ၍/ ဒွေ ဓာတုယော သင်္ခတာ စ ဓာတု အသင်္ခတာ စ ဓာတု-၌ အဘယ်ကြောင့် အဘယ်ကို သင်္ခတဓာတု, အသင်္ခတဓာတု ဆိုရသနည်း–ဋီကာရှင် အလိုကျ ရေးခဲ့ပါ။ ၁၀ – မှတ်စီ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၁ ) ဒီဃနိကာယ ( သီလက္ခန္ဓ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ - ရက်။ ( ၂၂ · ၁ - ၇၆ )

---

( ၁ ) သုတ္တန်ပိဋကတ်-၌ မည်သည့် သံကိလေသကို ပယ်ခြင်းကို ဟောအပ်သည်ကို ပြ၍/ဒုတိယံ အနေကဇ္ဈာသယာ နုသယစရိယာ ဓိမုတ္တိကာ သတ္တာ (ပ)တိ ယထာနုဘာဝမ သာသနံ -၌ အဘယ်ကို အာသယ-ဟု ဆိုအပ်သည်ကိုပြပြီးလျှင်/စရိယ - သည် အန္တရ ဘေဒ အားဖြင့်လည်းကောင်း သံသဂ္ဂအစွမ်းအားဖြင့်လည်းကောင်း အဘယ်မျှ ပြားသည် ကိုလည်း သချာမျှသာ ထုတ်ပြခဲ့ပါ။

( ၂ ) သဒ္ဒိံ အန္တေဝါသိနာ ဗြဟ္မဒတ္တေန မာဏဝေနာတိတ္တော အန္တေဝသတိတိ အန္တေဝါသီ-၌ ဝသတိ-ဟူသည် အဘယ်ဖြစ်သည်ကို ဆိုလိုရင်းနှင့် တကွ ရှင်းပြ၍ /ဘာစ ပန ဝေါ အန္တရာကထာ ဝိပ္ပကတာတိ ပါဠိလာ စ-သဒ္ဒါ မည်သည့်အနက် ထွန်းပြသည် ကို ထွန်းပြပုံနှင့် တကွ ပြည့်စုံစွာ ဖော်ပြပြီးလျှင်/ဝိပ္ပကတာ ပုဒ်ကိုလည်း ဋီကာအလိုကျ ကျနစွာ အနက်များ ပေးပြပါ။

( ၃ ) တေစ ခေါ ယထာနုရူပံ ထေယျာဝဟာရော (လ) ကုသာဝဟာရောတိ ဣမေသံ အဝဟာရာနံ ဝသေန ပဝတ္တာ-၌ အဘယ်သည် ထေယျာဝဟာရ မည်ခြင်း ဖြစ်သည်ကို ဋီကာနှင့် အညီ ဖော်ပြ၍/ဣတိ-သဒ္ဒါဖြင့် အဘယ်ကို ယူရမည်ကို အကြောင်းနှင့် တကွ ပြပြီးလျှင်/သစ္စဝါဒီ သစ္စသန္ဓော-၌ သစ္စသန္ဓော-၏ အဓိပ္ပာယတ္ထကိုလည်း ဖော်ပြခဲ့ပါ။

( ၄ ) ထေတောတိ ထိရော-ဟူ၍ သာမက အဘယ်အားဖြင့် အဓိပ္ပာယ်ကို သိစေလို၍ ထိရကထော-ဟူ၍ အဋ္ဌကထာ မိန့်ဟသည်ကို ရှင်းပြ၍/ဣမေသံ ဘေဒါယာတိ ယေသံ ဣတောတိ ဝုတ္တာနံ သန္တိကေ သုတံ တေသံ ဘေဒါယ-၌ အဘယ်ကိုပြခြင်းငှာ ယေသံ-စသည်ကို မိန့်ဆိုသည်ကို ပြပြီးလျှင်/နာနက္ကကထာ-ဟူသည် အဘယ်ပါနည်း။

( ၅ ) သာဓုသမ္မတော ဗဟုဇနဿ-၌ သာဓုသမ္မတော ပုဒ်ကိုသာ အဋ္ဌကထာအလိုကျ ဗျတိရေကာနွယ အနက်ပေးပြ၍/ဒေဝဒတ္တော စ တမေဝ နိဿာယ ဘာဂဝတော ဗဟုံ အနတ္ထ မကာသိ-၌ စ-သဒ္ဒါ မည်သည့် အနက်ဖြစ်သည်ကို ဖြစ်ပုံနှင့် တကွ ပြည့်စုံစွာ ဖော် ပြပြီးလျှင်/ယာနိဝါ ပနညာနိ ပိ ဧဝံ ဂတာနိ ပုထုသိပ္ပာယတနာနိ-ပါဠိ၌ အဘယ် အတတ်တို့သည် ယာနိဝါ ပနညာနိပိ မည်ကုန်သည် တို့ကိုလည်း ကုန်စင်အောင်ဖော်ပြခဲ့ပါ။

( ၆ ) နိလ္လောပံ ဟရတော-ပါဠိ၌ နိလ္လောပံ ပုဒ်ကိုသာ အဋ္ဌကထာ, ဋီကာအလိုကျ အနက်ပေးပြ၍/ဧကနုပိ မဟာရာဇ ဘုဉ္ဇာဟိ သာဓုကံ ဧကာသိကရောဟိ-၌ ဧကာသိက ရောဟိ-ပုဒ်၏ အဘိဓေယျတ္ထ နှင့် အဓိပ္ပာယတ္ထ များကို ခွဲခြား၍ ဖော်ပြပြီးလျှင်/သစ္စိ

ကတ္တာတိ ( လ ) တေန အနုမာနာဒိပဋိက္ခေပေါ ကတော ဟောတိ ဟူသော အဋ္ဌကထာ၌ အာဒိ-သဒ္ဒါဖြင့် အဘယ်ကို ယူရမည်ကိုလည်း အကြောင်းနှင့် တကွ ဖော်ပြခဲ့ပါ။

( ၇ ) ဝုတ္တဒွေတံ ပဋိမာ ဘိက္ခဝေ ဝဏ္ဏိဇ္ဇာ ဥပါသကေန အာဘုဏိယာ - အဋ္ဌကထာ အဖွင့်၌ ပဋ္ဌ - သရုပ်ကို ထုတ်၍ / ထို ကုန်သွယ်မှုမျိုးကို ဥပါသကာသည် အဘယ်ကြောင့် မပြုအပ်ကြောင်းကို အသီးသီး ရေးပြီးလျှင် / လဋ္ဌုကိကာ ပိ ခေါ အမ္ဗဋ္ဌ ( ပ ) ပရိစာရ - ကာ သမ္ပဇ္ဇန္တိ - ဟူသော ပေယျာလကိုလည်း ဖော်ပြခဲ့ပါ။

( ၈ ) အယံ သေဋ္ဌဒဏ္ဍော ဥတ္တမပြာဟ္မဏော ယေဘုယျေနစ ( ပ ) သရဏံ ဂတာ အဋ္ဌကထာ အဖွင့်၌ သောဏဒဏ္ဍ ပုဏ္ဏားကို ဥတ္တမပြာဟ္မဏ - ဟု အဘယ့်ကြောင့် ဆိုရသည်ကို ရေးပြီးလျှင် / သဘာဃာတဝိရတိ - သည် အပြား မရှိဟု အဋ္ဌကထာ ဆရာ ဆို၏၊ အဘယ့်ကြောင့် ပါနည်း — ဖြေရှင်းခဲ့ပါ။

( ၉ ) ယံ ဘော ဂေါတမ္ဗန္တိ ပဋ္ဌဝိံ သီလံ၊ တဥ္စ လောကေ န ကောစိ န သာဓုတိ ဝဒတိ အဖွင့်ဝယ် န ကောစိ န သာဓုတိ ဝဒတိ - ဟု အဘယ့်ကြောင့် ဖွင့်ဆိုရကြောင်းကို ရေးပြီးလျှင် / ပုန ယံ ဘော ဂေါတမ္ဗန္တိ ပဋ္ဌဝိံ ဝေရံ - ၌ ပဋ္ဌဝိံ - ကို ဝေရ - ဟု ဆိုရခြင်း အကြောင်းကိုလည်းကောင်း ပသန္နာကာရံ ကရောန္တိ - ကို အဋ္ဌကထာဖွင့်နှင့် အညီ အဓိပ္ပာယ်ကိုလည်းကောင်း ရေးခဲ့ပါ။

( ၁၀ ) ( က ) အတ္ထိ စေခဝတ္တ ဥတ္တရိ ကရဏီယံ၊ ( ခ ) နတ္ထိ စေ ဝေတ္ထ ဥတ္တရိ ကရဏီယံ ပါဠိ တို့ဖြင့် အဘယ်ကို ပြသည်ဟု အသီးသီး ရေးပြီးလျှင် / ကေဝဋ္ဋသုတ်လာ ပါဋိဟာရိယ သုံးပါးတို့တွင် အဘယ်ကြောင့် အဘယ် ပါဋိဟာရိယကို ကဲ့ရဲ့တော်မူ၍ / အဘယ် ပါဋိဟာရိယကို ချီးမွမ်းတော်မူသည်ကိုလည်း အဋ္ဌကထာ အလိုကျ ရေးပြခဲ့ပါ။

( ၁၁ ) လောဟိစ္စ ပုဏ္ဏားကြီးသည် ရှောသိကန္နာပိဘ - ကို ဖော် တံ့ သမ္မရောသိကေ ( ပ ) ဘိက္ခုသံဃေန - ဟူသော စကားကို အဘယ်ကြောင့် ပြောဆိုသည်ကို ရေးပြီးလျှင် / နှဝေဒနာရဟော ပါဌ်ကို အဋ္ဌကထာဖွင့်နှင့် အညီ အဓိပ္ပာယ် ရေး၍ / ဧဝ မေဝ ါဟံ ဘောတာ ဂေါတမေန နရကာ ပပတံ ပပါတနွာ ဥဒ္ဓရိတွာ ထလေ ပတိဋ္ဌာပိတော ပါဌ် တော်ကိုလည်း မှန်ကန်စွာ အနက်ယောဇနာခဲ့ပါ။

( ၁၂ ) ယေဘုယျေန စေတော ဝိမုတ္တိယာ - ၌ မေတ္တာ - ဟု ဆိုလျှင် အဘယ် သမာဓိကို ရသနည်း၊ စေတောဝိမုတ္တိဟု ဆိုလျှင် အဘယ်ကြောင့် အဘယ် သမာဓိကို ရသည် - ဟု ရေး ပြီးလျှင်/ ယံ ပမာဏကတံ ကမ္မံ န တံ တတြာဝသိဿတိ - ၌ အဘယ်ကြောင့် အဘယ်ကံ တို့ကို ပမာဏကတ, အပ္ပမာဏကတ - ဟု ဆိုရသည်ကိုလည်း ရေးခဲ့ပါ။

# (၁) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၂) ဒီဃနိကာယ (မဟာဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉-ရက်။ (၂၄-၁-၇၆)

(၁) တိတ္ထိယာစ ပုဗ္ဗေနိဝါသံ အနုဿရမာနာ အတ္တနာ ဒိဋ္ဌကတသုတမေဝ အနုဿရန္တိ၊ တထာ သာဝကာစ ပစ္စေကဗုဒ္ဓါစ-၌ တထာ-ပုဒ်ကိုသာ ဋီကာအလိုကျ အနက်ပေးလျက် အဓိပ္ပာယ်ကိုပါ ညွှန်ပြ၍/သဗ္ဗဒုက္ခဝီတိဝတ္တေ ဇာတိတောပိ အနုဿရတိ ပါဠိ၌ သဗ္ဗဒုက္ခ အရ ဖော်ပြပြီးလျှင်/အဇ္ဈသန္တိ (လ) ယာစနံ-ဟူ၍ အဋ္ဌကထာ ဖွင့်ပြခြင်းကိုလည်း ရှင်းပြခဲ့ပါ။

(၂) ဣဒဥ္စ ဒုက္ခနိတ္ထရဏာဒ္ဒေန နာဝါ သမဿာသနဋ္ဌေန သင်္ဂါမသူရော-၌ ဒုက္ခ အရ အဘယ် ဒုက္ခကို ယူရမည်၊ သမဿာသနဋ္ဌေန-အရ အဘယ်မှ သက်သာရာ ရစေတတ်သည်တို့ကို ပြ၍/ ယဒါ တေ ဘဂဝါ အညာသိ ကလ္လစိတ္တေ မုဒုစိတ္တေ ဥဒဂ္ဂစိတ္တေ-တို့ ဖြစ်သည်များကို နှစ်မျိုးစီ အသီးသီးမျှ ဖော်ပြပြီးလျှင်/အကရဏန္တိ အနုပ္ပာဒနံ-ဟု ဖွင့်ပြရာဝယ် အဘယ်ကို အနုပ္ပာဒန-ဟူ၍ မိန့်ဆိုအပ်သည်ကိုလည်း ရှင်းလင်းပြခဲ့ပါ။

(၃) တဏှာယ အဘိနန္ဒိတ အဇ္ဈောသာန သရိတာ လတာတဏှာ နဒီတဏှာ သမုဒ္ဒ-ဒုပ္ပူရဏဋ္ဌေ (လ) အယံ ပဋိဝေဓဂမ္ဘီရတာ တိ ဝေဒိတဗ္ဗာ-၌ အဘယ်သည် အဇ္ဈော-သာန-၌ ဖြစ်သည်ကိုလည်းကောင်း အဘယ်၏ အစွမ်းဖြင့် သရိတာဋ္ဌကို သိရမည်ကိုလည်းကောင်း ပြ၍/အတ္တာ မေ ဝေဒိယတိ ဝေဒနာဓမ္မော ဟိ မေ အတ္တာ-ဟူသော ပါဠိဖြင့် အဘယ်ကိုဟောအပ်သည်ကိုလည်း အကြောင်း နှင့် သဘာဝကိုပါ ကျနစွာ ဖော်ပြခဲ့ပါ။

(၄) အပိနုခေါ တတ္ထာတိ အပိနုခေါ တသ္မိံ ဝေဒနာဝိရဟိတေ တာလဝဏ္ဋေ ဝါ ဝါတပါနေ ဝါ-၌ တာလဝဏ္ဋေ ဝါ ဝါတပါနေ ဝါ-ဟူ၍ မိန့်ဆိုခြင်း အကြောင်းကို ရှင်းပြ၍/တတ္ထ ယာဝတာ အာနန္ဒ အဓိဝစနန္တိ ယတ္တကော အဓိဝစနသင်္ခါတော ဝေါဟာရော အတ္ထိ-၌ ဝေါဟာရ-ဟူသည် အဘယ် ဖြစ်သည်ကို ပြပြီးလျှင်/ဝေဟပ္ဖလ် မည်ခြင်း အကြောင်းနှင့် ၎င်း ဝေဟပ္ဖလ်ပြဟ္မာ အဘယ် ဝိညာဏဋ္ဌိတိ-တွင် ပါဝင်သည်ကိုလည်း အကြောင်းနှင့် တကွ ဖော်ပြခဲ့ပါ။

(၅) ကေမိဒါဟံ ဗြာဟ္မဏ သမယံ ဝေသာလိယံ ဝိဟရာမိ-သာရန္ဒဒေ စေတိယေ-၌ ကေမိဒါဟံ-ဟူသော ဤစကားကို ဘုရားရှင်သည် အဘယ်ကို ပြခြင်းငှာ ဟောတော်မူသည်ကို ပြ၍/အထ ခေါ ဝဿကာရော ဗြာဟ္မဏော (လ) အနုမောဒိတွာ ဥဋ္ဌာယာ-သနာ ပက္ကာမိ-၌ အနုမောဒိတွာ-အရ ဝမ်းမြောက်ပုံကို ပြည့်စုံစွာ ဖော်ပြပြီးလျှင် / ယာဝကီဝဥ္စ ဘိက္ခဝေ ဘိက္ခူ ယာယံဒိဋ္ဌိ-၌ ဒိဋ္ဌိ-အရကိုလည်း ဖော်ပြခဲ့ပါ။

(၆) ယွာယံ အနာမန္တေတွာ ဥပဋ္ဌာကေ အနပလောကေတွာ-၌ အနပလောကေတွာ-

အရ ဆိုလိုရင်း ဝိဂ္ဂဟတ္ထကို ပြ၍/တထာဂတဿ ခေါ အာနန္ဒ နစေ ဟောတိ ပါဠိ၌ နစေ ဟောတိ – ဟူသည် အဘယ် ဖြစ်သည်ကို အကြောင်းနှင့် တကွ ပြပြီးလျှင်/ အဘယ် ရဟန်းသည် လောကုတ္တရာတရား ကိုးပါးအား လျော်သော အကျင့်ကို ကျင့်သည် ဖြစ်သည် - မဖြစ်သည်ကိုလည်း ခွဲခြား၍ ကျနစွာ ဖော်ပြခဲ့ပါ။

(၇) စကြာရတနာကို အဘယ်ကြောင့် (၁) ဒိဗ္ဗ (၂) သဟဿရ (၃) သနေမိက (၄) သနာဘိက (၅) သဗ္ဗကာရပရိပူရ–ဟု ဆိုရသနည်း - အသီးသီးရေးပြီးလျှင်/ ဩလောကိတ ဩလောကိတဋ္ဌာနေ ကာသိကမေဝ ပညာယတိ အဋ္ဌကထာအဖွင့်၌ ကြည့်ရာအရပ်တိုင်း၌ ကာသိကားသည်သာလျှင် ထင်၏ ဟုဆို၏၊ အဘယ့်ကြောင့်ပါနည်း၊ ပြည့်စုံအောင် ရေးခဲ့ပါ။

(၈) သတ္တပဒိ နဂရပရိက္ခာဒေယျ သပရိက္ခိတံ ဟောတိ–ဟူသော အဋ္ဌကထာအဖွင့်၌ သတ္တ-သရုပ်ကို ဖော်ထုတ်ပြီးလျှင် / အကာသေတိ နိက္ကာဧဿ-ဟု ဖွင့်ဆိုလျှင် ပြီးပါလျက် အကာက္က သော-ဟုဆင့်၍ တဖန် ဖွင့်ပြန်ခြင်းကိုဖြေရှင်း၍/အောက်ပါပေယျာလ ကိုလည်းဖော်ပြခဲ့ပါ။

ယေဟိ ကေစိ ဘော ဗုဒ္ဓေါ (ပ) မုသာဝါဒဿ ဩတ္တပ္ပ န္တိ။

(၉) မဟာဝုန်တော အစည်းအဝေး၌ ပေါင်ဝင်သော နတ်ဗြဟ္မာတို့ကို အဋ္ဌကထာလာတိုင်း ဖော်ပြပြီး/ ဂဋ္ဌုံတိုင်ပင် ဖမ်းယူခြင်းငှာ မစွမ်းနိုင်သော နတ်နဂါးတို့၏ အမည်များနှင့် ၎င်းတို့ နေထိုင်သော အရပ်ကိုရေး၍/စိတြသုပဏ္ဏာတွတိ တေသနာမံ - ၌ အဘယ့်ကြောင့် စိတြသုပဏ္ဏာ–ဟု ခေါ်ဆိုရခြင်းကိုလည်း ရေးလိုက်ပါ။

(၁၀) တေန ခေါ ပန ဘဒ္ဒန္တ သမယေန ဘဂဝါ အညတရေန သမာဓိနာ နိသိန္နော ဟောတိ - ၌ အဘယ်သူသည် အဘယ်ကို မသိ၍ အညတရေန သမာဓိနာ–ဟု ဆိုသနည်း - ရှင်းလင်းဖော်ပြပြီးလျှင်/ ပဉ္စသိခ နတ်သား၏ စောင်းသံ နှင့် သီချင်းသံကို ဘုရားရှင် ချီးမွမ်းခြင်း၌ ရသောအကျိုးကို ဖော်ပြ၍/ သော နိဝါသော ဘဝိဿတိ ပါဠိ၏ သန္ဓာယ ဘာသိတကိုလည်း ရေးခဲ့ပါ။

(၁၁) ပဋိပုဂ္ဂလော-ပုဒ်၏ ဝိဘေဿနကို ထည့်၍ အောက်ပါ ဂါထာကို အနက်ပေး ပြီးလျှင်/ ယဋ္ဌ တဒ္ဒဘယံ ပဋိစ္စ ဥပ္ပဇ္ဇတိ သံယောဇနံ ပါဠိအရ သံယောဇန် ၁၀ - ပါး တွင် ရှေသံယောဇန် ၅ - ပါး ဖြစ်ပုံကိုလည်း အဋ္ဌကထာလာတိုင်း ကျနစွာ ရေးခဲ့ပါ။

တဒေဝ အသိ သမ္ဗုဒ္ဓေါ၊ တုဝံ သတ္ထာ အနုတ္တရော၊
သဒေဝကသ္မိံ လောကသ္မိံ၊ နတ္ထိ တေ ပဋိပုဂ္ဂလော။

ကဒါ ဂဒ္ဒတဒရော စ ဟောတိ ပတ္တိန္နတရော စ အကမ္ပညတရောစ - ပါဠိတို့ဖြင့် အဘယ်အနက်ကို သိစေပါသနည်း–အဋ္ဌကထာအလိုကျ ရေးပြပြီးလျှင်/ ပါယာသိရာဇည သုတ်လာ – (က) နမဟပ္ဖလော ဟောတိ - ၌ အဘယ်ကြောင့် နမဟပ္ဖလ ဖြစ်သည် လည်းကောင်း၊ (ခ) နမဟာဇုတိကော ဟောတိ - ၌ အဘယ်ကြောင့် နမဟာဇုတိက ဖြစ်သည်ကို လည်းကောင်း အသီးသီး ရေးသားလိုက်ပါ။ ၁၀ – မှတ်စီ

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) ဒီဃနိကာယ (ပါထိကဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇-ခုနှစ် ပြာသိုလပြည့်ကျော် ၁၁-ရက်။ (၂၆-၁-၇၆)

---

(၁) အထ ဘဂဝါ (လ) မဇ္ဈိမာဘာဝေ အာဒီနဝဒဿနတ္ထံ အနေကပရိယာယေ-နာတိ အာဒိမာဟ-၌ ယူရမည့် အာဒီနဝ, မယူရမည့် အာဒီနဝကို ပြည့်စုံစွာ ရှင်းလင်း ဖော်ပြ၍/တုစ္ဆာတိ တုစ္ဆေန-ဟူ၍ သာမက အဘယ်အားဖြင့် အန္တောသာရ ဝိရဟိတေန-ဟူ၍ အဋ္ဌကထာ မိန့်ဟသည်ကို ဖော်ပြပြီးလျှင်/ အဗ္ဘာစိက္ခန္တီတိ အဘိ အာစိက္ခန္တိ-၌ အဘိအာစိက္ခန္တိ ဟူသည်ကား အဘယ်ပါနည်း။

(၂) အထ ခေါ သန္ဓာနော ဂဟပတိ ဒိဝါဒိဝဿ ရာဇဂဟာ နိက္ခမိ-၌ ဒိဝါ၏ သရူပတ္ထနှင့် တကွ ဒိဝ မည်သည် အဘယ် ဖြစ်သည်ကို ပြ၍ / ယေန သုမာဂဓာယ တီရေ မောရနိဝါပေါ တေနုပသင်္ကမိ-ပါဠိ၌ အဘယ် ရေကန်သည် သုမာဂဓ အမည် ရှိသည်ကို ဖော်ပြပြီးလျှင်/ပုန စ ပရံ နိဂြောဓ တပဿီ ကိဉ္စိဒေဝ ပဋိစ္ဆန္နံ သေဝတိ-ပါဠိ၌ ကိဉ္စိဒေဝ၏ သရူပတ္ထကိုလည်း ပြည့်စုံအောင် ဖော်ပြခဲ့ပါ။

(၃) အတ္တဒီပသရဏကထာ-လာ ဘဒ္ဒန္တေတိ တေ ဘိက္ခူ ဘဂဝတော ပစ္စဿောသုံ-ပါဠိ၌ တေ ဘိက္ခူ အရ အဘယ် ရဟန်းတို့ကို ယူရမည်ကို ကျနစွာ ဖော်ပြ၍/ သုနိသေခံ နိသေဓေယျန္တိ သုဋ္ဌု နိသိဒ္ဓံ နိသေဓေယျံ-၌ သုဋ္ဌု နိသိဒ္ဓံ ဟူသည် အဘယ် ဖြစ်သည်ကို ပြပြီးလျှင်/ သမ္မောဒန္တိ မိဿီဘာဝံ-၌ မိဿီဘာဝံ၏ သဘာဝကိုလည်း ကျနစွာ ဖော်ပြခဲ့ပါ။

(၄) ဟီနသမ္မတံ ခေါ ပန ဝါသေဋ္ဌ တေန သမယေန ဟောတိ-ပါဠိ၌ ဟီနသမ္မတံ ပုဒ်၏ အာကာရတ္ထနှင့် တကွ ဟီနသမ္မတံ၏ အကြောင်းရင်းကို ဖော်ပြ၍/အဂ္ဂညေနာတိ အဂ္ဂန္တိ ဉာတေန-ဟူ၍သာမက အဘယ်ကို ပြခြင်းငှာ အဂ္ဂေါ ဉာတေန (လ) အပေါ သီတိ-ဟူ၍ အဋ္ဌကထာ မိန့်ဆိုဘိသည်ကို ပြပြီးလျှင်/သုဒ္ဒါသုဒ္ဒါတိ တေန လုဒ္ဒါစာရကမ္မ ခုဒ္ဒါစာရကမ္မုနာ-၌ အဘယ်သည် လုဒ္ဒါစာရကမ္မ, ခုဒ္ဒါစာရကမ္မ ဖြစ်သည်ကိုလည်း ခွဲခြား၍ ဖော်ပြခဲ့ပါ။

(၅) နိမိတ္တေန အာဒိဿတီတိ (လ) ဣဒံ နာမ ဘဝိဿတီတိ ကထေတိ-၌ ဣဒံ-နာမ ဘဝိဿတိ-ဟူ၍ မိန့်ဆိုခြင်း အကြောင်းကို ဖော်ပြ၍/ ပုန စ ပရံ ဘန္တေ (လ) သဒ္ဒံ သုတွာ အာဒိသတိ-၌ သဒ္ဒံ အရကို စုံလင်စွာ ဖော်ပြပြီးလျှင်/ န စ ကာမေသု ဂိဒ္ဓေါ-ဟူသော ပါဠိတော်ကို ဝတ္ထုကာမ ကိလေသကာမေသု အဂိဒ္ဓေါ-ဟူ၍ အဋ္ဌကထာ ဖွင့်ဆိုခြင်း အကြောင်းကိုလည်း ရှင်းပြခဲ့ပါ။

(၆) ယံ တံ ဘန္တေ (လ) ပုရိသ ဓောရယှေန အနုပ္ပတ္တံ တံ ဘဂဝတာ-၌ ဓုရ အရ

ဓမ္မာရဟ္ အရတို့ကို ကျနစွာဖော်ပြ၍/ အတီတံ စေပိ စုန္ဒ ဟောတိ (လ) န တံ တထာ-ဂတော ဗျာကရောတိ – ၌ န တံ တထာဂတော ဗျာကရောတိ အရ အဘယ်ကို ဘုရားရှင်တို့ ဆိုတော်မမူသည်ကို ပြပြီးလျှင်/ ဥဗ္ဗေဂဘာယ ဥတ္တာသဘာယ သဘောများကိုလည်း ခွဲခြား၍ ဖော်ပြခဲ့ပါ။

(၇) ပါဏာတိပါတကို အဘယ်ကြောင့် ကမ္မကိလေသ ဟု ဆိုရသနည်း—ရေးပြီးလျှင်/ သိင်္ဂါလသုတ် တေဿ ဂေဟေ ဒါရိကာ ဒိန္နာပိ တေဿ ဂေဟတော အာဂ-တာပိ အမေ့ဟ် ၆၀ ပေါသိဘဗ္ဗာ ဘဝိဿတိဝေ ဟု အဋ္ဌကထာ အဘယ့်ကြောင့် ဖွင့်ဆိုရသည်ကို လည်းကောင်း အညဒတ္ထုဒဿ ဟောတိ · ပါဠိ၏ အဓိပ္ပါယ်ကို လည်းကောင်း အဋ္ဌကထာအလိုကျ ရေးသားခဲ့ပါ။

(၈) အာဋာနာဋိယ သုတ် သဗ္ဗေ ဝုသိဘာဂန္တော သဗ္ဗေ ဝိမုတ္တာ ဟူသော အဋ္ဌကထာအဖွင့်၌ ဝိမုတ္တာ အရ အဘယ်တို့၏ အစွမ်းဖြင့် လွတ်သည်ကို ဆိုပါသနည်း–ရေးသားပြီး/ သဘာပိ တဋ္ဌ သာလပေတိနာမ –၌ သဘာပါဠိ၏ သန္ဓာယဘာသိတကို ရေး၍/ သာဓေဠဂိနာမ ပေါက္ခရဏီ သဒါ နိရန္တရံ သောဘတိ အဋ္ဌကထာ အရ ဓရဏီ ရေကန်သည် အဘယ်ကြောင့် မပြတ် ကင့်တယ်သည်ကိုလည်း ရေးခဲ့ပါ။

(၉) တီဏိ စောဒနာ ဝတ္ထူနိ ဒိဋ္ဌေန သုတေန ပရိသင်္ကာယ –၌ ဒိဋ္ဌ သုတ ပရိသင်္ကိတ တို့၏ ဘေဒကို ဖော်ပြပြီး/ (က) အယမတ္ထော သင်္ခေပေါ၊ (ခ) ဝိတ္ထာရော ပန သမန္တ ပါသာဒိကာယံ ဂုတ္တနယေနေဝ ဝေဒိတဗ္ဗော ဟူသော အဋ္ဌကထာစကားတို့ကို ဋီကာရှင်ရှင်းပြချက် အတိုင်း အသီးသီး ဖြေဆိုခဲ့ပါ။

(၁၀) စေတောခိလသုတ် ဓိတ္တသ ထဒ္ဓဘာဝ ဟု ဖွင့်သော အဋ္ဌကထာ၏ အာဘောဂကို ဖော်ပြပြီးလျှင်/ စေတောခိလ အရ တရားကိုယ်ကို ရေး၍/ ဣဓာဂုသော ဘိက္ခု သတ္ထရိ ကင်္ခတိ –၌ သတ္ထရိ ကင်္ခတိ အရ ဘုရားရှင်၌ ယုံမှားပုံကို အဋ္ဌကထာရှင် ရှင်းပြချက် အတိုင်း ရေးခဲ့ပါ။

(၁၁) သင်္ဂီတိ သုတ်လာ အကုပ္ပ အသင်္ခတံ နိဗ္ဗာနံ အဘိဇာယတိ –၌ အဘယ့်ကြောင့် နိဗ္ဗာန်ကို အကုပ္ပ အသင်္ခတ ဆိုသည်ကို လည်းကောင်း၊ အထက်ပါ ပါဠိ၌ နိဗ္ဗာနံ အရ အဘယ်ကြောင့် အဘယ်ကို ယူရသည်ကို လည်းကောင်း ရေးပြီးလျှင်/ အောက်ပါ ပေယျာလကိုလည်း ဖော်ပြခဲ့ပါ။

နဝ အက္ခဏာ အသမယာ (ပ) အယံ ပဌမော အက္ခဏော။

(၁၂) ဒသုတ္တရသုတ်လာ အာနန္တရိကော စေတောသမာဓိ အယံ ဧကော ဓမ္မော ဒုပ္ပဋိဝိဇ္ဈော - ဤပါဠိတော်ကို ဆရာနည်းကျကျ အနက်ပေးပြီးလျှင်/ သမထော စ ဝိပဿနာစ—ဤနှစ်ပုဒ်တို့ကို သင်္ဂီတိသုတ်၌ လောကီ လောကုတ္တရာ ဟု ဆိုအပ်ကုန်၏၊ ဤ ဒသုတ္တရသုတ်၌ အဘယ့်ကြောင့် ပုဗ္ဗဘာဂ ဟု ဆိုသနည်း—ဖြေရှင်းခဲ့ပါ။ ၁၀–မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၁) ဒီဃနိကာယ (သီလက္ခန္ဓ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၈-ခုနှစ်၊ တပို့တွဲလဆန်း ၃-ရက်။ (၂၁-၁-၇၇)

---

(၁) သုတ္တန္တပိဋကေ ပရိယုဋ္ဌာနပ္ပဟာနံ ဟူသော အဋ္ဌကထာလာ စကားကို ဋီကာ အလိုကျ ပြည့်စုံစွာ အနက်ပေး၍ ဆိုလိုရင်းကိုပါ ရှင်းပြပြီးလျှင်/ ဣတရေသု ဝိက္ခမ္ဘန သမုစ္ဆေဒပ္ပဟာနာနိ-၌ ဣတရေသု အရတို့၏ ဝိက္ခမ္ဘနပဟာန သမုစ္ဆေဒပဟာန ဖြစ်ပုံကို လည်း ပြည့်စုံစွာ ခွဲခြား၍ ကျနစွာ ဖော်ပြပါ။

(၂) တတ္ထ သံကိလိဋ္ဌစိတ္တဿ ပရေသံ ဝါ ဘေဒါယ အတ္တနော ပိယကမျတာယ ဝါ (လ) စေတနာ ပိသုဏာဝါစာ-၌ သံကိလိဋ္ဌ စိတ္တဿ ပုဒ်ကိုသာ ဋီကာ အလိုကျ အနက်ပေးလျက် ဆိုလိုရင်းကိုပါ ရှင်းပြ၍/ စေတနာ ပိသုဏာဝါစာ မည်သည် မည်သို့ ယူဆ မှတ်သားရမည်ကို ပြပြီးလျှင်/ အဘယ်စကားသည် လောကက္ခာယိက စကား ဖြစ် သည်ကိုလည်း ခွဲခြား၍ ကျနစွာ ဖော်ပြပါ။

(၃) သမ္မာ ဝဒမာနာ ဝဒေယျုံ-ပါဠိ၌ သမ္မာပုဒ်ကိုသာ အဋ္ဌကထာ အလိုကျ အနက်ပေး၍/ ယသ္မိံ မနသိကာရေ ဌိတဿ ပုဗ္ဗေနိဝါသာနုဿတိဉာဏံ ဣဇ္ဈတိ အယံ ဣမသ္မိံ ဌာနေ မနသိကာရောတိ အဓိပ္ပါယော-၌ ဣမသ္မိံ ဌာနေဖြင့် အဘယ်ကို ပြသည်ကို ရေးပြီးလျှင်/ တထာရူပံ စေတောသမာဓိံ-၌ သမာဓိ အရကိုလည်း ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

(၄) နမရတီတိ အမရာ-၌ နမရတိ ပုဒ်ကိုသာ အဋ္ဌကထာနည်း၊ ဋီကာနည်း၊ ဆရာ နည်းတို့ဖြင့် ကျနစွာ အနက်ပေး၍/ ဝါစာဝိက္ခေပံ အာပဇ္ဇတိ-၌ ဝါစာဝိက္ခေပ အရကို ကောက်ပြပြီးလျှင်/ ကေဝလဉ္စ တတ္ထ သညီ အတ္တာတိ ဂဏှန္တာနံ တာဒိဋ္ဌိယော၊ ဣဓ အသညီတိ စ နေဝသညီနာသညီတိ စ တတ္ထ န ကေဝလံ ကာရဏံ ပရိယေသိတဗ္ဗံ-၌ တတ္ထ န ကေဝလံ ကာရဏံ ပရိယေသိတဗ္ဗံ ဟူသော စကားကို မိန့်ဆိုထားပုံကိုလည်း ကျိုးကြောင်း သင့်၍ ရှင်းပြခဲ့ပါ။

(၅) ဣတိ ရူပကာယသိဒ္ဓေန မနုဿတ္တဘာဝံ အတ္တာတိ ဝဒတိ-၌ ဣတိပုဒ်ကိုသာ မှန်ကန်စွာ အနက်ပေးလျက်/ ရူပကာယဝသေန ဟု မဆိုဘဲ ရူပကာယသိဒ္ဓေန ဟု ဆိုသော ကြောင့် အဘယ်ကို သိစေလိုသည်ဟု ရေး၍/ ရူပီ ကာမာဝစရော-၌ ကာမာဝစရအရကို အကြောင်းနှင့်တကွ ဖော်ပြပြီးလျှင်/ အထေကသ္မိံ သမယေ ဒေဝဒတ္တော ရဟော ဂတော စိန္တေသိ-၌ စိန္တနာကာရများကိုလည်း ကုန်စင်အောင် ဖော်ပြခဲ့ပါ။

(၆) ကတမေ သတ္တ ပထဝီကာယော အာပေါကာယော စသော ပါဠိ၌ ပထဝီ ကာယော ပုဒ်ကိုသာ မုချာမုချ ခွဲခြား အနက်ပေးပြ၍/ ကိံ ကရောမိ၊ ကိံ ကရောမီတိ ဧဝံ ကိံကာရဏာမေဝ ပဋိသုဏန္တော ဝိစရတီတိ ကိံကာရပဋိဿာဝီ-၌ ပဋိသုဏန္တော

ဝိစရတိ ဟူ၍ အဋ္ဌကထာ မိန့်ဟခြင်း၏ နှလုံးသွင်းကို ရှင်းပြပြီးလျှင်/ မနာပစာရီ-၌ မနာပ၏ အဘိဓေယျတ္ထကိုလည်း ကျနစွာ ကောက်ပြခဲ့ပါ။

(၇) ကဏှာတိ ကဏှာ ဟူ၍ ဖွင့်ဆိုခြင်း၌ အဘယ်ကို သိစေသည်၊ ကာဠကာတိ အဝတ္တာ ဟု ဆင့်၍ တဖန် ဖွင့်ခြင်းမှာလည်း မည်သည့် အဓိပ္ပာယ်ကို သိစေသည်ဟု အသီးသီး ရေးပြီးလျှင်/ ပဌမကပ္ပိကာနံ ကိရ ရဒညာ မဟာသမ္မတဿ ရောဇောနာမ ပုတ္တော အဟောသိ-၌ မဟာသမ္မတ၏ အဓိပ္ပာယ်ကိုလည်း ဋီကာ အလိုကျ ရေးပြခဲ့ပါ။

(၈) ဓမ္မစက္ခုံ ဥဒပါဒိ ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓဓမ္မန္တိ-၌ ဓမ္မစက္ခုံ အရ အဘယ်ကို ယူရမည်၊ ယံ ကိဉ္စိ သမုဒယဓမ္မံ သဗ္ဗံ တံ နိရောဓ ဓမ္မံ-ဖြင့် အဘယ်ကို ပြသည်ဟု ရေးပြီးလျှင် / အနုသာသနိဘေဒ္ဓာ သယံဝါ ဥပ္ပါဒိတော သံဃော အဿ အတ္ထီတိ သံဃီ-၌ (က) အနုသာသနိဘေဒ္ဓသံဃာ (ခ) သယံဥပ္ပါဒိတသံဃာ အရ တို့ကိုလည်း ဖော်ပြခဲ့ပါ။

(၉) ပဟူတ ဓနဓညော ပရိပုဏ္ဏကောသ ကောဋ္ဌာဂါရော-၌ ပဟူတဓန ဓည၏ အဓိပ္ပာယ်ကို အဋ္ဌကထာရှင် အလိုတော်ကျ ရှင်းလင်းပြပြီးလျှင်/ ကူဋဒန္တသုတ်၌ ပဌမ ဈာန် စသည့်ဘိုး၏ ယည ပည်ခြင်း အကြောင်းကို လည်းကောင်း၊ ဝိပဿနာဉာဏ်၏ (က) အပ္ပဋ္ဌ အပ္ပသမာရမ္ဘ ဖြစ်ပုံ အကြောင်း နှင့် (ခ) ယည မည်ခြင်း အကြောင်းကို လည်းကောင်း ရေးသား ဖြေဆိုခဲ့ပါ။

(၁၀) နတ်ပြည်မှ စုတိကြသော နတ်တို့၏ စုတိကျနိုင်သော အကြောင်းများကို ဖော်ပြပြီးလျှင် / ဿောယက နတ်သား သည် အဘယ်အကြောင်းကြောင့် စုတိသည်ကို ရေး၍/ သတ္တော သဿတော အာဟုတိ-အဋ္ဌကထာ ပါဠိဖြင့် အဘယ်အဓိပ္ပာယ်ကို ဆိုပါသနည်း၊ ရှင်းလင်း ဖြေဆိုခဲ့ပါ။

(၁၁) တဿ နဂရဿ အဝိဒူရေ ကာဠု ကဏ္ဍသိနာမ ကော ရမဏီယော ဘူမိဘာဂေါ အတ္ထိ-၌ ရမဏီယ အရ နှလုံးမွေ့လျော်ဘွယ်ရာ အကြောင်းများကို ရေးပြီးလျှင် / ကော် သမယံ ဘဂဝါ ဥရုညာယံ ဝိဟရတိ ကာဠု ကဏ္ဍသေ မိဂဒါယေ-ဟူသော ပါဠိတော်ကို ဆရာနည်းကျ ကျ အနက်ပေး၍ / အောက်ပါ ဝေယျာသကိုလည်း ဖော်ပြခဲ့ပါ။

အဒ္ဒသာ ခေါ ပေါက္ခရသာတိ (ပ) ပရိဗ္ဗာဇကော တုဏှီ အဟောသိ။

(၁၂) အညာတရံ မာဏဝကံ အာမန္တေသိ-၌ မာဏဝကာယ် 'က' - သဒ္ဒါသည် မည်သည့် အနက်၌ ဖြစ်သည်ကို ဥပမာပုဒ် ထုတ်၍ ဖြေပြီးလျှင်/ အာဗာဓေတိ ဝိသဘာဂဝေဒနာ ဝုစ္စတိ ဟု အဋ္ဌကထာ ဖွင့်ရာ၌ ဝေဒနာအရ အဘယ်ဝေဒနာကို ယူရသည် - ထိုဝေဒနာကို အဘယ့်ကြောင့် ဝိသဘာဂဝေဒနာ ဟူ၍လည်းကောင်း အာဗာဓ ဟူ၍လည်းကောင်း ဆိုရသည်ကိုလည်း ရေးခဲ့ပါ။ ၁၀ — မှတ်မီ

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၂) ဒီဃနိကာယ (မဟာဝဂ္ဂ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၈ - ခုနှစ်၊ တပို့တွဲလဆန်း ၅ - ရက်။ (၂၃-၁-၇၇)

—

(၁) ကဿပမြတ်စွာဘုရား၏ ဝိဟာရဘူမိဂ္ဂဟဏ မနပရိစ္ဆေဒ နှင့် ဒိန္နပြဋ္ဌာက အမည်ကို ရေး၍/ တတ္ထ အဋ္ဌသမာပတ္တိယော သယံ ဝိက္ခမ္ဘိတေဟိ နိဝရဏာဒိဟိ ဝိမုတ္တတ္တာ ဝိက္ခမ္ဘနဝိမုတ္တိတိ သင်္ချံ ဂစ္ဆန္တိ၊ နိဝရဏာဒိဟိ အရကို ကုန်စင်အောင် ဖော်ပြပြီးလျှင်/ နိဗ္ဗာနံ (လ) ၌ ဒူရေ ဌိတတ္တာ၊ နိဿရဏ ဝိမုတ္တိတိ သင်္ချံ ဂစ္ဆတိ - ၌ ဒူရေ ဌိတတ္တာ ဟူ၍ မိန့်ဟခြင်း အကြောင်းကိုလည်း ရှင်းပြခဲ့ပါ။

(၂) ရညော တာဝတိံသ ဘဝနေ ပတိဋ္ဌာမဟ္ဘာဃေဝ မနုဿတ္တဘာဝေ ဝိဂစ္ဆိ၊ ဒေဝဘာဝေ ပါတုရဟောသိ - ၌ မင်းကြီးအား နတ်၏ အဖြစ် ထင်ရှား ဖြစ်ပုံကို ပြည့်စုံစွာ ဖော်ပြ၍/ ဘူတာနံဝါ ဘူတတ္တာယ ၊ ပါဠိ၌ ဘူတ အရကို သမညာ ဝိသေသ ခွဲ၍ ဖော်ပြပြီးလျှင်/ ဇာတိနိဒ္ဒေသေ ဇာတိဝိဂမာ ဟူ၍ သာမက မည်သို့ အလိုအားဖြင့် ဇာတိအဘာဝါတိ အတ္ထော ဟူ၍ မိန့်ဟသည်ကိုလည်း ရှင်းပြခဲ့ပါ။

(၃) ပရိဂ္ဂဟောတိ တဏှာဒိဋ္ဌိဝသေန ပရိဂ္ဂဟဏကရဏံ - ၌ တဏှာ ဒိဋ္ဌိ၏ အစွမ်းဖြင့် သိမ်းဆည်းခြင်းကို ပြုပုံကို ပြည့်စုံစွာ ဖော်ပြ၍/ အဓိက ဝေါ နာမရူပံ ဂုဏ္ဍိ ဝိရုဠှိ ဝေပုလ္လံ အာပဇ္ဇိဿထာတိ - ၌ အဘယ်သည် ဝုဍ္ဎိ ဝိရုဠှိ ဝေပုလ္လ ဖြစ်သည်ကို ပြပြီးလျှင်/ အတယံဝါ ပန သန္တတိ အဘာဝ သဘာဝံ သပါနံ - ၌ အဘာဝ သဘာဝံ ဟူသည် အဘယ်ပါနည်း။

(၄) ယေ တေသံ သက္ကာရာဒိနိ န ကရောန္တိ (လ) ပဝေဏိကာယံ န ကထေန္တိ၊ သာရဘူတံ ဓမ္မပရိယာယံ န သိက္ခာပေန္တိ - ၌ အဘယ်သည် ပဝေဏိကထာ ဖြစ်သည်၊ သာရဘူတဓမ္မ ပရိယာယ ဖြစ်သည်ကို ရေး၍ / ယာဝကီဝဉ္စ ဘိက္ခဝေ ဘိက္ခူ ဥပ္ပန္နာယ တဏှာယ (လ) န ဝသံ ဂစ္ဆိဿန္တိ - ၌ အဘယ်ရဟန်းသည် အလိုနိုင်ငံသို့ မလိုက်သည် မည်သည်ကို ပြည့်စုံစွာ ဖော်ပြပြီးလျှင်/ ပစ္စတ္တညေဝ သတိံ ဥပဋ္ဌပေဿန္တိတိ၊ အတ္တနာဝ အတ္တနော အဗ္ဘန္တရေ သတိံ ဥပဋ္ဌပေဿန္တိ - ၌ အတ္တနာဝ - ဖြင့် အဘယ်ကို ပြသည်ကိုလည်း ရေးခဲ့ပါ။

(၅) အသ ခေါ ဘဂဝါ ရာဇဂဟေ ယထာဘိရန္တံ ဝိဟရိတွာ - ၌ ယထာဘိရန္တံ ဟူသည် မည်သို့ ဆိုလိုသည်ကို ရှင်းပြ၍/ တာ ပူဇိတာ ပူဇယန္တိ၊ မာနိတာ မာနယန္တိ နံ - ၌ ပူဇာ ပဋိပူဇာ – မာန ပဋိမာန တို့၏ ကွဲပြားခြားနားကို ရေးပြီးလျှင်/ အပေ့ ကစ္စေ ဥဋ္ဌာနံ ပရိယေသန္တိ - ၌ အဘယ်သည် ဥဋ္ဌာန ဖြစ်သည်ကိုလည်း ပြည့်စုံစွာ ပြခဲ့ပါ။

(၆) သတော သမ္ပဇာနော အဓိဝါသေသီတိ သတိံ သူပဋ္ဌိတံ ကတွာ ဉာဏေန

ပရိစ္ဆိန္ဒိတွာ အဓိဝါသေသိ-၌ ဉာဏ်ဖြင့် ပိုင်းခြားပုံ သည်းခံပုံများကို ကျနစွာ ဖော်ပြ၍/ တမေဝ ဓမ္မံ ဓာရေန္တီတိ ဓမ္မဓရာ-၌ ဓာရေန္တိ အဓိပ္ပာယ်ကို ဥပမာနှင့် တကွ ဖော်ပြပြီးလျှင်/ သာမိစိပ္ပဋိပန္နာတိ အနုစ္ဆဝိကပဋိပဒံ ပဋိပန္နာ-၌ အနုစ္ဆဝိက ပဋိပဒါ ဟူသည် အဘယ်ကို ဆိုပါသနည်း၊ ကုန်စင်အောင် ဖော်ပြခဲ့ပါ။

(၇) ဓမ္မော ပါသာဒေါ ဒုဒ္ဒိက္ခော အဟောသိ-၌ အဘယ်ကြောင့် ဒုဒ္ဒိက္ခ ဖြစ်ရသနည်း—ရေး၍/ ဧဝံ အဒ္ဓုဝါ ခေါ အာနန္ဒ သင်္ခါရာ၊ ဧဝံ အနဿာသိကာ ခေါ အာနန္ဒ သင်္ခါရာ-၌ သင်္ခါရတို့၏ အဒ္ဓုဝ အနဿာသိက အဖြစ်ကို ဥပမာနှင့် တကွ ရှင်းပြပြီးလျှင်/ အောက်ပါ ပေယျာလကိုလည်း ဖော်ပြလိုက်ပါ။

ကာယေသု တေဇေန (ပ) စက္ကဝါဠေ ပရာမ္မရာ။

(၈) န ပနဿ ဧဝရူပေါ သတ္တာ နာဟောသီတိ ဝါ ဘဝိဿတီတိ ဝါ လဒ္ဓိ အဟုဝိ-၌ အဘယ်သူသည် အဘယ်ကြောင့် ဤသို့ သဘောရှိသော အယူမရှိသည်ကို ဆိုပါသနည်း— ရေး၍/ အတိသမဘော ဝိသေသော နတ္ထိ-ပါဌ်ဖြင့် အဘယ်ကို ပြသည်ကို ရေးပြီးလျှင်/မဟာဂေါဝိန္ဒသုတ်လာ သတ္တစ ဗြာဟ္မဏမဟာသာလေ-ပါဌ်၏သန္နာယဘာသိတကိုလည်းရေးခဲ့ပါ။

(၉) ပုတ္တာပိ တဿာဟိ တဿာပိ တာဒိသာယေဝ ပုတ္တာ ဟူသော အဋ္ဌကထာ၌ တဿ အရကိုလည်းကောင်း၊ တာဒိသာယေဝ အရ အဘယ်အားဖြင့် တူသည်တို့ကိုလည်းကောင်း ရေးပြီးလျှင် / အစ္ဆန္ဒိကာ အာဗဗ္ဗာ-၌ အဘယ်ကြောင့် အာဗဗ္ဗ ဖြစ်ရသည်ကိုလည်းကောင်း၊ တေ စ အာတပ္ပမကာရုံ-၌ အဘယ်သို့ ဝင်ခြင်းငှာ အားထုတ်မှုကို ပြုရသည်ကိုလည်းကောင်း ရေးခဲ့ပါ။

(၁၀) မဂ်နှင့် နိဗ္ဗာန်ကို တဏှာသင်္ခယ ဟူ၍ အဋ္ဌကထာ ဆို၏၊ အဘယ့်ကြောင့်ပါနည်း၊ အသီးသီး ရှင်းပြပြီးလျှင်/ အောက်ပါ ဂါထာကိုလည်း ထည့်သင့်သည့်ပါဌ် ထည့်စပ်၍ အနက်ပေးခဲ့ပါ။

( ၁၁ ) အနာထပိဏ္ဍိကောဝါဒသုတ်လာ န ခေါ ဂဟပတိ ဂိဟီနံ ဩဒါတဝသနာနံ ဧဝရူပီ ဓမ္မိကထာ ပဋိဘာတိ ဟူသော စကားရပ်၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ဖော်ပြပြီး လျှင်/ ကမ္မံ ဝိဇ္ဇာ စ ဓမ္မော စ သီလံ ဇီဝိတ မုတ္တမံ-၌ ကမ္မ, ဝိဇ္ဇာ, ဓမ္မ အရတို့ကိုလည်း ဖြေဆိုခဲ့ပါ။

( ၁၂ ) ဆဆက္က သုတ်၌ အယံ ခေါ ပန ဘိက္ခဝေ ဟူသော ဒေသနာကို အဘယ်အကျိုး ငှာ မြတ်စွာဘုရား အားထုတ်တော်မူသည်ဟု ဝါဒအထွေထွေဖြင့် ဖြေဆိုပြီးလျှင် / သေယျာထာပိ အာနန္ဒ ဤသကံ ပေါဏေ ပဒုမပလာသေ ဥဒကဖုသိတာနိ ပဝတ္တန္တိ န သဏ္ဌန္တိ-၌ ဤသကံပေါဏေ-၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ ဋီကာ အလိုကျ ရေးသားခဲ့ပါ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) မဇ္ဈိမနိကာယ ( မူလပဏ္ဏာသ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၄- ခုနှစ်၊ ပြာသိုလပြည့်ကျော် ၈ - ရက်။ ( ၂၆-၁-၇၃ )

---

( ၁ ) သဗ္ဗာသဝသုတ်လာ ဇာနတော အဟံ ဘိက္ခဝေ ပဿတော အာသဝါနံ ခယံ ဝဒါမိ - ၌ ဇာနတောနှင့် ပဿတောတို့၏ တူပုံ ထူးပုံ အလုံးစုံကို ထင်ရှားအောင် ဖော်ပြပြီးလျှင်/ ဓမ္မဒါယာဒသုတ်လာ ဗာဟုလိကာ စ ဟောန္တိ သာထလိကာ ဩက္ကမနေ ပုဗ္ဗင်္ဂမာ ပဝိဝေကေ နိက္ခိတ္တဓုရာ - ၌ ဩက္ကမနေ ပုဗ္ဗင်္ဂမ နှင့် ပဝိဝေကေ နိက္ခိတ္တဓုရာ ပုဒ်တို့၏ လိုရင်း အဓိပ္ပာယ်ကိုလည်း ရေးခဲ့ပါ။

( ၂ ) ဓမ္မဒါယာဒသုတ်လာ ယတ္ထ သာရမ္ဘတို့၏ လက္ခဏာ ရသ ပစ္စုပဋ္ဌာန်တို့ကို ထုတ်ပြ၍/ ၎င်းတို့၏ အထူးကို ရှင်းလင်းပြီးလျှင်/ဘယဘေရဝသုတ်လာ အရည ဝနပတ္ထာနိ အရဝနပတ္ထ မည်သော အရပ်မျိုးကိုလည်း ညွှန်ပြလိုက်ပါ။

( ၃ ) လောကုတ္တရာသရဏဂုံသည် အဘယ် ပုဂ္ဂိုလ်တို့အား အဘယ် ခဏ၌ အဘယ်သို့သော အခြင်းအားဖြင့် ပြည့်စုံသည်ဟု ညွှန်ပြပြီးလျှင်/ အာကင်္ခေယျသုတ်လာ အာစာရ-ဂေါစရသမ္ပန္နာ - ၌ အာစာရ ဂေါစရ အကျင့် နှစ်မျိုးကိုလည်း ကွဲပြားအောင် ထုတ်ပြပါ။

( ၄ ) သေယျထာပိ ဘိက္ခဝေ ဝတ္ထံ သံကိလိဋ္ဌံ နေဝဿဘံ ဟောတိ အန္တရာယာယ ဟူသော ဝတ္ထသုတ်၌ ဥပမာန ဥပမေယျ နှိုင်းနှော့ပြ၍/ သမ္မာဒိဋ္ဌိသုတ်လာ သင်္ခါရသမုဒယာ ဝိညာဏသမုဒယော - ဟူသော စကားအရ အဘယ် သင်္ခါရသည် အဘယ် ဝိညာဏ်၏ အကြောင်း ဖြစ်သည်ဟုလည်း ပြည့်စုံအောင် ဖော်ပြပါ။

( ၅ ) မဟာသတိပဋ္ဌာနသုတ်လာ အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ - အရ သမ္ပဇာဉ်အပြား လေးပါးတွင် သာတ္ထကသမ္ပဇာဉ် ဟူသည် အဘယ်နည်း၊ သာတ္ထက၌ အတ္ထ အရ အဘယ်ကို ယူရမည်နည်း၊ ပြည့်စုံအောင် ဖော်ပြပြီးလျှင် / ဒသဗလဉာဏ် နှင့် သဗ္ဗညုတဉာဏ် အထူးကိုလည်း ရေးခဲ့ပါ။

( ၆ ) မဟာဒုက္ခက္ခန္ဓသုတ်၌ ကော စ ဘိက္ခဝေ ကာမာနံ အဿာဒေါ - စသည်ကို အဘယ့်ကြောင့် ဘုရားရှင် ဟောတော်မူသည်ဟု ဖော်ပြ၍/ ဝေဒနာတို့၏ အဖြစ်ကို ညွှန်ပြပြီးလျှင်/ သော ဧဝ ခေါ တေ မဟာနာမ ဓမ္မော အဇ္ဈတ္တံ အပ္ပဟီနော - ဟူသော စူဠဒုက္ခက္ခန္ဓသုတ်၌ ယူသင့်သော အဇ္ဈတ္တကိုလည်း ဖြေဆိုခဲ့ပါ။

(၇) ရထဝိနီတသုတ်လာ အတ္တနာ စ ဝိမုတ္တိသမ္ပန္နော-၌ အဘယ်ကြောင့် အဘယ်ကို ယူရမည်ဟု ရေးပြီးလျှင်/ မဇ္ဈိမဒေသ၏ နယ်နိမိတ် ငါးပါးကိုလည်း ဖော်ပြလိုက်ပါ။

(၈) တေန ခေါ ပန သမယေန အာယသ္မာ စ အနုရုဒ္ဓေါ ဂေါသိင်္ဂသာလ ဝန-ဒါယေ ဝိဟရန္တိ-ဟူသော စူဠဂေါသိင်္ဂသုတ်၌ ဝိဟရန္တိ-အရ သန္ဓာယဘာသိတကို အဋ္ဌကထာ အာဘော်ကျ ရေးပြ၍/ စူဠဂေါပါလကသုတ်လာ အောက်ပါ ဂါထာပဒကိုလည်း အဋ္ဌကထာ အာဘော်ကျ အနက် ပေးပြခဲ့ပါ။

ခေမံ ပတ္တတ္ထ ဘိက္ခဝေါ။

(၉) စူဠသစ္စကသုတ်လာ ထူဏံ စေပါဟံ အစေတနံ ဝါဒေန ဝါဒံ သမာရဘေယျံ-၌ ထူဏံ အရ အဘယ် အမည် ဖြစ်သည်ဟု အကြောင်းပြ ဖြေဆိုပြီးလျှင် / ယော နုခေါ ဒုက္ခံ အလ္လီနော-ဝယ် ဒုက္ခ အရ- အလ္လီန အရတို့ကိုလည်း ရေးလိုက်ပါ။

(၁၀) မဟာသစ္စကသုတ်လာ ဘူတပုဗ္ဗံ ဘော ဂေါတမ သာရီရိကာယ ဦရုက္ခမ္ဘောပိ နာမံ ဘဝိဿတိ-၌ ဦရုက္ခမ္ဘ အရ ဖော်ပြ၍ / ယံ ခေါ တေ အဂ္ဂိဝေဿန ပုရိမံ ပဟာယ ပစ္ဆာ ဥပစိနန္တိ-ဟူသော စကားရပ်ကိုလည်း ပေါ်လွင်အောင် ရှင်းလင်းပြခဲ့ပါ။

(၁၁) မယံ ခေါ မာရိသ မောဂ္ဂလာန ဗဟုကိစ္စာ ဗဟုကရဏီယာ-အပိ စ ဒေဝါနံ ယေဝ တာဝတိံသာနံ ကရဏီယေန-ဟူသော စူဠတဏှာသင်္ခယသုတ်-၌ အယုတ်ဆုံး ပြုဘွယ် ကိစ္စကို ရေးပြီးလျှင်/ မြေမှု ဖြစ်နိုင်သော နတ်များ ရှိလျှင် အမည်နှင့် အဆုံးအဖြတ် ပေးနိုင်သူကိုလည်း ဖော်ပြလိုက်ပါ။

(၁၂) သာလေယျကသုတ်လာ ဣတိ အတ္တဟေတု ဝါ ပရဟေတု ဝါ-ဘာသိတာ ဟောတိ ၌ အတ္တ ပရ အရတို့ကို ရသင့်တိုင်း ရေး၍/ အထခွါသော ပုဗ္ဗေဝ တထာ စိတ္တံ ဘာဝိတံ ဟောတိ-၌ ပုဗ္ဗ အရ – စိတ္တ အရတို့ကိုလည်း ဖြေဆိုပါ။

# ( ၁ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၂) မဇ္ဈိမနိကာယ ( မဇ္ဈိမပဏ္ဏာသ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၄ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ - ရက်။ ( ၂၈-၁-၇၃ )

---

( ၁ ) ဥပါလိသုတ်လာ ယဒါ ဘဂဝါ အညာသိ ဥပါလိံ ဂဟပတိံ ကလ္လစိတ္တံ - ၌ ကလ္လစိတ္တန္တိ အရောဂစိတ္တံ ဟု အဋ္ဌကထာ ဖွင့်ဆိုရာ ဤ၌ စိတ်ရောဂါ အရ ယူသင့်သော တရားကို ရေး၍/ အထ ခေါ ဥပါလိ ဂဟပတိ ဒိဋ္ဌဓမ္မော-မျှ ကိုသာ မဟောပါဘဲ ပတ္တဓမ္မော ဝိဒိတဓမ္မော ပရိယောဂါဠှဓမ္မော-တို့ဖြင့် အဘယ် အကျိုးငှာ ဘုရားရှင် ထပ်ဆင့် ဟောတော်မူသည် ဟုလည်း ဖြေဆိုပါ။

( ၂ ) လဋုကိကောပမသုတ်လာ ဣဓ ပနုဒါယိ ဧကစ္စော ပုဂ္ဂလော ဥပဓိဒုက္ခဿ မူလန္တိ ဣတိ ဝိဒိတွာ နိရုပဓိ ဟောတိ ဥပဓိသင်္ခယေ ဝိမုတ္တော - ၌ ဥပဓိ သရုပ်နှင့် ဥပဓိ နိရုပဓိ တို့၏ အရကို ထုတ်ပြပြီးလျှင် / အဘယ်သို့သော အခြင်း အားဖြင့် လွတ်ခြင်းကို ဝိမုတ္တ ခေါ်ဆိုသည် ဟုလည်း ရေးခဲ့ပါ။

( ၃ ) ဂေါလိယာနိသုတ်လာ သစေ အာဝုသော အာရညိကော ဘိက္ခု ဥတ္တရိမနုဿ ဓမ္မေ ပဉှံ ပုဋ္ဌော န သမ္ပာယတိ - ၌ ဥတ္တရိမနုဿဓမ္မဖြင့် အဘယ်တရားကို ညွှန်ပြသည် ဟု အကြောင်းနှင့် တကွ ဖော်ပြ၍/ အတ္ထိ ဘိက္ခဝေ စတုပ္ပဒံ ဝေယျာကရဏံ - ဟူသော ကီဋာဂိရိသုတ် အရ သန္ဓာယဘာသိတကိုလည်း ဖြေဆိုလိုက်ပါ။

( ၄ ) ဗဟူ ခေါ ပန ပူရဏဿ ကဿပဿ သာဝကာ ဝါဒံ အာရောပေတွာ အပက္ကန္တာ - စသော မဟာသကုလုဒါယီသုတ် ၌ အဘယ်သို့ ဖြစ်သည်ကို အပက္ကန္တ ခေါ်ဆိုသည်ဟု အပြည့်အစုံ ဖော်ပြပြီးလျှင် / ပုရိမာနိ ဘန္တေ ဒိဝသာနိ ပုရိမတရာနိ - အရ ပုရိမ ပုရိမတရ နေ့ကိုလည်း ရေးလိုက်ပါ။

( ၅ ) စူဠသကုလုဒါယီသုတ်၌ စင်စစ် ချမ်းသာသော လောကကို မျက်မှောက်ပြုရန် အတွက် အထောက်အထား ခိုင်လုံသော အကျင့် ဟူသည် အဘယ်ပါနည်း ဟု ဘုရားရှင်အား ဥဒါယီ လျှောက်ထားခြင်း အကြောင်းကို ရေးပြီးလျှင်/ ရဋ္ဌပါလသုတ်လာ ဦရုဗလီ ဗာဟုဗလီ တို့၏ အဓိပ္ပာယ်ကိုလည်း ဖော်ပြပါ။

( ၆ ) အင်္ဂုလိမာလသုတ်လာ ဖုဋ္ဌော ကမ္မဝိပါကေန၊ အဏဏော ဘုဉ္ဇာမိ ဘောဇနံ - ၌ ကမ္မဝိပါက အရကို အကြောင်းနှင့် တကွ ဖော်ပြ၍ / အဏဏပရိဘောဂ နှင့် သင်္ဂဟဝတ္ထု သရုပ်တို့ကိုလည်း ကုန်စင်အောင် ထုတ်ပြလိုက်ပါ။

(၇) ဓမ္မစေတိယသုတ်လာ အတ္ထိ ခေါ မေ ဘန္တေ ဘဂဝတိ ဓမ္မန္ဝယော ဟောတိ သမ္မာသမ္ဗုဒ္ဓေါ ဘဂဝါ (ပ) သာဝက သံဃောတိ - ဝယ် ဓမ္မန္ဝယ - ၌ ဓမ္မ အရ ယူသင့်သည်ကို ရေးပြီးလျှင်/ အဒ္ဓါ ဣမေ အာယသ္မန္တော တဿ ဘဂဝတော သာသနေ ဥဠာရံ ပုဗ္ဗေနာပရံ ဝိသေသံ ဇာနန္တိ - ၌ ပုဗ္ဗာပရ ဝိသေသ ဇာနနတို့ကို ခွဲခြား ဖြေဆိုလိုက်ပါ။

(၈) တေ ဝေမာဟံသု 'ဗန္ဓုက ရောဂေါ နော မဟာရာဇာ တိ' ဟူသော ဓမ္မ- စေတိယသုတ်၌ ဗန္ဓုကရောဂါ ဖြစ်ပုံကို သိသာရုံ ဖော်ပြ၍/ ဘုရားရှင်ထံ ဝင်ရောက် ခစားသော ကောသလမင်းကြီးသည် သံလျက်နှင့် သင်းကျစ်ကို ဒီဃကာရာယန စစ်သူကြီးထံ အပ်နှံခဲ့ခြင်း အကြောင်းနှင့် စစ်သူကြီး အကြံ ဖြစ်ပေါ်ပုံကိုလည်း ရေးခဲ့ပါ။

(၉) ဗြဟ္မာယုသုတ်လာ ပဏ္ဍိတော ဘိက္ခဝေ ဗြဟ္မာယုဗြာဟ္မဏော ပစ္စပါဒိ ဓမ္မ- ဿာနုဓမ္မံ - ၌ ဓမ္မ အနုဓမ္မ အရတို့ကို အသီး အသီး ဖြေဆိုပြီးလျှင် / အထော ဇာတိက္ခယံ ပတ္တော အဘိညာ ဝေါသိတော မုနိ - ၌ မုနိ အရ ယူရမည့် မုနိကိုလည်း အကြောင်းနှင့် တကွ ဖော်ပြလိုက်ပါ။

(၁၀) သေလသုတ်လာ အဘိညေယျံ - ဟူသော ဂါထာကို အဘယ်ကို သိစေလိုသောကြောင့် ဘုရားရှင် ဟောတော်မူသည်ဟုလည်းကောင်း, အဘိညေယျ အရ ယူသင့်သော တရားကိုလည်းကောင်း ရေးပြီးလျှင် / ကေဏိယ ရသေ့ကို ဘုရားရှင် အနုမောဒနာ ပြုသော နောက်ဆုံး ဂါထာကို ရေး၍ / သံဃော အရ ယူရမည့် သံဃာကိုလည်း အကြောင်းပြ ဖြေဆိုလိုက်ပါ။

(၁၁) အဿလာယနသုတ်၌ တိုင်းတပါးသား ပုဏ္ဏားလူမျိုး ငါးရာတို့သည် အဘယ်ကိစ္စကြောင့် သာဝတ္ထိပြည်၌ နေကြသည် ဟု ရေးပြီးလျှင် / သမဏော ခလု ဘော ဂေါတမော ဓမ္မဝါဒိ - ၌ ဓမ္မဝါဒီ၏ အဓိပ္ပာယ်ကိုလည်း ဖော်ပြလိုက်ပါ။

(၁၂) ဘောဝါဒိ နာမ သော ဟောတိ (ပ) အကိဉ္စနံ အနာဒါနံ - ဟူသော ဝါသေဋ္ဌသုတ်၌ အကိဉ္စန အနာဒါနတို့၏ အဓိပ္ပာယ်ကို ရှင်းပြ၍ / ဂမ္ဘီရပညာ နှင့် မေဓာဝီ တို့၏ ထူးခြားချက်ကို ရေးပြီးလျှင် / ဗြာဟ္မဏ ဗြဟ္မာ သက္က မည်နိုင်ခြင်း အကြောင်းတို့ကိုလည်း ဖြေဆိုလိုက်ပါ။

၁၀ — မှတ်စီ

# ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## ( ၃ ) မဇ္ဈိမနိကာယ ( ဥပရိပဏ္ဏာသ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၄ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ - ရက်။ (၃၀-၁-၇၃)

—

( ၁ ) ပဉ္စတ္တယသုတ်လာ ပရိဝေကာယ ပိတိယာ သမတိက္ကမာ နိရာမိသံ သုခံ ဥပသမ္ပဇ္ဇ ဝိဟရတိ - ၌ အဘယ်သုခကို အဘယ့်ကြောင့် နိရာမိသသုခ ခေါ်ဆိုသည် ဟု ရေး၍/ဣမေ ခေါ အာယသ္မန္တာနံ အတ္တတောစေဝ နာဝံ ဗျာဒ္ဓနတောစ နာဝံ - ဟူသော ကိတ္တိသုတ် အရ အနက် သဒ္ဒါ ထူးကြပုံကို ဖော်ပြပြီးလျှင် / မယုံ ခေါ အဝိဟေသာ ဘဝိဿတိ ပရဿစ ပုဂ္ဂလဿ ဥပဃာတော-၌ ဥပဃာတ ဒုစရိုက်ကိုလည်း ဥပမာနှင့် တကွ ရှင်းပြခဲ့ပါ။

( ၂ ) သာမဂါမသုတ် အောက်ပိုင်း၌ အဘယ်၏ အစွမ်းအားဖြင့်လည်းကောင်း အထက် ပိုင်း၌ အဘယ်သို့သော တရားတို့ကိုလည်းကောင်း ဘုရားရှင် ဟောဟော်မူသည်ဟု ညွှန်ပြ ပြီးလျှင်/ အာနေဉ္ဇသပ္ပါယသုတ်လာ မာရဿေသ ဝိသယော - ၌ ဝိသယော အရ ယူသင့် သည်ကို ရေး၍/အာယတနေ စိတ္တံ ပသီဒတိ - ၌ အာယတနသဒ္ဒါ၏ အနက် နှင့် အရကောက် တို့ကိုလည်း ကုန်စင်အောင် ထုတ်ပြလိုက်ပါ။

( ၃ ) သူတော်ကောင်းတို့၏ လားရာ ဂတိ ဖြစ်သော မြတ်သော လူ့အဖြစ် ဟူသည် အဘယ်နည်း — စူဠပုဏ္ဏမသုတ်လာ အမေးစကားကို စုံလင်အောင် ဖြေဆို၍/ အပျာပဇ္ဇ ဘန္တေ အတ္တဘာဝပဋိလာဘံ အဘိနိဗ္ဗတ္တယတော ပရိနိဋ္ဌိတာဘာဂါယ အကုသလာ ဓမ္မာ ပရိဟာယန္တိ၊ ကုသလာ ဓမ္မာ အဘိဝဍ္ဍန္တိ - ဟူသော သေဝိတဗ္ဗာသေဝိတဗ္ဗသုတ် အရ ပုထုဇဉ်ပုဂ္ဂိုလ် အတွက် ဥပမာ ဆောင်၍ ထင်ရှားအောင် ဖော်ပြခဲ့ပါ။

( ၄ ) ယံ ပုထုဇ္ဇနော သံသံ ဘိန္ဒေယျ ဟူသော ဗဟုဓာတုကသုတ် အရ ယူသင့်သော သံဃာနှင့် ကွဲပြားကြောင်း ငါးမျိုးတို့ကို ရေးပြီးလျှင်/ မဟာသုညတာနိသကသုတ်လာ တပြ ဘိက္ခဝေ သမ္မာဒိဋ္ဌိ ပုဗ္ဗင်္ဂမာ ဟောတိ - ၌ သမ္မာဒိဋ္ဌိ အပြားကို အဓိပ္ပာယ်နှင့် တကွ ရှင်း ပြ၍ / မိစ္ဆာသင်္ကပ္ပံ မိစ္ဆာသင်္ကပ္ပေါတိ ပဇာနာတိ - အရ သိနိုင်ပုံ အခြင်းအရာတို့ကိုလည်း ဖြေဆိုပါ။

( ၅ ) သော အဇ္ဈတ္တံ သုညတံ မနသိကရောတိ - ဟူသော မဟာသုညတသုတ် အရ ယူသင့်သော အဇ္ဈတ္တကို အဓိပ္ပာယ်နှင့် တကွ ဖော်ပြ၍/ ယံ ဘံ နေက္ခမ္မသုခံ ပဝိဝေကသုခံ - ၌ ပဝိဝေကသုခ အရကိုလည်း ညွှန်ပြပြီးလျှင်/ နိဂ္ဂယှ နိဂ္ဂယှာဟံ အာနန္ဒ ဝက္ခာမိ၊ ပဝယှ ပဝယှ အာနန္ဒ ဝက္ခာမိ၊ ယော သာရော သော ဌဿတိ - ကို အနက် ရေးပြီးလျှင်/ သာရ - အရကိုလည်း ဖြေခဲ့ပါ။

( ၆ ) အစ္ဆရိယ အဗ္ဘုတဓမ္မသုတ်လာ သတော သမ္ပဇာနော အာနန္ဒ ဗောဓိသတ္တော

တုသိတေ ကာယေ အဋ္ဌာသိ – အရ အခြားသော နတ်တို့သည် အားရှိသော ဇလ္လာရုံ လွှမ်းမိုး နှိပ်စက်မှုကြောင့် အာဟာရုပစ္ဆေဒ မရဏ ဖြစ်ကြသလို ဘုရားလောင်း၌ အဘယ့်ကြောင့် မဖြစ်သည်ဟု ပေါ်လွင်အောင် ရေးပြီးလျှင်/ လူသာမဏေအား ရဟန္တာ ဟု မပြောဆိုသင့်ပဲလျက် အထ အင္ဂမိယံ အညာ ဥဒပါဒိ - ဟု အစေလကကဿပအား ဗာကုလထေရ် ပြောဆိုရာ၌ အကြောင်းကို ပြည့်စုံအောင် ဖြေဆိုလိုက်ပါ။

(၇) ဒန္တဘူမိသုတ်လာ ဒန္တမရဏ အဒန္တမရဏ တို့ကို ဥပမာဆောင် ထင်ရှားအောင် ရေးပြီးလျှင် / ဝိပဿနာပါဒကာနိ ပန ဝဋ္ဋပါဒကာနိ ဘဝေါက္ကမနာနိစ ဟောန္တိ - ဟူသော အနုရုဒ္ဓသုတ် အရကိုလည်း ရှင်းပြခဲ့ပါ။

(၈) သင်္ခေတနိကံ အာဝုသော ပေါတလိပုတ္တကမ္မံ ကတွာ ကာယေန ဝါစာယ မနသာ သုခဝေဒနိယံ - ဟူသော မဟာကမ္မဝိဘင်္ဂသုတ် အရ သုခဝေဒနိယကမ္မကို အကြောင်းနှင့်တကွ ရှင်းပြ၍/ သဠာယတနဝိဘင်္ဂသုတ်၌ အတွင်း အပြင် အာယတန (၆)ပါးတို့ကို သိရမည်ဟု ဟောတော်မူရာ အဘယ်အရာဖြင့် သိရမည်၊ အဘယ်သို့ သိရမည်ဟု ဖော်ပြပြီး လျှင်/ အတမ္မယတံ ဘိက္ခဝေ နိဿာယ - ၌ တမ္မယ – တမ္မယတာ – အတမ္မယတာ တို့၏ အရ နှင့် အဓိပ္ပာယ်ကိုလည်း ထင်ရှားစွာ ဖြေဆိုပါ။

(၉) ဓာတုဝိဘင်္ဂသုတ်လာ ဆ ဓာတုယော အယံ ဘိက္ခု (ပ) စတုရာဓိဋ္ဌာနော - အရ စတုရာဓိဋ္ဌာနော၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ရေးပြီးလျှင်/ ပညံ နပ္ပမဇ္ဇေယျ အရ ပညာကို မမေ့ပျောက်နိုင်သောနည်း ရှိခဲ့လျှင် ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

(၁၀) ဓာတုဝိဘင်္ဂသုတ်၌ တဿေဝ ခေါ ပန အဝိဇ္ဇာနုသယော ဥပဓိ ဟောန္တိ - ဟူသော ဝါကျတွင် ဥပဓိ၏ အဓိပ္ပာယ် နှင့် အရတို့ကို အသီး အသီး ဖော်ပြပြီးလျှင် / ပုက္ကုသာတိ အမျိုးသားအား တန်ခိုးဖြင့် ပြီးသော သပိတ် သင်္ကန်း ဖြစ်မလာခြင်း အကြောင်းကိုလည်း ထင်ရှားအောင် ရေးလိုက်ပါ။

(၁၁) ဒက္ခိဏာဝိဘင်္ဂသုတ်လာ ယံ ဟာနန္ဒ ပုဂ္ဂလော ပုဂ္ဂလံ အာဂမ္မ - စသော ဒေသနာ အရ တည့်က ရှိခိုးခြင်း - ခရီးဦးကြိုပြုခြင်း စသည်ဖြင့် ဆရာအား ကျေးဇူး တုံ့ပြန်မှုကို ကောင်းသော ကျေးဇူးတုံ့ပြုဟု အဘယ့်ကြောင့် ဘုရားရှင် ဟောတော် မမူပါသနည်း၊ ရှင်းလင်း ဖြေဆိုပြီးလျှင် / သတ္တ ခေါ ပနိမာ - စသော ဒေသနာတော်ကို အဘယ် အကျိုးငှာ ဘုရားရှင် ဟောတော်မူသည်ဟုလည်း ရေးခဲ့ပါ။

(၁၂) အနုပဝဇ္ဇံ ဆန္နော ဘိက္ခု သတ္ထံ အာဟရိဿတိ - ဟူသော ဆန္နောဝါဒသုတ်၌ အနုပဝဇ္ဇ၏ အဓိပ္ပာယ်ကို ရှင်းပြပြီးလျှင်/ တေ သန္တံ တေ ပဏီတံ ယဒိဒံ ဥပေက္ခာ - ဟူသော ဣန္ဒြိယဘာဝနာသုတ်လာ စကား အရ ငြိမ်သက် မြင့်မြတ်သော ဥပေက္ခာ ဟူသည် အဘယ်နည်း၊ ၎င်းကိုလည်း ထင်ရှားအောင် ဖြေဆိုလိုက်ပါ။ ၁၀ – မှတ်စု

# (ခ) တိပိဋကဓရ သဘောရေးဖြေစာမေးပွဲ

## (၁) မဇ္ဈိမနိကာယ (မူလပဏ္ဏာသ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၅ - ခုနှစ်၊ တပို့တွဲလဆန်း ၃ - ရက်။ (၂၅-၁-၇၄)

---

(၁) သဗ္ဗာသဝသုတ်ဝယ် သဗ္ဗာသဝ သံဝရ ပရိယာယံ ဝေါ ဘိက္ခဝေ - စသည်ဖြင့် ဟောတော်မူရာ၌ အဋ္ဌကထာ ဖွင့်ဆိုအပ်သော အာသဝ ၂ - ပါး၊ ၃ - ပါး၊ ၄ - ပါး၊ ၅ - ပါး၊ ၆ - ပါးတို့၏ သရုပ်များကို အသီးသီး ရေးသားပြီးလျှင် / ဣဓမ ဂုတ္တိ အာသဝါ - ၌ လာသော အာသဝ (၂၄) ပါး ကိုလည်း ထင်ရှားအောင် ပြခဲ့ပါ။
(၂) ဓမ္မဒါယာဒသုတ်လာ နိပ္ပရိယာယဓမ္မ, ပရိယာယဓမ္မ, နိပ္ပရိယာယာမိသ, ပရိယာယာမိသ တို့ကို အဘယ်တရားများ ဖြစ်သည်ဟု ရှင်းပြပြီးလျှင် / ဣဓံ ဝတ္တာန သုဂတော ဥဋ္ဌာယာသနာ ဝိဟာရံ ပါဝိသိ - ၌ အဘယ်ကို နှလုံးသွင်းပြီး အဘယ်သို့ ဝင်တော်မူသည်ကိုလည်း အဋ္ဌကထာ ဋီကာ အာဘောဘ်ကျ ရေးပြခဲ့ပါ။
(၃) ဘယဘေရဝသုတ်လာ သောဠသပရိယာယ ကို အစဉ်အတိုင်း စေ့စုံအောင် ရေးသားပြီးလျှင် / အိမ်သုံး ဒေးလက်နက်များကို ရှောင်းလျှင် သတ္တဝါကို ဖြစ်-မဖြစ်၊ ကြက် ငှက် စသော တိရစ္ဆာန် သတ္တဝါကို ရောင်းလျှင် သတ္တပါဏ ဖြစ်-မဖြစ်ကိုလည်း အဋ္ဌကထာ အာဘောဘ်ကျ စီစစ်ခဲ့ပါ။
(၄) မည်သည့်သတ္တဝါမဆို သေလျှင် ဘဝင်စိတ်ဖြင့်သာ သေသည် ဖြစ်ပါလျက် သံ - ကိလိဋ္ဌစိတ္တာ ကာလံ ကရိဿတိ ဟု အဘယ့်ကြောင့် အနင်္ဂဏသုတ်၌ ဟောတော်မူပါ သနည်း - ဟူသော အမေးစကားကို ဖြေကြားပြီးလျှင် / အာကင်္ခေယျသုတ်လာ သမ္ပန္န - သီလာ - ၌ သမ္ပန္န မည်မျှ ရှိ၍ ဤနေရာ၌ အဘယ် သမ္ပန္န ကို ယူရမည်ဟုလည်း ညွှန်းခဲ့ပါ၊
(၅) မဉ္ဇူသည် မည်သည့် အရောင်မျိုး ဖြစ်သည်ကို ဝတ္ထသုတ် အဋ္ဌကထာ လာတိုင်း ရှင်းပြပြီးလျှင် / ၎င်း ဝတ္ထသုတ်လာ စိတ္တုပက္ကိလေသ (၁၆) ပါးကို ပါဠိတော် အစဉ် အတိုင်း ရေးသား၍ / ၎င်းတို့အနက် လောဘကို ရှေဦးစွာ ဟောတော်မူခြင်း၏ အကြောင်းကိုလည်း ရေးသားခဲ့ပါ။
(၆) အဘယ်သို့ ကြုံးဝါးတော်မူခြင်းကြောင့် သီဟနာဒသုတ်ဟု ခေါ်ဆိုရသည် - သေဋ္ဌနာဒ, အဘီတနာဒ, အပ္ပဋိနာဒ တို့ကား အဘယ်ကို ကြုံးဝါးခြင်းတို့ ဖြစ်သည်ကို စူဠသီဟနာဒသုတ် အဋ္ဌကထာ လာတိုင်း ရှင်းပြပြီးလျှင် / ပစ္စက္ခယော ဝေဒနိယာ ယတိ - ၌ အဘယ်နိဗ္ဗာန်-ဒိဋ္ဌေဝ ဓမ္မေ ပဇာနာတိ - ၌ အဘယ်ဉာဏ်ဟုလည်း ညွှန်းခဲ့ပါ။

( ၇ ) ပါသရာသိသုတ်လာ " သန္နိပတိတာနံ ဝေါ ဘိက္ခဝေ ဒွယံ ကရဏီယံ ဓမ္မီ ဝါ ကထာ အရိယော ဝါ တုဏှီဘာဝေါ - ၌ အဘယ်စကားများကို အဘယ်သို့ ပြောဆိုသည်ကို ဓမ္မီကထာ — အဘယ်သို့နေသည်ကို အဘယ့်ကြောင့် အရိယတုဏှီဘာဝ ဟု ခေါ်သနည်း၊ ရှင်းပြပြီးလျှင် / ဇာတိဓမ္မာ ဟေ တေ ဘိက္ခဝေ ဥပဓယော - ၌ အဘယ်တရားတို့ကို အဘယ့်ကြောင့် ဥပဓိ ဟု ခေါ်ရသည်ကိုလည်း ရှင်းပြပါ။

( ၈ ) စူဠဟတ္ထိပဒေါပမသုတ်လာ သမ္ဗာဓော ဃရာဝါသော ရဇာပထော အဗ္ဘောကာသော ပဗ္ဗဇ္ဇာ ... ပဒ္ဓိဝိရတော ဟောတိ၊ ကာလဝါဒီ - ၌ ဆိုသင့်သော ကာလ၌ ဆိုသောသူသည် အဘယ့်ကြောင့် သမ္ဖပ္ပလာပမှ ရှောင်ကြဉ်သောသူ မည်ပါသနည်း — ရှင်းပြပြီးလျှင် / ကာလဝါဒီ ဟု ဟောတော်မူပြီးပါလျက် အဘယ့်ကြောင့် တဖန် ကာလေနသာပဒေသံ အစရှိသည်ကို ဟောတော်မူပါသနည်း ရှင်းပြပါ။

( ၉ ) မဟာဟတ္ထိပဒေါပမသုတ် - ၌ ရှင်သာရိပုတြာသည် ဓာတ်ကမ္မဋ္ဌာန်းကို ဟောတော်မူရာ အကြား၌ ဓာတ်ကမ္မဋ္ဌာန်း မဟုတ်သော တဥ္စေ အာဝုသော ဘိက္ခုံ ပရေ အက္ကောသန္တိ အစရှိသော စကားကို အဘယ့်ကြောင့် ဟောတော်မူပါသနည်း — ရှင်းပြပြီးလျှင် / ဥပ္ပန္နာ ခေါ မေ အယံ သောတသမ္ဖဿဇာ ဒုက္ခဝေဒနာ - ၌ အဘယ်ဒုက္ခဝေဒနာကို ယူရပါမည်နည်း၊ ယုတ္တိပြ၍ ဆုံးဖြတ်ခဲ့ပါ၊

( ၁၀ ) မဟာသာရောပမသုတ်လာ ဝံ ခေါ ဘိက္ခဝေ ဘိက္ခု မူနံ ကတ္တာ ဟောတိ - ၌ အဘယ်သည် အခိုးအငွေ့ ဖြစ်သည် — အဘယ်သို့ အခိုးအငွေ့နှင့် တူသည်တို့ကို စုံလင်စွာ ဖော်ပြပြီးလျှင် / အခိုးအငွေ့ကို ပြုသော နွားကျောင်းသားနှင့် ရဟန်းတို့ ရရှိအပ်သော အကျိုးကိုကိုလည်း ပြည့်စုံစွာ ရေးသားခဲ့ပါ။

( ၁၁ ) မဟာသာရောပမသုတ်လာ ယောဓမ္မော သမဏာကာရကော - ၌ ရဟန်းအဖြစ်ကို ပြုတတ်ကုန်သော တရားတို့ကို စုံလင်စွာ ဖော်ပြပြီးလျှင် / ဤသုတ်၌ ဟောအပ်သော ပဒုမ- သင္ဂဇ္ဇ အား လျော်စွာ ပရိသုဒ္ဓ ကာယသမာစာရ ဝစီသမာစာရ မနောသမာစာရ အာဇီဝ၊ အပရိသုဒ္ဓ ကာယသမာစာရ ဝစီသမာစာရ မနောသမာစာရ အာဇီဝ အရ တို့ကိုလည်း အကြောင်းနှင့် တကွ ဖော်ပြပါ။

( ၁၂ ) ဗီမံသကသုတ်လာ အဘယူပရတော အဃမာယသ္မာ - ၌ အဘယ်ပုဂ္ဂိုလ်သည် အဘယ့်ကြောင့် ဘယူပရတပုဂ္ဂိုလ် အဘယူပရတပုဂ္ဂိုလ် ဖြစ်သည်တို့ကို ဘာယိတဗ္ဗ သြရမိတဗ္ဗ ဝတ္ထုတို့နှင့် တွဲစပ် ရှင်းပြပြီးလျှင် / ရဟန္တာပုဂ္ဂိုလ်အား ပဋိပဝါဒတေးကို ကြောက်ရွံ့ခြင်း ရှိသည် မရှိသည်ကိုလည်း ယုတ္တိ သာဓက ထင်ရှားပြ၍ ဆုံးဖြတ်ခဲ့ပါ။

**၁၀—မှတ်စီ။**

# ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## ( ၂ ) မဇ္ဈိမနိကာယ ( မဇ္ဈိမပဏ္ဏာသ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၅ - ခုနှစ်၊ တပို့တွဲလဆန်း ၅ - ရက်။ ( ၂၇-၁-၇၄ )

---

( ၁ ) ပဒသမာစာရနာနုပခဇ္ဇ နပဋိဗာဟန ပုဂ္ဂိုလ်တို့၏ ပြုမူပုံတို့ကို ဂေါလိယာနိသုတ် အဋ္ဌကထာ အာဘော်ကျ ရေးပြပြီးလျှင် / အာရညိကေနာပုသော ဘိက္ခုနာ ယေ တေ သန္တာ ဝိမောက္ခာ အတိက္ကမ္မ ရူပေ အာရုပ္ပါ၊ တတ္ထ ယောဂေါ ကရဏီယော- ဟူသော ပါဠိတော်ကိုလည်း အနက်ပေးခဲ့ပါ။

( ၂ ) ဓမ္မာနုသာရီပုဂ္ဂိုလ် သဒ္ဓါနုသာရီပုဂ္ဂိုလ်တို့ကား အဘယ်ပုဂ္ဂိုလ်များ ဖြစ်ကြသည်၊ ဤ၌ ဓမ္မကား အဘယ်ဓမ္မ – သဒ္ဓါကား အဘယ်သဒ္ဓါ ဟု ကီဋာဂိရိသုတ်လာ အတိုင်း ရှင်းပြပြီးလျှင် / သဂ္ဂူပဂ ဖြစ်သော အာဇီဝကသည် အဘယ်သူနည်း – အချင်သာရိပုတြာ ရဟန္တာ ဖြစ်သော သုတ်ကား အဘယ်သုတ်နည်း – ဟူသော အမေးများကိုလည်း သိသာအောင် ညွှန်ကြားခဲ့ပါ။

( ၃ ) ဘာရဒွါဇ၏ မီးတင်းကုတ်၌ မြတ်စွာဘုရား အဘယ်မျှ ကြာမြင့်စွာ သိတင်းသုံးတော်မူသည် – မာဂဏ္ဍိယ ပရိဗိုဇ်သည် အဘယ်ကြောင့် ဘုရားထံ ချဉ်းကပ်လာသည်– အဘယ်ကို ရည်ရွယ်၍ ဘုရားအား ဘူနဟုနော ဟု ဆိုသည်တို့ကို ရေးသားပြီးလျှင် / ကုဋ္ဌိ ရောဂါ ဂဏ္ဍာ သလ္လာ - ၌ အဘယ်ရောဂါတို့ ဟူ၍လည်း ဖော်ပြခဲ့ပါ။

( ၄ ) သန္ဒကသုတ်လာ ဝဋ္ဋိယာနိ သက်မန္တိ - ၌ အဘယ်ဝဋ္ဋခြေကိုသည် အဘယ်အရပ်သို့ ပြောင်းရွှေ့ကြသည်– အာသန္ဒိ ပဉ္စမာ ( ပ ) ဂဏ္ဍိကိ - ၌ အဘယ် ၅ - ဦးတို့သည် အဘယ်အရပ်သို့ သွားကြသည် – ပဒါနိ ကား အဘယ်တို့ ဖြစ်ကြသည် – အဘယ်ကို ရည်ရွယ်၍ ပုတ္တမတာယ ပုတ္တာ ဟု ဆိုသည်တို့ကို ရှင်းလင်းပြီးလျှင် / ထိုပုဂ္ဂိုလ်တို့ ညွှန်ပြသော ကျွတ်တန်းဝင်သူများကိုလည်း ရေးသားခဲ့ပါ။

( ၅ ) မဟာသကုလုဒါယိသုတ်လာ ပုရိမာနိ ဘန္တေ ဒိဝသာနိ ပုရိမတရာနိ - ၌ ပုရိမ - ဒိဝသ နှင့် ပုရိမတရဒိဝသ တို့၏ အပိုင်းအခြားကိုလည်းကောင်း၊ ကောတူဟလ သာလာ- သည် အဘယ်စရပ်မျိုး ဖြစ်သည်ကိုလည်းကောင်း အဘယ် ဝါဒပထကို အနာဂတဝါဒ- ပထ ဟု ခေါ်ဆိုသည်ကိုလည်းကောင်း ဖော်ပြပြီးလျှင် / ဥပုသ် ၇ - ပါး နှမ်းမျိုးနှမ်းစား တို့၏ သရုပ်များကိုလည်း ရေးသားခဲ့ပါ။

( ၆ ) သမဏမုဏ္ဍိကသုတ်၌ န ကာယေန ပါပကံ ကမ္မံ ကရောတိ - ပသော သူမန၏ စကား ၄ - ခွန်းကို ပဉ္စကင်္ဂထပတိ က နှစ်လည်း မနှစ်သက် - ပယ်လည်း မပယ်ခြင်း၊ မြတ်စွာ ဘုရားက လုံးဝ ပယ်ခြင်း၏ အကြောင်းတို့ကို အသီးသီး ဖော်ပြပြီးလျှင် / ကုသလာနိ

သီလာနံ နိဗ္ဗာနေယျ နှင့် အကုသလာနံ သက်ပွါနံ နိရောဓာယ တို့၏ နိရောဓ နိရောဓ ဂါမိတ အသီးသီး ဖြစ်ကြပုံကိုလည်း အဋ္ဌကထာ အာဘော်ကျ ရှင်းခဲ့ပါ။

( ၇ ) ရဋ္ဌပါလသုတ်လာ ဗာလော စ ဗာလျာ ဝမိတော၀သေတိ မိရေ့ာစန ဝေဓတိ ဖသာ ဖုဋ္ဌော-၌ မိုက်သော သူ၏ တုန်လှုပ်ချောက်ချားပုံ – ပညာရှိသောသူ၏ မတုန်လှုပ် မချောက်ချားပုံတို့ကို ဖော်ပြပြီးလျှင်/ ဥပေတိ ဂဗ္ဘဥ္စ ပရဥ္စ လောကံ-၌ ဂဗ္ဘ နှင့် ပရလောကတို့၏ အဓိပ္ပာယ်သွား ထူးခြားပုံကိုလည်း ရေးသားခဲ့ပါ။

( ၈ ) အဘိရူပဟတု ဘန္တေ ဘဂဝါ ဒုဿာနိ-ဟု ပေါခိမင်းသားက အဝတ်ဖြူအခင်းတို့ကို နင်းတော်မူရန် လျှောက်ထားသော အခါ နင်းတော်မမူခြင်း၏ အကြောင်းတို့ကို ဖော်ပြပြီးလျှင် / ပစ္ဆိမဇနတံ တထာဂတော အနုကမ္ပတိ ဟု ဆိုသော အရှင်အာနန္ဒာ၏ သန္ဓာယဘာသိတတ္ထ နှင့် န ခေါ သုခေန သုခံ အဓိဂန္တဗ္ဗံ ဟု ဆိုသော ပေါခိမင်းသား၏ သန္ဓာယဘာသိတတ္ထ တို့ကိုလည်း ရေးသားခဲ့ပါ။

( ၉ ) ယတောဟံ ဘဂိနိ အစရှိသော ပရိတ်တော်ကို ဘုရားရှင်သည် အင်္ဂုလိမာလ မထေရ်အား သင်ကြား ပေးတော်မူခြင်း၏ အကြောင်းများကို ရေးသား ဖော်ပြပြီးလျှင်/ ယသာ ခေါ တုံ ဖြဟ္မဏ ကမ္မဿ ဝိပါကေနာတိ ဣဒံ သဘာဂဒိဋ္ဌဓမ္မ ဝေဒနီယကမ္မံ သန္ဓာယ ဝုတ္တံ ဟူသော အဋ္ဌကထာ၌ အဘယ်ကံမျိုးကို သဘာဂ ဒိဋ္ဌဓမ္မဝေဒနီယကံ ဟု ခေါ်ပါသနည်း – ရှင်းပြပါ။

( ၁၀ ) သေလသုတ်လာ သဗ္ဗာမိတ္တေ ဝသီ ကတွာ မောဒါမိ အကုတော ဘယော-၌ အမိတ္တ သရုပ်တို့ကို စုံလင်စွာ ဖော်ပြပြီးလျှင်/ ဝသီကတွာတိ အတ္တနော ဝသေ ဝတ္တေတွာ ဟု အဋ္ဌကထာ ဖွင့်ဆိုရာ၌ မိမိ အလို၌ ဖြစ်စေပုံကိုလည်း ရေးသားခဲ့ပါ။

( ၁၁ ) သုဘသုတ်လာ တတူပမာဟံ မာဏဝ ဣမံ ပီတိံ ဝဒါမိ-၌ မြက် ထင်း လောင်စာ ရှိသော မီးနှင့် တူသော ပီတိ – မြက် ထင်း လောင်စာ မရှိသော မီးနှင့် တူသော ပီတိ တို့ကို အကြောင်းနှင့် တကွ ဖော်ပြပြီးလျှင် / န သတတံ သမိတံ သစ္စပါဒိတိ အာဒီသု ဂဟဋ္ဌော အညာဘိ အာဘတိ ဝဋ္ဋဥ္စနက မုသာဝါဒမ္ပိ ကရောတိယော ဟူသော အဋ္ဌကထာ၌ အဘယ်သို့သော မုသာဝါဒကို အဘယ့်ကြောင့် ဝဋ္ဋဥ္စနက မုသာဝါဒ ဟု ခေါ်ပါသနည်း – ရှင်းပြပါ။

( ၁၂ ) သင်္ဂါရဝသုတ်လာ အဋ္ဌိတဝတံ ဘောတော ဂေါတမဿ ပဓာနံ အဟောသိ ၌ အဘယ်သို့သော အကျင့်ကို အဋ္ဌိတဝတ ဟု ခေါ်ပါသနည်း – သင်္ဂါရဝလုလင် အလိုကျ ဖော်ပြပြီးလျှင် / ကိံ နု ခေါ ဘောဂေါတမ အတ္ထိ ဒေဝါတိ-ဟု မေး အပ်ပါလျက် အတ္ထိ ဒေဝါ ဟု ဖြေတော်မမူဘဲ ဌာနသော မေတံ ဘာရဒွါဇ ဝိဒိတံ ယဒိဒံ အဓိဒေဝါတိ ဟု ဖြေတော်မူရာ၌ ဘုရားရှင် ရည်ရွယ်သော အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

## (ခ) ပိဋကရေ သင်္ဘာရေးဖြေ ၁၁မေးပွဲ

### (၃) မဇ္ဈိမနိကာယ (ဥပရိပဏ္ဏာသ) ပါဠိ + အဋ္ဌကထာ မေးခွန်း
### ၁၃၃၅-ခုနှစ် တပို့တွဲလဆန်း ၇- ရက်။ (၂၉-၁-၇၄)

---

(၁) သေဝိတဗ္ဗာသေဝိတဗ္ဗသုတ်၌ ဟောကြားအပ်သော မာတိကာ ၇ ပါးတို့ကို လည်းကောင်း သဗျာဗဇ္ဈပုဂ္ဂိုလ်တို့ကိုလည်းကောင်း ရေးသားပြီးလျှင်/ အကုသလာ ဓမ္မာ ဝဍ္ဎန္တိ အရ သုဒ္ဓါဝါသဘုံ ရောက် အနာဂါမ်သည် အဘယ်အခါ၌ အကုသိုလ် ပွားသည်ကိုလည်းကောင်း အဗျာဗဇ္ဈပုထုဇဉ်သည် အဘယ်ပုဂ္ဂိုလ်မျိုး ဖြစ်သည်ကိုလည်းကောင်း အဋ္ဌကထာ ဋီကာ အာဘော်ကျ ရှင်းပြခဲ့ပါ။

(၂) ဗဟုဓာတုကသုတ်လာ ဘယ - ဥပဒ္ဒဝ - ဥပသဂ္ဂတို့၏ အဓိပ္ပာယ်ကို လည်းကောင်း ပဏ္ဍိတ ဟု ခေါ်ဆိုသင့်သော အကြောင်းများကို လည်းကောင်း အဘယ်ပုဂ္ဂိုလ်ကို ဒိဋ္ဌိသမ္ပန္နပုဂ္ဂိုလ် ဟု ခေါ်ဆိုသည်ကို လည်းကောင်း ရှင်းလင်းပြီးလျှင်/ မြတ်စွာဘုရား ကိုယ်တော်တိုင် ပေးခဲ့သော ဤဗဟုဓာတုကသုတ်၏ အမည်များကိုလည်း ပါဠိတော် အတိုင်း ရေးသားခဲ့ပါ။

(၃) ဒွေ ဇာလိနော-၌ ဒွေ သဉ္ဇာ-အာနန္ဒော နန္ဒော ဥပနန္ဒော ဒွါဒသ-၌ ဒွါဒသသဉ္ဇာတို့၏ သဉ္ဇာတို့ကို လည်းကောင်း တေ စ အညေ စ မဟာနုဘာဝါ-၌ တေ အညေ တို့၏ သဉ္ဇာတို့ကို လည်းကောင်း ရေးသားပြီးလျှင်/၎င်း တေ စ အညေ စ မဟာနုဘာဝါ-ဟူသော ဂါထာကိုလည်း ဣသိဂိလိသုတ်လာ အဟိုင်း ဆုံးအောင် ရေးသားခဲ့ပါ။

(၄) ကာယဂတာသတိ သုတ်လာ သရသင်္ကပ္ပါ-၌ သရ အရ သင်္ကပ္ပ အရတို့ကို လည်းကောင်း အဇ္ဈတ္တမေဝ - ၌ အဘယ်အဇ္ဈတ္တ ဖြစ်သည်ကို လည်းကောင်း ကာယဂတာသတိ ဝယ် ကာယပရိဂ္ဂါဟိကသတိ နှင့် ကာယာရမ္မဏ သတိတို့၏ ထူးခြားပုံကို လည်းကောင်း အသီးသီး ဖော်ပြပြီးလျှင်/ဒသာနိသံသ-လာ ဓမ္မာ ဟောတိ-၌အဘယ်အရာများကို သည်းခံနိုင်သည်ဟုလည်း ပါဠိတော်အတိုင်း ရေးခဲ့ပါ။

(၅) သင်္ခါရုပပတ္တိ ဟူသော ပါဠိတော်ကို ပုညာဘိသင်္ခါရေနဝါ ဘဝူပဂကမ္မနာနံ ဥပပတ္တိ ဟု အဋ္ဌကထာ ဖွင့်ဆိုရာ၌ သုဂတိသင်္ခါရချင်း တူသော အာနေဉ္ဇာဘိ သင်္ခါရကို အဘယ်ကြောင့် ချန်ထားသည်-ဤနေရာ၌ ကေစိဆရာတို့က အဘယ်သို့ ဆိုကြသေးသည်- သဟဿိလောကဓာတုံ ဖရိတွာ-၌ ဖရဏ မည်မျှရှိသည်တို့ကို သင်္ခါရုပပတ္တိသုတ်လာ အတိုင်း ရှင်းခဲ့ပါ။

(၆) သင်္ဂါဟကာရာမနှင့် ဂဏာရာမတို့ ထူး-မထူးကို လည်းကောင်း၊ နေက္ခမ္မသုခ - ပဝိဝေကသုခ - ဥပသမသုခ - သမ္ဗောဓိသုခ တို့၏ ထူးခြားပုံကို လည်းကောင်း နိကာမလာဘီ-အကိစ္ဆလာဘီ - အကသိရလာဘီ တို့၏ အဓိပ္ပာယ်ကို လည်းကောင်း မဟာသုညတ သုတ်

အဋ္ဌကထာ အာဘောင်ကျ ရှင်းပြပြီးလျှင်/ အသျှင်ဗာကုလ၏ အစ္ဆရိယ အဗ္ဘုတ မည်မျှ ရှိသည်ကိုလည်း သင်္ချာမျှ ထိုးပြခဲ့ပါ။

(၇) ဗာလပဏ္ဍိတသုတ်လာ စကြာမင်း၏ ဣတ္ထိရတနာဂုဏ်ကို ပြဆိုရာ အတိက္ကန္တာ မာနုသံ ဝဏ္ဏံ အပ္ပတ္တာဒိဗ္ဗ ဝဏ္ဏံ - ၌ လူတို့၏ အဆင်းနှင့် နတ်တို့၏ အဆင်း ထူးခြားပုံ— လူတို့၏အဆင်းကိုလွန်ပုံ—နတ်တို့၏အဆင်းကို မမှီပုံတို့ကို စေ့စုံစွာဖော်ပြပြီးလျှင်/ ဣတ္ထိရတနာအား ဤသို့သော အဆင်းနှင့် ပြည့်စုံခြင်းသည် မိမိ၏ ရှေးကောင်းမှု ကံစွမ်းကြောင့် ဖြစ်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် 'အဋ္ဌကထာဆရာသည် စက္ကဝတ္တိ-နော ပုညံ ဥပနိဿာယ - ဟု ဖွင့်ပြပါသနည်း၊ ရှင်းပြပါ။

(၈) ဘဒ္ဒေကရတ္တ သုတ်လာ တတ္ထ နန္ဒိံ သမန္နာနေတိတိ တေသု ရူပါဒိသု တဏှံ သမန္နာနေတိ - ဟူသော အနွယပါဠိ ဖြင့် အဋ္ဌကထာ စကားနှင့် နန္ဒိံ န သမန္နာနေတိတိ တဏှံဝါ တဏှာသမ္ပယုတ္တ ဒိဋ္ဌိံ ဝါ နာနုပဝတ္တယတိ - ဟူသော ဗျတိရေက ပါဠိဖြင့် အဋ္ဌကထာ စကားတို့ကို မဆန့်ကျင်အောင် နှိုင်းနှော့ပြပြီးလျှင်/ဧဝံ ခေါ ဘိက္ခဝေ ပစ္စုပ္ပန္နေသု ဓမ္မေသု န သံဟီရတိ - ၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ ဋီကာအလိုကျ ရေးသားခဲ့ပါ။

(၉) သဠာယတနဝိဘင်္ဂသုတ်လာ ပုဗ္ဗေဝါ ပဋိလဒ္ဓပုဗ္ဗံ အတီတံ နိရုဒ္ဓံ ဝိပရိဏတံ သမနုဿရတော ဥပ္ပဇ္ဇတိ ဒေါမနဿံ - ၌ ရှေးက မရဘူးဘဲ ချုပ်လေပြီးသော အတိတ်အာရုံကို အာရုံပြု၍ ဒေါမနဿဖြစ်ပုံကို အဋ္ဌကထာအလိုကျဖော်ပြပြီးလျှင်/အရဟတ္တဖိုလ်ကို တောင့်တ၍ ဒေါမနဿဖြစ်နိုင် - မဖြစ်နိုင်—ဟူ၍ အနုတ္တရေသု ဝိမောက္ခေသု ပိဟံ ဥပဋ္ဌာ-ပယတော ဥပ္ပဇ္ဇတိ ပိဟပစ္စယာ ဒေါမနဿံ ဟူသော ပါဠိနှင့် ညှိနှိုင်း၍ ဆုံးဖြတ်ခဲ့ပါ။

(၁၀) ဥဒ္ဒေသဝိဘင်္ဂသုတ်လာ ဧဝံ ခေါ အာဝုသော အနုပါဒါ ပရိတဿနာ ဟောတိ - ၌ အနုပါဒါ ပရိတဿနာ၏ အဓိပ္ပာယ်ကို အဋ္ဌကထာအလိုကျ ဥပမာအားဖြင့် ထင်ရှားစွာ ဖော်ပြပြီးလျှင်/ အရှင်မဟာကစ္စည်း မဟောခဲ့သည့် ဤသုတ်၌ ဥပါဒါပရိတဿနာကို ဟောတော်မမူခြင်း၏ အကြောင်းကိုလည်း ရေးသားခဲ့ပါ။

(၁၁) တသ္မာတိဟ တေ ဂဟပတိ ဧဝံ သိက္ခိတဗ္ဗံ၊ န စက္ခုံ ဥပါဒိယိဿာမိ - ဟူသော တရားကို အရှင်သာရိပုတ္တရာသည် အနာထပိဏ်သူဌေးကြီးအား အဘယ်သို့ ကျင့်ရန် ဟောကြားအပ်ပါသနည်း ရှင်းပြပြီးလျှင်/ န စ မေ စက္ခုနိဿိတံ ဝိညာဏံ ဘဝိဿတိ - ဟု တဖန် ထပ်၍ ဟောတော်မူခြင်း၏ အကြောင်းကိုလည်း ရေးသားခဲ့ပါ။

(၁၂) ဆန္နောဝါဒသုတ်လာ အာယသ္မာ မဟာစုန္ဒော အာယသ္မန္တံ ဆန္နံ ဧတဒဝေါစ - ၌ အရှင်မဟာစုန္ဒသည် အရှင်ဆန္နအား ဟောကြားအပ်သော တရားစကားပုဒ်ကို ပါဠိအတိုင်း ထုတ်ပြပြီးလျှင်/ အရဟတ္တံ ပတ္တာ သမသီသီ ဟုတွာ ပရိနိဗ္ဗာယိ ဟူသော အဋ္ဌကထာ အရ အရှင်ဆန္နမထေရ်၏ စုတိစိတ်ကျရာ ကာလကို အဘိဓမ္မာကျ ညွှန်းပြပါ။

၁၀—မှတ်စီ။

# (ခ) တိပိဋကရေ သဘောရေးဖြေ စာမေးပွဲ

## (၁) မဇ္ဈိမနိကာယ (မူလပဏ္ဏာသ) ပါဠိ + အဋ္ဌကထာ မေးခွန်း

### ၁၃၃၆–ခုနှစ်၊ ပြာသိုလဆန်း ၁၃ - ရက် (၂၄ - ၁ - ၇၅)

(၁) အရိယာ ပုဂ္ဂိုလ်တို့သည်လည်း အယံ ဟိ ဘန္တေ မဟာပထဝီ · စသည်ဖြင့် လောကဝေါဟာရအား လျော်စွာ မှတ်သား ပြောဆိုကြသည် မဟုတ်ပါလော၊ အဘယ့်ကြောင့် မူလပရိယာယသုတ်၌ ဣဓ ဘိက္ခဝေ အဿုတဝါ ပုထုဇ္ဇနော ပထဝိံ ပထဝိတော သဉ္ဇာနာတိ-ဟု ဟောတော်မူပါသနည်း၊ ရှင်းပြပြီးလျှင်/ပထဝီ အရ လက္ခဏာ ပထဝီကိုလည်း ထည့်သွင်း ဖွင့်ဆိုသော သာ သဗ္ဗာပိ ဣဓ လဗ္ဘတိ ·ဟူသော အဋ္ဌကထာကိုလည်း တံကိသ ဟေတု အပရိညာတံ တဿာတိ ဝဒါမိ-ဟူသောပါဠိနှင့် မဆန့်ကျင်အောင် နှီးနှောပြပါ။

(၂) အနမတဂ္ဂသံသရာ၌ မဖြစ်ဘူးသော အာသဝတရားတို့ မရှိကုန်သည် မဟုတ်ပါလော၊ အဘယ်သို့သော အာသဝတို့ကို ရည်ရွယ်၍ အယောနိသော ဘိက္ခဝေ မနသိကရောတော အနုပ္ပန္နာစေဝ အာသဝါ ဥပ္ပဇ္ဇန္တိ · ဟု သဗ္ဗာသဝသုတ်၌ ဟောတော်မူပါသနည်း၊ အဋ္ဌကထာ အလိုကျ ရှင်းပြပြီးလျှင် / ဥပ္ပန္နာ စ အာသဝါ ပဝဍ္ဎန္တိ · ၌ ဥပ္ပန္န အာသဝတို့၏ တိုးပွားလာပုံကိုလည်း ရေးသားခဲ့ပါ။

(၃) ဓမ္မဒါယာဒသုတ်လာ တဒ္ဓိ တဿ ဘိက္ခဝေ ဘိက္ခုနော ဒီဃရတ္တံ အပ္ပိစ္ဆတာယ- ၌ သုဂတာတိရိတ်ဘောဇဉ်ကို တကြိမ် တခါမျှ ပယ်ခြင်းသည် အဘယ်သို့ ရှည်ကြာမြင့်စွာသော ကာလပတ်လုံး အပ္ပိစ္ဆတာ စသည် အလို့ငှာ ဖြစ်ပါသနည်း၊ ရှင်းပြပြီးလျှင် / အကြိစ္ဆတာ ပါပိစ္ဆတာ မဟိစ္ဆတာ–တို့၏ အထူးကိုလည်း လက္ခဏာအားဖြင့်ရေးသားခဲ့ပါ။

(၄) ဘယဘေရဝသုတ်လာ ဘဝံ ဂေါတမော ပုဗ္ဗင်္ဂမော - အရ ပုဗ္ဗင်္ဂမ ဖြစ်ပုံကိုလည်းကောင်း ဒိဋ္ဌာနုဂတိံ အာပဇ္ဇတိ · အရ အဘယ် အရာသို့ အဘယ်လို လိုက်သည်ကို ဒိဋ္ဌာနုဂတိ ဟု ခေါ်ရသည်ကိုလည်းကောင်း ရှင်းပြပြီးလျှင်/ ဒွေ ဓေါ အဟံ ဗြာဟ္မဏ အတ္တဝသေ သမ္ပဿမာနော အရညဝနပတ္ထာနိ ပန္တာနိ သေနာသနာနိ ပဋိသေဝါမိ - ၌ ဒွေ၏ သရုပ်ကိုလည်း အဓိပ္ပာယ်နှင့် တကွ အဋ္ဌကထာ အလိုကျ ဖော်ပြပါ။

(၅) အနင်္ဂဏသုတ်လာ ဧကစ္စော ပုဂ္ဂလော အနင်္ဂဏောဝ သမာနော နတ္ထိ မေ အဇ္ဈတ္တံ အင်္ဂဏန္တိ ယထာဘူတံ နပ္ပဇာနာတိ ယထာဘူတံ ပဇာနာတိ-၌ အဘယ် ပုဂ္ဂိုလ်သည် အနင်္ဂဏ မည်ပါသနည်း၊ အကြောင်းနှင့်တကွစုံလင်စွာဖော်ပြပြီးလျှင်/အဘယ်သို့ သိခြင်းသည် ယထာဘူတ နပဇာနန - အဘယ်သို့သိခြင်းသည် ယထာဘူတ ပဇာနန မည်ပါသနည်း၊ ခွဲခြားပြပါ။

(၆) အာကင်္ခေယျသုတ်၌ သီလေသွေဝဿ ပရိပူရကာရီ-ဟူသော ဟောတော်မူအဲ အဘယ်ကဲ့သို့ ပြတော်မူလို၍ – အဇ္ဈတ္တံ စေတော သမထမနုယုတ္တော အနိရာကတဇ္ဈာနော ဝိပဿနာယ သမန္နာဂတော ဗြူဟေတာ သုညာဂါရာနံ · ဟု ဟောတော်မူပါသနည်း၊ ရှင်းပြပြီးလျှင်/ ဆိတ်ငြိမ်ရာ ကျောင်းသို့ ကပ်ရောက်နေသော ရဟန်းသည် အဘယ်သို့ ဆိတ်ငြိမ်ရာ ကျောင်းကို ပွားစေတတ်ပါသနည်း၊ ရှင်းပြပါ။

(၇) စူဠသီဟနာဒသုတ်လာ သုညာ ပရပ္ပဝါဒါ သမဏေဟိ အညေဟိ · ဟူသော စကား အရ တိတ္ထိတို့၏ သာသနာ၌ ဆိတ်သုဉ်းသော သမဏတို့ကို အကြောင်းနှင့် တကွ ထုတ်ပြပြီးလျှင်/ သဟဓမ္မိကာ ခေါ ပန ပိယာ မနာပါ ဂရုဘာဝနိယာ ပဗ္ဗဇိတာ စ · ၌ အဘယ် ပုဂ္ဂိုလ်များကို အဘယ့်ကြောင့် သဟဓမ္မိက ဟု ခေါ်သည် — ဤစကားဖြင့် အဘယ်ကို ပြသည် ဟု အဋ္ဌကထာ အလိုကျ ရေးသားခဲ့ပါ။

(၈) အလဂဒ္ဒူပမသုတ်လာ ကုလ္လူပမံ ဝေါ ဘိက္ခဝေ ဓမ္မံ ဒေသိတံ အာဇာနန္တေဟိ ဓမ္မာပိ ဝေါ ပဟာတဗ္ဗာ · ၌ အဘယ် တရားသည် ဖောင်နှင့် တူသည် — ၎င်းတရားကို အဘယ်သို့ ပယ်ရှားရမည်ကိုကို ရေးသား ဖော်ပြပြီးလျှင်/ ဆယိမာနိ ဘိက္ခဝေ ဒိဋ္ဌိဋ္ဌာနာ-နိ ၌ ဒိဋ္ဌိဋ္ဌာန ခြောက်ပါး သရုပ်ကိုလည်းကောင်း/ ဝိညာဏက္ခန္ဓာ၌ ဝိညာဏံ ဧတံ မမ ဧသောဟမသ္မိ · စသည်ဖြင့် ဟောတော်မူအပ်သော ယံ ပိ တံ ဒိဋ္ဌံ သုတံ · စသည်ဖြင့် ဟော တော်မူချက်၏ အကြောင်းကိုလည်းကောင်း ရေးသားခဲ့ပါ။

(၉) မဟာသာရောပမသုတ်လာ အပ္ပမတ္တော သမာနော အသမယဝိမောက္ခံ အာရာ-ဓေတိ — ၌ အဘယ် တရားများသည် အဘယ့်ကြောင့် သမယဝိမောက္ခ · အသမယဝိမောက္ခ မည်ကြပါသနည်း၊ ရှင်းပြပြီးလျှင်/ ယာ စ ခေါ အယံ ဘိက္ခဝေ အကုပ္ပါ စေတော-ဝိမုတ္တိ · ၌ အဘယ်သို့ မပျက်စီးသည်ကို အကုပ္ပ — အဘယ်သို့ လွတ်သည်ကို စေတော-ဝိမုတ္တိ ဟု ခေါ်ပါသနည်း၊ အသီး အသီး ရှင်းပြပါ။

(၁၀) စူဠတဏှာသင်္ခယသုတ်လာ သဗ္ဗေ ဓမ္မာ နာလံ အဘိနိဝေသာယ · ၌ ယူရမည့် သဗ္ဗဓမ္မကို အကြောင်းနှင့် တကွ ဖော်ပြပြီးလျှင်/ သော သဗ္ဗံ ဓမ္မံ အဘိဇာနာတိ ပရိဇာနာတိ — ၌ အဘိဇာနန — ပရိဇာနန တို့၏ ထူးခြားသော အဓိပ္ပာယ်ကိုလည်းကောင်း/ သဘောအားဖြင့် အနည်း အများ မရှိပါဘဲလျက် ယံကိဉ္စိ ဝေဒနံ အပ္ပမတ္တကမ္ပိ ဝေဒနံ · ဟု [illegible] ဟောတော်မူချက်၏ အဓိပ္ပာယ်ကိုလည်းကောင်း ရေးသားပြပါ။

(၁၁) မဟာတဏှာသင်္ခယသုတ်၌လာ သာတိဿ နာမ ဘိက္ခုနော ကေဝဋ္ဋပုတ္တဿ ဧဝရူပံ ပါပကံ ဒိဋ္ဌိဂတံ ဥပ္ပန္နံ ဟောတိ အရ သာတိ ရဟန်းသည် အဘယ်သို့သော အကြောင်းယုတ္တိကိုထောက်ဆ၍ အဘယ်ဝိညာဏ်သည်ကို ယူပါသနည်း၊ ရှင်းပြပြီးလျှင်/ သာတိ ရဟန်း သိသော ဝိညာဏနှင့် မြတ်စွာဘုရား ဟောကြားအပ်သော ဝိညာဏ တို့၏ ထူးခြားချက်ကိုလည်း ရေးသားခဲ့ပါ။

(၁၂) စူဠဓမ္မသမာဒါနသုတ်လာ ဣဓ ဘိက္ခဝေ ဧကစ္စော ပကတိယာ တိဗ္ဗရာဂ-ဇာတိကော ဟောတိ၊ န တိဗ္ဗရာဂဇာတိကော ဟောတိ · ၌ အဘယ် အကြောင်းကြောင့် အချို့ ပုဂ္ဂိုလ်သည် ပကတိအားဖြင့် တိဗ္ဗရာဂဇာတိက နတိဗ္ဗရာဂဇာတိက ဖြစ်ပါသနည်း၊ ရှင်းပြပြီးလျှင်/ လောဘ နှင့် အလောဘ တို့သည် တပြိုင်နက်သော စိတ်၌ တကွ မဖြစ် နိုင်ပါဘဲလျက် [illegible] သောဘော ဗလဝါ ဟောတိ အလောဘော မန္ဒော · ဟူ၍ဆိုသော အဋ္ဌကထာ စကားကိုလည်း ရှင်းလင်းခဲ့ပါ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၂ ) မဇ္ဈိမနိကာယ ( မဇ္ဈိမပဏ္ဏာသ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၆ - ခုနှစ်၊ ပြာသိုလပြည့်နေ့ ( ၂၆-၁-၇၅ )

( ၁ ) နီဗ္ဗာန်ပြည်ခွင် ဝင်ရတံခါး တဆယ့်တပါးတို့ကို အဋ္ဌကနာဂရသုတ် ဒေသနာနှင့် အညီ အကျဉ်းချုပ်အားဖြင့် ရေတွက်ပြပြီးလျှင်/ ၎င်း သုတ်လာ တေနေဝ ဓမ္မရာဂေန တာယ ဓမ္မနန္ဒိယာ ပဉ္စန္နံ ဩရမ္ဘာဂိယာနံ သံယောဇနာနံ ပရိက္ခယာ - ၌ အဘယ်တရားကို အဘယ်ကြောင့် ဓမ္မရာဂ ဓမ္မနန္ဒီ ဟု ခေါ်ပါသနည်း—ရှင်းပြပါ။

( ၂ ) ပေါတလိယသုတ်လာ—တေဒေဝ ခေါ ပန သံယောဇနံ တေ နီဝရဏံ ယဒိဒံ ပါဏာတိပါတော - ၌ ပါဏာတိပါတကို အဘယ့်ကြောင့် သံယောဇန နီဝရဏ ဟု ဟောတော်မူပါသနည်း၊ ရှင်းပြပြီးလျှင်/ ယေ စ ပါဏာတိပါတပစ္စယာ ဥပ္ပဇ္ဇေယျုံ အာသဝါ ဝိဃာတပရိဠာဟာ - ၌ ပါဏာတိပါတကြောင့် ဖြစ်နိုင်သည့်အာသဝတရားတို့ကိုလည်း ဖြစ်ပုံနှင့် တကွ အဋ္ဌကထာ ဋီကာ အလိုကျ စုံလင်စွာ ရေးသားခဲ့ပါ။

( ၃ ) မေတ္တာတရား ပွားများခြင်း မရှိဘဲ နေသော ရဟန်းအားလည်း တိကောဋိပရိသုဒ္ဓမံသကို စားသဖြင့် အပြစ်မရှိသည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ဇီဝကသုတ်၌ ဣဓ ဇီဝက ဘိက္ခု အညတရံ ဂါမံဝါ နိဂမံဝါ ဥပနိဿာယ ဝိဟရတိ သော မေတ္တာသဟဂတေန စေတသာ - ဟု ဟောတော်မူပါသနည်း—ရှင်းပြီးလျှင်/ အနာရောဂါ ပျောက်ကင်းစေရန် ရည်သန်၍ အကပ္ပိယမံသကို 'ကပ္ပိယမံသပါဘုရား' ဟု မြွက်ကြား၍ လှူဒါန်း စားစေသော ဒါယကာအား အကုသိုလ်ဖြစ်မည် ကုသိုလ်ဖြစ်မည်ကိုလည်း အကပ္ပိယေန အာသာဒေတိ ဟူသော ဇီဝက သုတ်နှင့် ညှိ၍ ဆုံးဖြတ်ပြပါ၊

( ၄ ) ဥပါလိသုတ် လာ အတ္တိ ဘန္တေ မနော သတ္တာနာမ ဒေဝါ တတ္ထ သော ဥပပဇ္ဇတိ တံကိဿဟေတု၊ အသုဟိ ဘန္တေ မနော ပဋိဗဒ္ဓေါ ကာလင်္ကရောတိ - ဟူသော ဥပါလိ၏ အယူစကားဖြင့် မနောဒဏ္ဍ သာလျှင် မဟာသာဝဇ္ဇတရ ဖြစ်ပုံကို ဘုရား အလိုအရ ရှင်းပြပြီးလျှင်/ န ခေါ တေ သန္ဓိယတိ ပုရိမေနဝါ ပစ္ဆိမံ၊ ပစ္ဆိမေနဝါ ပုရိမံ - ၌ ပုရိမဝစန ပစ္ဆိမဝစန တို့ကား အဘယ်တို့ပါနည်း — အဘယ်သို့ မစပ်ကြပါသနည်း- ထင်ရှားအောင် ရေးသားခဲ့ပါ။

( ၅ ) အမ္ဗလဋ္ဌိက ရာဟုလောဝါဒ သုတ်လာ သဗ္ဗေ တေ ဝေမေတံ ပစ္စဝေက္ခိတွာ ကာယကမ္မံ ပရိသောဓေန္တိ ဝစီကမ္မံ ပရိသောဓေန္တိ မနောကမ္မံ ပရိသောဓေန္တိ အရ အဘယ် အခါကာလ၌ ဖြစ်ကုန်သော ကာယကံ ဝစီကံ မနောကံ တို့ကို အဘယ် အခါကာလ၌ အဘယ်သို့ ဆင်ခြင်၍ သုစင်အပ်ပါသနည်း ရှင်းပြပြီးလျှင်/ ယေဟိ ကေစိ ရာဟုလ အတီတမဒ္ဓါနံ သမဏာဝါ ဗြာဟ္မဏာဝါ ကာယကမ္မံ ဝစီကမ္မံ မနောကမ္မံ ပရိသောဓေသုံ - ၌ ယူရမည့် သမဏ ဗြာဟ္မဏ တို့ကိုလည်း အကြောင်းပြ၍ ရေးသားခဲ့ပါ။

(၆) မဟာရာဟုလောဝါဒသုတ်၌ ရူပမေဝ နုခေါ ဘဂဝါ ရူပမေဝ နုခေါ သုဂတဟု ရှင်ရာဟုလာသည် မြတ်စွာဘုရားအား မေးလျှောက်နိုင်ခြင်း၏ အကြောင်းကို ရေးပြီးလျှင်/ မြတ်စွာဘုရားက ရုပ်ကမ္မဋ္ဌာန်း ပေးထားပြီး ဖြစ်ပါလျက် ရှင်သာရိပုတြာက အဘယ့်ကြောင့် အာနာပါနဿတိံ ရာဟုလဘာဝနံ ဘာဝေဟိ ဟု အာနာပါနကမ္မဋ္ဌာန်းကို ပေးပြန်သည်– အာနာပါနဿတိ ဖြင့် အဘယ်ကို ပြတော်မူသည်တို့ကိုလည်း ဖော်ပြခဲ့ပါ။

(၇) မဟာသကုလုဒါယိသုတ်လာ ယထာ ပဋိပန္နာ မေ သာဝကာ အဋ္ဌ ဝိမောက္ခေ ဘာဝေန္တိ - ၌ အဋ္ဌ ဝိမောက္ခ တရား သရုပ်ကို အကျဉ်းချုပ်အားဖြင့် ရေတွက်ပြီးလျှင် / အဋ္ဌမ ဝိမောက္ခ - ကို အဋ္ဌမော ဥတ္တမော ဝိမောက္ခောနာမ ဟု ဖွင့်ဆိုသော အဋ္ဌကထာ၌ ဥတ္တမ နှင့် ဝိမောက္ခ မည်ရခြင်း၏ အကြောင်း အသီးသီးကိုလည်း ဖော်ပြပါ။

(၈) စူဠသကုလုဒါယိသုတ်လာ အတ္ထိ ခေါ ဥဒါယိ ဧကန္တ သုခေါ လောကော - ၌ အဘယ်ဘုံဌာနသည် ဧကန္တသုခလောက မည်ပါသနည်း – ပရိဗိုဇ်အလို ဘုရားအလိုအားဖြင့် ခွဲခြားပြပြီးလျှင် / မြတ်စွာဘုရား ပွင့်တော်မူသောအခါ ဗာဟိရက ပရိဗိုဇ် ရဟန်းတို့သည် ကသိုဏ်း ပရိကံတို့ကို ပွားများ အားထုတ်၍ လောကီစျာန် အဘိညာဉ်များကို ရနိုင် – မရနိုင်ကိုလည်း ယုတ္တိ ပြ၍ ဆုံးဖြတ်ပေးပါ။

(၉) ဗောဓိရာဇကုမာရသုတ်လာ သဒ္ဓဟာသိ တထာဂတဿ ဗောဓိံ - ၌ ဗောဓိ အရကို အဋ္ဌကထာနည်း ဋီကာနည်း အဆုံ အကြောင်းနှင့် တကွ ကောက်ပြပြီးလျှင် / တရားသံဿတို့၌ ယုံကြည်တတ်သော သဒ္ဓါကိုလည်း ပဓာနိယင် တရား၌ အလိုရှိအပ်ပါလျက် အဘယ့်ကြောင့် သဒ္ဓဟာသိ တထာဂတဿ ဗောဓိံ ဟု ဘုရားကိုသာ ဒေသနာသီသ ပြု၍ ဟောတော်မူပါသနည်း – ရှင်းပြပါ။

(၁၀) သေလသုတ်၌ သေလပုဏ္ဏားသည် မဇ္ဈေ သမဏသံဃဿ အာဒိစ္စောဝ ဝိရောစသိ - ဟု မြတ်စွာဘုရားအား ချီးမွမ်းလတ် ဖြစ်ပါလျက် အဘယ်ကို ပြလို၍ သီဟာဝ ကေစရော ဟု ချီးမွမ်း ပြောဆိုပါသနည်း – ရှင်းပြပြီးလျှင် / သမန္တဂေဟော ခေါ သမဏော ဂေါတမော-ဖြင့် ပရိပုဏ္ဏသရီရလက္ခဏာ ရှိပါပေ၏ ဟု ဆုံးဖြတ်ပြီးပါလျက် အဘယ့်ကြောင့် နော စ ခေါ နံ ဇာနာမိ၊ ဗုဒ္ဓေါ ဝါ နော ဝါ - ဟု တဖန် ဆိုပြန်ပါသနည်း – ရှင်းပြပါ။

(၁၁) အဿလာယနသုတ်လာ အယျော ဟုတွာ ဒါသော ဟောတိ၊ ဒါသော ဟုတွာ အယျော ဟောတိ - ၏ အဓိပ္ပာယ်ကို အဋ္ဌကထာ အလိုကျ ရေးသားပြီးလျှင် / ယင်းစကားဖြင့် အဘယ်ကို ပြသည် - အဘယ်သို့သော ဗြာဟ္မဏဝါဒကို ပယ်ဖျက်တော်မူသည် တို့ကိုလည်း အကြောင်းနှင့် တကွ ရေးသားဖော်ပြပါ။

(၁၂) ဝါသေဋ္ဌသုတ်လာ ဆေတွာ နန္ဒိံ အစရှိသော ဂါထာကို သာအဓိပ္ပာယ်ထင်ရှားလာအောင် အနက် ယောဇနာပြီးလျှင် / ခန္တီဗလံ ဗလာနီကံ - ၏ အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

၁၀—မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) မဇ္ဈိမနိကာယ (ဥပရိပဏ္ဏာသ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၆ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၂ - ရက်။ (၂၀ - ၁ - ၇၅)

---

(၁) ဗဟုဝေဒနီယကံ, အပ္ပဝေဒနီယကံ, သဝေဒနီယကံ, အဝေဒနီယကံ - တို့သည် အဘယ်ကံမျိုး - အဘယ့်ကြောင့် ဤအမည်များကို ရသည်တို့ကို သမာနဝါဒ, ကေစိဝါဒ နည်းစုံ ပြပြီးလျှင် / အဘယ် ဥပက္ကမ မျိုးသည် အာဗာဓ ဖြစ်သည် - ဝါဒါနုဝါဒ၏ အကြောင်း မည်မျှ ရှိသည် - ဝါဒ နှင့် အနုဝါဒ မည်သို့ ခြားနားကြသည်တို့ကိုလည်း ဒေဝဒဟသုတ် အရ ထုတ်ပြခဲ့ပါ။

(၂) သောဠသသညီဝါဒ - ၌ သောဠသ အရ - သတ္တုစ္ဆေဒဝါဒ၌ သတ္တ အရတို့ကို စေ့စုံအောင် ဖော်ပြပြီးလျှင်/ ဣဒံ ခေါ ပန ဘိက္ခဝေ (ပ) အနုပါဒါ ဝိမောက္ခောတိ - ဟူသော ပဉ္စတ္တယသုတ်၏ အဆုံး၌ ရှိသော ပေယျာလကိုလည်း နေရာကျ ဖော်ပြခဲ့ပါ။

(၃) ဧကံ ဧကာ၊ ဒွေ ဒုကာ၊ တီဏိ တိကာ၊ စတ္တာရိ စတုက္ကာ - တို့၏ ဆိုလိုရင်းကား အဘယ်သို့ ဖြစ်သည် - အဘယ်သင်္ချာတို့ ဖြစ်ကြသည် - အဘယ်သို့ ပြုလုပ်သည်ကို မုခါဓာန ဟု ခေါ်ဆိုသည် - အဘယ် ရဟန္တာမျိုးကို သတတဝိဟာရီ နော သာတတဝိဟာရီ ရဟန္တာ ဟု ခေါ်ဆိုသည် တို့ကို ဂဏကမောဂ္ဂလာနသုတ်လာ အတိုင်း ရှင်းခဲ့ပါ။

(၄) အနုပဒသုတ်လာ အရှင်သာရိပုတြာ၏ ဂုဏ်ပုဒ် သက်သက်မျှကိုလည်းကောင်း ပဏ္ဍိတ မည်ခြင်း၏ အကြောင်း (၄) ပါးကိုလည်းကောင်း အနုပဒဓမ္မ ဝိပဿနာရှုပုံကိုလည်းကောင်း ရေးသားပြီးလျှင်/ ဝသိပ္ပတ္တော၊ ပါရမိပ္ပတ္တော၊ ဩရသော၊ မုခတော၊ ဓမ္မနိမ္မိတော တို့၏ ဆိုလိုရင်းကိုလည်း အဋ္ဌကထာ အာဘော် သွင်းပြီး ရှင်းလင်းခဲ့ပါ။

(၅) ပဒုမဝတီ၏ သားငါးရာတို့သည် အဘယ်ဘဝက အဘယ်အရာကိုလှူ၍ အဘယ်ဆုကို တောင်းခဲ့ကြသည်-၎င်းဆုကို အဘယ့်ကြောင့် တောင်းခဲ့ကြသည်-အဘယ်ပဋိသန္ဓေဖြင့် ဖြစ်လာကြသည်- ခယဝယံ ပဋ္ဌပေတွာ-၌ အဘယ်ဝိပဿနာကို ဖြစ်စေသည် - အဘယ်ဉာဏ်ကို ပစ္စေကဗောဓိဉာဏ်ဟု ခေါ်သည်တို့ကို ခဂ္ဂဝိသာဏသုတ်လာအတိုင်း ဂါထာစုံသွင်းပြီး ရှင်းခဲ့ပါ။

(၆) စူဠသုညတသုတ်၌ ဧကမိဒံ ဘန္တေ ဟူသော စကားကို အဘယ်နှလုံးသွင်းဖြင့်လျှောက်ထားသည်- အဘယ်အခါကို ရည်ရွယ်၍ မြတ်စွာဘုရားက ပုဗ္ဗေဝါဟံဟူသော စကားကို မိန့်ကြားသည်-အဘယ်အရာမှ ကင်းဆိတ်ခြင်းကို သုညတဟု ခေါ်ဆိုသည်တို့ကို ဖော်ပြလျက်/ အတီတမဒ္ဓါနံ-ကို အတီတေပိ ဗုဒ္ဓါ၊ ပစ္စေကဗုဒ္ဓါ၊ ဗုဒ္ဓသာဝက [illegible] ဟု အဋ္ဌကထာ၌ ဖွင့်ပြပြီးလျှင်/ ဧတရဟိ-၌ ဧတရဟိပိ ဗုဒ္ဓါ ဗုဒ္ဓသာဝကာ ဟု ဖွင့်သဖြင့် ကြွင်းကျန်နေသော ပစ္စေကဗုဒ္ဓ - ပုဒ် ထည့်သင့် - မထည့်သင့်ကိုလည်း အကြောင်းပြ၍ ဝိနိစ္ဆယ ချခဲ့ပါ။

(၇) ရှင်ဗာကုလ၏ သူငယ်ချင်းဟောင်းကား မည်သူ ဖြစ်သည်— မည်ကဲ့သို့သော ဗာလံ ပုစ္ဆာကို ပေးသည်— ၎င်းပုစ္ဆာကို သာသနဝစန ဖြစ်အောင် မည်ကဲ့သို့ ပြင်ဆင်ပေးသည် တို့ကို ဖြေဆိုပြီးလျှင် / အနုပသမ္ပန္နဿ အညံ ဗျာကာတုံ န ဝဋ္ဋတိ ဟု ကျမ်းဂန်တို့၌ မိန့်ဆိုပါလျက် အညာ ဥဒပါဒိ ဟု ဗာကုလ မိန့်ဆိုခြင်းကိုလည်း ရှင်းခဲ့ပါ။

(၈) မောဃံ ကာယကမ္မံ၊ မောဃံ ဝစီကမ္မံ၊ မနောကမ္မမေဝ သစ္စံ- ဟူ၍ မြတ်စွာဘုရား ဟောသည်ကို မျက်မှောက် ကြားနာရပါ၏ဟု ပေါတလိပုတ္တ စွပ်စွဲခြင်းသည် အဘယ်၌ အဘယ်ကဲ့သို့ သမ္မုခါ ဟောတော်မူသည်ကို သမိဒ္ဓိအား ပြောကြားပါသနည်း- ဒဿနမ္ပိ ခေါ အဟံ ဟူသော ပါဠိတော်ကို ဖွင့်ရာ အဋ္ဌကထာ၌ သမန္တာ ယောဇနဉ္စာနေ တိလ- မတ္တမ္ပိ သဒ္ဒါရုံ ဟု လာရာ အဘယ် သဒ္ဒါရုံကို ယူရပါမည်နည်း- ၎င်းအမေးများကို မဟာဝိဘင်္ဂသုတ်လာ အတိုင်း ဖြေဆိုခဲ့ပါ။

(၉) လက္ခဏာနုဗျဉ္ဇန သမ္ပန္န ဖြစ်တော်မူသော အသဒိသဘုရားရှင်အား ပုက္ကုသာတိ အဘယ်ကြောင့် မေးသည်– အဘယ်ကဲ့သို့ ယိုင်ခြင်းမျိုးကို စတုသန္ဓိက ပလ္လင်္က ဟု ခေါ် ဆိုသည်– ဤသုတ်လာ ဆဓာတုရော နှင့် ဆဓာတုယော သည် မည်သို့ ခြားနားသည်– ၎င်း ဆ-သ-ချာ၏ သချုံကား အဘယ်တရားများ ဖြစ်သည်တို့ကို ရေးသားပြီးလျှင် / ကွယ် လွန်ပြီးနောက် အဝိဟာဘုံရောက်သော ပုဂ္ဂိုလ်များကိုလည်း စုံလင်အောင် ရေးသားခဲ့ပါ။

(၁၀) ယေန အနာထပိဏ္ဍိကဿ ဂဟပတိဿ နိဝေသနံ တေနုပသင်္ကမိ-၌ အဘယ် ပုဂ္ဂိုလ်သည် အဘယ်သူနှင့် အဘယ်အချိန်တွင် ကပ်ရောက်သည်— န ရူပံ ဥပါဒိယိဿာမိ၌ အဘယ်ရူပ၊ န ဣဓ လောကံ န ပရလောကံ ဥပါဒိယိဿာမိ-၌ အဘယ်အရာများကို လောက ဟု ယူရမည်တို့ကို ရေးသားပြီးလျှင်/ နစ မေ ဧဝရူပီ ဓမ္မိကထာ သုတပုဗ္ဗာ-၌ အနာထပိဏ် သူဌေး ရည်ရွယ်သော ပမ္ပိယောကိုလည်း အနာထပိဏ္ဍိကောဝါဒသုတ် အရ ထုတ်ပြခဲ့ပါ။

(၁၁) အရှင်နန္ဒကသည် အဘယ့်ကြောင့် ဘိက္ခုနောဝါဒက ကို မပြုလုပ်လိုသည်- ဘိက္ခုနီမတို့က နန္ဒက တရားကိုမှ အဘယ်ကြောင့် နာလိုကြသည်- ဇေဋ္ဌက ဒါသိက ပစ္စေကပုဒ္ဓါတို့အား ကိံ နု ခေါ–ဟု အဘယ့်ကြောင့် မေးလျှောက်သည်— ပဌမ ဥပမာ လာ တဇ္ဇံ တဇ္ဇံ၊ တဇ္ဇာ တဇ္ဇာ၊ တဇ္ဇာယ တဇ္ဇာယ- တို့၏ ဆိုလိုရင်းကား အဘယ်သို့ ဖြစ်သည်တို့ကို နန္ဒကောဝါဒသုတ်လာ အတိုင်း ရှင်းခဲ့ပါ။

(၁၂) ဣန္ဒြိယဘာဝနာသုတ်လာ ဂဇင်္ဂလာသည် ရဋ္ဌ နဂရ စသည်တို့တွင် မည်သည့် အရာ ဖြစ်သည်- မည်သည့်ဌာန၌ တည်ရှိသည်– သုဝေဠုဝနေ-၌ အဘယ်အပင်မျိုးကို သုဝေဠုပင် ဟု ခေါ်ဆိုသည်- ပါရာသိဝိယ ဟောကြားသော ဣန္ဒြိယဘာဝနာ၌ စက္ခု- နာ ရူပံ န ပဿတိ၊ သောတေန သဒ္ဒံ န သုဏာတိ- တို့ကို အဘယ်အာဘောဂဖြင့် ဟောကြားသည်တို့ကို ဖြေကြားပြီးလျှင် / ကူမေသု စ တိသု နယေသု- ဟု အဋ္ဌကထာပြ နည်းသုံးဝကိုလည်း အမြွက်မျှ ရေးပြခဲ့ပါ။ ၁၀—မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) မဇ္ဈိမနိကာယ ( မူလပဏ္ဏာသ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ - ရက်။ ( ၂၂-၁-၇၆ )

( ၁ ) ယောပိ သော ဘိက္ခဝေ ဘိက္ခု သေက္ခော အပ္ပတ္တမာနသော အနုတ္တရံ ယောဂက္ခေမံ ပတ္ထယမာနော ဝိဟရတိ ဟူသော မူလပရိယာယသုတ် ပါဠိတော်၌ ပတ္ထယမာနော အရ ပတ္ထနာအမျိုးအစား အဘယ်မျှ ရှိသည်ကိုလည်းကောင်း ပတ္ထယမာနော - ပုဒ်၏ သိသင့် သိထိုက်သော အဓိပ္ပာယ်ကိုလည်းကောင်း ၊ အယံ ပန မညိစ န မညိစ န ဝတ္တဗ္ဗော - ဟူသော အဋ္ဌကထာ၏ ဆိုလိုရင်း အာဘောဂကိုလည်းကောင်း ရေးသားခဲ့ပါ။

( ၂ ) သဗ္ဗာသဝသုတ် သံဝရပဟာတဗ္ဗ အခန်း၌ ဒဿနေန ဘာဝနာယ ဟူသော ဤနှစ်ပုဒ်တို့ဖြင့် မပယ်အပ်သော အာသဝ မည်သည် မရှိပါဘဲလျက် အဘယ့်ကြောင့် သံဝရပဟာတဗ္ဗ တို့ကို သီးခြား ထုတ်နုတ်၍ ဟောတော်မူပါသနည်း - အဋ္ဌကထာအလိုကျ ဖြေဆို၍ / ဤသံဝရပဟာတဗ္ဗ တို့ကို မည်သို့ ခေါ်ဆိုရမည်ကိုလည်း ရေးသားခဲ့ပါ။

( ၃ ) ဘယဘေရဝသုတ် ဒေသနာနုမောဒနာ၌ အဘိက္ကန္တံ ဘော ဂေါတမ အဘိက္ကန္တံ ဘော ဂေါတမ ဟု အဘယ်၏ အစွမ်းဖြင့် အဘိက္ကန္တ သဒ္ဒါကို နှစ်ကြိမ်သိုပါသနည်း - ဖြေဆို၍ / အဘယ်ပုဂ္ဂိုလ်မျိုးကို သမ္မုတိဒေသနာ - အဘယ်ပုဂ္ဂိုလ်မျိုးကို ပရမတ္ထဒေသနာကို ဟောသည်ဟု ညွှန်ပြပြီးလျှင် / ပုဂ္ဂလကထာ ဟောခြင်း အကြောင်း ရှစ်မျိုးကိုလည်း အနင်္ဂဏသုတ် သမ္မုတိ ပရမတ္ထ ဒေသနာကထာ အရ ရေတွက်ပြခဲ့ပါ။

( ၄ ) ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော အယံ ဝုစ္စတာဝုသော ဇာတိ ဟူသော သမ္မာဒိဋ္ဌိသုတ်လာ ပါဠိတော်၌ ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ တို့၏ အရကိုလည်းကောင်း၊ အကြောင်းကိုလည်းကောင်း အသီးသီး ဖော်ပြ၍/ သွားလျှင် သွား၏ဟု ခွေး မြေခွေးများပင် သိ၍ ထိုသို့ သိခြင်းသည် ကမ္မဋ္ဌာန်းဖြစ် မဖြစ် — သတိပဋ္ဌာန ဘာဝနာ ဖြစ် — မဖြစ် သတိပဋ္ဌာနသုတ် ဣရိယာပထပဗ္ဗ အရ အကြောင်း စိစစ်၍ ဆုံးဖြတ်ခဲ့ပါ။

( ၅ ) အဋ္ဌ ခေါ ဣမာ သာရိပုတ္တ ပရိသာ ဟူသော မဟာသီဟနာဒသုတ်လာ ပါဠိ အရ အဋ္ဌ သချပ်ကို ရေတွက်ပြ၍ / အဘယ်အကျိုးငှာ အဋ္ဌ ခေါ ဣမာ သာရိပုတ္တ ပရိသာ ဟု ဟောရသည်ကိုလည်းကောင်း၊ တမေနံ ပဿာမိ အပရေန သမယေန အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရန္တံ ဟူသော မဟာသီဟနာဒသုတ် အာသဝက္ခယဝါရ၌ ဒိဋ္ဌေဝ ဓမ္မေ ဟု မဟောဘဲ တဒေနံ ပဿာမိ ဟု ဟောရခြင်း အကြောင်းများကိုလည်းကောင်း ရေးခဲ့ပါ။

( ၆ ) အဘိဇာနာမိ ခေါ ပနာဟံ သာရိပုတ္တ စတုရင်္ဂသမန္နာဂတံ ဗြဟ္မစရိယံ စရိတာ ဟူသော မဟာသီဟနာဒသုတ် ပါဠိတော်တွင် ဗြဟ္မစရိယ မည်နိုင်သော တရားများကို

( ၇ ) ရှင်ဗာကုလ၏ သူငယ်ချင်းဟောင်းကား မည်သူ ဖြစ်သည်– မည်ကဲ့သို့သော ဗာလ ပုစ္ဆာကို ပေးသည် – ၎င်းပုစ္ဆာကို သာသနဝစန ဖြစ်အောင် မည်ကဲ့သို့ ပြင်ဆင်ပေးသည် တို့ကို ဖြေဆိုပြီးလျှင် / အနုပသမ္ပန္နဿ အညံ ဗျာကာတုံ န ဝဋ္ဋတိ ဟု ကျမ်းဂန်တို့၌ မိန့်ဆိုပါလျက် အညာ ဥဒပါဒိ ဟု ဗာကုလ မိန့်ဆိုခြင်းကိုလည်း ရှင်းခဲ့ပါ။

( ၈ ) မောဃံ ကာယကမ္မံ၊ မောဃံ ဝစီကမ္မံ၊ မနောကမ္မမေဝ သစ္စံ- ဟူ၍ မြတ်စွာဘုရား ဟောသည်ကို မျက်မှောက် ကြားနာရပါ၏ဟု ပေါတလိပုတ္တ စွပ်စွဲခြင်းသည် အဘယ်၌ အဘယ်ကဲ့သို့ သမ္ဗုခါ ဟောတော်မူသည်ကို သမိဒ္ဓိအား ပြောကြားပါသနည်း– ဒဿနမ္ပိ ခေါ အဟံ ဟူသော ပါဠိတော်ကို ဖွင့်ရာ အဋ္ဌကထာ၌ သမန္တာ ယောဇနဋ္ဌာနေ တိလ- မတ္တမ္ပိ သခါရံ ဟု လာရှိရာ အဘယ် သခါရကို ယူရပါမည်နည်း– ၎င်းအမေးများကို မဟာဝိဘင်္ဂသုတ်လာ အတိုင်း ဖြေဆိုခဲ့ပါ။

( ၉ ) လက္ခဏာနုဗျဉ္ဇန သမ္ပန္န ဖြစ်တော်မူသော အသဒိသဘုရားရှင်အား ပုက္ကုသာတိ အဘယ်ကြောင့် မသိသည် – အဘယ်ကဲ့သို့ ထိုင်ခြင်းမျိုးကို စတုသန္ဓိက ပလ္လင်္က ဟု ခေါ် ဆိုသည် – ဤသုတ်လာ ဆခါတုရော နှင့် ဆခါတုယော သည် မည်သို့ ခြားနားသည် – ၎င်း ဆ-သင်္ချာ၏ သင်္ချေကား အဘယ်တရားများ ဖြစ်သည်တို့ကို ရေးသားပြီးလျှင် / ကွယ် လွန်ပြီးနောက် အဝိဟာဘုံရောက်သော ပုဂ္ဂိုလ်များကိုလည်း စုံလင်အောင် ရေးသားခဲ့ပါ။

( ၁၀ ) ယေန အနာထပိဏ္ဍိကဿ ဂဟပတိဿ နိဝေသနံ တေနုပသင်္ကမိ - ၌ အဘယ် ပုဂ္ဂိုလ်သည် အဘယ်သူနှင့် အဘယ်အချိန်တွင် ကပ်ရောက်သည်– န ရူပံ ဥပါဒိယိဿာမိ၌ အဘယ်ရူပ၊ န ဣဓ လောကံ န ပရလောကံ ဥပါဒိယိဿာမိ-၌ အဘယ်အရာများကို လောက ဟု ယူရမည်တို့ကို ရေးသားပြီးလျှင်/ န စ မေ ဧဝရူပီ ဓမ္မိကထာ သုတပုဗ္ဗာ-၌ အနာထပိဏ် သူဌေး ရည်ရွယ်သော ပဋိက္ခေပကိုလည်း အနာထပိဏ္ဍိကောဝါဒသုတ် အရ ထုတ်ပြခဲ့ပါ။

( ၁၁ ) အရှင်နန္ဒကသည် အဘယ့်ကြောင့် ဘိက္ခုနောဝါဒ ကို မပြုလုပ်လိုသည် - ဘိက္ခုနီမတို့က နန္ဒက တရားကိုမှ အဘယ်ကြောင့် နာလိုကြသည် - ဇေဋ္ဌက ဒါသိက ပစ္စေကဗုဒ္ဓါတို့အား ကိံ နု ခေါ – ဟု အဘယ့်ကြောင့် မေးလျှောက်သည် – ပဌမ ဥပမာ လာ တဇ္ဇံ တဇ္ဇံ၊ တဇ္ဇာ တဇ္ဇာ၊ တဇ္ဇဿ တဇ္ဇဿ - တို့၏ ဆိုလိုရင်းကား အဘယ်သို့ ဖြစ်သည်တို့ကို နန္ဒကောဝါဒသုတ်လာ အတိုင်း ရှင်းခဲ့ပါ။

( ၁၂ ) ဣန္ဒြိယဘာဝနာသုတ်လာ ဂဇင်္ဂလာသည် ရဋ္ဌ နဂရ စသည်တို့တွင် မည်သည့် အရာ ဖြစ်သည် - မည်သည့်ဌာန၌ တည်ရှိသည် – သုဝေဠုဝနေ - ၌ အဘယ်အပင်မျိုးကို သုဝေဠုပင် ဟု ခေါ်ဆိုသည် - ပါရာသိဝိယ ဟောကြားသော ဣန္ဒြိယဘာဝနာ၌ စက္ခု- နာ ရူပံ န ပဿတိ၊ သောတေန သဒ္ဒံ န သုဏာတိ- တို့ကို အဘယ်အာဘောဂဖြင့် ဟောကြားသည်တို့ကို ဖြေကြားပြီးလျှင် / ဣမေသု စ တီသု နယေသု- ဟု အဋ္ဌကထာပြ နည်းသုံးဝကိုလည်း အမြွက်မျှ ရေးပြခဲ့ပါ။ ၁၀–မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) မဇ္ဈိမနိကာယ ( မူလပဏ္ဏာသ ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ - ရက်။ ( ၂၂-၁-၇၆ )

(၁) ယော ပိ သော ဘိက္ခဝေ ဘိက္ခု သေက္ခော အပ္ပတ္တမာနသော အနုတ္တရံ ယောဂက္ခေမံ ပတ္ထယမာနော ဝိဟရတိ ဟူသော မူလပရိယာယသုတ် ပါဠိတော်၌ ပတ္ထယမာနော အရ ပတ္ထနာအမျိုးအစား အဘယ်မျှ ရှိသည်ကိုလည်းကောင်း ပတ္ထယမာနော - ပုဒ်၏ သိသင့် သိထိုက်သော အဓိပ္ပာယ်ကိုလည်းကောင်း အယံ ပန ပညိစ န မညိစ န ဝတ္တဗ္ဗော - ဟူသော အဋ္ဌကထာ၏ ဆိုလိုရင်း အာဒိဘာဂကိုလည်းကောင်း ရေးသားခဲ့ပါ။

(၂) သဗ္ဗာသဝသုတ် သံဝရပဟာတဗ္ဗ အခန်း၌ ဒဿနေန ဘာဝနာယ ဟူသော ဤနှစ်ပုဒ်တို့ဖြင့် မပယ်အပ်သော အာသဝ မည်သည် မရှိပါသလျက် အဘယ့်ကြောင့် သံဝရပဟာတဗ္ဗ တို့ကို သီးခြား ထုတ်နုတ်၍ ဟောတော်မူပါသနည်း - အဋ္ဌကထာအလိုကျ ဖြေဆို၍ / ဤသံဝရပဟာတဗ္ဗ တို့ကို မည်သို့ ခေါ်ဆိုရမည်ကိုလည်း ရေးသားခဲ့ပါ။

(၃) ဘယဘေရဝသုတ် ဒေသနာနုမောဒနာ၌ အဘိက္ကန္တံ ဘော ဂေါတမ အဘိက္ကန္တံ ဘော ဂေါတမ ဟု အဘယ်၏ အစွမ်းဖြင့် အဘိက္ကန္တ သဒ္ဒါကို နှစ်ကြိမ်ဆိုပါသနည်း - ဖြေဆို၍ / အဘယ်ပုဂ္ဂိုလ်မျိုးကို သမ္မုတိဒေသနာ - အဘယ်ပုဂ္ဂိုလ်မျိုးကို ပရမတ္ထဒေသနာကို ဟောသည်ဟု ညွှန်ပြပြီးလျှင် / ပုဂ္ဂလကထာ ဟောခြင်း အကြောင်း ရှစ်မျိုးကိုလည်း အနင်္ဂဏသုတ် သမ္မုတိ ပရမတ္ထ ဒေသနာကထာ အရ ရေးသားပြခဲ့ပါ။

(၄) ယာ တေသံ တေသံ သတ္တာနံ တမှိ တမှိ သတ္တနိကာယေ ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ခန္ဓာနံ ပါတုဘာဝေါ အာယတနာနံ ပဋိလာဘော အယံ ဝုစ္စတာဝုသော ဇာတိ ဟူသော သမ္မာဒိဋ္ဌိသုတ်လာ ပါဠိတော်၌ ဇာတိ သဉ္ဇာတိ ဩက္ကန္တိ အဘိနိဗ္ဗတ္တိ ပုဒ်တို့၏ အရကိုလည်းကောင်း၊ အကြောင်းကိုလည်းကောင်း အသီးသီး ဖော်ပြ၍ / သွားလျှင် သွား၏ဟု ခွေး မြေခွေးများပင် သိ၍ ထိုသို့ သိခြင်းသည် ကမ္မဋ္ဌာန်းဖြစ် မဖြစ် - သတိပဋ္ဌာန ဘာဝနာ ဖြစ် - မဖြစ် သတိပဋ္ဌာနသုတ် ဣရိယာပထပဗ္ဗ အရ အကြောင်းပြ၍ ဆုံးဖြတ်ခဲ့ပါ။

(၅) အဋ္ဌ ခေါ ဣမာ သာရိပုတ္တ ပရိသာ ဟူသော မဟာသီဟနာဒသုတ်လာ ပါဠိ အရ အဋ္ဌ သချပ်ကို ရေတွက်ပြ၍ / အဘယ်အကျိုးငှာ အဋ္ဌ ခေါ ဣမာ သာရိပုတ္တ ပရိသာ ဟု ဟောရသည်ကိုလည်းကောင်း၊ တမေနံ ပဿာမိ အပရေန သမယေန အာသဝါနံ ခယာ အနာသဝံ စေတောဝိမုတ္တိံ ပညာဝိမုတ္တိံ ဒိဋ္ဌေဝ ဓမ္မေ သယံ အဘိညာ သစ္ဆိကတွာ ဥပသမ္ပဇ္ဇ ဝိဟရန္တံ ဟူသော မဟာသီဟနာဒသုတ် အာသဝက္ခယဝါရ၌ [illegible] မဟောဘဲ တမေနံ ပဿာမိ ဟု ဟောရခြင်း အကြောင်းများကိုလည်းကောင်း ရေးခဲ့ပါ၊

(၆) အဘိဇာနာမိ ခေါ ပနာဟံ သာရိပုတ္တ စတုရင်္ဂသမန္နာဂတံ ဗြဟ္မစရိယံ စရိတာ ဟူသော မဟာသီဟနာဒသုတ် ပါဠိတော်တွင် ဗြဟ္မစရိယ မည်နိုင်သော တရားများကို

ကုန်စင်အောင် ဖော်ပြ၍ / ထိုသုတ်တွင် ပါသော ပဌမာဃ သတီယာစ ဂတိယာစ မိတိယာစ သမန္နာဂတာ ပရမေနစ ပညာဝေယျတ္တိယေန - ၌ သတိ ဂတိ မိတိ ပညာ ဝေယျတ္တိယ မည်ပုံ အသီးသီးသော အဓိပ္ပာယ်ကိုလည်းကောင်း၊ မဟာဒုက္ခက္ခန္ဓသုတ်လာ ပဌ္ဌိ မေ ဘိက္ခဝေ ကာမဂုဏာ - ၌ အဘယ့်ကြောင့် ကာမ မည်သည် — အဘယ့်ကြောင့် ဂုဏ မည်သည်ကိုလည်းကောင်း ပြည့်စုံစွာ ရေးသားခဲ့ပါ။

( ၇ ) ယော ခေါ ဘိက္ခဝေ ကာမေသု ဆန္ဒရာဂ ဝိနယော ဆန္ဒရာဂပ္ပဟာနံ ဣဒံ ကာမာနံ နိဿရဏံ ဟူသော မဟာဒုက္ခက္ခန္ဓသုတ်လာ ပါဠိ၌ ဆန္ဒရာဂဝိနယော ဆန္ဒရာဂပ္ပဟာနံ - ပုဒ်တို့ အရ အဘယ်တရားကို ရသည်ဟု ကောက်ပြ၍ / သဗ္ဗေပိ မေ ပါပကေ အကုသလေ ဓမ္မေ ပဟီနေ ဟူသော အနုမာနသုတ် ပါဠိ အရ အဘယ်ပဟာန်မျိုးကို ဟောတော်မူသည်ဟု ဖော်ပြပြီးလျှင်/ဝိက္ခမ္ဘန တဒင်္ဂ သမုစ္ဆေဒ ပဋိပဿဒ္ဓိ နိဿရဏ ပဟာန်တို့တွင် အဘယ်ပုဂ္ဂိုလ်တို့အား အဘယ်ပဟာန်ကို ဟောတော်မူသည်ဟုလည်း အသီးသီး ဖော်ပြပါ။

( ၈ ) ဘိက္ခု ဘိက္ခု အယံ ဝမ္မိကော ရတ္တိံ ဓူမာယတိ၊ ဒိဝါ ပဇ္ဇလတိ စသော ဝမ္မိက သုတ် ပါဠိတော်၌ ဘိက္ခု ဘိက္ခု ဟု နှတ်သားက နှစ်ကြိမ် ခေါ်ဝေါ်ခြင်း၏ အကြောင်းကို ဥပမာဖြင့် ထင်စွာ ဖော်ပြ၍ / ရထဝိနီတသုတ်လာ တနည်းပြသော အပ္ပိစ္ဆာ လေးမျိုးကိုလည်း သချာမျှ ရေတွက်ပြခဲ့ပါ။

( ၉ ) မဟာသစ္စကသုတ်၌ အဘယ်ကို ပြလို၍ ဟဿ မယှံ စသော စကားကို မြတ်စွာဘုရား မိန့်တော်မူပါသနည်း — ရေးသား၍ / ဒုက္ကရစရိယာ ကျင့်ရခြင်း အကြောင်းကို ဖော်ပြပြီးလျှင် / ဒုက္ကရစရိယာ မကျင့်ဘဲ ဘုရားဖြစ်နိုင် မဖြစ်နိုင်ကိုလည်း ဆုံးဖြတ်ခဲ့ပါ။

( ၁၀ ) မြတ်စွာဘုရား သာသနာတော်၌ မိန်းမအဖြစ်နှင့် ပစ္စည်း အများဆုံး စွန့်လှူသော မိန်းမ၊ ယောကျ်ားအဖြစ်နှင့် ပစ္စည်း အများဆုံး စွန့်လှူသော ယောကျ်ား တို့ကို ဖော်ပြ၍ / သာဝတ္ထိပြည်၌ နေသော အခါ ဇေတဝန်ကျောင်းနှင့် ပုဗ္ဗာရုံကျောင်း၌ မြတ်စွာဘုရား အမြဲသီတင်းသုံးတော်မူခြင်း၏ အကြောင်းကိုလည်း ရေးသားခဲ့ပါ။

( ၁၁ ) မိဝင်၏ နို့ရည်သည် အဘယ် ကောဋ္ဌာသမျိုး ဖြစ်သည်ဟု ဖော်ပြ၍/အဘယ်၏ အစွမ်းဖြင့် နို့ရည်ဖြစ်လာရသည်ကိုလည်း ရေးသားပြီးလျှင်/မဟာတဏှာ သင်္ခယသုတ်လာ ယံကိဉ္စိ ဝေဒနံ ဝေဒေတိ၊ သုခံဝါ ဒုက္ခံဝါ အဒုက္ခမသုခံဝါ သောတံ ဝေဒနံ အဘိနန္ဒတိ အဘိဝဒတိ - ၌ သုခဝေဒနာ အဒုက္ခမသုခဝေဒနာတို့မှာ နှစ်သက်ခြင်း ဖြစ်နိုင်စေ၊ ဒုက္ခ ဝေဒနာမှာ အဘယ်သို့ နှစ်သက်ခြင်း ဖြစ်နိုင်မည်နည်း — ရှင်းလင်းပြခဲ့ပါ။

( ၁၂ ) တသာ ရှုဓေပယ် လာဘေဟိ အပ္ပဋိဝိဘတ္တဘောဂီ ဟောတိ - ဟူသော ကောသမ္ဗိယ သုတ်လာ ပါဠိ၌ ပဋိဝိဘတ္တ အပြားကို အဓိပ္ပာယ်နှင့် တကွ ဖော်ပြ၍/အပ္ပဋိဝိဘတ္တဘောဂီ မည်ပုံကို ရေးသားပြီးလျှင် / အောက်ပါ ဂါထာကိုလည်း အနက်ယောဇနာခဲ့ပါ။

ဘဝေဝါဟံ ဘယံ ဒိသွာ၊ ဘဝဥ္စ ဝိဘဝေသိနံ။

ဘဝံ နာဘိဝဒိံ ကိဉ္စိ၊ နန္ဒိဉ္စ န ဥပါဒိယိံ။ ၁၀—မှတ်စီ။

## (ခ) တိပိဋကဓရ သမဘာရေးဖြေ စာမေးပွဲ

### (၂) မဇ္ဈိမနိကာယ (မဇ္ဈိမပဏ္ဏာသ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ - ရက်။ (၂၄-၁ ၇၆)

—

(၁) သမထ ဝိပဿနာတို့၌ ဆန္ဒရာဂကို အကြွင်းမဲ့ ကုန်ခန်းအောင် ပြုစွမ်းနိုင်သော ပုဂ္ဂိုလ်, မပြုစွမ်းနိုင်သော ပုဂ္ဂိုလ်တို့သည် အဘယ်ပုဂ္ဂိုလ်များ ဖြစ်မည်ဟု အသီးသီး ဖော်ပြ၍ / အဋ္ဌကနာဂရသုတ်လာ တေနေဝ ဓမ္မရာဂေန တာယ ဓမ္မနန္ဒိယာ ပုဒ်တို့ဖြင့် အဘယ်ကို ဟောဆိုလိုပါသနည်း—ဖြေဆိုပြီးလျှင်/ အယံ ခေါ ဂဟပတိ (ပ) ကေဓမ္မော အက္ခာတော - ဟူသော အဋ္ဌကနာဂရသုတ်၌ တဆယ့်တပါးသော တရားတို့ကို ကေဓမ္မော ဟု ဟောခြင်း အကြောင်းကိုလည်း ရေးသားခဲ့ပါ။

(၂) ဆသေ့ဝါဘိဇာတိသု သုခဒုက္ခံ ပဋိသံဝေဒေန္တိ ဟူသော အပဏ္ဏကသုတ် ပါဠိတော်၌ ဆသရုပ်ကို ဖော်ပြ၍ / နိယတမိစ္ဆာဒိဋ္ဌိသို့ သုံးပါးလုံး သက်ဝင်မှ နိယတမိစ္ဆာဒိဋ္ဌိ ဖြစ်သည် သို့မဟုတ် တပါးသို့ သက်ဝင်သော်လည်းကောင်း၊ နှစ်ပါးသို့ သက်ဝင်သော်လည်းကောင်း နိယတမိစ္ဆာဒိဋ္ဌိ ဖြစ်သည်တို့ကို ခွဲခြား ဝေဘန်ပြီးလျှင် / ထိုပုဂ္ဂိုလ်တို့သည် တဘဝ၌သာ နိယတ ဖြစ်သည် သို့မဟုတ် တခြားသော ဘဝတို့၌ကား အဘယ်သို့ ဖြစ်သေးသည်တို့ကိုလည်း စိစစ် ညွှန်ကြားခဲ့ပါ။

(၃) တေ ဓမ္မေ အနိစ္စတော ဒုက္ခတော (ပ) အနတ္တတော သမနုပဿတိ - ဟူသော မဟာမာလုကျသုတ်၌ အဘယ်ပုဒ်တို့ဖြင့် အဘယ်လက္ခဏာကို ပြသည်ဟု အသီးသီး ဖော်ပြ၍ / ရှင်အာနန္ဒာ၏ ပါရမီဆယ်ပါးကို ဖြည့်ကျင့်ရာ၌ သဗ္ဗညု အဖြစ်သို့ မရောက်ဘဲ မြတ်စွာဘုရား ဖြည့်ကျင့်ရာ၌ သဗ္ဗညု အဖြစ်သို့ ရောက်ခြင်း၏ ထူးခြားသော အကြောင်းများကိုလည်း ရေးသားခဲ့ပါ။

(၄) ဂေါလိယာနိသုတ်၌ ပဒသမာစာရ ဟူသည် အဘယ်သို့သော အာစာရမျိုး ဖြစ်သည်ကို ဖော်ပြ၍ / အာရညိကေနာဝုသော ဘိက္ခုနာ အဘိဓမ္မေ အဘိဝိနယေ ယောဂေါ ကရဏီယော - အရ အဘိဓမ္မာ ပိဋကတ်, ဝိနယပိဋကတ်တို့၌ အဘယ်ကဲ့သို့ အားထုတ်ရမည်ကို ရေးပြီးလျှင် / ဥတ္တရိမနုဿဓမ္မေ ယောဂေါ ကရဏီယော - ၌ ဥတ္တရိမနုဿဓမ္မ အရ ယူရမည့်တရားများကိုလည်း ညွှန်ကြားခဲ့ပါ။

(၅) တေဝိဇ္ဇဝစ္ဆသုတ်လာ ဂိဟိသံယောဇဉ် ဟူသည် အဘယ်သို့သော သံယောဇဉ်မျိုး ပါနည်း - ဖြေဆို၍ / ထိုဂိဟိသံယောဇဉ်ကို မပယ်ဘဲ နတ်ပြည်သို့ ရောက်နိုင် - မရောက်နိုင်ကို ဆုံးဖြတ်ပြီးလျှင် / လူ့အဖြစ်နှင့် ရဟန္တာ ဖြစ်သော သူများကို ရေတွက်လျက် — ထိုလူအဖြစ်နှင့် ရဟန္တာ ဖြစ်လျှင် ခုနစ်ရက်အတွင်းမှာ ရဟန်းသော်လည်း ပြု — သို့မဟုတ် ပရိနိဗ္ဗာန်သော်လည်း ပြုရမည် ဆိုသော ဝါဒနှင့် ထိုရဟန္တာဖြစ်သောနေ့မှာပင် ရဟန်း

သော်လည်း ပြု — သို့မဟုတ် ပရိနိဗ္ဗာန်သော်လည်း ပြုရမည်ဆိုသော ဝါဒ နှစ်ရပ်တွင် အဘယ်ဝါဒ သင့်မြတ်မည်ဟု အဋ္ဌကထာ အလိုအရ အတိအကျ ဆုံးဖြတ်ချက်ချခဲ့ပါ။

( ၆ ) သမဏမုဏ္ဍိကသုတ်၌ သမဏမုဏ္ဍိကာပုတ္တ၏ စကားကို အဘယ်သို့ မှတ်ထင်၍ ပဥ္စင်္ဂထပတိ-က နှစ်သက်ခြင်း တားမြစ်ခြင်းကို မပြုပါသနည်း — သူငယ်များ ငိုခြင်း ရယ်ခြင်း အကြောင်းကို ဖော်ပြ၍ / ထိုငိုခြင်း ရယ်ခြင်းကို ပြုသော သူငယ်တို့၏ စိတ်သည် အဘယ်စိတ်မျိုးဖြစ်သည်ကိုလည်း ရေးသားခဲ့ပါ။

( ၇ ) စူဠသကုလုဒါယိသုတ်၌ ဒီဃာပိ ခေါ တေ သော ဟူသော ပုဒ်၏ အဓိပ္ပာယ်ကို ရေးသား ဖော်ပြ၍ / ပတ္တမြားရောင်တက် ပိုးစုံးကြူးရောင်က လွန်ကဲ မြတ်သည်ဟု အဘယ် အကြောင်းကြောင့် ဥဒါယီက ပြောဆိုပါသနည်း — ရှင်းလင်းခဲ့ပါ။

( ၈ ) ဝေခနသသုတ်လာ အရူကာယ သမုဿိဘ အာတုရ ပုဒ်တို့၏ အဓိပ္ပာယ်ကို အသီးသီး ဖော်ပြ၍ / ဗဟုသက်ပွ မည်ပုံကိုလည်း အကျယ် ရှင်းလင်း ပြခဲ့ပါ။

( ၉ ) ဗောဓိရာဇကုမာရသုတ်၌ ဗောဓိရာဇကုမာရသည် အဘယ်သို့ မှတ်ထင် ယူဆ၍ န ခေါ သုခေန သုခံ အဓိဂန္တဗ္ဗံ · ဟူသော စကားကိုဆိုပါသနည်း — ရေးသား ဖြေဆို၍ / ဒါရကာသ ပေသာဥတုဥ္စ ပဗ္ဗတဥတုဥ္စ ဂဟေတွာ ဇာတတ္တာ ဥဒေနောတိနာမံ အကာသိ ဟူသော အဋ္ဌကထာ၌ ပေသာဥတု, ပဗ္ဗတဥတု ဟူသည် အဘယ်သို့သော ဥတုမျိုး ဖြစ်သည်ကိုလည်း ရေးသားခဲ့ပါ။

( ၁၀ ) ဝေခနိယာ ဟူသော စကားသည် အဘယ်သို့သော စကားမျိုး ဖြစ်သည်ကို ဖော်ပြ၍ / ဘုရားကို အရိုအသေပြုလျှင် တရား သံဃာကိုလည်း အရိုအသေပြုရာရောက် မရောက် ဆုံးဖြတ်ပြီးလျှင် / ကဏ္ဏကတ္ထလသုတ်၌ ယော သကိဒေဝ သဗ္ဗံ ဉဿတိ သဗ္ဗံ ဒက္ခတိ ဟူသော ပါဠိ၏ အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

( ၁၁ ) ဗြဟ္မာယုသုတ်၌ အမှာကံ မနွေသု ဒွတ္တိံသ မဟာပုရိသလက္ခဏာနိ ယေဟိ သမန္နာဂတဿ မဟာပုရိသဿ ဒွေဝယေဝ ဂတိယော ဘဝန္တိ အနညာ၊ သစေ အဂါရံ အဇ္ဈာဝသတိ ရာဇာ ဟောတိ စက္ကဝတ္တီ၊ သစေ ခေါ ပန အဂါရသ္မာ အနဂါရိယံ ပဗ္ဗဇတိ အရဟံ ဟောတိ သမ္မာသမ္ဗုဒ္ဓေါ ဟု ဆိုသောကြောင့် ၃၂မဟာပုရိသလက္ခဏာနှင့် ပြည့်စုံသောသူသည် စက္ကဝတ္တိသော်လည်းကောင်း၊ ဗုဒ္ဓသော်လည်းကောင်း ဖြစ်ရမည်ဟုဆိုလိုပါသလော၊ အဘယ့်ကြောင့် တာနိယေဝ တာနိ ဟု အဋ္ဌကထာဆရာ ဆိုပါသနည်း—ဖြေဆို၍/ပရိဏာယက ရတနာဖြင့် အဘယ်သို့သော အကျိုးကို ပြီးစေသည်ဟုလည်း ရေးခဲ့ပါ။

( ၁၂ ) ဝေနဿနိသုတ်၌ အဘယ်ကို ပယောပိယတံ ဟု ဆိုပါသနည်း — ထုတ်ဆိုလျက် / တာဝ ဘတ္တဿ ကာသော ဟူသော ပုဒ်ဖြင့် အဘယ်သို့သော အဓိပ္ပာယ်ကို ပြသည်ဟု ဖော်ပြ၍ / ဗလိအပြားကို ရေးသားပြီးလျှင် / ၎င်းတို့၏ အဓိပ္ပာယ်ကိုလည်း ထုတ်ဖော်ခဲ့ပါ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) မဇ္ဈိမနိကာယ (ဥပရိပဏ္ဏာသ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ - ရက်။ (၂၆-၁-၇၆)

(၁) န စေဝဒနာယ တရိတဗ္ဗံ ဟူသော ကိန္တိသုတ်၏ ဆိုလိုသော အနက်ကား အဘယ်သို့နည်း — အဘယ်သို့သော အယူမျိုးကို အဒဠှဒိဋ္ဌိ ခေါ်သနည်း — ဟူသော အမေးကို ဖြေဆို၍/ အဘယ်သို့ ပြုသည်ကို ဥပေက္ခာနာတိမညိတဗ္ဗ ခေါ်သည်၊ အဘယ်သို့ ပြုသည်ကို ဥပေက္ခာအတိမညတိ ခေါ်သည် တို့ကိုလည်း ရေးသားခဲ့ပါ။

(၂) ဣမေ နု ခေါ ဘန္တေ ဟူသော အမေးမျိုးသည် အဘယ် ပုစ္ဆာမျိုး ဖြစ်သည်ကိုလည်းကောင်း၊ သိလျက်သား နှင့် မသိ သလိုလုပ်၍ မေးသင့် — မမေးသင့်ကိုလည်းကောင်း ဖြေဆို၍/ သိလျက်သားကို သိသလို မေးခြင်း၌ အပြစ်၊ မသိသလို မေးခြင်း၌ အကျိုး တို့ကိုလည်း ထုတ်ပြ၍ / ဣမေ ပန ဘန္တေ ပဥ္စုပါဒါနက္ခန္ဓာ ကိံ မူလကာတိ ဟူသော အမေး၏ အဖြေ ဝိသဇ္ဇနာ တပုဒ်ကိုသာ ဖြေဆိုခဲ့ပါ။

(၃) သပ္ပုရိသသုတ်၌ သပ္ပုရိသဓမ္မဥ္စ ဝေါ ဘိက္ခဝေ ဒေသေဿာမိ အသပ္ပုရိသဓမ္မဥ္စ ဟု မာတိကာကို ထား၍ ကတမော စ ဘိက္ခဝေ အသပ္ပုရိသဓမ္မော ဟု ဟောသော အခါ အသပ္ပုရိသဓမ္မ က စ၍ ဟောခြင်း အကြောင်းကို ဥပမာဖြင့် ထင်စွာ ပြ၍ / အသပ္ပုရိသ တို့၏ နှလုံးသွင်းပုံနှင့် အသပ္ပုရိသဓမ္မ ဖြစ်ပုံကို ပါဠိတော်အတိုင်း ဖော်ပြပြီးလျှင် / မဟာကုလ အရ ကိုလည်း ရေတွက်ပြခဲ့ပါ။

(၄) မနုဿဇာတိကချင်း အတူတူ မိန်းမများလည်း စကြဝတေးမင်း ဖြစ်သင့်လျက် အဘယ့်ကြောင့် အဋ္ဌာန မေတံ အနဝကာသော ယံ ဣတ္ထိ ရာဇာ အဿ စက္ကဝတ္တိ - ဟု မြတ်စွာဘုရား ဟောတော်မူခြင်း အကြောင်းကို ဗဟုဓာတုကသုတ်လာ အရ ရှင်းလင်း ဖော်ပြ၍ / မိန်းမများ မြတ်စွာပြည်သို့ ရောက်နိုင် မရောက်နိုင်ကို အခြေအနေနှင့်တကွ ထုတ်ပြပြီးလျှင်/မြတ်စွာပြည်၌ ဣတ္ထိပုရိသ လိင်များမရှိသောကြောင့် မြတ်စွာများ ဘယ်အသွင် အပြင်နှင့် ရှိကြမည်ကိုလည်း စိစစ်ညွှန်ကြားခဲ့ပါ။

(၅) သတ သဟဿေ ဘိက္ခဝေ မြတ်စွာ သတသဟဿိ လောကဓာတုံ ဖရိတွာ အဓိမုစ္စိတွာ ဝိဟရတိ — ဟူသော သင်္ခါရုပပတ္တိသုတ် အရ ဖရဏငါးမျိုး၏ အဓိပ္ပာယ်ကို ရေးသား၍/ အာဘာဒေဝါ၏ သီးခြား ရှိ-မရှိကို လည်းကောင်း အာဘာဒေဝါ သုဘာဒေဝါတို့၏ အရကို ကောက်ပြ၍လည်းကောင်း သဒ္ဓါ သီလ သုတ စာဂ ပညာ ငါးပါးတို့ကို ပွား၍ မြတ်စွာပြည်၌ အာသဝက္ခယထိအောင် ရောက်နိုင် မရောက်နိုင်ကိုလည်းကောင်း စီစစ် ဆုံးဖြတ်ခဲ့ပါ။

(၆) ပုန စ ပရံ အာနန္ဒ ဘိက္ခု အမနသိကရိတွာ မနုဿသညံ အမနသိကရိတွာ အရညသညံ ပထဝီသညံ ပဋိစ္စ မနသိကရောတိ — ဟူသော စူဠသုညတသုတ်၌ အရည သညာကို ပယ်၍ ပထဝီ သညာကို နှလုံးသွင်းရခြင်း အကြောင်းကို ရေး၍/မနုဿသညာယ ဂါမသညံ နိဝတ္တေတွာ အရညသညာယ မနုဿသညံ နိဝတ္တေတွာ ဟု အဋ္ဌကထာဆရာ ဆိုရခြင်း အကြောင်းများကို လည်း အသီးသီး ဖော်ပြခဲ့ပါ။

(၇) အဘယ်ကို ပြုလို၍ သစေ လဘေထ - စသော ဂါထာကို ဟောတော်မူပါသနည်း၊ အဘယ် အကြောင်းကြောင့် ဗာလက လောဏကာရဂါမ သို့ မြတ်စွာဘုရား ကပ်တော်မူပါ သနည်း ဟူသော အမေးကိုလည်း ဥပက္ကိလေသသုတ် အရ ဖြေဆို၍/ ထိုသုတ်ပါ အတိလီန ဝီရိယ အဘိဇပ္ပ ဖြစ်ပုံတို့ကိုလည်း အဋ္ဌကထာ အလိုကျ ရေးသားခဲ့ပါ။

(၈) ကောဇညာ မရဏံ သုဝေ - ဟူသော ဂါထာ ပါဒ၏ ဆိုလိုရင်း အဓိပ္ပာယ်ကား အဘယ် ကို ပြသည် ဟု ဘဒ္ဒေကရတ္တသုတ် အဋ္ဌကထာ အလိုကျ အပြည့်အစုံ ရေးသား၍/ သင်္ဂရ ဟူသော အမည်သည် အဘယ်တို့၏ အမည်ဖြစ်သည်—အဘယ့်ကြောင့် ဘဒ္ဒေကရတ္တ ခေါ်သည်တို့ကိုလည်း ထုတ်ဖော်ပြခဲ့ပါ။

(၉) ဣတိ မေ မနော အဟောသိ အတီတမဒ္ဓါနံ၊ ဣတိ ဓမ္မာတိ—ဟူသော မဟာကစ္စာန ဘဒ္ဒေ ကရတ္တသုတ်ပါ ပါဠိတော်၌ မန အရ အဘယ် မနကို ယူရမည်၊ ဓမ္မ အရ အဘယ် ဓမ္မကို ယူရမည်ကို ညွှန်ပြ၍ စူဠကမ္မဝိဘင်္ဂသုတ်၌ သားဖြစ်သူ သုဘသည် ငါ့ကို ရှေးဘဝက အဖေ ဖြစ်ခဲ့သည်ကို သိပြီဟု တောဒေယျ ခွေးက သိ၍ ဘဝဟောင်းက ဥစ္စာများကို ရက်ပြီး ပြသည်ဟု ဆိုရာ၌ ဇာတိဿရဉာဏ်ဖြင့် သိ၍ ပြသလော၊ သို့မဟုတ် အခြား အဘယ်ဉာဏ်ဖြင့် သိ၍ ပြပါသနည်း မြတ်စွာဘုရားကို မြင်၍ တောဒေယျ ခွေးက ဟောင်ခြင်းမှာလည်း အဘယ်သို့ သိ၍ ဟောင်ပါ သနည်း၊ အဋ္ဌကထာ ဋီကာ အလိုကျ စိစစ် ပြပြီးလျှင် ယခု ပစ္စက္ခ လူဝင်စားများမှာ ဘဝဟောင်း က အကြောင်းအရာများကို ပြောပြနိုင်ခြင်းမှာလည်း အဘယ် ဉာဏ်ဖြင့် အဘယ်သို့ သိသည်ဟု ဆိုရမည်နည်း၊ ရှင်းလင်း စစ်ဆေးပြခဲ့ပါ။

(၁၀) ဒက္ခိဏာဝိဘင်္ဂ သုတ်၌ သာမံ ဝါယိတံ - ဟု ဆိုသဖြင့် ကိုယ်တိုင် ရက်လုပ်သည်ကို ယူရမည်လော၊ ကာသာနု ဟာလဿ ခေတ္တဂဏာ ပရိဝုတာ ဂန္ဓာ ဝေမကောဋ္ဌံ ဒဿေသိ— ဟူသော အဋ္ဌကထာ စကားသည် ကောဋ္ဌံ ပန ခေတ္တဂဏာ ပရိဝုတာ သိပ္ပိကာနံ ဝါယန ဌာနံ အာဂန္တွာ ဝေမကောဋ္ဌံ ဂဟေတွာ ဝါယနာကာရံ ဒဿေသိ - ဟူသော အဋ္ဌကထာ စကားနှင့် သန့်ကျင် မနေပြီလော၊ ရှင်းပြခဲ့ပါ။

(၁၁) သံဃော ပါကဋော ဘဝိဿတိ၊ သံဃေ ဂေါတမိ ဒိန္နေ အဟဉ္စေဝ ပူဇိတော ဘဝိဿာမိ သံဃော စ- ဟူသော ဒက္ခိဏာဝိဘင်္ဂသုတ် ပါဠိ၌ မြတ်စွာဘုရားသည် သံဃာ၌ အကျုံးဝင် မဝင်—ဝိတဏ္ဍဝါဒီ အယူ နှင့် သကဝါဒီ အယူကို ရှင်းပြပြီးလျှင်/ (၁) လှပ၍လည်းကောင်း, ပစ္စည်းကို စောင့် ရှောက်၍လည်းကောင်း မွေးထားသော တိရစ္ဆာန်ကို ပေးလှူခြင်း၊ (၂) တလုပ်မျှ, တလုပ်၏ တဝက်မျှ တိရစ္ဆာန်ကို ပေးလှူခြင်း၊ (၃) အနီးသို့ ရောက်လာသော ခွေး ဝက် ကြက် ငှက်တို့ကို အလိုရှိတိုင်း ပေးလှူခြင်း၊ ဤသို့ ပေးလှူရာ၌ တိရစ္ဆာန ဂတေ ဒါနံ ဒတွာ သတဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ- အရ သတဂုဏာကို အလိုရှိအပ် မရှိအပ် အကြောင်းပြ၍ ဝေဘန် ညွှန်ကြားခဲ့ပါ။

(၁၂) ကိလေသာကို ပယ်ဖြတ်ရာ၌ ပညာဖြင့် ပယ်ဖြတ်နိုင်လျက် အဘယ့်ကြောင့် နန္ဒကော ဝါဒသုတ်၌ သတ္တ ခေါ ပနိမေ ဘဂိနိယော ဗောဇ္ဈင်္ဂါ - ဟု ဟောတော်မူပါသနည်း၊ ရှင်းပြ၍/ မဟာသဠာယတနိကသုတ်၌ လာသော— သော ကာယသုခမ္ပိ စေတောသုခမ္ပိ ပဋိသံဝေဒေတိ- ၌ ကာယသုခ စေတောသုခ— အရတို့ကို ကောက်ပြပြီးလျှင်/ ပဉ္စဒွါရိကဇော နှင့် မနောဒွါရိက ဇောတို့၏ ပြုနိုင်သော အမှုအရာ သဏ္ဌာန်မှုတို့ကိုလည်း ရေးခဲ့ပါ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) မဇ္ဈိမနိကာယ (မူလပဏ္ဏာသ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၀ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄-ရက်။ (၂၆ - ၁ - ၇၉)

—

( ၁ ) နိဗ္ဗာနံ နိဗ္ဗာနတော သဥ္ဇာနာတိ နိဗ္ဗာနံ မညတိ ဟူသော ပါဠိတော်၌ ပုထုဇဉ် ပုဂ္ဂိုလ်တို့သည် နိဗ္ဗာန်ကို မညန သုံးပါးတို့ဖြင့် အထင် မှားကြပုံကို ရှင်းပြပြီးလျှင် / ပရိညာတန္တံ တထာဂတဿ - ၌ အရိယာသာဝက တို့၏ သိပုံ နှင့် ဘုရားရှင်တို့၏ သိပုံ အထူးကိုလည်း ဖြေဆိုခဲ့ပါ။

( ၂ ) ဒိဋ္ဌာသဝ ခြောက်ပါးကို ရေတွက်ပြပြီးလျှင် / သုတဝါစ ခေါ. ဘိက္ခဝေ အရိယသာဝကော အရိယာနံ ဒဿာဝီ အစရှိသော ပါဠိ၌ အောက်ထစ်ဆုံးအားဖြင့် အရိယ သာဝက ဟု ဆိုနိုင်သော ပုဂ္ဂိုလ်တို့ကို ဖော်ပြ၍ / အဘယ် အနက်ကြောင့် ထိုပုဂ္ဂိုလ် တို့ကို အရိယသာဝက ဟု ဆိုထိုက်သည်ကိုလည်း ဋီကာဖွင့်နှင့် ညီအောင် ဖြေဆိုခဲ့ပါ။

( ၃ ) အာသဝေါကုန်ခန်းပြီးသော ဘုရား ရဟန္တာ တို့၏ သန္တာန်၌ အဘယ်ဇာတိသည် ကုန်ခန်းခဲ့ပါသနည်း — ထိုဇာတိ ကုန်ကြောင်းကိုလည်း အဘယ်သို့ သိနိုင်ပါသနည်း — ၎င်းတို့ကို ဖြေဆိုပြီးလျှင် / ပဥ္စမီ ဥပုသ်နေ့ ဟူ၍ မည်သည့် အချိန်မှ စ၍ မည်သည့် ပုဂ္ဂိုလ်တို့က ထည့်ထွင်ထားခဲ့ကြသည်ကိုလည်း ဖြေဆိုခဲ့ပါ။

( ၄ ) ဝတ္ထသုတ်၌ ဟောတော်မူအပ်သော စိတ်၏ ညစ်ညူးကြောင်း ဥပက္ကိလေသတရား တဆဲ့ခြောက်ပါးတို့တွင် အဘယ် မဂ်ဖြင့် အဘယ် ကိလေသာတို့ကို ပယ်အပ်သည်တို့ကို မဂ္ဂပဋိပါဋိ အားဖြင့် ဖော်ပြ၍ / အဘိဇ္ဈာ ဝိသမလောဘံ စိတ္တဿ ဥပက္ကိလေသံ ပဇဟတိ အစရှိသော စကားကို အဘယ် မဂ်ဖြင့် ပယ်ခြင်းကို ရည်သန်၍ ဟောကြားအပ်သည်ကို လည်း ပဝေဏိမဂ္ဂါဂတဝါဒ ကေစိဝါဒ တို့ဖြင့် အပြည့်အစုံ ဖြေဆိုခဲ့ပါ။

( ၅ ) အထ ခေါ အာယသ္မာ မဟာစုန္ဒော သာယနှသမယံ ပဋိသလ္လာနာ ဝုဋ္ဌိတော ယေန ဘဂဝါ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ ဟူသော ပါဠိကို အဋ္ဌကထာဖွင့်နှင့် ညီအောင် အနက်ပေး၍ / အာဒိမေဝ နုခေါ ဘန္တေ ဘိက္ခုနော ( ပ ) ဧဝ မေ တာသံ ဒိဋ္ဌီနံ ပဋိနိဿဂ္ဂေါ ဟောတိ ဟူသော မေးခွန်းကို အဘယ် အကျိုးငှာ စုန္ဒမထေရ်က မေးမြန်းသည်ကို သမာနဝါဒ အပရေ ဝါဒတို့နှင့် အညီ ဖြေဆိုပြီးလျှင် / အဘယ်ကို အာဒိမနသိကာရ ဟု ယူရမည်ကိုလည်း အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

ခဲ့သော် အဘယ်အခွင့်အရေးများ ဆုံးရှုံးနိုင်၍၊ ဘေးကို မကြောက်ဘဲ ရဟန်းပြုခဲ့သော် အဘယ်အကျိုးတရားများ ရနိုင်သည်ကိုလည်း ထေရာပဒါနအတိုင်း ဖြေခဲ့ပါ။

( ၈ ) သဿတဒိဋ္ဌိ နှင့် ဥစ္ဆေဒဒိဋ္ဌိတို့တွင် အဘယ်ဒိဋ္ဌိက အပ္ပသာဝဇ္ဇ ဖြစ်သည်-မဟာသာဝဇ္ဇ ဖြစ်သည်-အဘယ်ဒိဋ္ဌိက ဒန္ဓဝိရာဂ ဖြစ်သည်-ခိပ္ပဝိရာဂဖြစ်သည်တို့ကို အကြောင်းပြ၍ ဖြေဆိုပြီးလျှင် / ဒီဃနခသုတ်တော်ကို ဟောပြီးနောက် ဝေဠုဝန်ကျောင်းတော်၌ ပြုလုပ်အပ်သော သာဝကအစည်းအဝေး၏ ဂုဏ်အင်္ဂါတို့ကိုလည်း အပြည့်အစုံ ရေတွက်ပြခဲ့ပါ။

( ၉ ) တေဿ နူန ဘန္တေ ဧကန္တသုခဿ လောကဿ သစ္ဆိကိရိယာ ဟေတု ဘိက္ခူ ဘဂဝတိ ဗြဟ္မစရိယံ စရန္တိ-ပါဠိတော်၌ သစ္ဆိကိရိယာ၏ သရုပ်ကို ထုတ်၍ / ၎င်းတို့၏ အဓိပ္ပာယ်ကို ရှင်းပြပြီးလျှင် အာကာရဝတီသဒ္ဓါ ဟူသည် အဘယ်တရား ဖြစ်သည်ကို လည်း အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

( ၁၀ ) အတ္ထိနာဝုသော တာတ ရဋ္ဌပါလ အာဘိဒေါသိကံ ကုမ္မာသံ ပရိဘုဉ္ဇိဿတိကို အဋ္ဌကထာ သဒ္ဒါဆရာတို့၏ အလိုကျအောင် အနက်ပေးပြီးလျှင် / ဘုရားရှင် နှုတ်တော်ဖြင့် ထုတ်ဖော် ဟောကြားအပ်သော ဓမ္မုဒ္ဒေသ တရားတို့ကိုလည်း ရေးသားခဲ့ပါ။

( ၁၁ ) သာယမနုသိဋ္ဌော ပါဘော ဂိဒ္ဓေသံ အဓိဂမိဿတိ ပါဘာမနုသိဋ္ဌော သာယံ ဝိဒေသံ အဓိဂမိဿတိ ဟူသော စကားကို အဘယ်ပုဂ္ဂိုလ်၏ အစွမ်းဖြင့် မိန့်ကြားအပ်ပါသနည်း၊ ထိုပုဂ္ဂိုလ်၏ ကျေးဇူးအာနုဘော်ကို ခွဲခြား၍ ဖြေဆိုပြီးလျှင် ကိုယ်ဝန်ဆောင် အမျိုးသမီးတို့က မိမိ၏ ဝမ်း၌ တည်သော သူငယ်သည် ရတနာသုံးပါးကို ကိုးကွယ် ဆည်းကပ်ပါ၏၊ ဥပါသကာ ဟု မှတ်ပါ ဟူ၍ ခလေးကိုယ်စား လျှောက်ထားခဲ့သော် ထိုသူငယ် သရဏဂုံတည် မတည်- အကျိုးရှိ မရှိကိုကို သာဓက ပြ၍ ဆုံးဖြတ်ခဲ့ပါ။

( ၁၂ ) မဟာပုရိသ လက္ခဏာ ၃၂-ပါးတို့တွင် ဉဏ္ဏီသ သီသလက္ခဏာကို အဘယ်အနက် တို့ဖြင့် ဖွင့်ပြ၍ ဆိုအပ်ပါသနည်း၊ အဋ္ဌကထာဆရာ ဖွင့်ပြသည့်အတိုင်း အကျယ်တဝင့် ရှင်းပြခဲ့ပါ။

၁၈-မှတ်စီ

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၃ ) မဇ္ဈိမနိကာယ ( ဥပရိပဏ္ဏာသ ) ပါဠိ + အဋ္ဌကထာ မေးခွန်း
### ၁၃၃၀ - ခုနှစ်၊ တပို့တွဲလဆန်း ၃- ရက်။ ( ၃၀ - ၁ - ၇၉ ).

---

( ၁ ) နိဂဏ္ဌနာဋပုတ္တသည် သေအံ့မူးမူး အချိန်၌ အဘယ်သို့ ကြံစည်၍ အတွင်းနေ တပည့်တို့တွင် တပည့်တယောက်အား အာစရိယပ္ပမာဏ အဖြစ် သဿတဝါဒကို ယူစေ၍ တပည့်တယောက်အား အာစရိယပ္ပမာဏ အဖြစ် ဥစ္ဆေဒဝါဒကို ယူစေပါသနည်း၊ ၎င်း၏ စိန္တနာကာရကို အတိအကျ ဖော်ပြပြီးလျှင်/ မဂ္ဂေ ဝါ ဟိ အာနန္ဒ ပဋိပဒါယ ဝါ သံဃေ ဝိဝါဒေါ ဥပ္ပဇ္ဇမာနော ဥပ္ပဇ္ဇေယျ - ၌ မဂ္ဂ ပဋိပဒါတို့ အရ အဘယ်မဂ် အဘယ် ပဋိပဒါတို့ ကို ယူရမည်နည်း၊ သာဓက ပြ၍ ဖြေဆိုခဲ့ပါ။

( ၂ ) ကတမာ ပန ဘန္တေ အရိယော ဝိမောက္ခော-ဟူသော ပါဠိဖြင့် အရှင်အာနန္ဒာ သည် အဘယ်သို့ ကြံစည်၍ အဘယ်ကို မေးမြန်းပါသနည်း၊ ၎င်းတို့ကို ထင်ရှားအောင် ဖြေဆိုပြီးလျှင်/ အာနဉ္ဇသပ္ပာယသုတ်၌ ဩဿက္ကန - ပဋိသန္ဓိ - အရဟတ္တဖလ ကို ဟောရာ ဌာနတို့ကို အဋ္ဌကထာ ဖွင့်ပြသည့် အတိုင်း ရေတွက်၍ ပြခဲ့ပါ။

( ၃ ) အနုပဒဓမ္မဝိပဿနာ၏ အဓိပ္ပာယ်ကို ရှင်းလင်း ပြပြီးလျှင် / အရှင်သာရိပုတြာ သည် သမထ ဝိပဿနာတို့ကို ယုဂနဒ္ဓကို ဆောင်၍ အနာဂါမိဖိုလ်ကို မျက်မှောက်ပြု၏၊ ထို့ နောက် နိရောဓသမာပတ်ကိုဝင်စား၏၊ ၎င်းသမာပတ်မှ ထပြီးမှသာ အရဟတ္တဖိုလ်သို့ရောက် ၏ ဟု ဆိုသော ဇမ္ဗုဒီပဝါသီ မထေရ်တို့၏ဝါဒ သင့် မသင့် အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

( ၄ ) စက္ခုညှိ အာဝုသော ရူပေ စက္ခုဝိညာဏေ စက္ခုဝိညာဏ ဝိညာတဗ္ဗေသု ဓမ္မေသု ဟူသော ပါဠိ၌ ရူပ၏ အရ နှင့် စက္ခုဝိညာဏ ဝိညာတဗ္ဗဓမ္မ • ၏ အရတို့ကို ကောက်ပြပြီး လျှင်/ ဥတ္တရိမနုဿဓမ္မကို ပြောကြားသော ရဟန်းကို အဘယ်သို့ မေးမြန်း စစ်ဆေးထိုက်ပါ သနည်း၊စစ်ဆေးထိုက်သောအကြောင်းအရာတို့ကိုတခုစီ ပေါ်လွင် ထင်ရှားအောင်ရေးခဲ့ပါ။

( ၅ ) မဟာစတ္တာရီသကသုတ်၌ ဟောအပ်သော သမ္မာဒိဋ္ဌိတို့ကို ထုတ်ပြ၍ / ၎င်းတို့၏ အဓိပ္ပာယ်ကို သိသာရုံမျှ ရေးသားပြီးလျှင် / ပဝါရဏာသင်္ဂဟကို ပေးထိုက်သော ပုဂ္ဂိုလ်၊ မပေးထိုက်သော ပုဂ္ဂိုလ် တို့ကိုလည်းကောင်း ပဝါရဏာသင်္ဂဟကို ရသော ရဟန်းသည် ခံစားအပ်သော အခွင့်အရေးတို့ကိုလည်းကောင်း ဖော်ပြပါ။

( ၆ ) တရုဏ သမထ ဝိပဿနာတို့ကို စောင့်ရှောက်ခြင်းငှာ အလိုရှိအပ်ကုန်သော သပ္ပာယတို့ကို အစဉ်အတိုင်း ရေတွက်၍ ပြပြီးလျှင် /ဣမေ ခေါ တေ အာနန္ဒ ဓမ္မာ ဧကန္တ ကုသလာ ကုသလာယတိကာ • ဟူသော ပါဠိ၌ ကုသလ ကုသလာယတိက တရားတို့ကို အပြည့်အစုံ ထုတ်ပြခဲ့ပါ။

(၇) ယတြ ဟိ နာမ တထာဂတော အတီတေ ဗုဒ္ဓေ ပရိနိဗ္ဗုတေ ဆိန္နပပဉ္စေ ဆိန္န-ဝဋုမေ ပရိယာဒိန္နဝဋ္ဋေ သဗ္ဗဒုက္ခဝီတိဝတ္တေ ဇာနိဿတိ - ဟူသော ပါဠိတော်ကို အဋ္ဌကထာဖွင့်နှင့် ကိုက်ညီအောင် အနက် ယောဇနာပြီးလျှင် /တုသိတာ နတ်ပြည်၌ အလောင်းတော် နတ်သား၏ သိပ္ပံနှင့် အခြားသော နတ်သားတို့၏ သိပ္ပံအထူးကိုလည်း ရေးသားခဲ့ပါ။

(၈) ဘွားမြင်တော်မူပြီးစ ဖြစ်သော ဘုရားအလောင်းသည် မြေ၌ ရပ်တည်လျက် မြောက်အရပ်သို့ ခြေချသွားပြီးလျှင် မြွက်သောစကားကို မြွက်ဆိုရာ၌ —

(က) ထင်ရှားသော ကိုယ်ဖြင့် သွားသလော (သို့မဟုတ်) မထင်ရှားသော ကိုယ်ဖြင့် သွားပါသလော။

(ခ) အဝတ် မဝတ်သော ကိုယ်ဖြင့် သွားသလော (သို့မဟုတ်) အဝတ် ဝတ်သော ကိုယ်ဖြင့် သွားပါသလော။

(ဂ) သူငယ်၏အသွင်ဖြင့်သွားသလော (သို့မဟုတ်)လူကြီးအသွင်ဖြင့်သွားသလော။

အထက်ပါ မေးခွန်းတို့ကို ဖြေကြားပြီးလျှင်/အပ္ပမာဏာ ဟူ၍ ဟောအပ်ကုန်သော ဗြဟ္မဝိဟာရတို့နှင့် မဟဂ္ဂတာ ဟူ၍ ဟောအပ်ကုန်သော ကသိုဏ်းဈာန်တို့၏ အထူးကိုလည်း ရေးသားခဲ့ပါ။

(၉) ဘဒ္ဒေကရတ္တသုတ်ကို တာဝတိံသာနတ်ပြည်၌ အဘယ် ပုဂ္ဂိုလ်တို့အား အဘယ် အကျိုးငှာ မြတ်စွာဘုရား ဟောတော်မူကြောင်းကို ဖြေဆိုပြီးလျှင် / ဥဂ္ဂဏှန - ပရိယာပုဏန - ဓာရဏ တို့၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာဆရာ အာဘော်မိအောင် ရေးသားခဲ့ပါ။

(၁၀) နေက္ခမ္မသိတဒေါမနဿ ဟူသည် အဘယ် ဒေါမနဿမျိုး ဖြစ်သည်ကို ဖော်ပြ၍ / ယာ နေက္ခမ္မသိတဥပေက္ခာ တာ နိဿာယ (ပ) တာနိ ပဇဟထ-ဟူသော စကားကိုအဘယ် ဥပေက္ခာကိုရည်၍ ဆိုပါသနည်း၊ ဥပေက္ခာကထာ၌ လာသည့်အတိုင်း ခွဲခြား၍ ဖြေဆိုပါ။

(၁၁) မြတ်စွာဘုရားသည် ပုက္ကုသာတိ အမျိုးကောင်းသားအား ပုဗ္ဗဘာဂ အကျင့်ကို မဟောဘဲ အရဟတ္တဖိုလ်၏ ပဒဋ္ဌာန် ဖြစ်သော ဝိပဿနာကိုသာ ဟောတော်မူခြင်း၏ အကြောင်းကိုလည်းကောင်း ပုဗ္ဗဘာဂပဋိပဒါ၏ သရုပ်ကိုလည်းကောင်း ထုတ်ပြ ဖြေဆိုပြီးလျှင်/ပညာကို မမေ့သူ၊ ပညာကို မေ့သူတို့ကိုလည်း ခွဲခြား၍ ပြခဲ့ပါ။

(၁၂) အဝိဟာဘုံသို့ ရောက်လျှင် ရောက်ချင်း ရဟန္တာ ဖြစ်ကြကုန်သော ပုဂ္ဂိုလ်တို့ကို ရေတွက် ပြပြီးလျှင် / ဘုရားရှင်က အရှင်သာရိပုတြာအား လှူဒါန်းအပ်သော အလှူ နှင့် အရှင်သာရိပုတြာက မြတ်စွာဘုရားအား လှူဒါန်းအပ်သော အလှူသည် အဘယ် အလှူက သာလွန်၍ အကျိုး ကြီးမားပါသနည်း၊ အဋ္ဌကထာ ဋီကာ အာဘော်ကျအောင် အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

## (ခ) တိပိဋကဓရ သင်္ဘောရေးဖြေ စာမေးပွဲ

### (၁) သံယုတ္တနိကာယ (ပထမအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း
၁၃၂၆ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ - ရက်။ (၂၂-၁-၆၅)

---

(၁) နိမောက္ခသုတ်လာ နိမောက္ခ, ပမောက္ခ, ဝိဝေက - တို့၏ အရတို့ကို ဖော်ပြပြီးလျှင် / ဝေဒနာနံ နိရောဓာ - ၌ အဘယ် ဝေဒနာကို ယူရမည်၊ ဝေဒနာကို ယူသဖြင့် အဘယ် တရားများကိုပါ ယူရမည်တို့ကိုလည်း ရှင်းလင်းခဲ့ပါ။

(၂) ဥပါနိယတိ ဇီဝိတမပ္ပမာယု (ပ) လောကာမိသံ ပဇဟေသန္တိပေက္ခော - ၌ ပေယျာလကို ဖော်ပြ၍/အဘယ် လောကာမိသကို ပယ်ရမည်ကိုလည်း အဋ္ဌကထာ အာဘော်ကျ ရှင်းပြခဲ့ပါ။

(၃) ပဉ္စဆိန္ဒေ ပဉ္စဇဟေ၊ ပဉ္စစုတ္တရိဘာဝယေ၊ ပဉ္စသင်္ဂါတိဂေါ ဘိက္ခု - ၌ ပဉ္စ - အရတို့ကို အသီးသီး ရှင်းပြပြီးလျှင်/ ဆိန္ဒေ - နှင့် ဇဟေ - တို့၏ ထူးခြားပုံကိုလည်း ရေးသားခဲ့ပါ။

(၄) ဇာဂရသုတ်၌အဘယ် တရားများကို ဇာဂရ၊ အဘယ် တရားများကို သုတ္တ - ဟု ဟောတော်မူသည်ကို ဖော်ပြ၍ / ဤသုတ်လာ ဇာဂရ တရားသည် လောကီ လော - လောကုတ္တရာလော ဟူသော အမေး စကားကိုလည်း ဖြေကြားခဲ့ပါ။

(၅) သမ္ဗုဒ္ဓ လေးပါး အနက် တေသမ္ဗုဒ္ဓါ သမ္ဗဒညာယ - ၌ အဘယ် သမ္ဗုဒ္ဓ၊ ဝိသမ သုံးပါး အနက် စရန္တိ ဝိသမေသမံ - ၌ အဘယ် ဝိသမများ ဖြစ်သည်ကို အဋ္ဌကထာ အာဘော်သွင်း၍ ရှင်းလင်းခဲ့ပါ။

(၆) သမိဒ္ဓိသုတ်လာ ပိမ သုံးပါးကို ရေးသား၍ / ပဟာသိသမံ - ၌ ရဟန္တာပယ်သော ပဏ္ဏတ္တိ သုံးပါးကိုလည်း ထင်ရှားအောင် ပြခဲ့ပါ။

(၇) သစ္စံ ဓမ္မော သံယမော ဗြဟ္မစရိယံ ပါဠ်၌ သစ္စံ စသည် အရကို သုံးမျိုး ခွဲခြားပြဆိုပြီးလျှင် / သဒ္ဓါဗီဇံ တပေါဝုဋ္ဌိ၊ ပညာမေ ယုဂနင်္ဂလံ ဂါထာ ၌ တပ - အရ — ပညာ - အရတို့ကို ရှင်းလင်းခဲ့ပါ။

(၈) ဝီရိယံ မေ ဓုရ ဓောရယှံ၊ ယောဂက္ခေမာ ဓိဝါဟနံ ဂစ္ဆတိ အနိဝတ္တန္တံ၊ ယတ္ထ ဂန္တွာ န သောစတိ - ဂါထာ၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ဖြေဆိုပြီးလျှင် /

( ၇ ) ယတြ ဟိ နာမ တထာဂတော အတီတေ ဗုဒ္ဓေ ပရိနိဗ္ဗုတေ ဆိန္နပပဉ္စေ ဆိန္နဝဋုမေ ပရိယာဒိန္နဝဋ္ဋေ သဗ္ဗဒုက္ခဝီတိဝတ္တေ ဇာနိဿတိ - ဟူသော ပါဠိတော်ကို အဋ္ဌကထာဖွင့်နှင့် ကိုက်ညီအောင် အနက် ယောဇနာပြီးလျှင် / တုသိတာ နတ်ပြည်၌ အလောင်းတော် နတ်သား၏ သိပုံနှင့် အခြားသော နတ်သားတို့၏ သိပုံအထူးကိုလည်း ရေးသားခဲ့ပါ။

( ၈ ) ဘွားမြင်တော်မူပြီးစ ဖြစ်သော ဘုရားအလောင်းသည် မြေ၌ ရပ်တည်လျက် မြောက်အရပ်သို့ ရှေးရှုသွားပြီးလျှင် မြွက်သောစကားကို မြွက်ဆိုရာ၌ —

( က ) ထင်ရှားသော ကိုယ်ဖြင့် သွားသလော ( သို့မဟုတ် ) မထင်ရှားသော ကိုယ်ဖြင့် သွားပါသလော။

( ခ ) အဝတ် မဝတ်သော ကိုယ်ဖြင့် သွားသလော ( သို့မဟုတ် ) အဝတ် ဝတ်သော ကိုယ်ဖြင့် သွားပါသလော။

( ဂ ) သူငယ်၏အသွင်ဖြင့်သွားသလော (သို့မဟုတ်) လူကြီးအသွင်ဖြင့်သွားသလော။

အထက်ပါ မေးခွန်းတို့ကို ဖြေကြားပြီးလျှင် / အပ္ပမာဏာ ဟူ၍ ဟောအပ်ကုန်သော ဗြဟ္မဝိဟာရတို့နှင့် မဟဂ္ဂတာ ဟူ၍ ဟောအပ်ကုန်သော ကသိုဏ်းစျာန်တို့၏ အထူးကိုလည်း ရေးသားခဲ့ပါ။

( ၉ ) ဘဒ္ဒေကရတ္တသုတ်ကို တာဝတိံသာနတ်ပြည်၌ အဘယ် ပုဂ္ဂိုလ်တို့အား အဘယ် အကျိုးငှာ မြတ်စွာဘုရား ဟောတော်မူကြောင်းကို ဖြေဆိုပြီးလျှင် / ဥဂ္ဃဋိတညူ - ပရိယာပုဏန - ဓာရဏ တို့၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာဆရာ အာဘော်မိအောင် ရေးသားခဲ့ပါ။

( ၁၀ ) နေက္ခမ္မသိတဒေါမနဿ ဟူသည် အဘယ် ဒေါမနဿမျိုး ဖြစ်သည်ကို ဖော်ပြ၍ / ယာ နေက္ခမ္မသိတဥပေက္ခာ တာ နိဿာယ (ပ) တာနိ ပဇဟထ-ဟူသော စကားကိုအဘယ် ဥပေက္ခာကိုရည်၍ ဆိုပါသနည်း၊ ဥပေက္ခာကထာ၌ လာသည့်အတိုင်း ခွဲခြား၍ ဖြေဆိုပါ။

( ၁၁ ) မြတ်စွာဘုရားသည် ပုက္ကုသာတိ အမျိုးကောင်းသားအား ပုဗ္ဗဘာဂ အကျင့်ကို မဟောဘဲ အရဟတ္တဖိုလ်၏ ပဒဋ္ဌာန် ဖြစ်သော ဝိပဿနာကိုသာ ဟောတော်မူခြင်း၏ အကြောင်းကိုလည်းကောင်း ပုဗ္ဗဘာဂပဋိပဒါ၏ သရုပ်ကိုလည်းကောင်း ထုတ်ပြ ဖြေဆိုပြီးလျှင်/ပညာကို မမေ့သူ၊ ပညာကို မေ့သူတို့ကိုလည်း ခွဲခြား၍ ပြခဲ့ပါ။

( ၁၂ ) အဝိဟာဘုံသို့ ရောက်လျှင် ရောက်ချင်း ရဟန္တာ ဖြစ်ကြကုန်သော ပုဂ္ဂိုလ်တို့ကို ရေတွက် ပြပြီးလျှင် / ဘုရားရှင်က အရှင်သာရိပုတြာအား လှူဒါန်းအပ်သော အလှူ နှင့် အရှင်သာရိပုတြာက မြတ်စွာဘုရားအား လှူဒါန်းအပ်သော အလှူသည် အဘယ် အလှူက သာလွန်၍ အကျိုး ကြီးမားပါသနည်း၊ အဋ္ဌကထာ ဋီကာ အာဘော်ကျအောင် အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၁) သံယုတ္တနိကာယ (ပထမအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း
### ၁၃၂၆ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၅ - ရက်။ (၂၂-၁-၆၅)

—

(၁) နိမောက္ခသုတ်လာ နိမောက္ခ, ပမောက္ခ, ဝိဝေက - တို့၏ အရတို့ကို ဖော်ပြပြီး လျှင် / ဝေဒနာနံ နိရောဓာ - ၌ အဘယ် ဝေဒနာကို ယူရမည်၊ ဝေဒနာကို ယူသဖြင့် အဘယ် တရားများကိုပါ ယူရမည်တို့ကိုလည်း ရှင်းလင်းခဲ့ပါ။

(၂) ဥပါနိယတိ ဇီဝိတမပ္ပမာယု (ပ) လောကာမိသံ ပဇဟေသန္တိပေက္ခော - ၌ ပေယျာလကို ဖော်ပြ၍/အဘယ် လောကာမိသကို ပယ်ရမည်ကိုလည်း အဋ္ဌကထာ အာဘော်ကျ ရှင်းပြခဲ့ပါ။

(၃) ပဉ္စဆိန္ဒေ ပဉ္စဇဟေ၊ ပဉ္စစုတ္တရိဘာဝယေ၊ ပဉ္စသင်္ဂါတိဂေါ ဘိက္ခု - ၌ ပဉ္စ - အရတို့ကို အသီးသီး ရှင်းပြပြီးလျှင်/ ဆိန္ဒေ - နှင့် ဇဟေ - တို့၏ ထူးခြားပုံကို လည်း ရေးသားခဲ့ပါ။

(၄) ဇာဂရသုတ်၌အဘယ် တရားများကို ဇာဂရ၊ အဘယ် တရားများကို သုတ္တ - ဟု ဟောတော်မူသည်ကို ဖော်ပြ၍ / ဤသုတ်သာ ဇာဂရ တရားသည် လောကီ လော • လောကုတ္တရာလော ဟူသော အမေး စကားကိုလည်း ဖြေကြားခဲ့ပါ။

(၅) သမ္ဗုဒ္ဓ လေးပါး အနက် တေသမ္ဗုဒ္ဓါ သမ္မဒညာယ• ၌ အဘယ် သမ္ဗုဒ္ဓ၊ ဝိသမ သုံးပါး အနက် စရန္တိ ဝိသမေသမံ - ၌ အဘယ် ဝိသမများ ဖြစ်သည်ကို အဋ္ဌကထာ အာဘော်သွင်း၍ ရှင်းလင်းခဲ့ပါ။

(၆) သမိဒ္ဓိသုတ်လာ ပိမ သုံးပါးကို ရေးသား၍ / ပဟာသိသမ် - ၌ ရဟန္တာပယ် သော ပဏ္ဏတ္တိ သုံးပါးကိုလည်း ထင်ရှားအောင် ပြခဲ့ပါ။

(၇) သစ္စံ ဓမ္မော သံယမော ဗြဟ္မစရိယံ ပါဠိ၌ သစ္စံ စသည် အရကို သုံးမျိုး ခွဲခြား ပြဆိုပြီးလျှင် / သဒ္ဓါဗီဇံ တပေါဝုဋ္ဌိ၊ ပညာမေ ယုဂနင်္ဂလံ ဂါထာ ၌ တပ - အရ — ပညာ- အရတို့ကို ရှင်းလင်းခဲ့ပါ။

(၈) ဝီရိယံ မေ ဓုရ ဓောရယှံ၊ ယောဂက္ခေမာ ဓိဝါဟနံ ဂစ္ဆတိ အနိဝတ္တန္တံ၊ ယတ္ထ ဂန္တွာ န သောစတိ • ဂါထာ၏ ဆိုလိုရင်း အဓိပ္ပာယ်ကို ဖြေဆိုပြီးလျှင် /

သစေပိ ကေတော ဘိယျော (ပ) ဓမ္မေသမှိ ပတိဋ္ဌိတံ - ဂါထာ၏ အဓိပ္ပာယ် ကိုလည်း ဖြေဆိုခဲ့ပါ။

(၉) ဒုဂ္ဂတာ ဒေဝကညာယော၊ သက္ကာယသ္မိံ ပတိဋ္ဌိတာ-ပါဠ် အရ ဒုဂ္ဂတာ ပတိဋ္ဌိတာ ဖြစ်ပုံကို ဖြေဆိုပြီးလျှင် / နတ္ထိဒါနိ ပုနာဝါသော (ပ) နတ္ထိဒါနိ ပုနဗ္ဘဝေါ ဂါထာကို ဟောရာ၌ နှလုံးသွင်းနှင့် တကွ ဥတ္တရိမနုဿ ဓမ္မကို ပြောရာ၌ အပြစ် ဖြစ် မဖြစ် စိစစ်ခဲ့ပါ။

(၁၀) ဣတော သမုဋ္ဌာယ မနောဝိတက္ကာ၊ ကုမာရကာဓင်္ကမိ ဝေါဿဇန္တိ - ဂါထာ အရ ဥပမာန, ဥပမေယျ ပေါ်လွင်အောင် ဖြေဆိုပြီးလျှင်/ဥပမာန, ဥပမေယျ နှိုးနှောပြခဲ့ပါ။

(၁၁) သဒ္ဒါယ တရတိ ဩဃံ (ပ) ပညာယ ပရိသုဇ္ဈတိ - ဂါထာ၏ အဓိပ္ပာယ်ကို ဖြေဆို၍/ပညာဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ - ပါဠ် အရ မှတ်အပ်သော အဓိပ္ပာယ် ကို ရှင်းလင်းခဲ့ပါ။

(၁၂) အဂ္ဂေန စ ခေါ ဘိက္ခဝေ အဂ္ဂဿ ပတ္တိ ဟောတိ မဏ္ဍပေယျ မိဒံ ဘိက္ခဝေ ဗြဟ္မစရိယံ သတ္ထာ သမ္မုခီဘူတော - ပါဠ်၌ မဏ္ဍပေယျ - စသော ပါဠ်၏ အဓိပ္ပာယ်ကိုပေါ်လွင်အောင် ဖြေဆို၍ / မဏ္ဍသုံးပါး၏ အတ္ထကိုလည်း ဖြေဆိုခဲ့ပါ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၂ ) သံယုတ္တနိကာယ ( ဒုတိယအုပ် ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၆- ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ - ရက်။ ( ၂၄-၁-၆၅ )

---

( ၁ ) အရဟန္တသုတ်လာ အောက်ပါ ဂါထာ၏ ပေယျာလကို ဖော်၍/ ၎င်းဂါထာလာ သုခသည် အဘယ်သုခ-တဏှာသည် အဘယ်တဏှာ ဖြစ်သည်ကိုလည်း အဋ္ဌကထာ အာဘော်ကျ ရှင်းပြခဲ့ပါ။

သုခိနော ဝတ အရဟန္တော (ပ) မောဟဇာလံ ပဒါလိတံ။

( ၂ ) ပိဏ္ဍောလျသုတ်လာ သိယာ အညထတ္တံ ၌ ပသာဒညထတ္တ ဘာဝညထတ္တ ဖြစ်ပုံများကို ထင်ရှားအောင် ရေးသားပြီးလျှင် / အောက်ပါ ပုဂ္ဂိုလ်များကိုလည်း ခွဲခြားရှင်းလင်းခဲ့ပါ။

( က ) ရာဇာဘိနီတ ( ဂ ) ဣဏဋ္ဋ
( ခ ) စောရာဘိနီတ ( ဃ ) ဘယဋ္ဋ

( ၃ ) ပုဏ္ဏမသုတ်၌ 'သကေ အာသနေ နိသီဒိတွာ ပုစ္ဆ' ဟု မိန့်ကြားတော်မူခြင်းသည် ရပ်လျက် မမေးကောင်း၍လော-တပည့်ငါးရာတို့၏ ဆရာသည် ခန္ဓာငါးပါးမျှကိုပင် မသိ၍ 'ဣမေ နုခေါ ဘန္တေ ပဉ္စုပါဒါနက္ခန္ဓာ 'ဟု မေးလျှောက်ပါသလော-ဟူသော အမေးများကို ဖြေကြားခဲ့ပါ။

( ၄ ) ယမကသုတ်လာ တထာဂတ နှင့် အနုရာဓသုတ်လာ တထာဂတတို့၏ ထူးခြားပုံ အတ္ထကို ရေးပြပြီးလျှင်/ ဝက္ကလိသုတ်၌ 'ဒွေ ဒေဝတာယော' ဟူရာဝယ် အဘယ်ဘုံမှ ဒေဝတာများ ဖြစ်သည်ကိုလည်း ဋီကာ အာဘော်သွင်း၍ ရှင်းခဲ့ပါ။

( ၅ ) ဆန္နရဟန်းအား ဗာရာဏသီ မထေရ်ကြီးများက တရားဟောရာဝယ် အနိစ္စ အနတ္တကိုသာဟောပြီး ဒုက္ခကို မဟောခြင်း အကြောင်း နှင့် ရှင်အာနန္ဒာက ဟောသောအခါ 'ကစ္စာန 'သုတ်ကိုသာ ယူ၍ ဟောရခြင်း အကြောင်းများကိုလည်း ရေးသားခဲ့ပါ။

( ၆ ) ပုပ္ဖသုတ်၌ 'လောကေဝ မယာ ဝိဝဒတိ ' ဟူရာဝယ် အဘယ်တရားကို ငြင်းခုံသည်၊ နာဟံ ဘိက္ခဝေ လောကေန-၌ အဘယ်လောက - အတ္ထိ ဘိက္ခဝေ လောကေ လော

ကာမေ့ဝှာ-၌ အဘယ်လောက–တထာဂတော လောကေ ဇာတော-၌ အဘယ်လောက
များ ဖြစ်ကြသည်တို့ကိုလည်း အသီးသီး ရှင်းပြခဲ့ပါ။

(၇) သံဝိဇ္ဇတိ ခေါ ဂဟပတိ စက္ခုဓာတု ရူပါ စ မနောပါ-စသော ဃောသိတ
သုတ်၌ ဟောအပ်သော သုံးဆယ့်နှစ်ပါးသော ဓာတ်တို့ကို ရေတွက်ပြဆိုပြီးလျှင်/စက္ခု
ဝိညာဏံ သုခဝေဒနီယဉ္စ ဖဿံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခါဝေဒနာ–ဟူသော ဟာလိဒ္ဒိကာနိ သုတ်
လာ ပါဠိ၏ အဓိပ္ပာယ်ကိုလည်းဖြေဆိုခဲ့ပါ။

(၈) လာဘာ ဝေါ ဘိက္ခဝေ (ပ) ဒိဋ္ဌာ မယာ ဘိက္ခဝေ ဆဖဿာယတနိကာနာမ
နိရယာ (ပ) ဆဖဿာယတနိကာနာမ သဂ္ဂါ–ဟူသောပါဠိ၌ နိရယသဂ္ဂ-အဓိပ္ပာယ်
တို့ကို ဖြေဆိုပြီးလျှင်/ဤသုတ်ဖြင့် ပြလိုရင်း အဓိပ္ပာယ်ကိုလည်းဖြေဆိုခဲ့ပါ။

(၉) ပဉ္စန္နံကာမဂုဏာနံ ပေယာတိ သမ္ဗာလောကေ န ပဿတံ–ဟူသောပါဠိ၏ အဓိပ္ပာယ်ကို ဖြေ
ဆိုပြီးလျှင်/ သန္တိကေ န ဝိဇာနန္တိ၊ မဂ္ဂါ ဓမ္မဿ အကောဝိဒါ–ပါဠိအရ မသိပုံကိုလည်း
ပေါ်လွင်အောင် ဖြေဆိုပါ။

(၁၀) ဆဋ္ဌော အန္တရဓရော ဓမ္မဒေသကာ ဥက္ခိတ္တာသိကောတိ ဘိက္ခဝေ နန္ဒိရာဂဿေတံ
အဓိဝစနံ-ပါဠိအရ နန္ဒိရာဂ၏ ဓမ္မကနှင့် တူပုံကို ဖြေဆိုပြီးလျှင် / ထလေ ဥဿာဒေါတိ
ခေါ ဘိက္ခု အသ္မိမာနဿေတံ အဓိဝစနံ-ပါဠိအရ မာနရှိသူ၏ ဒါရုက္ခန္ဓနှင့် တူပုံကိုလည်း
ဖြေဆိုခဲ့ပါ။

(၁၁) သေယျထာပိ ဘိက္ခု ရဉ္ဉော ပစ္စန္တိမံ နဂရံ-ဟူသော ကိံသုကောပမ-သုတ်လာ
ပါဠိကို ဟောတော်မူခြင်း၏ အကြောင်းကို ဖြေဆိုပြီးလျှင် / ဤသုတ်၌ အကျဉ်းအားဖြင့်
သစ္စာလေးပါး ပြဆိုပုံကိုလည်း ဖြေကြားခဲ့ပါ။

(၁၂) ပိတ္တသမုဋ္ဌာနာနိပိ ခေါ သီဝက ဣဓေကစ္စာနိ ဝေဒယိတာနိ ဥပ္ပဇ္ဇန္တိ-ပါဠိအရ
သီးခြေကြောင့် ဝေဒနာသုံးပါး ဖြစ်ပုံကို ဖြေဆိုပြီးလျှင် / ကာယိကာစ စေတသိကာစ၊
ဣမာ ဝုစ္စန္တိ ဘိက္ခဝေ ဒွေ ဝေဒနာ စသော ပါဠိ၌ ဝေဒနာ နှစ်ပါး သုံးပါးတို့၏ စတု
ဘူမိက တေဘူမိက ဧကဘူမိက ဖြစ်ပုံကို စုံလင်စွာဖြေဆိုခဲ့ပါ၊

၁၀—မှတ်စီ။

## (ခ) တိပိဋကဓရ သမဘာရေးဖြေ စာမေးပွဲ

### (၃) သံယုတ္တနိကာယ (တတိယအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၆ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ - ရက်။ (၂၆ - ၁ - ၆၅)

---

(၁) ဥပစုဗြဟ္မစရိယမျိုး ရှိကောင်း၍ ဥပစုမိဒံ ဘန္တေ ဗြဟ္မစရိယံ ဟု ရှင်အာနန္ဒာက ဘုရားအား လျှောက်ထားပါသလော — မိစ္ဆာဉာဏ် - မိစ္ဆာဝိမုတ္တိမျိုး ရှိကောင်း၍ 'မိစ္ဆာဉာဏီ - မိစ္ဆာဝိမုတ္တိ' ဟု ဟောတော်မူပါသလော ဟူသော ပုစ္ဆာများကို အဋ္ဌကထာ ဋီကာ မြော်၍ အာဘော်ကျ ရှင်းခဲ့ပါ။

(၂) 'ယေသံ သမ္ဗောဓိယင်္ဂေသု (ပ) တေ လောကေ ပရိနိဗ္ဗုတာ' ဟူသော ပါရံဂမသုတ်လာ ဂါထာကို အပြည့်အစုံ အနက် ပေးပြီးလျှင်/ဗြဟ္မည, ဗြဟ္မ - ညဖလ, ဗြဟ္မညတ္တ တရားများကိုလည်း ခွဲခြား၍ ကောက်ပြပါ။

(၃) ဗောဇ္ဈင် ခုနစ်ပါးကို ပွားများလျှင် ရအပ်သော အကျိုး ခုနစ်ပါးကို သီလသုတ်လာ အတိုင်း အခည်မျှ စေ့စုံအောင် ဖော်ပြ၍ / အနာဂါမ် ၄ဂ - နှင့် သဗ္ဗဇေဋ္ဌက သဗ္ဗကနိဋ္ဌ ပုဂ္ဂိုလ်ကိုလည်း ညွှန်ကြားခဲ့ပါ၊

(၄) ဥဒါယိသုတ်လာ ရှင်ဥဒါယီ ပွားများသော ဥက္ကုဋ္ဌာဝကုဋ္ဌ တရားကား အဘယ် တရားများ ဖြစ်သည် – ဓာတရူပ ဥပက္ကိလေသ ငါးပါး အနက် တဘိယနှင့် ပဥ္စမကား အဘယ် အရာများ ဖြစ်သည်– ပဥ္စိမေ စိတ္တဿ ဥပက္ကိ- လေသာ- ၌ အဘယ် စိတ်များ ဖြစ်သည်တို့ကို အသီးသီး ရေးသားခဲ့ပါ။

(၅) ကာမစ္ဆန္ဒ စသော တရား ငါးပါးတို့သည် ပညာ၏ သမ္ပယုတ္တဓမ္မများ မဟုတ်ပါဘဲလျက် 'ပညာယ ဒုဗ္ဗလီ ကရဏာ' ဟု အဘယ့်ကြောင့် ဟောတော်မူပါသနည်း ဟူသော စောဒနာကို သောဓနာခဲ့ပါ၊

(၆) အဘယ် တရားကို အကုသလရာသိ – အဘယ် တရားကို ကုသလရာသိ ဟု ညွှန်းပြ၍ သကုဏဂ္ဃိသုတ်လာ ဘိက္ခု အဂေါစရ ငါးပါးကိုလည်း ရေးသား ခဲ့ပါ။

(၇) သတိပဋ္ဌာနသံယုတ် သတိပဋ္ဌာန်သုတ်လာ အာဂန္တုက အဖြစ်ဖြင့် အသမ္မော- ဟ သမ္ပဇဉ် ဖြစ်ပုံကို ဖြေဆိုပြီးလျှင်/ တုဏှီဘာဝ နေရာ၌ အသမ္မောဟသမ္ပဇဉ် ဖြစ်ပုံကိုလည်း ဖြေဆိုခဲ့ပါ။

(၈) အထ ခေါ ဘဂဝါ အာဗာဓံ ဝီရိယေန ပဋိပဏာမေတွာ ဇီဝိတသင်္ခါရံ အဓိ- ဋ္ဌာယ ဝိဟာသိ – ပါဠိ၌ သမာပတ် တူးခြားချက်ကိုပေါ်လွင်အောင် ဖြေဆို ပြီးလျှင်/ ဒေသိတော အာနန္ဒ မယာ ဓမ္မော အနန္တရံ အဗာဟိရံ ကရိတွာ- ပါဠိ၌ ဒေသက၏ အလိုကို ပြည့်စုံစွာ ဖြေဆိုခဲ့ပါ။

(၉) ဧဝံ ခေါ အာနန္ဒ ပဏီတေယ ဘာဝနာ ဟောတိ· ဟူသော ဘိက္ခုနုပဿယသုတ် ပါဠိအရ ဒေသက၏ အလိုကို ဖြေဆိုပြီးလျှင် /ဧဝံ ခေါ အာနန္ဒ အပဏီဓာယ ဘာဝနာ ဟောတိ - ဟူသော ပါဠိ၏ အဓိပ္ပာယ်ကိုလည်း ဖြေဆိုခဲ့ပါ။

(၁၀) ဝုံ အာဝုသော ဧရိယာ အတ္တာနံ ရက္ခ – အဟံ အတ္တာနံ ရက္ခိဿာမိ - ဟူသော ပါဠိ၏ အဓိပ္ပာယ်ကို ဖြေဆိုပြီးလျှင် / ဣဓ ဘိက္ခဝေ အရိယသာဝကော သတိမာ ဟောတိ၊ ပရမေန သတိနေပက္ကေန သမန္နာဂတော · ပါဠိ အရ သတိကို ဟော ရာ၌ ပညာကိုပါ ဟောထားခြင်း၏ အကြောင်းကိုလည်း ရှင်းလင်းခဲ့ပါ။

(၁၁) အသုဘာယ ဝဏ္ဏံ ဘာသတိ၊ အသုဘဘာဝနာယ ဝဏ္ဏံ ဘာသတိ - ပါဠိ၌ ကျေးဇူးကို ဟောခြင်း၏ အကြောင်းကို ဖြေဆိုပြီးလျှင် / ဧဝံ ဘာဝိတော ခေါ ဘိက္ခဝေ အာနာပါနဿတိ သမာဓိ၊ ဧဝံ ဗဟုလီကတော သန္တော စေဝ ပဏီတတရော စ - ပါဠိ၌ သန္တ ပဏီတ ဖြစ်ပုံကို စုံလင်စွာ ဖြေဆိုခဲ့ပါ။

(၁၂) ဣမေသု စတူသု အရိယသစ္စေသု ဝေတိ ပရိဝဋ္ဋံ (ပ) သုဝိသုဒ္ဓံ အဟောသိ · ပါဠိ၌ ဉာဏဒဿန ဖြစ်ပုံကို ဖြေဆိုပြီးလျှင် /ပဝတ္တိတေစ ပန ဓမ္မစက္ကေ · ပါဠိ၌ ဓမ္မစက္က ဖြစ်ပုံကိုလည်း ဖြေဆိုခဲ့ပါ။

၁၀ – မှတ်စီ

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) သံယုတ် (ပဌမအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၀ - ခုနှစ်၊ ပြာသိုလဆန်း ၁၁ - ရက်။ (၂၀-၁-၆၇)

---

(၁) ဒါနဉ္စ ယုဒ္ဓဉ္စ သမာနမာဟု - ၌ ဒါန နှင့် ယုဒ္ဓ တို့၏ သမာန ဖြစ်ပုံကိုလည်းကောင်း ဝိဝေယျဒါနံ - ၌ ဝိစိနနကာရ နှစ်ပါးကိုလည်းကောင်း အဋ္ဌကထာ အာဘော်ကျ စေ့စုံအောင် ရှင်းပြခဲ့ပါ။

(၂) အာဒိတ္တဝဂ် မစ္ဆရိသုတ်လာ မစ္ဆရိနော အဒ မာဘယ်မစ္ဆရိယကို ဟောတော်မူသည် ဟု အဋ္ဌကထာ လာတိုင်း ညွှန်းပြပြီးလျှင် အန္တရာယ ကရာ နရာ- ၌ အဘယ်ပုဂ္ဂိုလ်အား အဘယ်အန္တရာယ် ဖြစ်စေသည်ကိုလည်း ရှင်းခဲ့ပါ၊

(၃) သုသိမသုတ်လာ အရှင်သာရိပုတ္တရာ၏ ဂုဏ်ပုဒ် ၁၆ - ပါးကို အစဉ်အတိုင်း ရေးသားပြီးလျှင် / ၁၃ - ခုမြောက် ဂုဏ်ပုဒ်၏ အဓိပ္ပာယတ္ထကိုလည်း ရှင်းပြခဲ့ပါ။

(၄) အသမသဟာလိ နတ်တို့သည် ပူရဏကဿပ - မက္ခလိဂေါသာလတို့၏ တပည့်များ ဖြစ်ကြပါလျက် အဘယ့်ကြောင့် နတ်ပြည်၌ ဖြစ်ရသည်ကို ရေးသား၍ / သဗ္ဗဝါရိဝါရိတော - သဗ္ဗဝါရိယုတ္တော - သဗ္ဗဝါရိဓုတော - သဗ္ဗဝါရိဖုဋ္ဌော တို့၏ အဓိပ္ပာယ်ကိုလည်း ရှင်းခဲ့ပါ။

(၅) ဇရာမရဏသုတ်လာ ဩဟိတဘာရ၌ ချအပ်သော ဘာရသရုပ်ကိုလည်းကောင်း ရဟန္တာ၏ အဇီရဏဓမ္မကိုလည်းကောင်း ထုတ်ပြပြီးလျှင် / အခြား ပြစရာ ဥပမာ အများအပြား ရှိပါလျက် မင်း၏ ရထားကိုမှ ဇီရန္တိ ဝေ ရာဇရထာ ဟု ဥပမာ ပြရခြင်း၏ အကြောင်းကိုလည်း ရှင်းခဲ့ပါ။

(၆) ကလျာဏမိတ္တသုတ်လာ သမ္မာဒိဋ္ဌိံ ဘာဝေတိ ဝိဝေကနိဿိတံ - ၌ ဝိဝေကသည် အဘယ်မျှ ရှိ၍ အဘယ်ဝိဝေကကို မှီသော သမ္မာဒိဋ္ဌိ ဟု ရှင်းလင်းပြီးလျှင် / အဘယ်အချိန်ကာလကို ဒိဝါဒိဝဿ ဟု ဟောတော်မူပါသနည်း။

(၇) မာရသံယုတ် ပတိရူပသုတ်လာ 'အနုရောဓ ဝိရောဓေဟိ၊ ဝိပ္ပမုတ္တော တထာဂတော' ၌ အနုရောဓ အရ - ဝိရောဓ အရ တို့ကို တရားကိုယ် ကောက်ပြပြီးလျှင် / ဘုရားရှင်သည် အနုရောဓ ဝိရောဓတို့မှ အဘယ့်ကြောင့် လွတ်ကင်းတော်မူရသည်ဟုလည်း ဖြေဆိုပါ။

(၈) သမသီသိအပြားကို အဓိပ္ပာယ်နှင့် တကွ ဖော်ပြပြီးလျှင် / အရှင်ဂေါဓိကမှာ အဘယ့်ကြောင့် အဘယ်သမသီသိ ဖြစ်ထိုက်သည်ဟုလည်း ရှင်းပြပါ။

(၉) ဘိက္ခုနီသံယုတ် ဝိဇယာသုတ်လာ "ယာ စ သန္တာ သမာပတ္တိ၊ သဗ္ဗတ္တ ဝိဟာ- တော တမော" ၌ သမာပတ်ကို သန္တ ဟု အဘယ့်ကြောင့် ခေါ်ဆိုနိုင်ပုံကို ဖော်ပြပြီးလျှင်/ အာလယရာမာယာ ခေါ် ပန ပဇာယ - အရ **အာလယ** နှစ်မျိုးကိုလည်း ထုတ်ပြခဲ့ပါ။

(၁၀) သုဒ္ဓိကာဘာဇနဒွါဇပုစ္ဆာများ၏ အလိုအတိုင်း ဝိဇ္ဇာ အရ — စရဏ အရ - တို့ကို ဖော်ပြ၍ / ဘုရားရှင်၌ စွဲကပ်တော်မူသော လေနာရောဂါ ပျောက်ကင်းချမ်းသာအောင် ကုသသည့် အရှင်ဥပဝါန၏ ကုထုံးနည်းကိုလည်း ပေးခဲ့ပါ။

(၁၁) အဟမ္ပိ ခေါ ဂေါတမ ဘိက္ခကော၊ ဘဝမ္ပိ ဘိက္ခကော၊ ဣဓ နော ကိံ နာနာကရဏံ - အရ ဘိက္ခကပုဏ္ဏား နှင့် ဘုရားရှင်တို့၏ ထူးခြားချက်ကို ဖော်ပြပြီးလျှင် / အရှင်ဝင်္ဂီသအား အရှင်အာနန္ဒာ ဟောကြား ဆုံးမတော်မူသော ရာဂငြိမ်းကြောင်း တရားကိုလည်း လိုရင်းမျှ ရေးပြပါ။

(၁၂) ကထံ ဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ - ဟူသော အာဠဝက ဘီလူး လျှောက်ထားချက် အရ ဘုရားရှင်၏ ဖြေဆိုတော်မူပုံကို ရေးပြီးလျှင် / ဝေပစိတ္တိအသုရိန်သည် သမ္ဗရိမာယာကို သိကြားမင်းအား သင်မပေးခြင်း၏ အကြောင်းကို လည်း ဖြေဆိုပါ။

၁၀ — မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာစေမးပွဲ

### (၂) သံယုတ် (ဒုတိယအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၈-ခုနှစ်၊ ပြာသိုလဆန်း ၁၂-ရက်။ (၂၂-၁-၆၇)

——

(၁) အာတုရ ကာယော-၌ အာတုရ အဘယ်မျှ ရှိ၍ ဤနေရာ၌ အဘယ်အာတုရ ကို ဟောတော်မူလိုရင်း ဖြစ်သည် – အဘယ်အာဉာသည် အဘိက္ခဏာတက် ဖြစ်သည်- သြဝါဒ နှင့် အနုသာသနတို့ အဘယ်သို့ ခြားနားသည် – ကာယသည် အဘယ်သို့ အဏ္ဍဘူတ ပရိယောနဒ္ဓ ဖြစ်သည်တို့ကို နကုလပိတု သုတ်လာ အတိုင်း ရှင်းခဲ့ပါ။

(၂) အဘိဇာန ပရိဇာန ဝိရာဇယ ပဇဟ တရားတို့ကို ပရိညာ သုံးပါးဖြင့် ပိုင်းခြားပြီးလျှင် / အဃ - အဃမူလတရား — ပဘင်္ဂု - အပ္ပဘင်္ဂု တရားတို့၏ တရားကိုယ်များကို ရေးသား၍ / ၎င်းအဃမူလသုတ် ပဘင်္ဂုသုတ်တို့၌ အဘယ် လက္ခဏာများကို ဟောကြားတော်မူသည်ဟုလည်း ညွှန်းခဲ့ပါ။

(၃) နတုမှာကသုတ် နှင့် ဒုတိယ နတုမှာကသုတ်တို့သည် တရားအရ မည်သို့မျှ ခြားနားခြင်း မရှိပါဘဲလျက် နှစ်သုတ် ထပ်၍ ဟောတော်မူခြင်း — သောဏ သုတ်၌ ဟောတော်မူသော တရားကို ဝဇိရဘေဒဒေသနာ ဟု ခေါ်ဆိုခြင်းတို့ကို ရှင်းလင်းခဲ့ပါ။

(၄) အဘယ်ဥပနိဿယသည် အဘယ်မဂ် - ဖိုလ်တို့သို့ ရောက်စေပါသနည်း — မဂ်၏ အနန္တရပစ္စည်းသည် ဂေါတြဘူသာ ဖြစ်သင့်ပါလျက် အဘယ့်ကြောင့် ဥဒါန သုတ် အဋ္ဌကထာ၌ ဝိပဿနာ မဂ္ဂဿ အာသန္နာနန္တရိနာမ ဟု ဖွင့်ဆိုပါသနည်း ဟူသော အမေးစကားများကို ဖြေကြားခဲ့ပါ။

(၅) တိဝိဓူပ ပရိက္ခိ အရ ရှုဆင်ခြင်ပုံ သုံးမျိုးကိုလည်းကောင်း သတ္တဋ္ဌာန ကုသလော အရ သတ္တဋ္ဌာန တရား ခုနစ်ပါးကိုလည်းကောင်း အစဉ်အတိုင်း ရေးသား၍ / မဟာလိသုတ် အာဒိတ္တသုတ်တို့၌ အဘယ်လက္ခဏာကို ဟောတော်မူသည်ဟုလည်း ညွှန်းခဲ့ပါ။

(၆) ခဇ္ဇနီယသုတ်လာ 'အနေကဝိဟိတံ ပုဗ္ဗေနိဝါသံ အနုဿရမာနာ' ဟူသော စကားသည် အဘိညာဏ် ဟုတ် = မဟုတ် ဘုရားရှင်၏ သန္တာနကို ဖော်ပြ၍/

ရဟန္တာတို့၏ ပစ္စဝေက္ခဏာဉာဏ်သည် ကျေနုဝိသ ဖြစ်ရမည်သာဟု မှတ်ရမည်လော ဟူသော စောဒနာကို သောဓနာခဲ့ပါ။

(၇) ဧဝမေဝ ခေါ ဘိက္ခဝေ ဣမသ္မိံ ကာယသ္မိံ ဝိဝိဓာ ဝေဒနာ ဥပ္ပဇ္ဇန္တိ- ဟူသော ပါဠိတော် အရ ဝိဝိဓာဝေဒနာ သရုပ်ကို အဓိပ္ပာယ် နှင့် တကွ ဖော်ပြပြီးလျှင် / ဣဒံ ဇာတု ဝေဒဂူ၊ ဣဒံ ဇာတု သဗ္ဗဇိ- ၌ ဥဒက အလို နှင့် ဘုရားရှင် အလိုကို ခွဲခြား ပြလိုက်ပါ။

(၈) ဘုရားရှင်သည် အဘယ်ကို ပြလိုသောကြောင့် သမုဒ္ဒဝဂ် ဥဒါယီသုတ်ကို ဟောတော်မူသည်ဟု လိုရင်းမျှ ဖြေဆိုပြီးလျှင် / မြေကြီး လေးကောင် ကိုက်အပ်သော ခန္ဓာကိုယ်၏ ဖောက်ပြန်တတ်ပုံကိုလည်း ဖော်ပြပါ။

(၉) ပရိနိဗ္ဗုတော နုပဝဒေယျ ကဍ္ဍိ- အရ မည်သို့သော စိတ်ထားဖြင့် နေထိုင် ကျင့်သုံးသူကို နုပဝဒေယျ ယူရမည်ဟု ရှင်းပြ၍ / အဝဿုတပရိယာယဉ္စ ဝေါ အာဝုသော ဒေသေဿာမိ အနဝဿုတပရိယာယဉ္စ- ၌ အဘယ်ကို အဝဿုတပရိယာယ ခေါ်ဆိုသည်ဟုလည်း ရေးလိုက်ပါ။

(၁၀) ယာဝတာ ရူပဿ ဂတိ- ဟူသော ဝီဏောပမသုတ်လာ ဂတိ သရုပ်မျှကို ရေးပြီးလျှင် / အယမဟ မသ္မိတိ မာနဂတမေတံ ဟူသော ယဝကလာပိသုတ် အရ သန္ဓာယဘာသိတကိုလည်း ဖော်ပြခဲ့ပါ။

(၁၁) ဝေဒနာသံယုတ် ပဉ္စကင်္ဂသုတ်လာ အဋ္ဌာရသာပိ မယာ ဝေဒနာ ဝုတ္တာ ပရိယာယေန- ၌ အဋ္ဌာရသ သရုပ်ကို သင်္ချာမျှ ဖော်ပြပြီးလျှင် / မည်သည့် အစွမ်းအားဖြင့် အဋ္ဌာရသ ပြားနေရသည်ကိုလည်း ဖြေဆိုလိုက်ပါ။

(၁၂) စိတ္တသူကြွယ်သည် အနာဂါမ် ဖြစ်ပါလျက် နိဂဏ္ဌနာဋပုတ္တထံ ချဉ်းကပ်ခြင်း၏ ရည်ရွယ်ချက်ကို ဖော်ပြပြီးလျှင် / ယံ ခေါ ပန ကိဉ္စိ ကုလေ ဒေယျဓမ္မံ၊ သဗ္ဗံ တံ အပ္ပဋိဝိဘတ္တံ ဘဝိဿတိ သီလဝန္တေဟိ ကလျာဏဓမ္မေဟိတိ- ၌ အပ္ပဋိဝိဘတ္တံ အရကို ရှင်းလင်း ပြခဲ့ပါ။

၁၀—မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၃) သံယုတ် (တတိယအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၂၈ - ခုနှစ်၊ ပြာသိုလဆန်း ၁၄ - ရက်။ (၂၄-၁-၆၇)

---

(၁) ဇာဏုဿောဏိ ဗြာဟ္မဏသုတ်လာ မနော ယောတ္တံ-၌ အဘယ် မနော—သတိ အာရက္ခ သာရထိ-၌ အဘယ် သတိ—ရထော သီလ ပရိက္ခာရော-၌ အဘယ် ရထ—အဘယ် သီလ—ဈာနက္ခော-၌ အဘယ် ဈာန်—စက္ကဝီရိယော-၌ အဘယ်ဝီရိယတို့ဖြစ်သည်ကို အဋ္ဌကထာကိုမြွက်၍ အာဘော်ကျ ရှင်းခဲ့ပါ။

(၂) မဂ္ဂသံယုတ် ဝိဘင်္ဂသုတ်လာ ဒုက္ခေ ဉာဏံ ဟူသော ပုဒ်ကို စတုဟာကာရေဟိ ဥပပရိက္ခနဉ္စ ဉာဏံ ဟု အဋ္ဌကထာဆရာ ဖွင့်ပြရာ အဘယ် အာကာရလေးပါး ဖြစ်သည်ကိုလည်းကောင်း အဘယ်တရားကို သဒ္ဒါနယ ပရိညာ ခေါ်ဆိုသည်ကိုလည်းကောင်း သိသာရုံ ရှင်းခဲ့ပါ။

(၃) အောက်ပါ ဥပမာနများ၏ ဥပမေယျတို့ကို နာဂသုတ်လာ အတိုင်း အသီးသီး ထုတ်ဆောင် ယှဉ်တွဲပြခဲ့ပါ၊

(က) ဟိမဝန္တပဗ္ဗတ　　(ဂ) ကုသောဗ္ဘ
(ခ) နာဂပေါတက　　(ဃ) မဟာသမုဒ္ဒ

(၄) သီလသုတ် အဋ္ဌကထာ အဖွင့်၌ ခီဏာသဝဿ လောကိယ လောကုတ္တရသီလံ ကထိတံ ဟု ဖွင့်ပြရာ ရဟန္တာ၏ လောကီသီလ လောကုတ္တရာသီလကို ခွဲပြပြီးလျှင်/ ဒဿန နှစ်ပါးကိုလည်းကောင်း ဥပသင်္ကမန နှင့် ပယိရုပါသနတို့၏ အထူးကိုလည်းကောင်း ဆက်လက်ရေးသားခဲ့ပါ။

(၅) ဥဒါယိသုတ်ဝယ် ဟောတော်မူအပ်သော ဓမ္မော စ မေ ဘန္တေ အဘိသမိတော-၌ အဘယ် ဓမ္မ—မဂ္ဂေါ စ မေ ပဋိလဒ္ဓေါ-၌ အဘယ် မဂ္ဂတို့ ဖြစ်သည်ကို ဝေဘန်ပြပြီးလျှင်/ ၎င်းသုတ်၌ပင် နာပရံ ဣတ္ထတ္တာယာတိ ပဇာနိဿာမိ ဟု အနာဂတ် စကားဖြင့် လျှောက်ထားခြင်းကိုလည်း ရှင်းခဲ့ပါ။

(၆) ဇရာဓမ္မသုတ်လာ အောက်ပါ ဂါထာကို အနက်ပေးပြီးလျှင်/ ဈာန အနာဂါမိ ဌာနေ ဌိတော ဟု ဖွင့်ပြသော အဋ္ဌကထာ စကား အရ ဥဏ္ဏာဘာ ပုဏ္ဏားကြီး တည်သော ဈာနအနာဂါမ် ပုဂ္ဂိုလ်မျိုးကိုလည်း ရှင်းပြခဲ့ပါ။

ဓိတံ ဇမ္ဗိ ဇရေ အတ္တုံ၊ ဒုဗ္ဗဏ္ဏကရဏိ ဇရေ။
တာဝ မနောရမံ ဗိမ္ဗံ၊ ဇရာယ အဘိမဒ္ဒိတံ။

(၇) ဝိရိယသမာဓိပ္ပဓာနသင်္ခါရသမန္နာဂတံ ဣဒ္ဓိပါဒံ ဘာဝေတိ–၌ ပဓာနသင်္ခါရ ကိုလည်း သမ္မပ္ပဒါန်ဝိရိယကို ယူရသောကြောင့် ဝီရိယ နှစ်မျိုးဖြစ်နေခဲ့ရာ ရှေ့နောက် ဝီရိယ နှစ်မျိုးတို့၏ ထူးခြားချက်ကို ဖော်ပြပြီးလျှင် / ယထာ ပုရေ တထာ ပစ္ဆာ ဟူသော ဝိဘင်္ဂသုတ် အရ မည်သည့်အစွမ်းဖြင့် ပုရိမ ပစ္ဆိမ အဖြစ်ကို သိရသည်ဟု ညွှန်ပြပါ။

(၈) တသ္မိံ အာနန္ဒ သမယေ တထာဂတဿ ကာယော လဟုကတရော စေဝ ဟောတိ အရ လဟုကတရ ဖြစ်ရခြင်း အကြောင်းကို ဥပမာဖြင့် ပေါ်လွင်အောင် ရေးပြီးလျှင်/ မည်သည့်တန်ခိုးတော်ကို ပြလိုသောကြောင့် အယောဂုဠသုတ်ကို ဘုရားရှင် ဟောတော်မူသည်ဟုလည်း ဖော်ပြပါ။

(၉) ဌာနဉ္စ ဌာနတော အဋ္ဌာနဉ္စ အဋ္ဌာနတော ယထာဘူတံ ပဇာနာတိ-၌ အဘယ့်ကြောင့် အဘယ်၏ အစွမ်းဖြင့် သာဝကတို့ သိကြသည်ဟု ဖြေဆိုပြီးလျှင် / ဝေဒနာ·ညတရာဟံ အာနန္ဒ ဧဝံ ဝဒါမိ ယဒိဒံ အဿာသပဿာသာနံ သာဓုကံ မနသိကာရံ-ဟူသော ကိမိလသုတ် အရ သန္ဓာယ ဘာသိတ ဝေဒနာကိုလည်း ရေးခဲ့ပါ။

(၁၀) ယေသံ သဒ္ဓါ စ သီလဉ္စ၊ ပသာဒေါ ဓမ္မဒဿနံ-၌ ပသာဒေါ အရကို ဖော်ပြ ပြီးလျှင် / မထေရ်အသီးသီးတို့၏ ယူဆချက်ကိုလည်း ဆက်လက် ရေးသား၍/ အဗ္ဘော·ကာသော ပဗ္ဗဇ္ဇာ-အရ အဗ္ဘောကာသ ဖြစ်ရခြင်း အကြောင်းကိုလည်း ဖြေဆိုပါ။

(၁၁) အာယသ္မတော ကောဏ္ဍညဿ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ-၌ ဓမ္မစက္ခု အရ-အညာဓိပ္ပာယ ဣဓာဓိပ္ပာယ တို့ကို ရေးပြီးလျှင်/ ဓမ္မစက္ခု အရ ဘုရားရှင်၏ ဉာဏ်တော်ကိုလည်း ဖော်ပြပါ။

(၁၂) သောတာပတ္တိသံယုတ်·ပဌမဂိဉ္ဇကာဝသထသုတ်၌ အနာဝတ္တိဓမ္မော တသ္မာ လောကာ အရ ဗျတိရိတ်ကို ဖြေဆိုပြီးလျှင်/ သစ္စသံယုတ်–ဆောဒနသုတ်လာ ဝိပရာမောသ အပြားကိုလည်း အဓိပ္ပာယ်နှင့်တကွ ရေးခဲ့ပါ။

၁၀–မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) သံယုတ္တနိကာယ (ပထမအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇-ရက်။ (၂၂ - ၁ - ၇၆)

---

(၁) ဩဃတရဏသုတ် ဂါထာလာ ဗြဟ္မဏ - ပရိဗ္ဗာဇက - လောက - ဝိသတ္တိက တို့သည် ဤနေရာ၌ အဘယ် တရားများ ဖြစ်ကြသည်ကို ဖော်ပြပြီးလျှင်/ စိရဿံ ဝတ ပဿာမိ - ဟူသော အာဒိပဒ၏ ဆိုလိုရင်းကိုလည်း အဋ္ဌကထာအာဘော်ကျ ရှင်းခဲ့ပါ။

(၂) ဥပနိယသုတ်လာ 'ဥပနိယတိ ဇီဝိတံ' ၌ အဘယ်တရားက အဘယ် တရားကို ကပ်ဆောင်သည် — ဧတံ ဘယံ - ၌ အဘယ် ဘယတို့ ဖြစ်သည်ကို ရှင်းပြပြီးလျှင်/ 'ပုညာနိ ကယိရာထ သုခါဝဟာနိ' ဟူသော ဗြဟ္မာ၏ စကားကို မြတ်စွာဘုရားက အဘယ် ရည်ရွယ်ချက်ဖြင့် အဘယ်ကဲ့သို့ ပြင်ဆင်တော်မူသည်ကိုလည်း သိသာရုံ ဖြေကြားခဲ့ပါ။

(၃) ဟိရိ တသုတ်လုံးကို အစ အဆုံး ရေးသားပြီးလျှင်/ ကုဋိကာသုတ်ဝယ် နတ်သား မေးလျှောက်အပ်သော ဂုဋ္ဌပဥှာ၌ အဘယ် တရားများကို ဝှက်၍ အဘယ် တရားများကိုဖော်ပြထားပါသနည်း ဟူသော အမေးစကား — အမိ ဝမ်း၌ ပဋိသန္ဓေမနေတော့လျှင် အနှောင်အဖွဲ့ မရှိသူ ဟု မှတ်ယူရမည်လော ဟူသော အမေးစကားများကိုလည်း ဖြေကြားခဲ့ပါ။

(၄) ဖုသတိသုတ် ပဥ္စမ ဂါထာကို အဋ္ဌကထာ အာဘော်ကျ အနက် ရေးပြပြီးလျှင်/ ဇဋာသုတ်လာ နာမဉ္စ ရူပဉ္စ - ၌ အဘယ်နာမ် အဘယ် ရုပ်များ ဖြစ်ကြသည် — ပဋိဃံ ရူပသညာ စ - ၌ အဘယ် ဘဝကို ယူရမည် — ဤသုတ်၌ အရူပဘဝကို အဘယ့်ကြောင့် မဟောသည်တို့ကိုလည်း ရှင်းခဲ့ပါ။

(၅) သကလိကသုတ်လာ ဝေဒနာ၏ တုသ ဒုက္ခ တိဗ္ဗ ခရကဋုက အသာတ အမနာပ ဖြစ်ပုံတို့ကို အဋ္ဌကထာ ဋီကာ အာဘော်စုံသွင်း၍ ရှင်းလင်းပြီးလျှင် / အောက်ပါ သတော သမ္ပဇာနော တို့၏ အချင်းချင်း ခြားနားပုံကိုလည်း ဆက်လက် ရေးသားခဲ့ပါ။

(က) တာသုဒံ ဘဂဝါ သတော သမ္ပဇာနော။

(ခ) ပါဒေ ပါဒံ အစ္စာဒါယ သတော သမ္ပဇာနော။

(၆) ဇေတဝနသုတ်၌ ဟောတော်မူသော ကမ္မံ ဝိဇ္ဇာ စဓမ္မော တို့၏ အရကို အသီးသီး ကောက်ပြပြီးလျှင်/ ဒိဋ္ဌိသည် ပညာ — သင်္ကပ္ပသည် ဝိတက် ဤသို့ ခြားနားပါလျက် အဋ္ဌကထာ၌ ဝိဇ္ဇာတိ ဒိဋ္ဌိသင်္ကပ္ပာ ဟု ဖွင့်ဆိုတော်မူခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း ဧတေန မစ္စာ သုဇ္ဈန္တိ -၌ ဧတေန-၏ ရည်ညွှန်းချက်ကိုလည်းကောင်း အသီးသီး ရှင်းပြခဲ့ပါ။

(၇) ဇရာဝဂ်လာ အောက်ပါ ရှစ်ပါးတို့ကို အဘယ် တရားများ ဖြစ်သည်ဟု အသီးသီး ဖြေကြားခဲ့ပါ။

(က) အိုအောင် ကောင်းသော တရား (င) လူတို့၏ မှီရာ
(ခ) ခရီးသည်၏ မိတ်ဆွေ (စ) ကောင်းမြတ်သော အဆွေခင်ပွန်း
(ဂ) အိမ်၌ ရှိသော မိတ်ဆွေ (ဆ) မြေနေ သတ္တဝါတို့၏ မှီရာ
(ဃ) ပြုဘွယ်ရှိသူ၏ မိတ်ဆွေ (ဇ) သတ္တဝါတို့ကိုဖြစ်စေသော တရား

(၈) သစ္စံ ဟဝေ သာဒုတရံ ရသာနံ-၌ ကိစ္စ သမ္ပတ္တိ အဂ္ဂ မဟာရဟ လေးပါး ဖြစ်ပုံကို ဝိတ္တသုတ် အဋ္ဌကထာ လာတိုင်း ရေးသားပြီးလျှင် / ပညာ ဇီဝိံ ဇီဝိတမာဟု သေဋ္ဌံ-၌ ဂဟဋ္ဌ ပညာဇီဝိ နှင့် ပဗ္ဗဇိတ ပညာဇီဝိ - တို့၏ လုပ်ဆောင်ချက် ခြားနားပုံကိုလည်း အဋ္ဌကထာ ဋီကာ သွင်း၍ ရှင်းခဲ့ပါ။

(၉) သမ္မာခေ ဝတ ဩကာသံ - ၌ သမ္မာခ မည်မျှ ရှိ၍ ဤ၌ အဘယ် သမ္မာခ — ဩကာသံ၌ အဘယ် ဩကာသ — ဈာနံ - ၌ အဘယ် ဈာန် — ပဋိလီန နိသဘော - ၌ အဘယ် ပုဂ္ဂိုလ် — ယေ သတိံ -၌ အဘယ် သတိ — သုသမာဟိတာ -၌ အဘယ် သမာဓိ ဖြစ်သည်တို့ကိုလည်းကောင်း ပဉ္စာလစဏ္ဍ နတ်သားသည် အဘယ်အဖြစ်မှ ကူးပြောင်းလာခဲ့သည်ကိုလည်းကောင်း ရှင်းခဲ့ပါ။

(၁၀) အထ ခေါ ဒီဃလဋ္ဌိ ဒေဝပုတ္တော - ဟူသော ပါဠိတော် စကားနှင့် 'ဒေဝလောကေ သဗ္ဗေ သမပ္ပမာဏာ' ဟူသော အဋ္ဌကထာ စကား ကွဲလွဲ၍ နေသည်များ၌ အဘယ်သို့ လိုက်သင့်သည်ကို ဝိနိစ္ဆယ ချပြီးလျှင် / နာညတြဗောဇ္ဈာ တပသာ - ဟူသော ဂါထာကို အဘယ် နတ်သားလျှောက်ထား၍ ဟောကြားတော်မူသည်ဟုလည်းညွှန်းခဲ့ပါ။

(၁၁) သုသိမသုတ်လာ ရှင်သာရိပုတြာ၏ ဂုဏ် (၁၆) ပုဒ်ကို အမည်မျှ ရေးသားပြီးလျှင်/နိဗ္ဗေဓိက ပညာ ဟူသည် အဘယ် ပညာမျိုး ဖြစ်သည်—သံသဂ္ဂ မည်မျှရှိ၍ ၎င်းသံသဂ္ဂတို့သည် အဘယ်မျှလောက်သော ပုဂ္ဂိုလ်တို့နှင့် သံသဋ္ဌ ဖြစ်နိုင်သည်တို့ကိုလည်း ရှင်းခဲ့ပါ။

(၁၂) မထေမဲ့မြင် ပြက်ရယ် မပြုကောင်းသော အရာ မည်မျှ ရှိသည်ကို ဒဟရ သုတ်လာ အတိုင်း သရုပ်ထုတ်ပြီးလျှင် / သုံးခုမြောက်ကို မထေမဲ့မြင် ပြုပုံ ပြက်ရယ် ပြုပုံကိုလည်းကောင်း မြတ်စွာဘုရားအား မထေမဲ့မြင် ပြုခြင်းကြောင့် ဟောတော်မူပါလျက် ပါဠိတော်၌ မြတ်စွာဘုရား မပါ ကြွင်းကျန်နေသည်ကိုလည်းကောင်း ရှင်းလင်းခဲ့ပါ။ ၁၀ — မှတ်စီ

# (၁) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၂) သံယုတ္တနိကာယ ( ဒုတိယအုပ် ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇–ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ - ရက် (၂၄ - ၁ - ၇၆)

(၁) တယော မေ ဘိက္ခဝေ (ပ) ဖြာဟ္မဏောဟိ ဝိညူဟိ - ဟူသော နိရုတ္တိပထ သုတ် ပါဠိတော် ပေယျာလကို ဖော်ထုတ်ပြီးလျှင်/ အတီတံ နိရုဒ္ဓံ ဝိပရိဏတံ အဇာတံ အပါတုဘူတံ - တို့၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ အာဘော်ကျ ရေးပြခဲ့ပါ။

(၂) ပုဏ္ဏမသုတ်လာ အထ ခေါ အညတရော ဘိက္ခု - ကား အဘယ်ရဟန်း ဖြစ်သည်– သကေ အာသနေ နိသီဒိတွာ ပုစ္ဆ - ဟု မြတ်စွာဘုရား အဘယ့်ကြောင့် မိန့်ကြားတော်မူ သည် – ဣမေ နုခေါ ဘန္တေ ပဥ္စုပါဒါနက္ခန္ဓာ - ဟု မေးလျှောက်ခြင်းသည် အဘယ် ရည် ရွယ်ချက်ဖြင့် မေးလျှောက်ခြင်း ဖြစ်သည်တို့ကို ဖြေကြားပြီးလျှင်/ဆန္ဒမူလကာ - ၌အဘယ် ဆန္ဒမူလက ဟုလည်း ညွှန်းခဲ့ပါ။

(၃) ဝက္ကလိသည် နောက်ဆုံး အဘယ် အရပ်၌ နာမကျန်း ဖြစ်သည်– အဘယ်သို့ ပြု သည်ကို သမဓောသိ ဟု ခေါ ဆိုသည်–မြတ်စွာဘုရားနှင့် တူသော ဓမ္မကား အဘယ် ဓမ္မ ဖြစ်သည်–နာမကျန်း ဖြစ်သော ဝက္ကလိသည် အဘယ် နှလုံးသွင်းဖြင့် အဘယ် အရပ်သို့ ပြောင်းရွှေ့သည်–အဘယ် ရောဂါဖြင့် ပရိနိဗ္ဗာန်စံသည်–ဝက္ကလိ၏ ပရိနိဗ္ဗာနာ ဉာဏုပါယပထ ကား မည်သို့ မည်ပုံ ရှိသည်တို့ကို ဝက္ကလိသုတ် လာတိုင်း ရှင်းခဲ့ပါ။

(၄) အနိစ္စသညာသုတ်၌ ဟောတော်မူအပ်သော ဥပမာ၁၃ အမည်များကို စေ့စုံအောင် ရေးသားပြီးလျှင်/အဘယ်သို့ ပြုသည်ကို ဩခုနာတိ - နိဒ္ဓုနာတိ - နိစ္ဆောဋေတိ - ဟု ခေါ် ဆိုသည်–ကူဋ္ဌ ဂေါပါနသီ တို့၏ ဥပမေယျကား အဘယ် အရာများ ဖြစ်သည်–ကုသလ ဓမ္မာနံ အနိစ္စသညာ အဂ္ဂါ - အရ လောကုတ္တရာ ကုသိုလ်ထက် လောကီ အနိစ္စသညာက အဘယ့်ကြောင့် မြတ်သည်တို့ကိုလည်း ဖြေကြားခဲ့ပါ။

(၅) သမာဓိ မူလကဒုတိယသုတ်၌ ပုဂ္ဂိုလ် အဘယ်မျှကို ဟောတော်မူသည် – ၎င်းတို့ အနက် ရှေ့ပုဂ္ဂိုလ် နှစ်ပါးကား အဘယ် ပုဂ္ဂိုလ်များ ဖြစ်ကြသည်တို့ကို ဖော်ပြပြီးလျှင် / အာရမ္မဏကုသလ နှင့် ဂေါစရကုသလ တို့၏ ခြားနားပုံ – သက္ကစ္စကာရီ သာတစ္စကာရီ မဖြစ်ပုံ–ဤစျာနသုတ်၌ အဘယ် စျာန်၏ အစွမ်းဖြင့် ဟောတော်မူပုံတို့ကိုသည်း စေ့စုံ အောင် ဖော်ပြခဲ့ပါ။

(၆) ဉာဏစက္ခု မည်မျှ – အဘယ် တရားကို အဘယ်စက္ခု ခေါ်ဆိုသည်တို့ကို အဇ္ဈတ္တာနိစ္စသုတ် အဋ္ဌကထာ လာတိုင်း ရှင်းပြပြီးလျှင် / ပညာစက္ခု အရ ကောက်ပုံကိုလည်း ကောင်း သမ္ပသနစာရစိတ် အရကောက်ပုံကိုသည်းကောင်း ဝါဒစုံ သွင်း၍ ရှင်းခဲ့ပါ။

(၇) ရုပ်စက္ခုဝိညာဏ်တို့သည် ပဟာဘဗ္ဗမမ္ဘိုမဟုတ်ကြပါဘဲလျက် ပဟာနသုတ်၌ စက္ခု

ဘိက္ခဝေ ပဟာတဗ္ဗံ၊ ရူပါ ပဟာတဗ္ဗာ၊ စက္ခုဝိညာဏံ ပဟာတဗ္ဗံ-ဟု ဟောတော်မူခြင်းကို ရှင်းလင်းပြီးလျှင်/စက္ခုသမ္ဖဿပစ္စယာ ဥပ္ပဇ္ဇတိ ဝေဒယိတံ-၌ အဘယ် ဝေဒနာ—မနောပဟာတဗ္ဗော-၌ အဘယ် မန— ဓမ္မာ ပဟာတဗ္ဗာ-၌ အဘယ် ဓမ္မ—မနောဝိညာဏံ ပဟာတဗ္ဗံ-၌ အဘယ် မနောဝိညာဏတို့ ဖြစ်သည်ကိုလည်း အသီးသီးပြခဲ့ပါ။

( ၈ ) အရိယဝိနယသုတ်၌ အဘယ် အရာများကို အဘယ့်ကြောင့် သမုဒ္ဒရာဟု ခေါ်ဆိုသည်—ထိုသမုဒ္ဒရာ၏ ဝေဂ ဥမ္မိ အာဝဋ္ဋ ဂါဟ ရက္ခသ ဘယ ဒုတ္တရ-တို့ကား အဘယ်အရာများ ဖြစ်ကြသည်တို့ကို အသီးသီး ဖော်ပြပြီးလျှင်/ပဌမ သမုဒ္ဒသုတ်၏ အဆုံး ဂါထာကိုလည်း ပါဠိသက်သက် ရေးသားခဲ့ပါ။

( ၉ ) ဆပ္ပါဏကောပမသုတ်၌ ဥပမာနပြုထားသည့် သတ္တဝါများနှင့် ၎င်းတို့၏ နှလုံးသွင်း—၎င်းတို့၏ သွားလိုရာ အရပ်များကို အသီးသီး ယှဉ်တွဲ ဖော်ပြပြီးလျှင် / ၎င်းတို့၏ ဥပမေယျများကား အဘယ်နည်း - ဒဠှေ ခိလေ ဝါ ထမ္ဘေ ဝါ-၌ အဘယ် ငုပ်တိုင်နည်း—ဤသုတ်၌ အဘယ် တရားကို ဦးတည် ဟောထားပါသနည်း—၎င်းအမေးများကိုလည်း ဖြေကြားခဲ့ပါ။

( ၁၀ ) သုခ ဒုက္ခ ဖြစ်ကြောင်း မည်မျှဟု သီဝကသုတ်လာ အတိုင်း သချုပ်ထုတ်ပြီးလျှင်/သန္နိပါတိက ဝိသမ ပရိဟာရဇ ဩပက္ကမိက - တို့၏ အဓိပ္ပာယ်ကိုလည်းကောင်း ဆေးဝါးတို့ဖြင့် ကုသ၍ ရသော ဝေဒနာ-မရသော ဝေဒနာကိုလည်းကောင်း သုခ ဒုက္ခ ဟူသမျှ အတိတ်ကံကြောင့်သာဟု ယူဆခြင်းသည် မှန် မမှန်ကိုလည်းကောင်း ဤသုတ်၌ မည်သည့် ဝေါဟာရဖြင့် ဟောတော်မူသည်ကိုလည်းကောင်း ပါဠိ အဋ္ဌကထာ ဋီကာ ဝါဒစုံ သွင်း၍ ရှင်းခဲ့ပါ။

( ၁၁ ) အဂ္ဂ မဇ္ဈိမ ဟီန လယ်မြေနှင့် တူသူများကား အဘယ်သူများ ဖြစ်ကြသည်—ဇင်္ဂလ ဥသရ ပါပဘူမိ-တို့ကား အဘယ် လယ်မြေမျိုးများ ဖြစ်ကြသည်—မံဒိပါ၏ ဆိုလိုရင်း အဓိပ္ပာယ် မည်သို့ ဖြစ်သည်ကို ခေတ္တူပမာသုတ် လာအတိုင်း ရှင်းပြပြီးလျှင် / သက္ကစ္စ ဓမ္မဒေသနာ-နော သက္ကစ္စ ဓမ္မဒေသနာ ပြုသည်ဟု မြတ်စွာဘုရားအား အသိဗန္ဓကပုတ္တ-က စွပ်စွဲခြင်းသည် အဘယ်ဒေသနာများကို ရည်ရွယ်၍ စွပ်စွဲခြင်း ဖြစ်ကြောင်းကိုလည်း ဉာဏ်မီသမျှ ကြံစည်ပြခဲ့ပါ။

( ၁၂ ) အသင်္ခတသံယုတ် ဒုတိယဝဂ်လာ ၃၃ သုတ် အနက် အစ ၅ သုတ်နှင့် အဆုံး ၅ – သုတ်တို့၏ အမည်များကို ရေးသားပြီးလျှင် / အဘယ်ကြောင့် အဇ္ဇရ တဏှက္ခယ မည်ပုံကိုလည်းကောင်း အဘယ်မှ လွန်မြောက်ခြင်းကြောင့် မုတ္တိ မည်ပုံကိုလည်းကောင်း အကြောင်းပြ၍/ ဘယသရဏဂ္ဂနေ သရဏံ-ဟူသော အဋ္ဌကထာ ပါဠ်ကိုလည်း ဋီကာ အာဘော် စွက်ပြီး အနက် ပေးခဲ့ပါ။ ၁၀–မှတ်စီ

## ( ခ ) တိပိဋက ရေ သဘောရေးဖြေ စာမေးပွဲ

## ( ၃ ) သံယုတ္တနိကာယ ( တတိယအုပ် ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ - ရက်။ ( ၂၆-၁-၇၆ )

---

( ၁ ) ဇာဏုဿောဏိဗြာဟ္မဏသုတ်၌ အဘယ်အရာကို ရထားဟု ခေါ်သည်—၎င်းရထား၏ အင်္ဂါဖြစ်သော ထမ်းပိုး—လှည်းသံ—ဇက်ကြိုး—ရထားထိန်းတို့ကား အဘယ်အရာများ ဖြစ်ကြသည်—ထမ်းပိုး၌ ယှဉ်တွဲထားအပ်သည်တို့ကား အဘယ်တရားများ ဖြစ်ကြသည်တို့ကို ရှင်းလင်းပြီးလျှင် / သီလပရိက္ခာရော - ၌ အဘယ်သီလ—ဈာနက္ခော - ၌ အဘယ်ဈာန်—စက္ကဝီရိယော - ၌ အဘယ်ဝီရိယတို့ ဟူ၍လည်း ညွှန်းခဲ့ပါ။

( ၂ ) မိစ္ဆာဒိဋ္ဌိ ပစ္စယာပိ - ဟူသော ပါဠိတော်ကို အဋ္ဌကထာဝယ် ကုသလာ ကုသလ ဝေဒနာပိ ဝဋ္ဋတိ၊ ဝိပါက ဝေဒနာပိ ဟု ဖွင့်ဆိုရာ၌ မိစ္ဆာဒိဋ္ဌိကြောင့် ကုသိုလ်ဝေဒနာ ဝိပါက်ဝေဒနာတို့ ဖြစ်နိုင်ပုံကိုလည်းကောင်း၊ ဆန္ဒော စ အဝူပသန္တော ဟောတိ အာဒိသု တိဏ္ဏံ အဝူပသမေ—၌ တိဏ္ဏံ၏ သရုပ်ကိုလည်းကောင်း ပဌမဝိဟာရသုတ် အရ ထုတ်ပြခဲ့ပါ။

( ၃ ) သီလသမ္ပန္နာ သမာဓိသမ္ပန္နာ ပညာသမ္ပန္နာ - တို့၌ အဘယ်သီလ အဘယ်သမာဓိ အဘယ်ပညာ—ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿန-တို့၌ အဘယ် ဉာဏ် ဟု ခွဲပြပြီးလျှင် / ဥပသင်္ကမန- နှင့် ပယိရုပါသန တို့၏ ခြားနားပုံကိုလည်းကောင်း၊ အနုပဗ္ဗဇ္ဇာ မည်ပုံ မမည်ပုံကိုလည်းကောင်း သီလသုတ် အရ အသီးသီး ခွဲပြခဲ့ပါ။

( ၄ ) ပရိသာဝစရ ပုဂ္ဂိုလ်ကား အဘယ်ပုဂ္ဂိုလ်မျိုး ဖြစ်သည်—အာရာမေန အာရာမံ ဥပယျာနေန ဥယျာနံ-တို့၏ အဋ္ဌကထာလာ အနက် နှစ်မျိုးကား အဘယ်အနက်များ ဖြစ်ကြသည်—ဣတိ ဝါဒပ္ပမောက္ခာနိသံသံ နှင့် ဥပရမ္ဘာနိသံသံ တို့ရှိ အာနိသံသ နှစ်ပါး အချင်းချင်း မည်သို့ ခြားနားကြသည်-ကထံ ဘာဝိတော စ ကုဏ္ဍလိယ ဣန္ဒြိယသံဝရော-၌ မြတ်စွာဘုရား၏ နှစ်လုံးသွင်း မည်သို့ ရှိသည်တို့ကို ကုဏ္ဍလိယသုတ်လာအတိုင်း ရှင်းခဲ့ပါ။

( ၅ ) ဥပါယိသုတ်လာ အဗဟုကတော ဥက္ကဋ္ဌာဝကာဇံ တို့၏ အဓိပ္ပာယ်ကို သိသာအောင် ရှင်းလင်းပြီးလျှင်/ ဓမ္မော စ မေ ဘန္တေ အဘိသမိတော - ၌ အဘယ် ဓမ္မ- မဂ္ဂေါ စ မေ ပဋိလဒ္ဓေါ - ၌ အဘယ် မဂ်-တထာ တထာ ဝိဟရန္တံ - ၌ အဘယ် ဝိဟာရတို့ ဖြစ်သည်ကိုလည်း အဋ္ဌကထာမြွက်၍ အာဘော်ကျ ရေးခဲ့ပါ။

( ၆ ) သာကစ္ဆဝဂ်ိ အာဟာရသုတ် အဋ္ဌကထာလာ စတ္တာရော ဓမ္မာ သတိ သမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒါယ သံဝတ္တန္တိ - ၌ စတ္တာရော၏ သရုပ်ကိုလည်းကောင်း သတ္တဓမ္မာ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒါယ သံဝတ္တန္တိ -၌ သတ္တ၏ သရုပ်ကိုလည်းကောင်း၊ အဋ္ဌကထာလာတိုင်း ထုတ်ဆောင်ပြီးလျှင်/ ၎င်းသာကစ္ဆဝဂ်၏ တဿုဒ္ဒါနကိုလည်း ညဏ်စွမ်းပြ ရေးခဲ့ပါ။

(၇) သမ္ပဇည မည်မျှ ရှိသည်–၎င်းတို့ အနက် ပဌမ သမ္ပဇည ဖြစ်အောင် မည်သို့ ပြုမူလုပ်ဆောင်ရသည်–ကမ္မဋ္ဌာန်းနှင့် မယှဉ်သော စိတ်ဖြင့် ခြေမလှမ်းဘဲ အကယ်၍ လှမ်းမိလျှင် ပြန်ဆုတ်၍ ကမ္မဋ္ဌာန်းစိတ်ဖြင့်သာ တဖန် ပြန်လှမ်းသော မဟာထေရ် – ကမ္မဋ္ဌာန်း ပြန့်လွင့်မည် စိုး၍ ရေငုံနေသော မထေရ်တို့၏ အမည်များကို သဘိသုတ်လာအတိုင်း ညွှန်ကြားခဲ့ပါ။

(၈) သိန်းကုတ်ခံရသော ဗိလုံးငှက်၏ ပါဠိ ဝိချင်းကိုလည်းကောင်း၊ ဗိလုံးငှက်၏ စားကျက်အရပ် စားကျက်မဟုတ်ရာ အရပ်ကိုလည်းကောင်း သကုဏဂ္ဃိသုတ်လာ အတိုင်း ဖော်ပြပြီးလျှင် / ဥပမာန ဖြစ်သော ဗိလုံးငှက် စားကျက်အရပ် - စားကျက်မဟုတ်ရာ အရပ် - သိန်းစွန်တို့၏ ဥပမေယျတို့ကိုလည်းကောင်း၊ သိန်းစွန် သေ၍ ဗိလုံးငှက် ဝမ်းမြောက် - ဝမ်းသာ ပြောဆိုပုံကိုလည်းကောင်း ပါဠိဘာသာ အဋ္ဌကထာ အရ ရေးပြခဲ့ပါ။

(၉) ဘိက္ခုနုပဿယသုတ်လာ ပုဗ္ဗဏှသမယံ နိဝါသေတွာ ပတ္တစီဝရမာဒါယ ယေန အညတရော ဘိက္ခုနုပဿယော တေနုပသင်္ကမိ–၌ အဘယ်သူ အဘယ်ဘိက္ခုနုပဿယသို့ အဘယ် ရည်ရွယ်ချက်ဖြင့် ချဉ်းကပ်သည်–ပုဗ္ဗေနာပရံ ဝိသေသံ - ၌ ပုဗ္ဗပိသေသ အပရပိသေသတို့ကား အဘယ်အရာများ ဖြစ်ကြသည်တို့ကို အဋ္ဌကထာလာအတိုင်း နည်းစုံသွင်းပြီး ရှင်းလင်းခဲ့ပါ။

(၁၀) ဧဝံ ပသန္နော အဟံ ဘန္တေ ဘဂဝတိ၊ န စာဟု န စ ဘဝိဿတိ န စေ တရဟိ ဝိဇ္ဇတိ သမဏော ဝါ ဗြာဟ္မဏော ဝါ ဘဂဝတာ ဘိယျော ဘိညတရော ယဒိဒံ သမ္ဗောဓိယံ ဟူသော စကားကို အဘယ်သူ လျှောက်ထား၍ မြတ်စွာဘုရားက အဘယ်သို့ ပြန်ကြား မိန့်ဆိုသည်–ဧဝံ သီလာ ဧဝံ ဓမ္မာ ဧဝံ ပညာ - ၌ အဘယ်သီလ ဓမ္မ ပညာ တို့ ဖြစ်သည်ကို–နာလန္ဒသုတ် အရ ထုတ်ပြခဲ့ပါ။

(၁၁) ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ - ဟူသော စေလကသုတ် အရ အဘယ်ပုံ သူတပါးကို စောင့်ရှောက်လျှင် အတ္တကိုယ်ကို စောင့်ရှောက်ရာ ရောက်သည်- သတိပဋ္ဌာန် သေဒကသုတ်-၌ အဘယ် အဘိဓာန်ကို ထိုထိုသည်တို့ကို ရှင်းပြပြီးလျှင် / ခန္တိယာ အဝိဟိံသာယ မေတ္တစိတ္တတာယ အနုဒယတာယ ကို၌ အဘယ်ကို ထိုထိုဝိ၍ အဘယ် တရားများကို ကောက်ယူရမည်ကိုလည်း ရေးသားခဲ့ပါ။

(၁၂) ဘုရားရှင် လက်ထက်တော်၌ အခြံအရံ ဥပါသကာ ၅၀၀ - မိ ရှိသော သူများ၏ အမည်များကို စုံလင်စွာ ရေးသားပြီးလျှင် / ယေ တေ သုတ္တန္တာ တထာဂတဘာသိတာ ဂမ္ဘီရာ ဂမ္ဘီရတ္ထာ လောကုတ္တရာ သုညတပ္ပဋိသံယုတ္တာ-၌ အဘယ်သုတ်တို့သည် ဓမ္မဂမ္ဘီရ အတ္ထဂမ္ဘီရ သုတ်များ ဖြစ်ကြသည်၊ အဘယ်သုတ်တို့သည် လောကုတ္တရဒီပကာ သုညတာ ဒီပကာ သုတ်များဖြစ်ကြသည်တို့ကိုလည်း ဓမ္မဒိန္နသုတ် အရ ထုတ်ပြခဲ့ပါ။

၁၀–မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## ( ၁ ) သံယုတ္တနိကာယ ( ပထမအုပ် ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၈-ခုနှစ်၊ တပို့တွဲလဆန်း ၃- ရက်။ ( ၂၁-၁-၇၇ )

---

( ၁ ) ပဉ္စ ဆိန္ဒေ ပဉ္စ ဇဟေ၊ ပဉ္စ စုတ္တရိဘာဝယေ၊ ပဉ္စသင်္ဂါတိ ဂေါဘိက္ခု၊ ဩဃတိဏ္ဏောတိ ဝုစ္စတိ – ဂါထာ၌ လာသော ပဉ္စ လေးမျိုးတို့သည် အဘယ် ပဉ္စတို့ ဖြစ်ကြသည်ဟု အသီးသီး ဖော်ပြပြီးလျှင်/ဤကတိဆိန္ဒသုတ်၌ အဘယ်ပုဂ္ဂိုလ်တို့ကို ဟောတော်မူသည်ဟုလည်း ညွှန်းခဲ့ပါ။

( ၂ ) အောက်ပါ တရားတို့၏ အချင်းချင်း ခြားနားပုံကို မာနကာမသုတ် အဋ္ဌကထာလာတိုင်း နည်းစုံသွင်း၍ ရှင်းခဲ့ပါ။

(က) သီလ (ဂ) စိတ္တ (င) ပညာ
(ခ) အဓိသီလ (ဃ) အဓိစိတ္တ (စ) အဓိပညာ

( ၃ ) မစ္ဆရိသုတ်၌ ဟောတော်မူအပ်သော ဝိသမေ နိဝိဋ္ဌာ – ဆေတွာ - ဝဓိတွာ - သောစယိတွာ - အဿုမုခါ - သဒ္ဓါ - တို့၏ အဓိပ္ပာယ်ကို အဋ္ဌကထာအာဘော်သွင်း၍ ရှင်းလင်းပြီးလျှင်/ သာဓုသုတ်၏ အဆုံး ဂါထာကိုလည်း အနက် ယောဇနာခဲ့ပါ။

( ၄ ) နာနာတိတ္ထိယသာဝကာ ဒေဝပုတ္တာ-ဟု ဟောတော်မူခြင်းကြောင့် တိတ္ထိ တပည့်များသည် သုဂတိ နတ်ဘုံသို့ မည်ကဲ့သို့ ရောက်ကြပုံကိုလည်းကောင်း ဤ နာနာတိတ္ထိယ သာဝကသုတ်လာ နတ်သား ခြောက်ဦးတို့၏ အမည်များကိုလည်းကောင်း စာတုယာမ သုသံဝုတာ ဟူသော နီကနတ်သား၏ စကားလာ စာတုယာမသရုပ်ကိုလည်းကောင်း တိတ္ထိတို့၏ ပဝိဝေက ပါလယ ပြုပုံ အသီးသီးကိုလည်းကောင်း ရှင်းခဲ့ပါ။

( ၅ ) ကူဋာဂါရသုတ်၌ ကောသလမင်းကြီးသည် အဘယ်အမေးကို ပဌမ မေးပြီး အဘယ် အမေးကို ဒုတိယ မေး၍ မြတ်စွာဘုရားက 'အညံ့ ခေါ တော မဟာရာဇ' ဟု မိန့်တော်မူပါသနည်း ဟူသော အမေးစကားကို ဖြေကြားပြီးလျှင်/ပဉ္စင်္ဂ ဝိပ္ပဟီန နှင့် ပဉ္စင်္ဂ သမန္နာဂတ တို့၏ အဓိပ္ပာယ်ကိုလည်း သရုပ်နှင့် တကွ ရှင်းပြပါ။

( ၆ ) ကေရက္ခိကာ နာဝါ - သောဏ္ဍိကာကိဋ္ဋ - ကောသလိကာကံသပါတိ - ဝိဇ္ဇုလ္လတာ နိစ္ဆရ – ကမ္မာရ ဂဂ္ဂရိဓမ္မ မာနသဒ္ဒ – တို့ကို မည်သည့်အရာများဟု ရှင်းပြပြီးလျှင်/ ၎င်းဥပမာနတို့၏ ဥပမေယျ ကိုကား အဘယ်အရာများ ဖြစ်ကြသည် –အဘယ်၌ သီတင်းသုံးစဉ် အဘယ်ကို အကြောင်းပြု၍ ဤသုတ် ဖြစ်ပေါ်လာသည်ကိုလည်း ရေးသားခဲ့ပါ။

( ၇ ) ပိဋ္ဌသုတ်ကို အဘယ်အရပ်၌ သီတင်းသုံးစဉ် ဟောတော်မူသည်–မည်သို့ ပြုမူကြသည်ကို ပါဟုနက ခေါ်သည်–မာ သမဏော ဂေါတမော ပိဋ္ဌမလတ္ထ-ဟူသော စကား၏ အတွင်းငုပ်နေသော အဋ္ဌကထာပြ အဓိပ္ပာယ မည်သို့ ရှိသေးသည်– ဆွမ်းမရမည်ကို သိလျက် ဝင်သည် - သို့မဟုတ် မသိ၍ ဝင်သည် အဘယ်နှလုံးသွင်းဖြင့် အဘယ်အသွင်ကို ယူ၍ မြတ်စွာဘုရားသို့ မာရ်နတ် ချဉ်းကပ်သည်တို့ကို အဋ္ဌကထာ ဋီကာ အာဘော်ကျ ရှင်းပြခဲ့ပါ။

( ၈ ) ဝိဘင်္ဂသုတ်လာ အောက်ပါ တရားများကို အဘယ်နိဒ္ဒေသဟု အသီးသီး ဖော်ပြပြီးလျှင်/သင်္ခါရက္ခန္ဓာတို့သည် များစွာ ရှိပါလျက် ဤသုတ်၌ စေတနာ ဖဿ မနသိကာရတို့ကိုသာ သင်္ခါရက္ခန္ဓာဟု ဟောတော်မူခြင်းကိုလည်း ရှင်းခဲ့ပါ။ ။တေသံ တေသံ– တမှိ တမှိ-ဇရာ–ဇီရဏတာ–ခဏ္ဍိစ္စံ–ပါလိစ္စံ– ဝလိတ္တစတာ–အာယုနော သံဟာနိ –ဣန္ဒြိယာနံ ပရိပါကော။

( ၉ ) ဒုတိယ ဒသဗလ သုတ်လာ ပရိသာသု ၌ အဘယ်ပရိသတ်များ ဖြစ်ကြသည်–ပဋိဝေဓ ဉာဏ်နှင့် ဒေသနာဉာဏ် မည်သို့ ခြားနားသည် - ကုလပုတ္တ အဘယ်မျှရှိသည်–စတုရင်္ဂ ဝီရိယ ၄ ပါး ဝီရိယ၌ာန ၄ ပါး မဂ္ဂ ၃ ပါးတို့ကား အဘယ်အရာများ ဖြစ်ကြသည်တို့ကို အဋ္ဌကထာ အရ ရှင်းပြခဲ့ပါ။

( ၁၀ ) ပစ္စယံ ပစ္စာနုတိ ၌ အဘယ်၏ အစွမ်းဖြင့် သိသည် -ဒိဋ္ဌိသမ္ပန္နော-၌ အဘယ်ဒိဋ္ဌိ-ဣမံ သဒ္ဓမ္မံ-၌ အဘယ် သဒ္ဓမ္မ–ပဿတိ- ၌ အဘယ်ကို မြင်သော ပဿတိ– သေကွေန ဉာဏေန-၌ အဘယ်သေက္ခဉာဏ်–သေက္ခာယ ဝိဇ္ဇာယ-၌ အဘယ် သေက္ခဝိဇ္ဇာ–ဓမ္မသောတံ သမာပန္နော -၌ အဘယ်ဓမ္မသောတ– အရိယော-၌ အဘယ် အရိယာ–အမတဒွါရံ -၌ အဘယ်ဒွါရတို့ဟု ပစ္စယသုတ်အရ အသီးသီး ဖော်ပြခဲ့ပါ။

( ၁၁ ) ယတော ခေါ ဘိက္ခု ... ဘိက္ခု ဘဂဝတော စိတ္တံ အာရာဓေတိ-ဟု သုသိမသုတ်၌ ဟောတော်မူရာ၌ မြတ်စွာဘုရားက မည်သို့ ဖြေစေလိုသည်ကို ရဟန်းက မည်သို့ ဖြေ၍ မြတ်စွာဘုရား ပန္နဲ့သက်သည်ကို ဖော်ပြပြီးလျှင်/အဘယ် ပုဒ်ပဒကို အဘယ်သို့ဟောတော်မူခြင်းကြောင့် ကုဒံ ဟေပိဋ္ဌကေ ဗုဒ္ဓဝစနေ အသမ္ဘိန္နပဒံ၊ အညတ္တ ဟိ ဧဝံ ပုတ္တံ နာမ နတ္ထိ ဟု အဋ္ဌကထာ ပြသည်ကိုလည်း ရှင်းခဲ့ပါ။

( ၁၂ ) သန္တုဋ္ဌော န ဝဏ္ဏဝါဒီ၊ န သန္တုဋ္ဌော ဝဏ္ဏဝါဒီ၊ နေဝသန္တုဋ္ဌော န ဝဏ္ဏဝါဒီ၊ သန္တုဋ္ဌော ဝဏ္ဏဝါဒီ - ပုဂ္ဂိုလ်တို့သည် အဘယ်သူကဲ့သို့သော ပုဂ္ဂိုလ်များ ဖြစ်ကြသည်တို့ကို ဋီကာ လာတိုင်း ဖော်ပြပြီးလျှင်/ တီဟိ သန္တောသေဟိ သန္တုဋ္ဌော- အရ သန္တောသ သုံးပါး၏ သရုပ်ကိုလည်းကောင်း ကဿပေန ဝါ ဟိ ဝေါ ဘိက္ခဝေ ဩဝဒိဿာမိ၊ ယော ဝါ ပနဿ ကဿပသဒိသော -ဟူသော ဩဝါဒ၏ ဆိုလိုရင်း အဓိပ္ပာယ်ကိုလည်းကောင်း သန္တုဋ္ဌသုတ် အရ ထုတ်ပြ ရှင်းလင်းခဲ့ပါ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၂) သံယုတ္တနိကာယ (ဒုတိယအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

### ၁၃၃၈- ခုနှစ်၊ တပို့တွဲလဆန်း ၅ - ရက်။ (၂၃-၁-၇၇)

---

(၁) ဇိဏ္ဏော - ၌ အဘယ် ဇိဏ္ဏ—ဝုဍ္ဎော - ၌ အဘယ် ဝုဍ္ဎ —မဟလ္လကော - ၌ အဘယ် မဟလ္လက—အဒ္ဓဂတော - ၌ အဘယ် အဒ္ဓ--ဝယော အနုပ္ပတ္တော - ၌ အဘယ် ဝယတို့ ဖြစ်သည်ကို အဋ္ဌကထာ အာဘော်ကျ ရှင်းပြပြီးလျှင်/ အာတုရကာယော·၌ အာတုရ သရုပ်ကိုလည်းကောင်း ဩဝါဒနှင့် အနုသာသနီတို့၏ အထူးကိုလည်းကောင်း နကုလပိတုသုတ် အရ ထုတ်ပြခဲ့ပါ။

(၂) သတ္တဋ္ဌာန ကုသလော ဘိက္ခဝေ ဘိက္ခု တိဝိဓူပပရိက္ခီ·၌ သတ္တ အ႑–တိဝိဓ အရတို့ကို သရုပ်ထုတ်ပြီးလျှင်/ ဧဝံ ခေါ ဘိက္ခဝေ ဘိက္ခု သတ္တဋ္ဌာန ကုသလော ဟောတိ · ဟု အဘယ်၏ အစွမ်းအားဖြင့် ဒေသနာကို ပြီးဆုံးစေ၍ ကထဉ္စ ဘိက္ခဝေ ဘိက္ခု တိဝိဓူပ ပရိက္ခီ ဟောတိ · ဟု အဘယ်ကို ပြခြင်းငှာ တဖန် ဟောတော်မူသည်ကိုလည်း သိသာအောင် ရေးခဲ့ပါ။

(၃) ခဇ္ဇနီယဝဂ် အရဟန္တသုတ်လာ အထာပရံ တေဒဝေါစ သတ္ထာ–၌အဘယ်စကားနောက် အဘယ် စကားကို မိန့်တော်မူသည်ဟု အကျဉ်းမျှ ရှင်းပြပြီးလျှင်/သုခိနော ဝါ- ၌ အဘယ်သုခ—တဏှာ တေသံ န ဝိဇ္ဇတိ - ၌ အဘယ် တဏှာ—အနုပလိတ္တာ-၌ အဘယ်တရားတို့ဖြင့် မလိမ်းကျံသည်– သတ္တ သဒ္ဓမ္မဂေါစရာ·၌ အဘယ် ခုနစ်ပါးတို့ဖြစ်သည်—သတ္တ ရတနသမ္ဘူတာ–၌ အဘယ် ရတနာတို့ ဖြစ်သည်တို့ကိုလည်း အသီးသီး ဖော်ပြခဲ့ပါ။

(၄) အနေက ဝိဟိတံ ပုဗ္ဗေနိဝါသံ အနုဿရမာနာ–၌ ပဉ္စုပါဒါနက္ခန္ဓာ တို့ကို အဘယ်ဉာဏ်၏ အစွမ်းဖြင့် အောက်မေ့သည်ဟု အကြောင်းနှင့် တကွ ရှင်းပြပြီးလျှင်/သုညတာ ပဗ္ဗ၏ အခြားမဲ့၌ အဘယ်ကို ပြခြင်းငှာ ကိဉ္စ ဘိက္ခဝေ ရူပံ ဝဒေထ ဟု ဟောတော်မူသည်– ကိဉ္စကား အဘယ်ပုစ္ဆာ ဖြစ်သည် -ရုပ္ပတီတိ ခေါ-၌ ဣတိကား အဘယ် ဥဒ္ဒေသဖြစ်သည်– လောကန္တရိက ငရဲသား၏ အတ္တဘောကား အဘယ်မျှ ပမာဏ ရှိသည်တို့ကိုလည်း ခဇ္ဇနီယ သုတ် အဋ္ဌကထာကို မြှော်၍ လျော်အောင် ရေးခဲ့ပါ။

(၅) မဟာသုဒဿနမင်းကြီး ခံစားခဲ့ဘူးသော အမှုဖြစ်သည့် ပြာသာဒ်·အထွဋ်တပ်အိမ်တော်·စီးတော်ဆင်- စီးတော် မြင်း - ရထား- မိဖုရားကြီးတို့၏ အမည်များကို ရေးသားပြီးလျှင်/သာရမယာ-ကား ဘယ်အသား—ဂေါဏကတ္ထတ ပဋိကတ္ထတ ပဋ္ဋလိကတ္ထတတို့ကား ဘယ် အခင်း-- ဝေသာမိကာ·ကား အဘယ်သို့သော အမျိုးသမီးမျိုး ဖြစ်သည်တို့ကိုလည်း ဂေါမယပိဏ္ဍသုတ် အရ ရှင်းပြခဲ့ပါ။

( ၆ ) သုစိ မုခိ ပရိဗိုဇ်မသည် အသျှင်သာရိပုတြာသို့ အဘယ်နှလုံးတွင်းဖြင့် ချဉ်းကပ်သည်–ပရိဗိုဇ်မက အဘယ် ပုစ္ဆာများကို မေးသည်–အသျှင်သာရိပုတြာက မည်သို့ ပြန်ကြားဖြေဆိုသည်– မိစ္ဆာဇီဝဖြင့် အသက်မွေးသူကား မည်သူများ ဖြစ်ကြသည်တို့ကို ထုတ်ပြပြီးလျှင်/ရာဇဂြိုဟ်မြို့တွင်းသို့ လှည့်လည်၍ ပရိဗိုဇ်မ ပြောဆိုသော စကားသုံးရပ်ကိုလည်း ပါဠိတော်အတိုင်း ရေးသားခဲ့ပါ။

( ၇ ) ပဌမ အပရိဇာနနသုတ်၌ သဗ္ဗံ အရ ကဏှပက္ခတွင် တရား မည်မျှ–သုက္ကပက္ခတွင် တရား မည်မျှတို့ကို ဟောတော်မူသည်–အဘယ်စကားရပ်ဖြင့် အဘယ်ပရိညာကို ပြသည်ဟု အသီးသီး ဝေဖန်ပြီးလျှင်/စက္ခုဝိညာဏ ဝိညာတဗ္ဗဓမ္မသည် အဘယ်တရား ဖြစ်သည်ဟုလည်း ညွှန်ကြားခဲ့ပါ။

( ၈ ) မာလုကျပုတ္တ–က မြတ်စွာဘုရားထံ ကမ္မဋ္ဌာန်း တောင်းရာ တရားမဟောမီ မြတ်စွာဘုရားက မာလုကျပုတ္တအား မိန့်ကြားပုံကို ပါဠိတော်အတိုင်း ရေးသားပြီးလျှင်/ဒိဋ္ဌေ ဒိဋ္ဌမတ္တံ၊ ဝိညာတေ ဝိညာတမတ္တံ၊ တတော တွံ မာလုကျပုတ္တ န တတ္ထ၊ သေဝတော စသော ပိဝေဒနံ·တို့၏ ဆိုလိုရင်းကိုလည်း အဋ္ဌကထာ အာဘော်ကျ ရှင်းပြခဲ့ပါ။

( ၉ ) လောကန္တဂမနသုတ်၌ လာသော မြတ်စွာဘုရား၏ သံခိတ္တဥဒ္ဒေသကား အဘယ်ပါနည်း၊ အဘယ်သူထံ သွား၍ ဝိတ္ထာရ အတ္ထကို ဝေဖန်ပေးရန် လျှောက်ထားပါသနည်း၊ ၎င်းက မြတ်စွာဘုရား၏ အဆုံးအမ၌ အဘယ်အရာကို လောကခေါ်သည်ဟု မိန့်ကြားပြီး အဘယ်သူထံ ထပ်မံလျှောက်ထားရန် လွှတ်ပါသနည်း၊ ၎င်းက နောက်ဆုံးစကား အဘယ်သို့ မိန့်ကြားလိုက်ပါသနည်း –ဟူသော အမေးများကို ဖြေကြားခဲ့ပါ။

( ၁၀ ) ဘာရဒွါဇသုတ်လာ ပိဏ္ဍောလဘာရဒွါဇသည် ရာဇဂြိုဟ်သူဌေးအား တံခိုး ပြာဋိဟာ ပြသော ပုဂ္ဂိုလ်လော၊ အခြား ပုဂ္ဂိုလ်လော၊ ငယ်ရွယ်စဉ်ကပင် အဘယ်ကြောင့် ရဟန်းပြုပါသနည်း ဟု ဥဒေနမင်း၏ အမေးကို အသျှင်ဘာရဒွါဇက မည်ကဲ့သို့ ဖြေကြားသည်–မကြေနပ်၍ ထပ်ဆင့် မေးသော ဒုတိယအမေး တတိယအမေးတို့ကို မည်သို့ ဖြေကြားသည်–ဣမမေဝ ကာယံ၊ ဘာဝိတ ကာယာ၊ ရက္ခိတေ နေဝ ကာယေန·တို့၌ အဘယ်ကာယများ ဖြစ်ကြသည်တို့ကို အသီးသီး ဖြေဆိုခဲ့ပါ။

( ၁၁ ) ကုမ္မောပမသုတ်၌ ဟောတော်မူအပ်သော ဥပမာန·ဥပမေယျတို့ကို ယှဉ်တွဲ ပြပြီးလျှင်/ အဇ္ဈတ္တ၌ ထားရမည့် တရား ငါးပါး နှင့် ၎င်းသုတ်၏ အဆုံး ဂါထာကိုလည်း ပါဠိ သက်သက် ရေးသားခဲ့ပါ။

( ၁၂ ) အဘယ် ဝေဒနာ၌ ရှိသော အဘယ် အနုသယကို ပယ်သည်– မာနာဘိသမယာ·၌ အဘိသမယ အဘယ်မျှ ရှိသည်/အန္တမကာသိ ဒုက္ခဿာတိ·၌ အန္တ မည်မျှ ရှိ၍/ ဤနေရာ၌ အဘယ် အန္တ–အဘယ် ဒုက္ခ– သချိုး နောပေတိ·၌ အဘယ် အရေအတွက်သို့ မရောက်သည်တို့ကို ပဟာနသုတ် အရ ထုတ်ပြခဲ့ပါ။ ၁၀ – မှတ်စု

# ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## ( ၃ ) သံယုတ္တနိကာယ ( တတိယအုပ် ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၈–ခုနှစ်၊ တပို့တွဲလဆန်း ၇ - ရက် ( ၂၅ - ၁ - ၇၇ ),

---

( ၁ ) အဝိဇ္ဇာ ဘိက္ခဝေ ပုဗ္ဗင်္ဂမာ-၌ အဝိဇ္ဇာက အကုသိုလ်တရား ဖြစ်ခြင်းငှာ အဘယ်၏ အနက်အားဖြင့် ပုဗ္ဗင်္ဂမ ပြုသည်-အဘယ်တရားတို့ကား အဝိဇ္ဇာ၏ နောက်လိုက်များ ဖြစ်ကြသည်တို့ကို ရှင်းလင်းပြီးလျှင်/ မိစ္ဆတ္တ အင်္ဂါရှစ်ပါးတို့၏ တရားကိုယ် အရကောက်များကိုလည်း အသီးသီး ရေးသားခဲ့ပါ။

( ၂ ) သူရိယပေယျာလဝဂ် အစ နှစ်သုတ်လာ ယဒိဒံ အရှဏုဂ္ဂံ၊ ဧဝမေဝ ခေါ ဘိက္ခဝေ-၌ အဘယ် ဥပမာ–သီလသမ္ပဒါ-၌ အဘယ်သီလ–ဆန္ဒသမ္ပဒါ-၌ အဘယ် ဆန္ဒ–အတ္တသမ္ပဒါ-၌ အဘယ်အတ္တ–ဒိဋ္ဌိသမ္ပဒါ ၌ အဘယ်ဒိဋ္ဌိ–အပ္ပမာဒသမ္ပဒါ-၌ အဘယ် အပ္ပမာဒ-ဟု အသီးသီး ရှင်းပြပြီးလျှင်/ ကလျာဏမိတ္တတာ အစရှိသော စကားတို့ကို အဘယ်ကို ပြခြင်းငှာ ဟောပါသနည်း ဟူသော အမေးစကားကိုလည်း ဖြေကြားခဲ့ပါ။

( ၃ ) အန္တရာ ပရိနိဗ္ဗာယီ သုံးယောက် နှင့် ဥပဟစ္စပရိနိဗ္ဗာယီ၊ ဥဒ္ဓံသောတ အကနိဋ္ဌဂါမီ တို့သည် အဘယ် ပုဂ္ဂိုလ်များ ဖြစ်ကြသည်–အနာဂါမ် ၄၈ ယောက် ဖြစ်အောင် မည်ကဲ့သို့ ရေတွက်ရသည် – သဗ္ဗဇေဋ္ဌ သဗ္ဗကနိဋ္ဌတို့ကား အဘယ် အနာဂါမ်များ ဖြစ်ကြသည်တို့တို့ သီလသုတ် အရ ထုတ်ပြ ရှင်းလင်းခဲ့ပါ။

( ၄ ) သမာဓိ သမ္ဗောဇ္ဈင် ဖြစ်ရန် အကြောင်း ဒသဓမ္မကိုလည်းကောင်း အဋ္ဌ သံဝေဂ ဝတ္ထုကိုလည်းကောင်း ရေးသားပြီးလျှင်/ အဋ္ဌ သံဝေဂကို ဆင်ခြင်ခြင်းဖြင့် သမ္ပဟံသန အဘယ်သို့ ဖြစ်နိုင်မည်နည်း ဟူသော ဒေါသာရောပနကိုလည်း ပရိဟာရချပြခဲ့ပါ။

( ၅ ) ဂိလာနသုတ်၌ ထေ တုမှေ ဘိက္ခဝေ သမန္တာ ဝေသာလိယာ ယထာမိတ္တံ ယထာ သန္ဒိဋ္ဌံ ယထာသမ္ဘတ္တံ ဝဿံ ဥပေထ ဟူသော စကားကို မြွက်ကြားခြင်း- ယထာသုခံ ဂစ္ဆထ ဟု မမြွက်ကြားခြင်းတို့၏ အကြောင်းစုံကို လုံလောက်အောင် ပြပြီးလျှင်/ ဝိရိယေန ပဋိပဏာမေတွာ-၌ အဘယ်ဝိရိယ - ဇီဝိတသင်္ခါရံ အဓိဋ္ဌာယ ၌ ဇီဝိတ အဘယ်မျှရှိ၍–ဤအရာဝယ် အဘယ်ဇီဝိတ– ဓမ္မာပိမံ နပ္ပဋိဘန္တိ-၌ အဘယ်ဓမ္မ-ဟု အသီးသီး ညွှန်ပြခဲ့ပါ။

( ၆ ) အသျှင်သာရိပုတြာ အသျှင်မောဂ္ဂလာန်တို့ ပရိနိဗ္ဗာန် ဝင်စံသော လ - ရက်– ၄င်းအသျှင်နှစ်ပါးတို့ ပရိနိဗ္ဗာန်ဝင်စံပြီးနောက် မကြာမီ မြတ်စွာဘုရားသည် နောက်ပါသံဃာ မည်မျှနှင့်-အဘယ်မဏ္ဍလစာရိကဖြင့် အဘယ်မြို့သို့ ရောက်၍ အဘယ်အရပ်၌ သီတင်းသုံးတော်မူသည်–တို့ကို သတိပဋ္ဌာနသံယုတ် နာလန္ဒဝဂ် စေတုတ္တသုတ်အရ ထုတ်ပြပြီးလျှင်/ ယေဟိ ကေစိ ဘိက္ခဝေ-မှ စ၍ သုတ်အဆုံး စာသုံးကြောင်းခန့်ကိုလည်း ရေးသားခဲ့ပါ။

(၇) အဘယ်ဣန္ဒြေကို အဘယ်လေးပါးသော အရာတို့၌ ရှေ့သွားခေါင်းဆောင်အဖြစ် ရှုမှတ်အပ်သည်-သောတာပတ္တိယင်္ဂကား အဘယ်တရားများ ဖြစ်ကြသည်တို့ကို ရေးသားပြီးလျှင်/ဣန္ဒြေ ငါးပါးတို့၏ အသီးသီးသော လက္ခဏာများကိုလည်း ဒဋ္ဌဗ္ဗသုတ် အရ ထုတ်ပြခဲ့ပါ။

(၈) ကေဗိဇီ-ကောလံကောလ-သတ္တက္ခတ္တုပရမ သောတာပန် သုံးမျိုးတို့၏ နိယမကို ကေစိဆရာတို့ အဘယ်သို့ ဆိုကြသည်–၎င်းဆိုချက်ကို အသျှင်ဗုဒ္ဓဃောသ-က အဘယ်သို့ အကြောင်းပြပြီး ပယ်ခဲ့သည်-အဘယ်ဝါဒကို အဋ္ဌကထာဆရာ နှစ်သက်၍ အဘယ်သို့ နိယမ ပြုတော်မူခဲ့သည်တို့ကို ရှင်းလင်းပြီးလျှင်/လူ့ပြည်ချည်းလည်းကောင်း နတ်ပြည်ချည်းလည်းကောင်း ၇-ကြိမ်ဖြစ်သော သောတာပန်ကို သတ္တက္ခတ္တုပရမ သောတာပန် ခေါ်ဆိုနိုင်-မခေါ်ဆိုနိုင်ကိုလည်း ဆုံးဖြတ်ခဲ့ပါ။

(၉) မနောပဋိသရဏံ·၌ အဘယ် မန--မနော ဝ နေသံ ဂေါစရဝိသယံ ပစ္စနုဘောတိ·၌ အဘယ်မန--သတိပဋိသရဏံ·၌ အဘယ် သတိ–ဝိမုတ္တိပဋိသရဏံ·၌ အဘယ် ဝိမုတ္တိဟု ဖြေကြားပြီးလျှင်/နိဗ္ဗာနဿ ပန ဘော ဂေါတမ ကိံ ပဋိသရဏံ ဟု မေးသောအခါ မြတ်စွာဘုရားက မည်သို့မိန့်ကြားသည်–အဘယ် ပုဂ္ဂိုလ်မျိုးကို ဈာန အနာဂါမ် ခေါ်သည်တို့ကိုလည်း ဇရာဝဂ် ဥဏ္ဏာဘဗြာဟ္မဏသုတ် အရ ရှင်းပြခဲ့ပါ။

(၁၀) အယောဂုဠသုတ်လာ ကာယမ္ပိ စိတ္တေ သမောဒဟတိ·၌ အဘယ်ကာယ·အဘယ် စိတ် ဖြစ်သည်-အယံ ကာယော ဣဒံ စိတ္တံ ဝိယ ဟောတု·ဟု အဓိဋ္ဌာန်ရာ၌ ဒန္ဓပဝတ္တိ·ဖြစ်သော ရုပ်သည် လဟုပဝတ္တိ ဖြစ်သောစိတ်နှင့် အလုံးစုံ တူသော စိတ္တဂတိက ဖြစ်နိုင်ပါသလော ဟူသော အမေးစကားကိုလည်းကောင်း သုခသညဉ္စ လဟုသညဉ္စ·၌ အဘယ်သညာ–၎င်းသညာသည် သုခ လဟု ဟူသော အမည်ကို အဘယ့်ကြောင့် ရသည်ကိုလည်းကောင်း စုံပေါင်း ဖြေဆိုခဲ့ပါ။

(၁၁) မဟာဝဂ္ဂ အာနာပါနသံယုတ် ဒုတိယဝဂ်လာ သံယောဇနပ္ပဟာနသုတ်·အနုသယ သမုဂ္ဃာတသုတ် အဒ္ဓါနပရိညာသုတ်များကို ပေယျာလနှင့် တကွ ပါဠိတော် လာရှိသည့် အတိုင်း ပါဠိသက်သက် ရေးသားခဲ့ပါ။

(၁၂) ဒူရတောဝ သုခမေန တာဋ္ဌ စိတ္တဂ္ဂဋ္ဌေန (ပ) အဘိရာဓိတံ-ဟူသော အသျှင်အာနန္ဒာ၏ စကားနှင့် သတ္တဓာ ဘိန္နဿ ဝါလဿ (ပ) ပဋိဝိဇ္ဈေယျ·ဟူသော မြတ်စွာဘုရား၏ စကားတို့ကို ဆိုလိုရင်း အဓိပ္ပာယ် ပေါ်အောင် အဋ္ဌကထာ ဋီကာအာဘော်ကျ ရေးပြပြီးလျှင်/ဥသဘမတ္တေဒိတော·ဟူသော အဋ္ဌကထာ စကား၌ အဘယ်မျှ ဝေးသော အရပ်ကို ဥသဘမတ္တ ခေါ်သည်- ကောဋိယာ ကောဋိံ·၌ အဘယ် ကောဋိဖြင့် အဘယ်ကောဋိကို ထိုးဖောက်သည်တို့ကိုလည်း ဝါလသုတ်ဋီကာ အာဘော်သွင်း၍ ရှင်းခဲ့ပါ။ ၁၀ မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၁) သံယုတ္တနိကာယ ( ပထမအုပ် ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၉ - ခုနှစ်၊ ပြာသိုလဆန်း ၇၂ - ရက်။ (၂၀-၁-၇၀)

---

(၁) ဒေဝတာသံယုတ် နိမောက္ခသုတ်လာ အဘယ်တရားတို့ကို နိမောက္ခ ပမောက္ခ ဝိဝေက ဟူ၍ ခေါ်ပါသနည်း၊ အကြောင်းနှင့်တကွ ပြည့်စုံစွာ ညွှန်ပြပြီးလျှင်/ နန္ဒိဘဝ ပရိက္ခယာ-သညာ ဝိညာဏ သင်္ခယာ - ဝေဒနာနံ နိရောဓာ ဥပသမာ တို့၏ အရ ဖြစ်သော နိဗ္ဗာန်တို့၏ ခြားနားပုံကိုလည်း ညွှန်ပြခဲ့ပါ၊

(၂) နန္ဒတိသုတ်လာ ဥပဓိဟိ နရဿ နန္ဒနာ-၌ ဥပဓိဘေဒအဓိပ္ပာယတ္ထ နှင့် အဓိပ္ပေတ ဥပဓိတို့ကို အကြောင်း နှင့် တကွ ပြပြီးလျှင်/၎င်းသုတ်လာ သောစတိ ပုတ္တေဟိ ပုတ္တိမာ - ၌ သောစနာကာရတို့ကိုလည်း ပြည့်စုံစွာ ရှင်းပြခဲ့ပါ။

(၃) သမိဒ္ဓိသုတ်လာ အက္ခေယျသို့ ပတိဋ္ဌာယ-၌ အဘယ်တရားတို့ကို အက္ခေယျ ဟူ၍ ခေါ်ပါသနည်း၊ အကြောင်းနှင့် တကွ တရားကိုယ် ကောက်ပြပြီးလျှင်/ ၎င်းအက္ခေယျ - ၌ တည်ပုံ အခြင်းအရာတို့ကိုလည်း ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

(၄) ဇဋာသုတ်လာ ဇဋာ၏ အဓိပ္ပာယ် နှင့် အန္တောဇဋာ ဗဟိဇဋာ ဖြစ်ပုံကို ဝိသယဘေဒ ပဝတ္တိအာကာရဘေဒ အားဖြင့် ညွှန်ပြပြီးလျှင် / သီလေ ပတိဋ္ဌာယ နရော သပညော ဂါထာလာ ပညာ သုံးမျိုးတို့၏ ထူးခြားပုံကိုလည်းညွှန်ပြခဲ့ပါ။

(၅) သာဓုသုတ်လာ ဒါနဥ္စ ယုဒ္ဓဥ္စ သမာန မာဟု - အရ အလှူပေးခြင်း နှင့် စစ်ထိုးခြင်းတို့၏ တူမျှပုံကို ပြည့်စုံစွာညွှန်ပြပြီးလျှင်/အပ္ပါပိ သန္တာ ဗဟုကေ ဇိနန္တိ - အရ ဒါန ပြုလုပ်သော သူ၏ အောင်နိုင်သော တရားတို့ကိုလည်း အဋ္ဌကထာ အလို ဋီကာအလို ခွဲခြား၍ ပြခဲ့ပါ။

(၆) သဒ္ဓါသုတ်လာ အပ္ပမတ္တော ပဝိ ဈာယန္တော-အရ ဈာနဘေဒ နှင့် အဓိပ္ပာယတ္ထ တို့ကို အကြောင်းနှင့် တကွ အဋ္ဌကထာအလို ဋီကာအလို ပြည့်စုံစွာ ညွှန်ပြ ပြီးလျှင် / အစ္ဆရာသုတ်လာ ရထော အကူဇနော-၌ ရထော-အရ အဋ္ဌင်္ဂိက မဂ်ကိုသာ ကောက်ရခြင်း အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။

(၇) ဒေဝပုတ္တသံယုတ် သေရီသုတ်လာ အလှူပေးခြင်း၌ ဖြစ်ပေါ်လာသော ဒါန သုံးမျိုးတို့၏ အဓိပ္ပာယ်ကို အဋ္ဌကထာ ဋီကာ အလိုကျ ရှင်းပြပြီးလျှင်/ရောဟိ-

တဿ သုတ်လာ သစ္စာလေးပါး၏ ပညတ်ရာ ဌာနကိုလည်း အန္ဝယ ဗျတိရေက အားဖြင့် ဖြစ်သင့်ရာ ပါဠိ အထောက်ပြကာ အဋ္ဌကထာ အလိုကျ ဖြေဆိုခဲ့ပါ။

(၈) ကောသလသံယုတ် သတ္တဇဋိလသုတ်လာ ဘုရားရှင်၏ အနီး၌ ထိုင်နေသော ကောသလမင်းကြီး၏ အဝေးမှ သွားသော နိဂဏ္ဌတို့အား လှမ်း၍ ရှိခိုးရခြင်း၏ ရည်ရွယ်ချက်ကို ပြည့်စုံစွာ ညွှန်ပြပြီးလျှင်/ အရဟန္တ ပုဂ္ဂိုလ်ဟူ၍လည်းကောင်း အရဟတ္တမဂ္ဂ သမာပန္န ပုဂ္ဂိုလ်ဟူ၍လည်းကောင်း သိနိုင်ရခြင်း၏ အကြောင်းတို့ကိုလည်း ပြည့်စုံစွာ စိစစ်၍ ပြခဲ့ပါ။

(၉) ဗြဟ္မသံယုတ် အညတရဗြဟ္မသုတ်လာ န မေ မာရိသ သာ ဒိဋ္ဌိ ယာ မေ ဒိဋ္ဌိ ပုရေ အဟု-၌ ဖြစ်သင့်သော ဒိဋ္ဌိ နှင့် ထိုဒိဋ္ဌိတို့၏ မရှိခြင်း ပယ်ခြင်း အကြောင်းတို့ကို ညွှန်ပြပြီးလျှင် / ပရိနိဗ္ဗာန သုတ်လာ စတုတ္ထဇ္ဈာနာ ဝုဋ္ဌဟိတွာ သမနန္တရာ ဘဂဝါ ပရိနိဗ္ဗာယိ-၌ သမနန္တရဘေဒ အဓိပ္ပာယ်တ္တနှင့် တကွ အဘယ် သမနန္တရ၏ အခြားမဲ့၌ ပရိနိဗ္ဗာန်ပြုသည်ကိုလည်း ရေးသားခဲ့ပါ။

(၁၀) ဝင်္ဂီသသံယုတ် သုဘာသိတသုတ်လာ စတူဟိ အင်္ဂေဟိ သမန္နာဂတာ ဝါစာ အရ အင်္ဂါအလိုက် ကောက်ယူသင့်သော စကားတို့ကို ကောက်ယူ၍ ပြပြီးလျှင်/ ငင်းသံယုတ် သာရိပုတ္တသုတ်လာ ရှင်ဝင်္ဂီသ၏ ရှင်သာရိပုတ္တရာအား 'တခဏခြင်း' ချီးကျူးသော ဂါထာတို့ကိုလည်း ရေးသားခဲ့ပါ။

(၁၁) ဝနသံယုတ် သဇ္ဈာယသုတ်လာ သဇ္ဈာယကမ္မထေရ်၏ ပရိယတ္တိကို သင်ယူပုံ- သရဇ္ဈာယ်ပုံ- ပရိယတ်နှင့် စပ်၍ ရဟန္တာဖြစ်အောင် ဝိပဿနာပွားများပုံတို့ကို အဋ္ဌကထာ အလိုကျ ညွှန်ပြပြီးလျှင် / အကုသလဝိတက္ကသုတ်လာ ဝိတက္က ရဟန်းအား လျှောက်ပတ်သည့် ပါသာဒိက ကမ္မဋ္ဌာန်းတို့ကိုလည်း သာဓက ပြကာ ဖြေဆိုခဲ့ပါ။

(၁၂) ယက္ခသံယုတ် အာဠဝကသုတ်လာ သဒ္ဓါယ တရတိ ဩဃံ-ဂါထာကို မဂ်လေးပါးဖြင့် ကြောင်းကျိုးပြကာ ဝေဖန်ပြီးလျှင် / ကထံသု လဘတေ ပညံ-အရ ပညာရခြင်း အကြောင်းတရားတို့ကိုလည်း ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

## (ခ) တိပိဋကဓရ သဘောဓရးမြေ စာမေးပွဲ

### (၂) သံယုတ္တနိကာယ(ဒုတိယအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၉-ခုနှစ်၊ ပြာသိုလဆန်း ၁၄ - ရက်။ (၂၂-၁-၇၈)

---

(၁) နိဒါနသံယုတ် ဝိဘင်္ဂသုတ် အဝိဇ္ဇာနိဒ္ဒေသလာ ဒုက္ခေ အညာဏံ-၌ ဒုက္ခေ ဟူသော ပါဠိဖြင့် သိအပ်သော တရားတို့ကို ပြည့်စုံစွာ ညွှန်ပြပြီးလျှင်/ ၎င်း ဒုက္ခေ အညာဏံ-၌ မသိရခြင်း အကြောင်းတို့ကိုလည်း ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

(၂) ဝိပဿီသုတ်လာ ဗုဒ္ဓဝိပဿနာ မည်သော တရားတို့ကို အဋ္ဌကထာ ဋီကာ အကြောင်းနှင့် တကွ ညွှန်ပြပြီးလျှင်/ကစ္စာယနဂေါတ္တသုတ်လာ သဿတဒိဋ္ဌိ ဥစ္ဆေဒ ဒိဋ္ဌိတို့ကို ပယ်ပုံနှင့် တကွ သမ္မာဒိဋ္ဌိ အမြင်မှန် ဖြစ်ပုံတို့ကိုလည်း ညွှန်ပြခဲ့ပါ။

(၃) ဉာဏဝတ္ထုသုတ်လာ ဓမ္မေ ဉာဏံ အန္ဓယေ ဉာဏံ-တို့၏ အဓိပ္ပာယ်ကို ပါဠိတော် အလို အဋ္ဌကထာ အလို ခွဲခြား၍ ညွှန်ပြပြီးလျှင်/အဝိဇ္ဇာပစ္စယသုတ်လာ တံ ဇီဝံ တံ သရီရန္တိဝါ ဘိက္ခု ဒိဋ္ဌိယာ သတိ ဗြဟ္မစရိယဝါသော န ဟောတိ-၌ ဖြစ်သင့်သော ဒိဋ္ဌိ နှင့် ဗြဟ္မစရိယဝါသ မဖြစ်ပုံကိုလည်း ညွှန်ပြခဲ့ပါ။

(၄) ဒုက္ခသုတ်လာ ဒုက္ခဿ ဘိက္ခဝေ သမုဒယဉ္စ အတ္ထင်္ဂမဉ္စ ဒေသိဿာမိ-၌ သမုဒယ ဘေဒ အတ္ထင်္ဂမဘေဒတို့ကို ထုတ်ပြပြီးလျှင် / တရားအားထုတ်သော ယောဂီပုဂ္ဂိုလ်တို့၏ ထိုဘေဒတို့ကို တွေ့မြင်ရပုံကိုလည်း အဋ္ဌကထာ အလိုကျ ညွှန်ပြခဲ့ပါ။

(၅) နဂရသုတ်လာ ပုရာဏံ မဂ္ဂံ အရ အဘယ်မဂ်ကို ပုရာဏမဂ် ဟူ၍ ခေါ်ပါသနည်း၊ အကြောင်းနှင့် တကွ ညွှန်ပြပြီးလျှင်/သုသိမသုတ်လာ သုက္ခဝိပဿက ရဟန္တာ ရှိကြောင်း-ရဟန္တာ ဖြစ်ကြောင်းကို ညွှန်ပြသော စကားရပ်တို့ကိုလည်း ပါဠိတော်ဖြင့် ညွှန်ပြခဲ့ပါ။

(၆) ဓာတုသံယုတ် ပုဗ္ဗေသမ္ဗောဓသုတ်လာ ပထဝီဓာတ်၏ အဿာဒ အာဒီနဝ နိဿရဏ တို့ကို ညွှန်ပြပြီးလျှင်/၎င်းသုတ် အရ ပထဝီဓာတ်နှင့် စပ်၍ သစ္စာလေးပါး ဟောပုံကိုလည်း အဋ္ဌကထာ အလိုကျ ညွှန်ပြခဲ့ပါ။

(၇) ကဿပသံယုတ် စီဝရသုတ်လာ သြဝါဒပဋိဂ္ဂဟဏူပသမ္ပဒ္ - ဖြစ်သော ရှင်မဟာကဿပ၏ ရှင် ရဟန်း ဖြစ်ကြောင်း သြဝါဒတို့ကို ညွှန်ပြပြီးလျှင်/သဒ္ဓမ္မပတိရူပကသုတ်လာ သာသနာ ကွယ်ပကြောင်း ဖြစ်သော သဒ္ဓမ္မပတိရူပက ဘေဒတို့ကိုလည်း အဓိပ္ပာယ်နှင့် တကွ ရှင်းပြခဲ့ပါ။

(၈) ခန္ဓဝဂ္ဂသံယုတ် ဟာလိဒ္ဒိကာနိသုတ်လာ ဩကာသာရီ နိကေတသာရီတို့၌ လာသော ဩက-နိကေတ တို့၏ သရူပတ္ထ အဓိပ္ပာယတ္ထ တို့ကို ဥပမာ သွင်း၍ ရှင်းပြပြီးလျှင်/ ၎င်းဩကာသာရီ နိဒ္ဒေသ၌ ရုပ် ဝေဒနာ သညာ သင်္ခါရတို့ကိုသာ ဟော၍–ဝိညာဏဓာတု ခေါ် ဂဟပတိ-ဟူ၍ ဝိညာဏဓာတုကို မဟောရခြင်း အကြောင်းကိုလည်း ပြည့်စုံစွာ ရှင်းပြခဲ့ပါ။

(၉) ဥဒါနသုတ်လာ ဩရမ္ဘာဂိယသံယောဇဉ် ပြတ်အောင် ဆင်ခြင်ပုံတို့ကို အကျဉ်းသိသာရုံမျှ ပါဠိတော်ဖြင့် ညွှန်ပြပြီးလျှင်/ ၎င်းသုတ်လာ ကာလ မခြားဘဲ အာသဝေါကုန်ဖို့ ပြုရာဝယ် ပုထုဇဉ်ပုဂ္ဂိုလ်အား ထိတ်လန့်ခြင်း ဖြစ်ပုံ- အရိယာ သာဝကအား ထိတ်လန့်ခြင်း မဖြစ်ပုံတို့ကိုလည်း ညွှန်ပြခဲ့ပါ။

(၁၀) ခဇ္ဇနီယသုတ်လာ အနေကဝိဟိတံ 'ပုဗ္ဗေနိဝါသံ' အနုဿရမာနာ အနုဿရန္တိ-၌ အဘယ်၏ အစွမ်းဖြင့် အောက်မေ့သည်ကို အနွယ ဗျတိရေက အားဖြင့် အထောက်ပြလျက် ဖြေဆိုပြီးလျှင်/၎င်းသုတ်လာ ဧဝံ ပဿံ ဘိက္ခဝေ · အစရှိသော စကားရပ်ကိုလည်း အားထုတ်၍ ဟောရခြင်း အကြောင်းကိုလည်း ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

(၁၁) ပိဏ္ဍောလျသုတ်လာ အနိမိတ္တသမာဓိ ဟူသည် အဘယ် သမာဓိပါနည်း / ၎င်းသမာဓိကို အနိမိတ္တ ဟူ၍ ခေါ်ဆိုရခြင်း အကြောင်းကို ညွှန်ပြပြီးလျှင် / ၎င်းအနိမိတ္တသမာဓိ ဖြစ်အောင် ပွားများပုံနှင့်–ထိုကဲ့သို့ ပွားများခြင်းကြောင့် ရနိုင်သော အကျိုးတို့ကိုလည်း ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

(၁၂) ဆန္နသုတ်၌ ရူပံ အနိစ္စံ ရူပံ အနတ္တာ · ဟူ၍ အနိစ္စလက္ခဏာ အနတ္တလက္ခဏာ နှစ်မျိုးကိုသာ ဟော၍ ဒုက္ခလက္ခဏာကို မဟောရခြင်း၏ အကြောင်းကို ညွှန်ပြပြီးလျှင်/ သီလဝန္တသုတ်လာ အနိစ္စတော စသည်တို့ကိုလည်း လက္ခဏာရေး သုံးပါးတွင် ဖြစ်သင့်ရာ၌ အသီးသီး ထည့်သွင်း၍ ပြခဲ့ပါ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၃) သံယုတ္တနိကာယ (တတိယအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၉ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁ - ရက်။ (၂၄-၁-၇၈)

---

(၁) သဠာယတနသံယုတ် သမုဒ္ဒါဘာသာရုပ္ပသုတ်လာ စက္ခုံ န မညတိ စက္ခုသ္မိံ န မညတိ စက္ခုတော န မညတိ-၌ မညနာကာရနှင့် မညနာတို့ကို ပြည့်စုံစွာညွှန်ပြပြီးလျှင်/ ဃောသိတသုတ်လာ သံဝိဇ္ဇတိ ခေါ ဂဟပတိ စက္ခုဓာတု ရူပါ စ မနာပါ စက္ခုဝိညာဏဉ္စ သုခဝေဒနိယံ ဖဿံ ပဋိစ္စ ဥပ္ပဇ္ဇတိ သုခါဝေဒနာ-၌ ဓာတုနာနတ္တ ဖြစ်ပုံကိုလည်း ရှင်းပြခဲ့ပါ။

(၂) အာသီဝိသောပမသုတ်လာ ဆဠ္ဌော အန္တစရော ဝဓကော ဥက္ခိတ္တာ သိကောတိ ဘိက္ခဝေ နန္ဒီရာဂဿေတံ အဓိဝစနံ-၌ နန္ဒီရာဂ၏ သူသတ်သမားနှင့် တူပုံ အခြင်းအရာတို့ကို ပြည့်စုံစွာ ညွှန်ပြပြီးလျှင်/ ထိုနန္ဒီရာဂနှင့် စပ်၍ အရဟတ္တဖိုလ် ရောက်အောင် ကမ္မဋ္ဌာန်း စီးဖြန်းပုံကိုလည်း အဋ္ဌကထာ အလိုကျ ညွှန်ပြခဲ့ပါ။

(၃) ဝေဒနာသံယုတ် ရဟောဂတသုတ်လာ ဆယိမာ ဘိက္ခု ပဿဒ္ဓိယော-အရ ငြိမ်းချမ်းမှု ခြောက်ပါးတို့ကို ညွှန်ပြပြီးလျှင်/ သီဝကသုတ်လာ ဝေဒယိတာနိ ဥပ္ပဇ္ဇန္တိ အရ ဝေဒနာ ဖြစ်ကြောင်း တရားတို့ကိုလည်း ပြည့်စုံစွာ ရေတွက်၍ ပြခဲ့ပါ။

(၄) စိတ္တသံယုတ် ဂေါဒတ္တသုတ်လာ အာကိဉ္စညာ စေတောဝိမုတ္တိယော-၌ အာကိဉ္စည မည်သော တရားတို့ကို အကြောင်းနှင့် တကွ ပြပြီးလျှင်/ ဂါမဏိသံယုတ် ခေတ္တူပမသုတ်လာ လယ်သုံးမျိုးနှင့် တူသော ပုဂ္ဂိုလ်တို့ကို ထုတ်ပြ၍/ ထိုပုဂ္ဂိုလ်တို့အား တရားဟောရခြင်း အကြောင်း အသီးသီးတို့ကိုလည်း ညွှန်ပြခဲ့ပါ။

(၅) မဂ္ဂသံယုတ် ဒုတိယ အသပ္ပုရိသသုတ်လာ မိစ္ဆာဉာဏီ မိစ္ဆာဝိမုတ္တိ-တို့၏ အဓိပ္ပာယ်ကို ပြည့်စုံစွာ ညွှန်ပြပြီးလျှင် / သံယောဇနပဟာနာဒိသုတ်လာ အဒ္ဓါန ပရိညတ္ထံ ခေါ အာဝုသော ဘဂဝတိ ဗြဟ္မစရိယံ ဝုဿတိ-၌ အဒ္ဓါန ပရိညာ၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ ဋီကာ အလိုကျ ရှင်းပြခဲ့ပါ။

(၆) ဗောဇ္ဈင်္ဂသံယုတ် ကာယသုတ်လာ သမာဓိသမ္ဗောဇ္ဈင် ဖြစ်ကြောင်း တရားတို့ကို ပါဠိတော်အလိုသာ ထုတ်ပြ၍/အဓိပ္ပာယ် ရှင်းပြီးလျှင်/အဂ္ဂိသုတ်လာ လီနစိတ် ဥဒ္ဓတစိတ် ရှိရာ ဖြစ်ရာ အချိန်၌ ပွားသင့်သော ဗောဇ္ဈင်- မပွားသင့်သော ဗောဇ္ဈင်တို့ကိုလည်း ညွှန်ပြခဲ့ပါ။

(၇) သတိပဋ္ဌာနသံယုတ် ဘိက္ခုနုပဿယသုတ်လာ 'အဝိတက္ကောမှိ အဝိစာရော အဇ္ဈတ္တံ သတိမာ သုခမသ္မိ' တိ ပဇာနာတိ-၌ အဘယ်ဝိတက် နှင့် အဘယ်အဇ္ဈတ္တ အဘယ် သုခတို့ကို ယူရသည်ကို ညွှန်ပြပြီးလျှင်/ဧဝံ ခေါ အာနန္ဒ ပဏိဓာယ ဘာဝနာ ဟောတိ-၌ ပဏိဓာယ ဘာဝနာ ဖြစ်ပုံကိုလည်း ဥပမာနှင့်တကွ အဋ္ဌကထာ ဋီကာ အလိုကျ ညွှန်ပြခဲ့ပါ။

(၈) ဣန္ဒြိယသံယုတ် ပဌမ သံခိတ္တသုတ်လာ တတော မုဒုတရေဟိ ဓမ္မာနုသာရီ ဟောတိ တတော မုဒုတရေဟိ သဒ္ဓါနုသာရီ ဟောတိ-အရ ဓမ္မာနုသာရီ ပုဂ္ဂိုလ် နှင့် သဒ္ဓါနုသာရီပုဂ္ဂိုလ်တို့၏ ထူးခြားပုံ တူပုံတို့ကို ညွှန်ပြပြီးလျှင်/ဥပ္ပဋိပါဋိသုတ်လာ ဣန္ဒြေ ငါးပါးတို့၏ အကြွင်းမဲ့ ချုပ်ရာ ဌာနတို့ကိုလည်း အသီးသီး ညွှန်ပြခဲ့ပါ။

(၉) ဣဒ္ဓိပါဒသံယုတ်လာ (က) ဣဒ္ဓိပဒေသ (ခ) သမတ္တံဣဒ္ဓိ ၌ပါသော ဣဒ္ဓိတို့၏ အရကို အကြောင်းနှင့် တကွ ကောက်ပြပြီးလျှင်/ဘုရားရှင်၏ မြေမှ ကောင်းကင်သို့ ပျံတက်အောင် ပြုကျင့်ပုံ-တန်ခိုး ဖန်ဆင်းပုံကိုလည်း လောကူပမာအားဖြင့် ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

(၁၀) အာနာပါနသံယုတ် ပဒီပေါပမသုတ်လာ – 'နေဝကာယောပိ ကိလမတိ န စက္ခူနိ-အရ တရားအားသုတ်ရာ၌ (က) ကိုယ်ပင်ပန်းသော ကမ္မဋ္ဌာန်း, (ခ) မျက်စိ ပင်ပန်းသော ကမ္မဋ္ဌာန်း, (ဂ) ကိုယ် နှင့် မျက်စိ နှစ်ပါးစုံ ပင်ပန်းသော ကမ္မဋ္ဌာန်း, (ဃ) ကိုယ်ခန္ဓာ နှင့် မျက်စိ နှစ်ပါးစုံ မပင်ပန်းသော ကမ္မဋ္ဌာန်း တို့ကိုလည်း အသီးသီး ညွှန်ပြခဲ့ပါ။

(၁၁) သောတာပတ္တိသံယုတ် ထပတိသုတ်လာ (ဒုက္ခိသနည်း ဖြစ်သော) သောတာပန် ပုဂ္ဂိုလ်၏ လေးခုမြောက် အင်္ဂါပြပါဠိကို အဋ္ဌကထာ အာဘော်ကျ အနက်ယောဇနာ ပြီးလျှင်/ ဗြဟ္မာယုသုတ်လာ ပုဏ္ဏားတို့၏ ကြီးပွားခြင်းသို့ ရောက်ကြောင်း အကျင့်နှင့် ဘုရားရှင်၏ ကြီးပွားခြင်းသို့ ရောက်ကြောင်း အကျင့်တို့ကိုလည်း ညွှန်ပြခဲ့ပါ။

(၁၂) သစ္စသံယုတ် တထသုတ်လာ တထ အဝိတထ အနညထ-တို့၏ အဓိပ္ပာယ်ကို အဋ္ဌကထာအလိုကျ ညွှန်ပြပြီးလျှင်/သတ္တိသတသုတ် အရ 'သင်သည် နှစ်ပေါင်းတရာ တိုင်တိုင် တနေ့လျှင် လှံ အချက်ပေါင်း သုံးရာ အထိုးခံပါ၊ နှစ် တရာ ကုန်သော အခါ၌ သစ္စာလေးပါးကို သိလိမ့်မည်' ဟု ပြောဆို ဝန်ခံခဲ့လျှင် 'လှံအထိုးသာ ခံလိုက်ပါ' ဟူ၍ ဘုရားရှင်၏ တိုက်တွန်းရခြင်း၏ အကြောင်းကိုလည်း ညွှန်ပြခဲ့ပါ။ ၁၀-မှတ်မီ

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) သံယုတ္တနိကာယ (ပထမအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၀ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄ - ရက်။ (၂၆ - ၁ - ၇၉)

--

(၁) ဒေဝတာသံယုတ် ဩဃတရဏသုတ်လာ ကထံနု တွံ မာရိသ ဩဃမတရိ - ၌ ဩဃလေးပါးတို့၏ တရားကိုယ်ကို အကြောင်းနှင့် တကွ အဋ္ဌကထာ, ဋီကာအလို ကောက်ပြ ပြီးလျှင်/ ထိုဩဃလေးပါးတို့၌ နစ်မြုပ်ရာကာလ, မြောပါးရာကာလ-တို့ကိုလည်း ဓမ္မ အလိုက် စုံလင်စွာ ညွှန်ပြခဲ့ပါ။

(၂) ဒေဝတာသံယုတ် ကတိဆိန္ဒ သုတ်လာ ပဉ္စဆိန္ဒေ ပဉ္စဇဟေ အရ၌ လာသော ဩရမ္ဘာဂိယ သံယောဇဉ်, ဥဒ္ဓံဘာဂိယ သံယောဇဉ်တို့၏ အဓိပ္ပာယ်ကို သရုပ် တရားကိုယ်နှင့် တကွ အစိတ်စိတ်အားဖြင့် ညွှန်ပြပြီးလျှင် ထိုသံယောဇဉ် နှစ်မျိုးတို့၌ ဆိုအပ်ပုံ အခြင်းအရာ ကိုလည်း လောကူပမာ သွင်း၍ ဖြေရှင်းခဲ့ပါ။

(၃) သမိဒ္ဓိသုတ် သမိဒ္ဓိမထေရ်၏ အလိုအားဖြင့် ကာလိက-ဟူ၍လည်းကောင်း, သန္ဒိဋ္ဌိက-ဟူ၍လည်းကောင်း-ခေါ်ဆိုအပ်သော တရားတို့ကိုခေါ်ရခြင်းအကြောင်းနှင့် တကွ ညွှန်ပြ ပြီးလျှင်/ ၎င်းသုတ်လာ ပါပံ န ကယိရာ ဝစသာ မနသာ ဂါထာ၏ အနက်အဓိပ္ပာယ်ကို အင်္ဂုတ္တိကမဂ်၏ အစွမ်းအားဖြင့် သိရပုံကိုလည်း ညွှန်ပြခဲ့ပါ။

(၄) ပဇ္ဇောတသုတ်လာ ဗုဒ္ဓါဘာ နှင့် စပ်သော အရောင် လေးမျိုးတို့၏ သရုပ် တရား ကိုယ် အဓိပ္ပာယ်တို့ကို ပြည့်စုံစွာ ညွှန်ပြပြီးလျှင်/ စတုစက္က သုတ်လာ ဣရိယာ လောဘဥ္စ ပါပကံ - ၌ ဣရိယာ - နှင့် လောဘ - တို့၏ ပဝတ္တိ အာကာရအားဖြင့် ထူးခြားပုံကိုလည်း စုံလင်စွာ ညွှန်ပြခဲ့ပါ။

(၅) မစ္ဆရိသုတ်လာ ဓမ္မံ စရေ ယော ပိ သမုဉ္စကံ စရေ - အရ သမုဉ္စက အလှူ၏ အဓိပ္ပာယ်ကို အဋ္ဌကထာ, ဋီကာအလို ညွှန်ပြပြီးလျှင် / တထောင်စီ လှူဒါန်းသော ယောကျာ်းတသိန်းတို့၏ ဆယ်ကုဋေကုန် အလှူသည် အစိတ်တရာ စိတ်ထားသော သမုဉ္စက အလှူ၏ တစိတ်မျှသော တန်ဖိုးကို မမှီရခြင်း၏ အကြောင်းကိုလည်း အထောက်ပြ၍ ဖြေဆိုခဲ့ပါ။

(၆) ဇရာသုတ် သီလံ ယာဝဇရာ သာဓု ဟူသောပါဠိဖြင့် ပြအပ်သော အနွယဗျတိ ရေက အဓိပ္ပာယ်တို့ကို ရှင်းပြပြီးလျှင်/ပညာ နရာနံ ရတနံ - ၌ ပညာ၏ ရတနာ ခေါ်ရ ခြင်း လိုရင်းအကြောင်းနှင့် တကွ ဤ၌ အလိုရှိအပ်သော ပညာကိုလည်း ညွှန်ပြခဲ့ပါ။

(၇) ဒေဝပုတ္တသံယုတ် (စန္ဒိမ သုတ်, သူရိယ သုတ်) လနတ်သား နေနတ်သားတို့သည် ပုဂ္ဂိုလ်တကျိပ်နှစ်ယောက်တို့တွင် မည်သည့် ပုဂ္ဂိုလ်ဖြစ်ပါသနည်း၊ ပါဠိတော် အထောက်ပြ၍ ဖြေဆိုပြီးလျှင်/ကောသလသံယုတ် မနာပ ပရိယန္တံ ခွါဟံ မဟာရာဇ ပဉ္စသု ကာမဂုဏေသု အဂ္ဂံ-၌ မနာပဘေဒ နှင့် အဓိပ္ပာယ်ကိုလည်း ရှင်းပြခဲ့ပါ။

(၈) ကလျာဏမိတ္တ သုတ်လာ ဥပဍ္ဎ မိဒံ ဘန္တေ ဗြဟ္မစရိယံ ယဒိဒံ ကလျာဏမိတ္တတာ ဟူသော အရှင်အာနန္ဒာ၏ အယူဝါဒ သင့်-မသင့် အကြောင်း ဥပမာပြ၍ ဆုံးဖြတ်ပြီးလျှင်/ဘုရားရှင် အလိုကျ သကလမေဝ ဟိဒံ အာနန္ဒ ဗြဟ္မစရိယံ-၌ သကလဗြဟ္မစရိယ အရကို ကောက်ပြကာ/ကလျာဏမိတ္တသည် မြတ်သော မဂ်အကျင့် အားလုံးကို ပြီးစေနိုင်သော အကြောင်းကိုလည်း ဒုတိယနည်းသာ ပါဠိတော် အထောက်ပြ၍ ဖြေဆိုခဲ့ပါ။

(၉) မာရသံယုတ် ဂေါဓိကသုတ်-သာမယိကာယ စေတောဝိမုတ္တိယာ ပရိဟာယိ-၌ ဖြစ်သင့်ရာ ဝိမုတ္တိဘေဒ အဓိပ္ပာယနှင့်တကွ အဘယ်တရားကို အဘယ်ကြောင့် သာမယိက စေတောဝိမုတ္တိ-ဟူ၍ ခေါ်ဆိုပါသနည်း- ညွှန်ပြပြီးလျှင်/ပရိဟာယိ-အရ ဆုတ်ယုတ်ခြင်း အကြောင်းကိုလည်း ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

(၁၀) ဝင်္ဂီသ သံယုတ် အာနန္ဒသုတ်လာ ရှင်ဝင်္ဂီသအား အရှင်အာနန္ဒာ ဟောကြားသည့် ရာဂငြိမ်းကြောင်း တရားတို့ကို ပါဠိတော်ဖြင့် ညွှန်ပြပြီးလျှင်/၎င်းတရားစုလာ မာနာဘိသမယ-၌ အဘိသမယဘေဒ ကိုလည်း အဓိပ္ပာယ်နှင့်တကွ ညွှန်ပြခဲ့ပါ။

(၁၁) ဝနသံယုတ် အာနန္ဒသုတ်လာ ဂိဟိသညတ္တိ ဗဟုလော-၏ အဓိပ္ပာယ်ကို အဋ္ဌကထာအလိုကျ (လိုရင်းမျှ) ရှင်းပြပြီးလျှင်/၎င်းသုတ်၏ သံဝေဇနိယ ဂါထာလာ နိဗ္ဗာနံ ဟဒယသ္မိံ ဩပိယ-၌ နိဗ္ဗာန်ကို စိတ်နှလုံး၌ ထည့်သွင်း၍ ထားပုံကိုလည်း အဋ္ဌကထာ,ဋီကာအလိုကျ ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

(၁၂) ယက္ခသံယုတ် သာနုသုတ်လာ ပါဋိဟာရိယပက္ခ ဥပုသ်၏ အဓိပ္ပာယ်ကို အဋ္ဌကထာ ဋီကာ အလိုကျ ရှင်းပြပြီးလျှင်/ပိယင်္ကရ သုတ်လာ မာ သဒ္ဒံ ကရိ ပိယင်္ကရ ဘိက္ခု၊ ဓမ္မပဒါနိ ဘာသတိ-၌ ဓမ္မပဒါနိ အရ ယူရမည့်-ဓမ္မပဒ၊ မထေရ် ရွတ်ဆိုနေသည့် ဓမ္မပဒ တို့ကိုလည်း ညွှန်ပြခဲ့ပါ။ ၁၀-မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၂) သံယုတ္တနိကာယ (ဒုတိယအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

## ၁၃၄၀ - ခုနှစ်၊ တပို့တွဲလဆန်း ၁ - ရက်။ (၂၀-၁-၇၉)

---

(၁) နိဒါနသံယုတ် အာဟာရသုတ်လာ အာဟာရ လေးမျိုး တို့တွင် အဘယ် အာဟာရသည် အဘယ်ကို ဆောင်ပါသနည်း ညွှန်ပြပြီးလျှင်/ကဗဠီကာရာဟာရေ နိကန္တိ· ယေဝ ဘယံ-၌ နိကန္တိ၏ ဘေးခေါ်ရခြင်း အကြောင်းနှင့် တကွ ဘေးဖြစ်ပုံကိုလည်း ညွှန်ပြခဲ့ပါ။

(၂) ကစ္စာယနဂေါတ္တ-သုတ်လာ လောကသမုဒယံ ခေါ ကစ္စာယန ယထာဘူတံ သမ္မပ္ပညာယ ပဿတော ယာ လောကေ နတ္ထိတာ သာ န ဟောတိ ဟူသော ပါဠိတော်၏ အနက်အဓိပ္ပာယ်ကို နှစ်နည်းမျှ ညွှန်ပြပြီးလျှင်/ဥပနိသ-သုတ်လာ ခယသ္မိံ ခယေ ဉာဏံ-၌ အဘယ်ဉာဏ်ကို အဘယ့်ကြောင့် ခယေ ဉာဏ်-ဟူ၍ ခေါ်ဆိုပါသနည်း-အကြောင်းနှင့် တကွ တိကျစွာ ပြေဆိုခဲ့ပါ။

(၃) သမ္မသသုတ်လာ ဒုက္ခမှ လွတ်မြောက်ပုံ နှင့် ဒုက္ခမှ လွတ်မြောက်ကြောင်းပြ ဥပမာကို ဥပမာန, ဥပမေယျ- နှိုင်းနှော၍ ပြပြီးလျှင် / ကောသမ္ဗိသုတ်လာ အညတြေဝ အာဝုသော မုသိလ သဒ္ဓါယ (ပ) အတ္ထာယသ္မတော မုသိလဿ 'ပစ္စတ္တမေဝ ဉာဏံ' ဘဝနိ· ရောဓော နိဗ္ဗာနန္တိ -၌ ယူရမည့်ဉာဏ်, ပယ်ရမည့်ဉာဏ်-ကိုလည်း အဋ္ဌကထာ, ဋီကာ အလိုကျ ညွှန်ပြခဲ့ပါ။

(၄) ဓာတုသံယုတ် ဒသင်္ဂသုတ်လာ မိစ္ဆာဒိဋ္ဌိနော မိစ္ဆာဒိဋ္ဌိကေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တိ သမ္မာဒိဋ္ဌိနော သမ္မာဒိဋ္ဌိကေဟိ သဒ္ဓိံ သံသန္ဒန္တိ သမေန္တိ - တို့၏ အဓိပ္ပာယ်ကို အဋ္ဌကထာ ဋီကာ အလိုကျရှင်းပြပြီးလျှင် / ပုဗ္ဗေသမ္ဗောဓ သုတ်လာ အကုပ္ပါ မေ ဝိမုတ္တိ ၌ အရဟတ္တဖိုလ် ဝိမုတ္တိ၏ ဆန့်ကျင်ဘက်တို့ကြောင့် မပျက်ပုံ အကြောင်းအရာကိုလည်း ညွှန်ပြခဲ့ပါ။

(၅) ကဿပသံယုတ် စန္ဒူပမာသုတ်လာ စန္ဒူပမာ ဘိက္ခဝေ (ပ) နိစ္စနဝကာ ကုလေသု အပ္ပဂဗ္ဘာ-၌ ပါဂဗ္ဘိယဘေဒတို့ကို ဖြစ်သင့်ရာ ဌာနတို့နှင့် အသီးအသီး တွဲစပ်၍ပြပြီးလျှင်/ ၎င်းသုတ်လာ ရဟန်း၏ စင်ကြယ်သော တရားဟောပုံ, မစင်ကြယ်သော တရားဟောပုံ တို့ကိုလည်း ပါဠိတော်ဖြင့် ညွှန်ပြခဲ့ပါ။

(၆) လာဘသက္ကာရသံယုတ် သဂါထကသုတ်လာ သုခုမံ ဒိဋ္ဌိဝိပဿကံ-၌ အဘယ် ဉာဏ်ကို သုခုမဒိဋ္ဌိဝိပဿက-ဟူ၍ ခေါ်ပါသနည်း– အဋ္ဌကထာ ဋီကာ အလိုကျ ညွှန်ပြပြီးလျှင်/ဘိက္ခုသုတ်လာ လာဘ်ပူဇော်သက္ကာရသည် ရဟန္တာအားပင် အန္တရာယ် ပြုနိုင်ပုံကိုလည်း ညွှန်ပြခဲ့ပါ။

(၇) ရာဟုလသံယုတ် အနုသယသုတ်လာ ကထံနု ခေါ ဘန္တေ ဇာနတော ပဿတော 'ဣမသ္မိံ သဝိညာဏကေ ကာယေ ဗဟိဒ္ဓါ စ သဗ္ဗနိမိတ္တေသု အဟံကာရ မမံကာရ မာနာနုသယာ န ဟောန္တိ' ၌ အဘယ်ပါဌ်ဖြင့် အဘယ်ကို ပြသည်ဟု အဋ္ဌကထာ ဋီကာ အလိုကျ ညွှန်ပြပြီးလျှင်/ ရာဟုလသံယုတ်လာ သုတ်အားလုံးတို့၏ ဟောလိုရင်း တရားကိုလည်း သရုပ်နှင့် တကွ အဋ္ဌကထာ ဋီကာ အလိုကျ ညွှန်ပြခဲ့ပါ။

(၈) ခန္ဓသံယုတ် နကုလပိတုဝဂ် သမာဓိသုတ်လာ ရူပံ အဘိနန္ဒတိ အဘိဝဒတိ အဇ္ဈောသာယ တိဋ္ဌတိ ရူပံ နာဘိနန္ဒတိ နာဘိဝဒတိ နဇ္ဈောသာယ တိဋ္ဌတိ - ၌ အဘိဝဒတိ, နာဘိဝဒတိ - ဟို၏ အဓိပ္ပာယ်ကို အဋ္ဌကထာအလိုကျ ရှင်းပြပြီးလျှင်/အတ္တဒီပ- သုတ်လာ တဒင်္ဂနိဗ္ဗုတော၏ အဓိပ္ပာယ်ကိုလည်း ပါဠိတော်အလို အဋ္ဌကထာအလို ခွဲခြား၍ ပြခဲ့ပါ။

(၉) ခန္ဓသံယုတ် အတ္တဒီပဝဂ် နန္ဒိက္ခယသုတ်- နန္ဒိက္ခယာ ရာဂက္ခယော၊ ရာဂက္ခယာ နန္ဒိက္ခယော၊ နန္ဒိရာဂက္ခယာ စိတ္တံ ဝိမုတ္တံ သုဝိမုတ္တန္တိ ဝုစ္စတိ - ၌ နန္ဒီအဓိပ္ပာယ်, ရာဂ အဓိပ္ပာယ်နှင့် နန္ဒိက္ခယ နှင့် ရာဂက္ခယ - တို့၏ တူ-မတူကိုလည်းကောင်း၊ ထူး- မထူးကို လည်းကောင်း ညွှန်ပြပြီးလျှင်/ အဘယ်တရားဖြင့် အဘယ်ကို ကုန်စေသည် စွန့်စေသည် ကိုလည်း အဋ္ဌကထာ ဋီကာ အလိုကျ ညွှန်ပြခဲ့ပါ။

(၁၀) ခန္ဓသံယုတ် ထေရဝဂ် ယမကသုတ်လာ ရဟန္တာ ပုဂ္ဂိုလ်သည် ခန္ဓာ ပျက်စီး သည်မှ နောက်၌ အဘယ်သို့ ဖြစ်ပါသနည်း - ဖြစ်ပုံကို ပါဠိတော်ဖြင့် အထောက်ပြကာ ဖြေဆိုပြီးလျှင်/ အနုရာဓသုတ်လာ တိတ္ထိတို့ ယူဆသော ပညတ်ရာလေးပါး, အနုရာဓထေရ် ယူဆသော ပညတ်ရာလေးပါး, ဘုရားရှင်၏ ပညတ်ရာ ဌာနလေးပါး - တို့ကိုလည်း ညွှန်ပြခဲ့ပါ။

(၁၁) ခန္ဓသံယုတ် အဿဇိသုတ်လာ အနဘိနန္ဒိတာတိ ပဇာနာတိ ပါဌ်အရ သုခ ဝေဒနာ၌ နှစ်သက်ခြင်း အဘိနန္ဒနာ ဖြစ်သည်ကားရှိပါစေ၊ ဒုက္ခဝေဒနာ၌ နှစ်သက်ခြင်း အဘိနန္ဒနာ အဘယ်သို့ ဖြစ်နိုင်ပါသနည်း - ဖြစ်နိုင်ပုံကို ရှင်းပြပြီးလျှင် / ဖေဏပိဏ္ဍူပမံ ရူပံ - အရ ရုပ်၏ ရေမြှုပ်နှင့် တူပုံကိုလည်း ပါဠိတော်အလို, အဋ္ဌကထာအလို ခွဲခြား၍ ညွှန်ပြခဲ့ပါ။

(၁၂) ခန္ဓသံယုတ် ပုပ္ဖဝဂ် အနိစ္စသညာသုတ် အဘယ်သို့သော သညာကို အနိစ္စသညာ ဟူ၍ ခေါ်ပါသနည်း - ပြည့်စုံစွာ ညွှန်ပြပြီးလျှင်/၎င်းသုတ်လာ ကူဋာဂါရ ဥပမာကို အကြောင်းနှင့်တကွ ဥပမာ ဥပမေယျ နှိုင်းနှော၍ပြကာ - ၎င်းဥပမာလာ အနိစ္စသညာ၏ လောကုတ္တရာကုသိုလ် ထက်မြက်ရခြင်း အကြောင်းကိုလည်း ရေးသားခဲ့ပါ။

၁၀ – မှတ်စီ

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၃) သံယုတ္တနိကာယ (တတိယအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၀- ခုနှစ်၊ တပို့တွဲလဆန်း ၃ - ရက်။ (၃၀·၁-၇၉)

——

(၁) သဠာယတနသံယုတ် ဥပဝါဏသန္ဒိဋ္ဌိကသုတ်လာ ရူပပ္ပဋိသံဝေဒီ ရူပရာဂပ္ပဋိ- သံဝေဒီနော စ ရူပရာဂပ္ပဋိသံဝေဒီ-တို့၏ အဓိပ္ပာယ်ကို အကြောင်းနှင့် တကွ ညွှန်ပြပြီးလျှင် / ၎င်းသုတ်လာ သေက္ခပစ္စဝေက္ခဏာပါဠိ၊ အသေက္ခပစ္စဝေက္ခဏာ ပါဠိတို့ကိုလည်း သိသာရုံမျှ ညွှန်ပြခဲ့ပါ။

(၂) သဠာယတနသံယုတ် သံဝရသုတ် သံဝရဒွန္ဒ ခေါ ဘိက္ခဝေ ဒေသေဿာမိ အသံ- ဝရဒွန္ဒ-၌ ဥဒ္ဒေသ အစဉ်အားဖြင့် သံဝရကို ရှေးဦးစွာ မဟောဘဲ အသံဝရကို ရှေးဦးစွာ ဟောရခြင်း အကြောင်းကို ဥပမာနှင့် တကွ ညွှန်ပြပြီးလျှင်/လောကန္တဂမန သုတ်လာ သောဟာဝုသော ဘဂဝါ ဇာနံ ဇာနာတိ၊ ပဿံ ပဿတိ စက္ခုဘူတော ဉာဏဘူတော-၌ ဇာနံ ဇာနာတိ၊ ပဿံ ပဿတိ -တို့၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ၊ ဋီကာ အလိုကျ အနွယဗျတိရေက အားဖြင့် ညွှန်ပြခဲ့ပါ။

(၃) အတ္ထိ နု ခေါ ပရိယာယသုတ်လာ သဒ္ဓါ ရုစိ အနုဿဝ အာကာရပရိဝိတက္က ဒိဋ္ဌိနိဇ္ဈာန ခန္တိ-တို့၏ ဆိုလိုရင်း အဓိပ္ပာယ်ကို အဋ္ဌကထာအလိုကျ ညွှန်ပြပြီးလျှင် / ၎င်းသုတ် အရ အရဟတ္တဖိုလ်ကို မပြောကြားရသော အကြောင်း ပြောကြားရသောအကြောင်း- တို့ကိုလည်း ပြောကြားပုံနှင့် တကွ ညွှန်ပြခဲ့ပါ။

(၄) အာဒိတ္တပရိယာယသုတ်လာ နကွေဝ စက္ခုဝိညေယျေသု ရူပေသု အနုဗျဉ္ဇနသော နိမိတ္တဂ္ဂါဟော-၌ အနုဗျဉ္ဇနဂ္ဂါဟ၊ နိမိတ္တဂ္ဂါဟ-တို့၏ ယူပုံ အခြင်းအရာ၏ ထူးခြားပုံ ကို ပြည့်စုံစွာ ညွှန်ပြပြီးလျှင်/ အာသိဝိသောပမသုတ်လာ မြွေလေးကောင် နှင့် ဓာတ် လေးပါး တို့၏ ဝိသေသအားဖြင့် တူပုံကိုလည်း ညွှန်ပြခဲ့ပါ။

(၅) ပဌမ ဒါရုက္ခန္ဓောပမသုတ်လာ အဟံ ခေါ ဘန္တေ န ဩရိမံ တီရံ ဥပဂစ္ဆာမိ န ပါရိမံ တီရံ ဥပဂစ္ဆာမိ-၌ အဘယ်ကြောင့် အဘယ်တရားတို့ကို ဩရိမတီရ-ဟူ၍လည်း ကောင်း၊ ပါရိမတီရ-ဟူ၍လည်းကောင်း ဟောရပါသနည်း ညွှန်ပြပြီးလျှင် / ထိုတရားတို့သို့ ကပ်ရောက်ပုံ၊ မကပ်ရောက်ပုံတို့ကိုလည်း အကြောင်းနှင့် တကွ ပြည့်စုံစွာ ညွှန်ပြခဲ့ပါ။

(၆) စိတ္တသံယုတ် ဒုတိယ ကာမဘူသုတ်လာ နိရောဓသမာပတ် ဝင်စားသော ပုဂ္ဂိုလ် အား အဘယ်တရားတို့သည် ရှေးဦးစွာ ချုပ်ပါသနည်း-ချုပ်ရာ ဌာန နှင့် ချုပ်သော တရားတို့ကို ညွှန်ပြပြီးလျှင်/ဂါမဏိသံယုတ် ရာသိယသုတ်လာ တီဿော ဣမာ ဂါမဏိ

သန္တိဋ္ဌိကာ နိဗ္ဗာန - ၌ အဘယ်တရားတို့ကို အဘယ်ကြောင့် တိသော - ဟူ၍လည်းကောင်း နိဗ္ဗာန - ဟူ၍လည်းကောင်း တိသော နိဗ္ဗာန - ဟူ၍လည်းကောင်း ခေါ်ဆိုရပါသနည်း ညွှန်ပြခဲ့ပါ၏။

( ၇ ) မဂ္ဂသံယုတ် သေနာသုတ်လာ သေနာ သုံးပါးတို့၏ တရားကိုယ်ကို အကြောင်းနှင့် တကွ ညွှန်ပြပြီးလျှင်/ထိုသေနာတို့ကို ထူးသော ဉာဏ်ဖြင့် သိရန်အကျိုးငှာ သမ္မာဒိဋ္ဌိ-မဂ္ဂင် ပွားများပုံကိုလည်း နည်းမျိုးစုံအောင် ညွှန်ပြခဲ့ပါ၏။

( ၈ ) ဗောဇ္ဈင်္ဂသံယုတ် သီလသုတ်လာ ဒဿနမ္ပာဟံ ဘိက္ခဝေ တေသံ ဘိက္ခူနံ ဗဟု-ပကာရံ ဝဒါမိ - ၌ ဒဿနဘေဒ အဓိပ္ပေတဒဿန - တို့ကို မြင်ပုံနှင့် တကွ အသီးသီးညွှန်ပြပြီးလျှင် / မေတ္တာသဟဂတသုတ်လာ မေတ္တာစေတောဝိမုတ္တိ ပွားများခြင်းသည် တင့်တယ်မှုလျှင် အပြီးအဆုံး ရှိသည် ဟူ၍ ဟောရခြင်း အကြောင်းကိုလည်း ပြည့်စုံစွာ ရှင်းပြခဲ့ပါ၏။

( ၉ ) သတိပဋ္ဌာနသံယုတ် ဂိလာနသုတ်လာ အထ ခေါ ဘဂဝါ တံ အာဗာဓံ ဝီရိယေန ပဏာမေတွာ-၌ တဖန် မဖြစ်အောင် ဝေဒနာ ပယ်ခွာပုံကို ဥပမာနှင့် တကွ ညွှန်ပြပြီးလျှင်/ငင်းသုတ်လာ ဒေသိတော အာနန္ဒ မယာ ဓမ္မာ အနန္တရံ အဗာဟိရံ ကရိတွာ - ၌ တရားတော်ကို အတွင်းအပြင် ထား၍ ဟောကြားပုံ–အတွင်း အပြင် မထားဘဲ ဟောကြားပုံတို့ကိုလည်း ဓမ္မ ပုဂ္ဂလ နှစ်ဌာနဖြင့် ဝေဖန်၍ ပြခဲ့ပါ၏။

( ၁၀ ) ဣန္ဒြိယ သံယုတ် သာကေတသုတ်လာ ယံ ဘိက္ခဝေ သဒ္ဓိန္ဒြိယံ တံ သဒ္ဓါဗလံ ယံ သဒ္ဓါဗလံ တံ သဒ္ဓိန္ဒြိယံ-၌ သဒ္ဓါ ဝီရိယ သတိ သမာဓိ ပညာ–တို့၏ ဣန္ဒြေမည်ခြင်း အကြောင်း-ဗိုလ်မည်ခြင်း အကြောင်း တို့ကို အသီးသီးညွှန်ပြပြီးလျှင် / အာပဏသုတ်လာ ယာဟိဿ ဘန္တေ သဒ္ဓါ တဒဿ သဒ္ဓိန္ဒြိယံ-၌ သဒ္ဓါဘေဒ သဒ္ဓါနာနာကရဏ နှင့် ယှဉ်သော သဒ္ဓါတို့ကိုလည်း ညွှန်ပြခဲ့ပါ၏။

( ၁၁ ) ဣဒ္ဓိပါဒသံယုတ် စေတိယသုတ် ကုလမ္ဗတုလဥ္စ သမ္ဘဝံ · ဂါထာလာ ဘဝဖြစ်ရန် ပြုပြင်သော ကံကို စွန့်ပယ်ပုံ – ကိလေသာ ကွန်ယက်ကို ဖျက်ဆီးပုံတို့ကို ညွှန်ပြပြီးလျှင်/ ဝိဘင်္ဂသုတ်လာ ယထာ ပုရေ တထာ ပစ္ဆာ–၌ ကမ္မဋ္ဌာန်း၏ အစွမ်းအားဖြင့် လည်းကောင်း ဒေသနာ၏ အစွမ်းအားဖြင့်လည်းကောင်း ရှေ့နောက်ဖြစ်ပုံ ရှေ့နောက်နေပုံ တို့ကိုလည်း ပြည့်စုံစွာ ညွှန်ပြခဲ့ပါ၏။

( ၁၂ ) အာနာပါနသံယုတ် ပဒီပေါပမသုတ်လာ အာနာပါနသတိ သမာဓိကို အပြည့်အစုံ ပွားများသော ယောဂီပုဂ္ဂိုလ်အား ရနိုင်သည့် အကျိုးတို့ကို ညွှန်ပြပြီးလျှင် / ကိမိလသုတ်လာ ဝေဒနာညတရ ပယ် အာနန္ဒ ( ပ ) သာဓုကံ မနသိကာရံ - ၌ မနသိကာရ-ကို သုခဝေဒနာ ဟူ၍ပင် မှတ်ရမည်လော-ဤနေရာ၌ ဘုရားရှင် ဟောလိုရင်းအဓိပ္ပာယ်ကိုလည်း ရှင်းလင်း၍ ပြခဲ့ပါ၏။

၁၀ – မှတ်စီ။

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) အင်္ဂုတ္တရနိကာယ (ပထမအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၀ - ခုနှစ်၊ တပို့တွဲလဆန်း ၇-ရက်။ (၂၄ - ၁ - ၆၉)

---

(၁) ထိနမိဒ္ဓ ဥဒ္ဓစ္စ ကုက္ကုစ္စ ဝိစိကိစ္ဆာ - ပယ်ခြောင်း တရားများကို နီဝရဏပ္ပဟာန သုက်လာ အတိုင်း ရေးသားပြီးလျှင်—အကမ္မနိယဝဂ် ပဌမသုတ်၌ စိတ္တံကား အဘယ်စိတ်— ဒုတိယသုတ်၌ အဘယ်စိတ် ဖြစ်သည်ကိုလည်း ရှင်းခဲ့ပါ။

(၂) အဘယ်စိတ်မျိုးကို အဘာဝိတ အပါတုဘူတ—အဘယ်စိတ်မျိုးကို ဘာဝိတပါ- တုဘူတစိတ်မျိုး ခေါ်ဆိုသည်ဟု ရေးသားပြီးလျှင်/ ဤနေရာ၌ ကုရုန္ဒကဝါသီ ဖုဿမိတ္တ မထေရ်၏ အယူအဆကိုလည်း ညွှန်ပြခဲ့ပါ။

(၃) ပဏိဟိတအစ္ဆဝဂ် သာလိသူကောပမာ၌ သာလိသူကကို မိစ္ဆာပဏိဟိတ သမ္မာ ပဏိဟိတ ထားပုံ ရှင်းလင်း၍/ သာလိသူကောပမေ ဥပမာယ အတ္ထံ ပရိဝါရေတွာ ဒဿေ- န္တော - ဟူသော အဋ္ဌကထာ စကားကို ပါဠိတော်နှင့် မကိုက်ဟု ဆို၍ ဋီကာ အရှင် ပြင်ဆင်ထားခြင်းကိုလည်း ရှင်းခဲ့ပါ။

(၄) ဝီရိယာရမ္ဘာဒိဝဂ် တတိယသုတ်၌ ဖွင့်ပြအပ်သော အတြိစ္ဆတာ - ပါပိစ္ဆတာ - မဟိစ္ဆတာ တို့၏ သဘောကို အဋ္ဌကထာ အာဘော်ကျ ရှင်းပြပြီးလျှင်/ အပ္ပိစ္ဆ တရား ကိုလည်း ာချုပ် အခိပ္ပာယ်နှင့် တကွ ရေးသားခဲ့ပါ။

(၅) ကေ ပုဂ္ဂသော ဘိက္ခဝေ - ၌ ပုဂ္ဂိုလ်ဟု ခေါ်ဆိုရခြင်း အကြောင်း ၈ ပါး ကိုလည်းကောင်း ကေပုဂ္ဂလ၏ အဋ္ဌ ၃ ပါးကိုလည်းကောင်း ရေးသား၍/ဆန္ဒ အနုတ္တရိ- ယာနံ - ၌ ဆန္ဒ၏ သရုပ်ကိုလည်း ဖော်ထုတ်ခဲ့ပါ။

(၆) အရှင်သာရိပုတ္တရာ တေဒဂ်ရခြင်း အကြောင်းများကိုလည်းကောင်း ဓုတင်ဓရာနံ ဟု မပေးဘဲ ဓုတင်္ဂါဒါနံ ဟု အရှင်မဟာကဿပအား တေဒဂ် ပေးပုံကိုလည်းကောင်း တေဒဂ်ရ ပုဂ္ဂိုလ် မည်မျှ ရှိသည်ကိုလည်းကောင်း ရှင်းလင်းပြီးလျှင်/ သဘ္ဘာ၃ တေဒဂ္ဂဝဂ် ဒသမမြောက် တေဒဂ် ေးပုံကိုလည်း ပါဠိမျှ ရေးသားခဲ့ပါ။

(၇) တိပိဋကဓရ အချင်မြတ်များကို အာဇာနည်များ ဟု ချီးကြူး ပူဇော်ကြရာ အာဇာနည် ယောကျ်ားတို့၏ အဆင်းနှင့် - အဘယ့်ကြောင့် အာဇာနည်ယောကျ်ား ဟု

ခေါ်ဆိုကြောင်းတို့ကို ဖော်ပြ၍/ ပဒက္ခိဏာနိ ကတွာန၊ လဘန္တေတ္ထ ပဒက္ခိဏေ - ကိုလည်း မြန်မာ ပြန်ဆိုလိုက်ပါ။

(၈) စတုက္ကနိပါတ် ဘဏ္ဍဂါမဝဂ် အနုဗုဒ္ဓသုတ်လာ - ဥတိ ဗုဒ္ဓေါ အဘိညာယ၊ စက္ခုမာ ပရိနိဗ္ဗုတော ၌ ပရိနိဗ္ဗုတ အရ မုချအားဖြင့် အဘယ် နိဗ္ဗုတကို ဆိုလိုသည်ဟု ရေး၍/ကတမောစ ဘိက္ခဝေ ဠိတတ္တော ပုဂ္ဂလော - ၌ အဘယ်ပုဂ္ဂိုလ်ကို ယူရမည်ဟုလည်း ရေးခဲ့ပါ။

(၉) တဏှာပွါဒသုတ်၌ တပါးသော ကိလေသာတို့သည်လည် ဘဝဖြစ်ကြောင်း မည်ကုန်လျက် 'တဏှာ ဒုတိယော ပုရိသော' ဟု ဟောတော်မူခြင်း အကြောင်းကို ပေါ်လွင်အောင် ရေးပြီးလျှင် / ဣတ္ထဘာဝညထာဘာဝံ - ၏ အရကောက်ကိုလည်း ဖော်ပြပါ။

(၁၀) စရဝဂ် သီလသုတ်လာ သမ္ပန္နသီလာ ဘိက္ခဝေ ဝိဟရထ သမ္ပန္နပါတိမောက္ခာ· ၌ မုချပရိယာယ သီလကို ခွဲပြပြီးလျှင်/ဒုက္ခကုန်ရာ နိဗ္ဗာန်သို့ ရောက်ရန် အားထုတ်ခြင်း ၄ - မျိုးကို သံဝရသုတ်လာတိုင်း ဖော်ပြ၍/ သဗ္ဗေ သဒ္ဓမ္မဂရုနော (ပ) ဧသာ ဗုဒ္ဓါန ဓမ္မတာ - ဟု ဥရုဝေလသုတ်၌ ဟောတော်မူခြင်းကြောင့် ဘုရားရှင်တို့သည် သဒ္ဓမ္မ - မှ တပါး အခြား မည်သည့် အရာကိုမျှ လေးစားမှု မရှိ - ဟု မှတ်ယူရမည်လော၊ ရှင်းပြခဲ့ပါ။

(၁၁) အဘယ် ပုဂ္ဂိုလ်တို့ကို ဘုရားရှင် သာသနာတော်၌ မစည်ပင်နိုင်ကြသူ - ဟု ခေါ် ဆိုရကြောင်း ကုဟသုတ်လာတိုင်း ဖော်ပြ၍/ စက္ကဝဂ် ပတိလီနသုတ်လာ အဘယ်သို့သော ရဟန်းကို သမဝယသဋ္ဌေသန ရဟန်း ဟု ခေါ်ဆိုကြောင်းကို ရေးပြီးလျှင် / အရိယာ သူတော်ကောင်းတို့၏ အလံတံခွန် ဟူသည် အဘယ်ကို ခေါ်သည်ဟုလည်း ရေးခဲ့ပါ။

(၁၂) ဗြာဟ္မဏဝဂ် သုတသုတ်လာ မြင်ရ, ကြားရ, တွေ့ရ, သိရ·သမျှတို့ အပေါ်၌ ဝေဿကာရပုဏ္ဏား နှင့် ဘုရားရှင်၏ အယူဝါဒကို အကြောင်းနှင့် တကွ ဖော်ပြ၍ / ကမ္ဘောဇသုတ်လာ ကမ္ဘောဇတိုင်းသို့ မသွားသင့်သော မာတုဂါမတို့၏ အကြောင်းကို ရေးပြီးလျှင် / ယခင် နှင့် ယခု ကမ္ဘောဇ ဟု ခေါ်ရာ အရပ်ကိုလည်း ညွှန်ပြလိုက်ပါ။

၁၀ – မှတ်စီ

# ( ၁ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## ( ၂ ) အင်္ဂုတ္တရနိကာယ ( ဒုတိယအုပ် ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၀ - ခုနှစ်၊ တပို့တွဲလဆန်း ၉ - ရက်။ ( ၂၆-၁-၆၉ )

—

( ၁ )အနုဂ္ဂဟိတာ သမ္မာဒိဋ္ဌိ - ၌ အဘယ်တရားတို့က အဘယ်သမ္မာဒိဋ္ဌိကို ချီးမြှောက်သည်၊ အဘယ်တရားများကို စေတောဝိမုတ္တိ, ပညာဝိမုတ္တိ ခေါ်ဆိုသည်တို့ကို အင်္ဂုတ္တရဘာဏကာ အလိုကျ ဖော်ပြ၍/သတ္တာ ဓမ္မံ ဒေသေတိ - ၌ အဘယ် - ဓမ္မ၊ အတ္ထပဋိသံဝေဒီ - နော - ၌ အဘယ် အတ္ထ - တို့ဟူ၍လည်း ဝိမုတ္တာယတနသုတ်လာ အတိုင်း ရှင်းခဲ့ပါ။

( ၂ ) ပဋ္ဌဂိကသုတ်လာ ဥပ္ပလကြာ, ပဒုမကြာ, ပုဏ္ဍရိကကြာတို့ကို အဋ္ဌကထာအလို, ဋီကာအလို ရှင်းပြပြီးလျှင် စက်ခာန်သံသ တို့ကိုလည်း အစဉ်အတိုင်း ရေးသားခဲ့ပါ။

( ၃ ) အလှူပေးသူက အလှူမပေးသူအား နတ် – လူ အဖြစ်၌ လွှမ်းမိုး ထူးခြားချက်၊ ရဟန်းအဖြစ်၌ လွှမ်းမိုး ထူးခြားချက်တို့ မည်မျှစီ ရှိသည်ကို သုမနသုတ်လာတိုင်း သရုပ်နှင့်တကွ ရှင်းပြပြီးလျှင်/အောက်ပါ ဂါထာကိုလည်း ဖြည့်ခဲ့ပါ။

တထေဝ သီလသမ္ပန္နော ( ပ ) စာဂေန အတိရောစတိ။

( ၄ ) ပဓာနိယင်္ဂတရား, သဒ္ဓါတရားများ မည်မျှစီ ရှိသည်တို့ကို ရေတွက်ပြီးလျှင်/ ၎င်းသဒ္ဓါတို့၏ ထူးခြားပုံကို လည်းကောင်း ပဓာနိယင်္ဂသုတ်၌ ယူရမည့် သဒ္ဓါကိုလည်းကောင်း၊ အဋ္ဌကထာအာဘော်ကျ ရှင်းပြခဲ့ပါ။

( ၅ ) ဓမ္မဝိဟာရီပုဂ္ဂိုလ် မည်မျှရှိသည်တို့ သရုပ်ထုတ်ပြီးလျှင် စတုတ္ထအနာဂတဘယသုတ်လာ - သယနသန္နိဓိ, ဂန္ဓသန္နိဓိ – တို့ကိုလည်းကောင်း၊ ပဋိသမ္ဘိဒါပတ္တသုတ်လာ ဥစ္စကမ္မ, အဝစကမ္မ-တို့ကိုလည်းကောင်း အဋ္ဌကထာ ဋီကာ အာဘော်သွင်း၍ သိသာအောင် ရှင်းခဲ့ပါ။

( ၆ ) အမှုပြုလျှင် ကမ္မာရာမ – စကားပြောလျှင် ဘဿာရာမ– အများနှင့်နေလျှင် သင်္ဂဏိကာရာမ ဖြစ်တော့သည်ဟု မှတ်ရမည်လော၊ ၎င်းတို့၏ ပရိယန္တကို ဋီကာအာဘော်ကျ ရှင်းပြပြီးလျှင်/သမ္ဘဒါ နှစ်သုတ်လာ သမ္ဘဒါများကိုလည်း ဒေသနက္ကမ ရေးပြခဲ့ပါ။

( ၇ ) သာရဏီယဝဂ် ဘဒ္ဒကသုတ်လာ ကောင်းသော သေခြင်း - ကောင်းသော ကွယ်လွန်ခြင်းကို ပြုနိုင်သော ရဟန်းတို့၏ နေခြင်းကို အကျဉ်းချုပ် ဖော်ပြ၍/သံသဂ္ဂ သရုပ်ကိုလည်း ထုတ်ပြပြီးလျှင်/ နေထွက်သည် တိုင်အောင် အိပ်သော ရဟန်းတို့အား ဘုရားရှင် ပေးသော ကျင့်နည်းကို သောပ္ပသုတ်လာတိုင်း ပါဠိမျှ ရေးခဲ့ပါ။

(၈) အနုတ္တရိယဝဂ် သာမကသုတ်၌ ရဟန်းတော်တို့၏ ဆုတ်ယုတ်ကြောင်း - နတ်သားအလိုနှင့် ဘုရားရှင်အလိုကို ဖော်ပြပြီးလျှင်/ မဟာကစ္စာနသုတ်လာ အဘယ်ကို အဖန်ဖန်အောက်မေ့ခြင်းကို ဒေဝတာ အနုဿရတိ ခေါ်ဆိုသည်ဟု ရေး၍/ သင့်လျော်သောအခါ တရားနာခြင်း ဆင်ခြင်ခြင်း အကျိုး ၆ - မျိုးတို့တွင် တတိယမြောက် အကျိုးကိုသည်း မဟာဝဂ် ဖဂ္ဂုနသုတ်လာတိုင်း ရေးလိုက်ပါ။

(၉) ဒါရုကမ္မိကသူကြွယ်အား ဘုရားရှင် ဟောကြားတိုက်တွန်းတော်မူသည့် လျှုဒါန်းနည်းကို မြန်မာစကားပြေ ရေး၍/ ဖဿော ခေါ် အာဝုသော ဧကော အန္တော - ဟု ဟောတော်မူသော ပါရာယန မေတ္တေယျပဥှာ - ၌ ဖဿ - အရ ယူသင့်သည်ကို ထုတ်ပြပြီးလျှင်/ သက္ကာယဒိဋ္ဌိကို ပယ်ရန် မည်သည့်သညာကို ပွားများရမည် - ဟုလည်း ဖော်ပြပါ။

(၁၀) တိကဝဂ် ဥဒ္ဒစ္စသုတ်အရ အသံဝရ ဟူသည် အဘယ်အရာကို ခေါ်သည်ဟု ရေး၍/အနုသယဝဂ် ပုဂ္ဂလသုတ်လာ - ဥဘတော ဘာဂ ဝိမုတ္တ - ဝယ် ဥဘတော ဘာဂ အရကို အဝိပ္ပာယ်နှင့် တကွ ဖော်ပြပြီးလျှင်/ အရဟတ္တဖိုလ်သို့ ရောက်သော အနာဂါမ် မည်သည် မရှိပါဘဲလျက် အရဟတ္တပတ္တ အနာဂါမိနော ဟူသော အဋ္ဌကထာ စကားကိုလည်း ရှင်းပြပါ။

(၁၁) ဝဇ္ဇီသတ္တကဝဂ် ၄ - ခုမြောက်သုတ်လာ 'ယာဝကီဝဥ္စ ဘိက္ခဝေ နနိဒ္ဒါရာမာ ဘဝိဿန္တိ' - ၌ မည်သို့သော အိပ်စက်မှုကို နိဒ္ဒါရာမ - ခေါ်ဆိုသည်ဟု ရေး၍/မည်သည့်အကျိုးနှင့် စပ်သည်ကို ခွဲပြီး/ 'အာရညကေသု သေနာသနေသု သာပေက္ခာ ဘဝိဿန္တိ' စသည်ဖြင့် အာရညက သေနာသနကို ဘုရားရှင် ချီးကျူးကြောင်း လုံလောက်အောင် ဖော်ပြပြီးလျှင်/ ဒုတိယ ပရိဟာနိသုတ်လာ အဓိသီလေ န သိက္ခတိ - ၌ အဓိသီလ အရကိုလည်း ရေးခဲ့ပါ။

(၁၂) မဟာယညဝဂ် ဒုတိယအဂ္ဂိသုတ်လာ 'တေ မက္ခာနံ ဒမေန္တိ၊ တေ မက္ခာနံ သမေန္တိ၊ ကေ မတ္တာနံ ပရိနိဗ္ဗာပေန္တိ' ကို ကရိုဏ်းစွက်၍ အနက် ယောဇနာပြီးလျှင်/ မိဖ အိမ်ရှင် နှင့် အလှူခံ ရဟန်းတို့မှာ ပူလောင် စေတတ်သော သဘော မရှိပါပဲလျက် အဘယ့်ကြောင့် မီး ဟု ဟောတော်မူရကြောင်း ရှင်းပြ၍/ အဂ္ဂိ - အရ မုချအားဖြင့် ယူသင့်သည့် အရာကိုလည်း အကြောင်းပြ ဖြေဆိုပါ။

၁၀—မှတ်စီ။

# (ခ) တိပိဋကဓရ သဓာဘရေးဖြေ စာမေးပွဲ

## (၃) အင်္ဂုတ္တရနိကာယ (တတိယအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၀ - ခုနှစ်၊ တပို့တွဲလဆန်း ၁၁ - ရက်။ (၂၀ - ၁ - ၆၉)

---

(၁) အဋ္ဌကနိပါတ်၌ ဟောတော်မူအပ်သော မေတ္တာနိသံသ ၈ ပါး၊ သင်္ဂဟဝတ္ထု ၄-ပါး တို့၏ သရုပ်အဓိပ္ပာယ်ကို အကျဉ်းမျှ ရှင်းပြပြီးလျှင်/ ပညာသုတ်လာ အရိယတုဏှီဘာဝ တရားကိုလည်း အဋ္ဌကထာ ဋီကာနည်း အရ ခွဲပြခဲ့ပါ။

(၂) ကာရဏ္ဍဝသုတ်၌ အဘယ် ပုဂ္ဂိုလ်မျိုးကို အဘယ့်ကြောင့် သမဏဒူသီ, သမဏ ပလာပ, သမဏကာရဏ္ဍဝ - ဟု ဟောတော်မူသည်ကို ရှင်းပြ၍/ သံသပ္ပိစ (ပ) အဘိနိဗ္ဗ- ဋ္ဌယာထ နံ - ဟူသော ဂါထာကိုလည်း အနက် ယောဇနာခဲ့ပါ။

(၃) မလသုတ်၌ အဘယ့်ကြောင့် အနုဋ္ဌာန သည် အိမ်၏ အညစ်အကြေး ဖြစ်သည်၊ ကောသဇ္ဇ သည် ကိုယ်၏ အညစ်အကြေး ဖြစ်သည်တို့ကို ရှင်းလင်းပြီးလျှင် / ဒူတဓမ္မ ၈ - ပါးကိုလည်း ပါဠိတော် အစဉ်အတိုင်း ရေးသားခဲ့ပါ။

(၄) အသုရာ အကြီးအမှူးတို့ကား အသူတို့လေနည်း — မြတ်စွာဘုရားထံ သွားရန် ကြိုးစားရာ ၁၂ - နှစ်ကြာမှ သွားဖြစ်သူကား အသူလေနည်း — ထိုအခိုက် မြတ်စွာဘုရား အဘယ် အရပ်၌ သီးတင်းသုံး နေထိုင်တော်မူပါသနည်း— ကပ်ရောက်သော အချိန်ကား မည်သည့် အချိန်ပါနည်း —ဤအမေးများကို ဖြေကြားပြီးလျှင် / အဘယ် ပုဂ္ဂိုလ်တို့မှာ အဘယ်အား ရှိသည်ကိုလည်း ဗလသုတ် အရ ရှင်းခဲ့ပါ။

(၅) အနုရုဒ္ဓ မဟာဝိတက္က, ဗုဒ္ဓါဓိကိစ္စိတ မဟာဝိတက္က - တို့၏ အရေအတွက် သင်္ချာကို လည်းကောင်း-သန္တောသ, ဝိဝေက, သင်္ဂဏိက - တို့၏ သရုပ်ကိုလည်းကောင်း-ထုတ်ပြပြီး လျှင်/ ဒုတိယဒါန တသုတ်လုံးကိုလည်း အစအဆုံး ရေးခဲ့ပါ။

(၆) အောက်ပါ ပုဒ်များကို အနက်ပေး၍/ ဩဓိနိတ္ထ မလံ သဗ္ဗံ - ကို တဂါထာ ပြည့်အောင် ဖြည့်စွက် ရေးသားပြီးလျှင်/ သံခိတ္တသုတ်၌ ဝဋ္ဋ, ဝိဝဋ္ဋ - တို့တွင် အဘယ်ကို ဟောသည် — ဟု လည်း ညွှန်ပြခဲ့ပါ။

(က) အနုဋ္ဌာမာ နိဋ္ဌာမိ | (ဃ) အာယသမ္ပန္နံ
(ခ) အနုသယံ | (င) အပါယသမ္ပန္နံ
(ဂ) ဂမ္ဘီရသိတံ | (င) မရိယာဒသမ္ပန္နံ

(၇) မဟာဝဂ် သီဟနာဒသုတ်လာ 'ဗြဟ္မစက္ကံ ပဝတ္တေတိ' ၌ ဗြဟ္မစက္က အပြားကို အဓိပ္ပာယ်နှင့် တကွ ဖော်ပြ၍/ ဒသဗလဉာဏ်နှင့် သဗ္ဗညုတဉာဏ်ကို တူကြသည် - ထူးကြ

သည် ဟု ဝါဒန္တရဖြင့် ဝိနိစ္ဆယချပြီးလျှင်/အဓိဝုတ္တိပဒသုတ်လာ အဓိဝုတ္တိပဒ၏ အဘိဓေယျတ္ထကိုလည်း ပြည့်စုံစွာ ရေးခဲ့ပါ။

( ၈ ) ပဌမ မဟာပဉ္ဉာသုတ်လာ သဗ္ဗေ သတ္တာ အာဟာရဋ္ဌိတိကာ - ၌ အာဟာရ - အရ ပစ္စယကို ယူခဲ့လျှင် မည်သို့သော အကြောင်းဖြစ်ပြီး အဘယ်ကို ဆောင်သည်ဟု ဆိုထိုက်ကြောင်း ရေး၍/ ဥပါလိသုတ်လာ ဒိဋ္ဌဓမ္မိကအာသဝ - အရ ယူသင့်သည်ကို ရေးပြီး / အကိတ္တိ - နှင့် အယသ - တို့၏ ထူးခြားပုံကို ဖော်ပြပြီးလျှင်/အင်္ဂုတ္တရ ပဌမသုတ်လာ၌ ... 

( ၉ ) ကာမာ ဟိ ဘန္တေ အနိစ္စာ တုစ္ဆာ - စသော အင်္ဂုတ္တရသဝဂ် ဆဋ္ဌမြောက်သုတ်၌ တုစ္ဆ - အရ အဘယ်သာရမှ ကင်းဆိတ်သည်ဟု ရေး၍/ ယမကဝဂ် ကိုးခုမြောက်သုတ်လာ ဝိသိခါကထာ - ၌ ဝိသိခါ - အရ မုချ, ဥပစာ ခွဲပြပြီးလျှင်/ အာကင်္ခဝဂ် ပဌမသုတ်လာ အနိရာကတဇ္ဈာနေ - ကိုလည်း ဗျုတ်ရောက, အန္ဒယအားဖြင့် ပေါ်လွင်အောင် ရှင်းပြခဲ့ပါ။

( ၁၀ ) အာကင်္ခဝဂ် ငါးခုမြောက်သုတ်လာ ဒိဋ္ဌိယာ ပိ သုပ္ပဋိဝိဒ္ဓံ ဟောတိ - အရ ပညာဖြင့် သီလကို ဆေးကြောပုံ၊ သီလဖြင့် ပညာကို ဆေးကြောပုံတို့ကို ထင်ရှားအောင် ဖော်ပြ၍/ ဘုရားရှင်သည် ဥပါလိအား တောသို့ နေခွင့်မပြုပဲ သံဃအလယ်၌ နေရန်သာ တိုက်တွန်းတော်မူခြင်း၏ ရည်ရွယ်ချက်ကို ရေးပြီးလျှင် / ဧတ္တ စ သမ္မာဝိမုတ္တိပစ္စယာ စတုသင္ဂဟမှာ ဘာဝနာပါရိပူရိ ဂစ္ဆန္တိ - ၌ စတုသင်္ဂ သချုပ်ကိုလည်း ရေးပြပါ။

( ၁၁ ) ယာ စ စေတနာ ယာ စ ပတ္ထနာ ယော စ ပဏိဓိ ယေ စ သင်္ခါရာ၊ သဗ္ဗေ တေ ဓမ္မာ ဣဋ္ဌာယ ( ပ ) သုခါယ သံဝတ္တန္တိ - ဟူသော ဗီဇသုတ်၌ အနိယတ် ဝါကျကိုသာ အဋ္ဌကထာနှင့် အညီ အနက်ပေး၍/ မေတ္တာသုတ်လာ သုခံ သုပတိ - အရ သုပန လက္ခဏာ ၂ - မျိုးကို ရေးပြီးလျှင်/ကရဇသုတ်၌ အနာဂါမိတာယ သံဝတ္တ - အရ ယူရမည့် အနာဂါမ် အဖြစ်မျိုးကိုလည်း ညွှန်ပြပါ။

( ၁၂ ) ဇာနတာ ပဿတာ - တို့၏ အဓိပ္ပာယ်ကို အနုဿတိဝဂ် အဋ္ဌကနာဂရသုတ်လာတိုင်း ၃ - မျိုးထက်မနည်း ရေး၍ / အဘိဟဋ္ဌုံ ပဝါရေန္တိ - ၌ အဘိဟာရ သရုပ်ကို အဓိပ္ပာယ်နှင့် တကွ ဖော်ပြပြီးလျှင်/ ဘုရားရှင်သည် ရဟန်းတို့အား ရာဂကုန်အောင် မည်သည့် တရားများကို ပွားများခိုင်းသည် - ဟုလည်း ရာဂပေယျာလသုတ် လာတိုင်း ရေးခဲ့ပါ။

၁၀—မှတ်စီ

# (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) အင်္ဂုတ္တရနိကာယ (ပထမအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၃ - ခုနှစ်၊ တပို့တွဲလဆန်း ၆ - ရက်။ (၂၁-၁-၇၂)

---

(၁) အဘယ်အရာတို့သည် အာလပန ပစ္စာလပန အာဒိဘာသန ပစ္စာဘာသန နိဒါန ပဋိမဏ္ဍိတ သုတ္တနိက္ခေပ–ဖြစ်ကြသည့်တို့ကို အသီးသီး ရေးသားပြီးလျှင် / ရူပါဒိဝဂ်လာ စိတ္တံ ပရိယာဒါယ – ၌ အဘယ်စိတ်ကို အဘယ် ကဲ့သို့ ပရိယာဒါယ ပြုသည်ကိုလည်း ရှင်းလင်း ခဲ့ပါ။

(၂) နီဝရဏပ္ပဟာနဝဂ် - ၌ ဟောတော်မူအပ်သော ဥပ္ပန္နော ဝါ ကာမစ္ဆန္ဒော ဘိယျောဘာဝါယ ဝေပုလ္လာယ-၌ ကာမစ္ဆန္ဒ - ၏ ဥပ္ပန္န, ဘိယျောဘာဝ, ဝေပုလ္လ ဖြစ်ပုံတို့ကို လည်းကောင်း–အာရမ္ဘဓာတု, နိက္ကမဓာတု, ပရက္ကမဓာတု - တို့၏ ခြားနားပုံကိုလည်းကောင်း အဋ္ဌကထာ ဋီကာ အာဘော်ကျ ရေးပြပြီးလျှင် / အာရဒ္ဓဝီရိယ၏ စတုဒေါသ သရုပ်ကိုလည်း ထုတ်ခဲ့ပါ။

(၃) အစ္ဆရာ သင်္ဃာတဝဂ်လာ 'တံ အဿုတဝါ ပုထုဇ္ဇနော' ၌ တံ - အရ – အဿုတဝါ - အရ တို့ကိုလည်းကောင်း–ဗုဒ္ဓကိစ္စတို့၏ ကာလပရိယန္တများကို လည်းကောင်း ရေးသားပြီးလျှင်/ 'စိတ္တဘာဝနာ နတ္ထိ' ဟူသော ပါဠိတော်ကို 'စိတ္တဋ္ဌိတိ စိတ္တပရိဂ္ဂဟော' ဟု အဋ္ဌကထာဆရာ ဖွင့်ဆိုခြင်း၏ ရည်ရွယ်ရင်းကိုလည်း ဋီကာ အာဘော် သွင်း၍ ရှင်းခဲ့ပါ။

(၄) ကလျာဏ မိတ္တာဒိဝဂ် ဆဋ္ဌသုတ်လာ 'အပ္ပမတ္တိကာ သော ဘိက္ခဝေ (ပ) ပညာ ပရိဟာနိ' ၌ ပေယျာလကို ဖော်၍/ ပညာပရိဟာနိ - ၌ အဘယ်ပညာမှ ဆုတ်ယုတ်ခြင်းကိုဟောလိုရင်း ဖြစ်သည်ဟုလည်း အဋ္ဌကထာကိုမြွက်၍ အာဘော်ကျ ရေးသားခဲ့ပါ။

(၅) ဧတဒဂ္ဂဝဂ် ထေရပါဠိတော်၌ ၄၇ – သုတ် ရှိပါလျက် 'ဧကစတ္တာလီသ သုတ္တမတ္တာယ ထေရပါဠိယာ' ဟု အဋ္ဌကထာဆရာ မိန့်မှာခြင်းကို ရှင်းလင်းပြီးလျှင်/အနာထပိဏ်, စိတ္တသူကြွယ်, ဥဂ္ဂ, ဥဂ္ဂတ, သုရမ္ဗဋ္ဌ, သုဇာတာ, ဥတ္တရာ, သုပ္ပဝါသာ, ကာတိယာနီ, ကာဠီ - တို့ အသီးသီး ရသော ဧတဒဂ်များကိုလည်း ရေးသားခဲ့ပါ။

(၆) အပရ အစ္ဆရာ သင်္ဃာတ ဝဂ်လာ 'မရဏသညံ ဘာဝေတိ' ၌ မရဏ အဘယ်မျှ ရှိ၍ ဤနေရာ၌ အဘယ် မရဏ - ကို ယူရမည်၊ အနိစ္စေ ဒုက္ခသညံ ဘာဝေတိ ဒုက္ခေ အနတ္တသညံ ဘာဝေတိ - တို့၌ အဘယ်ကဲ့သို့ ပွားများရမည်၊ နိရောဓံ ဘာဝေတိ- ၌ အဘယ် နိရောဓကို ပွားများရမည် တို့ကို စုံလင်စွာ ဖော်ပြပြီးလျှင်/ဧကက နိပါတ် အဆုံးသုတ်ကိုလည်း ပါဠိသက်သက် စာနှစ်ကြောင်းခန့်မျှ ရေးပြခဲ့ပါ။

(၇) အမိကရဏဝဂ် ဆင္ဓသုတ်လာ 'ကောနုခေါ ဘောဂေါတမ ဟေတု ကော· ပစ္စယော' ဟူသော ပုစ္ဆာကား အဘယ်ပုစ္ဆာနည်း - ဟေတု ပစ္စယတို့၏ အတ္ထ တို့ကား အဘယ်တို့နည်း—ဤနေရာ၌ အဘယ် အတ္ထကို ယူရမည်နည်း— ဤအမေးများကို ဖြေကြားပြီးလျှင် / ကတတ္တာ စ ဗြာဟ္မဏ အကတတ္တာ စ ဟု ဇာတုဿောဏိ ပုဏ္ဏားအား ဖြေကြားရာ၌ မြတ်စွာဘုရား၏ နှလုံးသွင်းကိုလည်း အဋ္ဌကထာ, ဋီကာ အာဘော်ကျ ရှင်းပြခဲ့ပါ။

(၈) ကိန္နရာတို့ အဘယ်ကြောင့် လူစကား မပြောကြသည်၊ ကိန္နရာ လူစကား ပြောအောင် ပြုလုပ်သော မင်းကား အဘယ်မင်း ဖြစ်သည်၊ ကိန္နရာ သုံးဦးတို့ အဘယ်ကိုမြင်၍ အဘယ်စကား ပြောကြသည်—တို့ကို ပုဂ္ဂလဝဂ်လာ အပိုင်း ရေးသား၍/ ဗာလဝဂ်၌ လာသော 'အနာဂဟံ ဘာရံ ဝဟာသ်' အရ အဘယ် ဘာရတို့သည် အနာဂတ ဘာရ ဖြစ်သည်တို့ကိုလည်း အဋ္ဌကထာနည်း ဋီကာနည်း အစုံသွင်း၍ ရှင်းခဲ့ပါ။

(၉) ရထကာရဝဂ်လာ ပင်း သာရဏီယ – ရဟန်း သာရဏီယ များကို ထင်ရှားအောင် ရေးသားပြီးလျှင် / အဋ္ဌကထာ လာ 'စတုပါရိသုဒ္ဓိ သီလမ္ဗိ ပဗ္ဗဇ္ဇာ နိယျာဘ· မေဝ' ဟူသော စကား – 'ကသိဏ ပရိကမ္မ ဝိပဿနာ ဉာဏာနိ မဂ္ဂနိယျာတာနိ' ဟူသော စကား – တို့၌ နိယျာဘ ဖြစ်ပုံကိုလည်းကောင်း စေတောဝိမုတ္တိ, ပညာဝိမုတ္တိ - တို့၏ အရကောက်များကိုလည်းကောင်း ရေးသားခဲ့ပါ။

(၁၀) ဂေါပါလကပေါသထ၌ လာသော န မဟပ္ဖလော န မဟာနိသံသော နှင့် နိဂဏ္ဌ ပေါသထ - ၌ လာသော န မဟပ္ဖလော န မဟာနိသံသော တို့၏ အချင်းချင်း မည်သို့ ခြားနားသည်၊ နိဂဏ္ဌတို့သည် တပည့် သာဝက တို့ကို အဘယ်ကဲ့သို့ လိုက်နာ ကျင့်သုံးစေသည် တို့ကို ရှင်းလင်းပြီးလျှင် / နိဂဏ္ဌတို့၏ အောက်ပါ သိက္ခာပုဒ် ကိုလည်း နိဿယနက် ပြန်ဆိုခဲ့ပါ။

နာဟံ ကွစနိ ကဿစိ ကိဉ္စန တသ္မိံ၊ နစမမကွစနိ ကတ္ထစိ ကိဉ္စန တတ္ထိ။

(၁၁) သင်္ဂါယ လောကသ္မိံ ပဒေသပရာနိ (ပ) အတ္တာရိသော ဇာတိ ဇရန္တိ ပြုမိ ၎င်းဂါထာ၂ါ အလယ်နှစ်ပါဒကို ဖြည့်စွက်ပြီးလျှင်/သင်္ဂါယ - ၌ အဘယ်ဉာဏ်ဖြင့် ဆင်ခြင်သည်၊ ပရ – ဩပရတို့၏ တရားကိုယ်ကား အဘယ်တရားများ ဖြစ်သည်၊ ဖုဋ္ဌိကာသရုပ် အဘယ်မျှ ရှိသည်တို့ကို အဋ္ဌကထာ ဋီကာ အာဘော်သွင်း၍ ရှင်းခဲ့ပါ။

(၁၂) ပုညာဘိသန္ဒဝဂ် ပဉ္စမသုတ်လာ စတုပစ္စယ ပရိဘုဉ္စန ကာလကို အဋ္ဌကထာလာကိုင်း အသီးသီး ဖော်ပြပြီးလျှင်/ ဒုတိယသုတ်လာ သဒ္ဓါ သီလ တို့ကိုလည်း အဘယ် သဒ္ဓါ အဘယ်သီလတို့ ဖြစ်သည်ဟု ဋီကာ အာဘော်ကိုပါ သွင်း၍ ရှင်းခဲ့ပါ။

၁၀—မှတ်စီ။

# ( ခ ) တိပိဋကဓရ သဓာဘာရေးဖြေ စာမေးပွဲ

## ( ၂ ) အင်္ဂုတ္တရနိကာယ ( ဒုတိယအုပ် ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၃ - ခုနှစ်၊ တပို့တွဲလဆန်း ၈- ရက်။ ( ၂၃ - ၁ - ၇၂ )၊

---

( ၁ ) သေခပလဝဂ် သံခိတ္တသုတ်လာ ဗိုလ် နှင့် ဗလဝဂ် သံခိတ္တသုတ်လာ ဗိုလ်တို့ကို အသီးသီး ရေးသားပြီးလျှင် / အဘယ်ဗိုလ်ကို အဘယ်တရား၌ မှတ်အပ်သည် — သောတာပတ္တိယင်္ဂ တရားတို့သည် အဘယ်တရားများ ဖြစ်ကြသည်— ၎င်း နှစ်ဝဂ်ရှိ ဗိုလ်တို့၏ လဒ္ဓနာမ ဝိသေသ မည်သို့ ရှိကြသည်တို့ကိုလည်း ဒဋ္ဌဗ္ဗသုတ်လာ အတိုင်း အဋ္ဌကထာဝါဒ, ထေရဝါဒ နည်းစုံအောင် ပြခဲ့ပါ။

( ၂ ) ဇာတရူပ၏ ဥပက္ကိလေသ ငါးပါး— စိတ်၏ ဥပက္ကိလေသ ငါးပါး - တို့ကို ပါဠိတော် အစဉ်အတိုင်း ရေးသားပြီးလျှင် / လောဟဘေဒ မည်မျှရှိသည် - စိတ္တဿ ဥပက္ကိလေသာ - ၌ အဘယ်စိတ် ဖြစ်သည်—ဥပက္ကိလေသသည် လောကုတ္တရာ စိတ်အား ညစ်နွမ်းအောင် ပြုနိုင်သည် - မပြုနိုင်သည် တို့ကိုလည်း ရှင်းလင်းခဲ့ပါ။

( ၃ ) အတ္တစတုတ္ထဘတ်သည် အဘယ်ဘတ်မျိုး ဖြစ်သည် - အဘယ့်ကြောင့် အတ္တစတုတ္ထဘတ် ပင့်ရသည်—လင်အိမ်သို့ လိုက်ကြရမည့် အမျိုးသမီးများအား မြတ်စွာဘုရားက မည်သို့ သွန်သင် လိုက်သည်တို့ကို ဥဂ္ဂဟသုတ်လာ အတိုင်း ရှင်းပြပြီးလျှင် / န စာပိ သောတ္ထိဘတ္တာရံ ( ပ ) ပဋိပူဇေတိ ပဏ္ဍိတာ - ဟူသော ဂါထာကိုလည်း မြန်မာ ပြန်ဆိုခဲ့ပါ။

( ၄ ) မနာပဒါယီသုတ်လာ တံ မေ ဘဂဝါ ပဋိဂ္ဂဏှာတု၊ ပဋိဂ္ဂဟေသိ ဘဂဝါ-၌ အဘယ် ဒါယကာ လျှောက်ထားသည်- ဤနေရာ၌ ပဋိဂ္ဂါဟကပုဂ္ဂိုလ် အဘယ်မျှရှိသည် တို့ကိုလည်းကောင်း သာလပုပ္ဖကခါဒနီယ သမ္ပန္န ကောလက သူကရမံသ နိဗ္ဗတ္တတေလက နာလိယသာက ဝေါနကတ္တတ ပဋလိကတ္ထာဘ - တို့၏ အရများကိုလည်းကောင်း ရေးသားပြီးလျှင် / မအပ်သော စန္ဒကူးထိုင်ခုံ လျှုဒါန်းရာ၌ မြတ်စွာဘုရား မည်သို့ ပြုစေတော်မူသည်ကိုလည်း ရှင်းခဲ့ပါ။

( ၅ ) ပဌမ ဓမ္မဝိဟာရီသုတ်၌ ဟောတော်မူအပ်သော ဓမ္မံ ပရိယာပုဏာတိ - ၌ အဘယ် ဓမ္မ—အနုယုဥ္စတိ အဇ္ဈတ္တံ - ၌ အဘယ် အဇ္ဈတ္တ— ဈာယထ ဘိက္ခု - ၌ အဘယ်ဈာန် - ဟု ရှင်းလင်းပြီးလျှင် / စတုတ္ထ အနာဂတဘယ သုတ်လာ အနာဂတ်ဘေး ငါးပါးကိုလည်း သိသာရုံ ရေးသားခဲ့ပါ။

( ၆ ) ဆက္ကနိပါတ် အာဟုနေယျဝဂ်လာ အနုတ္တရိယ ၆ ပါးကို အဓိပ္ပာယ်နှင့် တကွ ပါဠိတော် အစဉ်အတိုင်း ရေးသားပြီးလျှင် / အာဟုနေယျဝဂ်၏ တဿုဒ္ဒါနကိုလည်း အနက်အဓိပ္ပာယ် အဖက် ဂါထာသက်သက် ရေးခဲ့ပါ။

(၇) မည်ကဲ့သို့ ပြုမူလျှင် ကာယကံမေတ္တာ ဖြစ်သည် - ပတ္တဂတံ နှ ခီယတိ - အရ မည်သူ ဖြစ်ဘူးသည် - အဂ္ဂဘဏ္ဍာ ပါပုဏာတိ - ၌ အဘယ့်ကြောင့် အကောင်းကို ရသည် - သာရဏီယဓမ္မ - ကို ဖြည့်ကျင့်ပြီး ဖြစ်သော ဘိက္ခုနီမသည် အဘယ်သူ ဖြစ်သည် - အပ္ပဋိဝိဘတ္တ ဘောဂီ - အရ အဘယ်အရာကို ခွဲခြားမှု မပြုဘဲ သုံးဆောင်ရမည် - ဒုဿီလအား မပေးဘဲ သုံးဆောင်လျှင် သာရဏီယ ကျင့်ဝတ် ပျက်သည် - မပျက် - သည်တို့ကို ပဌမ သာရဏီယသုတ်လာ အတိုင်း ရှင်းခဲ့ပါ။

(၈) ကာမရာဂဗျာပါဒ ထိန မိဒ္ဓ ဥဒ္ဓစ္စ ကုက္ကုစ္စ ဝိစိကိစ္ဆာ - တို့ကို ပယ်ရန်အတွက် အဘယ် တရားများသည် အသင့်လျော်ဆုံး ဖြစ်သည် - ဟု ပဌမ သမယ သုတ်လာအတိုင်း အသီးသီး ရှင်းပြပြီးလျှင် / ဒုတိယသမယသုတ်၌ လာသော မဏ္ဍလမာဠကား အဘယ် အရာဌာန ဖြစ်သည်၊ စာရိတ္တကိလမထ ဘတ္တကိလမထ - တို့ကား အဘယ် ကိလမထမျိုး တို့ ဖြစ်ကြသည်ကိုလည်း အဋ္ဌကထာ ဋီကာ အာဘော်မိအောင် အတိအကျ ရေးခဲ့ပါ။

(၉) သီတဿ - ၌ အဘယ် သီတ၊ ဥဏှဿ - ၌ အဘယ် - ဥဏှ၊ နှ မဒါယ - ၌ အဘယ် မဒ ဟု အသီးသီး ညွှန်းပြပြီးလျှင် / နေဝ ဒဝါယ နှ မဒါယ နှ မဏ္ဍနာယ နှ ဝိဘူသနာယ - ဟု ဆင်ခြင်ခြင်းသည် အဘယ် တရားတို့ကို ပယ်ခြင်းငှာ ဆင်ခြင် ရပါ သနည်း - ဟူသော အမေး စကားများကိုလည်း ဖြေကြားခဲ့ပါ။

(၁၀) အနိစ္စာနုပဿီ သုတ်လာ အာဟုနေယျပုဂ္ဂိုလ် ၇ - ပါး သရုပ်ကို ပါဠိတော် ဟောစဉ်အတိုင်း ထုတ်ပြပြီးလျှင် / သမသီသိ ပုဂ္ဂိုလ် အမျိုးအစား မည်မျှရှိ၍ ဤနေရာ၌ အဘယ် သမသီသိပုဂ္ဂိုလ်ကို အလိုရှိအပ်သည် - သိသ ၁၃ ပါး အနက် ကိလေသသိသနှင့် ပဝတ္တသိသ - ကို အဘယ်များက ကုန်စင်စေသည် တို့ကိုလည်း အသီးသီး ရှင်းခဲ့ပါ။

(၁၁) အဘယ်သူထံမှ နည်းရ၍ အပရိဟာနိယ တရားကို ဝဇ္ဇီ တို့ လိုက်နာ ကျင့် ဆောင်ကြသည် - အဘယ် အာဿသကြောင့် အဇာတသတ်သည် ဝဇ္ဇီ တို့ကို စစ်တိုက် လိုသည် - ဘဂဝန္တံ ဗိဇယမာနော - ၌ အဘယ်ကို အဦးမူ၍ ယပ်ခတ်ပေးသည် - တို့ကို ရှင်းပြ ပြီးလျှင် / ဝဿကာရပုဏ္ဏားကြီး ပရိဟာနိယ နည်းယူမည်ကို သိတော်မူလျက် အဘယ် ကြောင့် အပရိဟာနိယ တရားကို ရှင်အာနန္ဒာအား ပြောကြားပါသနည်း - ဟူသော အမေး စကားကိုလည်း ဖြေကြားခဲ့ပါ။

(၁၂) အည်းကပ်ထိုက်သော ပိယ မနာပ ပုဂ္ဂိုလ်၏ လက္ခဏာများကို အပြည့်အစုံ ရေးသားပြီးလျှင် / ဒုတိယ မိတ္တသုတ်လာ ဂမ္ဘီရဉ္စ ကထံ ကတ္တာ - ၌ အဘယ်စကားသည် ဂမ္ဘီရ ဖြစ်သည်ကိုလည်း အဋ္ဌကထာ မြွက်၍ အာဘော်ကျ ရှင်းခဲ့ပါ။ ၁၀ - မှတ်စီ

# ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## ( ၃ ) အင်္ဂုတ္တရနိကာယ ( တတိယအုပ် ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၃ - ခုနှစ်၊ တပို့တွဲလဆန်း ၁၀ - ရက်။ (၂၅-၁-၇၂)

---

( ၁ ) အဋ္ဌကနိပါတ် မေတ္တာသုတ်၌ ဝါစာပေယျ ဝါဇပေယျ-တို့ မည်သို့ရှိရမည်-၎င်းတို့တို့၏ အဓိပ္ပါယ်ကို မည်သို့မှတ်ရမည် တို့ကို ရှင်းလင်းပြီးလျှင်/အဘယ်တရားတို့နှင့် ပြည့်စုံသော ရဟန်းသည် သီတင်းသုံးဘော်တို့ မချစ် မနှစ်သက်အပ်သော ရဟန်း ဖြစ်သည်ကိုလည်း အပွိယ နှစ်သုတ်အရ ရေးပြခဲ့ပါ။

( ၂ ) အနုပုဗ္ဗိကထာ မည်မျှရှိသည် – အနုပုဗ္ဗိကထာ - ကို ပါဠိတော်၌ အဘယ်ကြောင့် ဤသို့ စဉ်ဘော်မှုသည်တို့ကို သီဟသုတ်လာ အတိုင်း ရေးသားပြီးလျှင် / ကလ္လစိတ္တန္တိ အရောဂစိတ္တံ - ၌ အဘယ်ရောဂါ အဘယ်စိတ်၊ ဓမ္မစက္ခုံ - ၌ အဘယ်စက္ခု - တို့ ဟူ၍လည်း အဋ္ဌကထာ ဋီကာ အာဘော်ကျ ရှင်းပြခဲ့ပါ။

( ၃ ) အဿာဇာနီယသုတ်၌ ဟောတော်မူအပ်သော ကူဋ ဇိမှ ဝက် - တို့၏ ကောက်ပုံသုံးမျိုးကို ရေးသားပြီးလျှင်/အဘယ်တရားသည် အဘယ်၏ အညစ်အကြေး ဖြစ်သည်ကိုလည်း မလသုတ်လာအတိုင်း အသီးသီး ရှင်းလင်းခဲ့ပါ။

( ၄ ) ပဟာရာဒသုတ်လာ အိုင်ကြီး ၇-အိုင်၊ တောင်ထွဋ် ၅-လုံး၊ အနံ့ ၁၀-မျိုး၊ အနဝတတ်အိုင်၏ပြွန်ပေါက်ဝ ၄ - ခု တို့၏ အမည်များကို ရေးသားပြီးလျှင်/အဋ္ဌပဟာရာဒဋ္ဌမသို့ ဓမ္မဝိနယေ - ၌ အစ္ဆရိယဓမ္မ ၈-မျိုးသာ ရှိ၍ ဟောတော်မူပါသလော - ဘုရားရှင်၏ နှုတ်ပိုးသွင်းကား အဘယ်ပါနည်း–ဟူသော အမေးစကားကိုလည်း ဖြေကြားခဲ့ပါ။

( ၅ ) ဘယာဒါနံ ဒေတိ - ၌ အဘယ် - ဘယ၊ ဝေးပြအား ကြောက်ရှုံ၍ ပေးရာ၌ အမှုမြောက်-မမြောက်၊ စိတ္တာလင်္ကာရ စိတ္တပရိက္ခာရတ္ထံ ဒါနံ ဒေတိ-၌ အဘယ်စိတ် အဘယ်လင်္ကာရ၊ ဤပဋ္ဌမဒါနသုတ်၌ အဘယ်ဒါနသည် ဥတ္တမဒါန ဖြစ်သည်တို့ကို ဝိုလင်စွာ ဖော်ပြပြီးလျှင်/အဒါနံ ဒန္တဒူသကံ ပုဒ်၏ အဓိပ္ပါယ်ကိုလည်း ဆိုလိုရင်း ပေါ်အောင် ဋီကာပြော်၍ ရှင်းခဲ့ပါ၊

( ၆ ) ပဌမလောက - ၂ - သုတ်သည် ထပ်တူထပ်မျှ ဖြစ်ပါလျက် အဘယ်ကြောင့် နှစ်ခါ ထပ်၍ ပါဝင်နေသည်–ဣဓ လောက ဝိဇယ ပဋိပန္န လေးပါး၊ ပရလောက ဝိဇယ ပဋိပန္န လေးပါးတို့ကား အဘယ်တရားများ ဖြစ်ကြသည်–သုသံဝိဟိတ ကမ္မန္တ - ကား အဘယ် အပြုအမူမျိုးဖြစ်သည် တို့ကို အဋ္ဌကထာ ဋီကာ အာဘော်ကျ ရေးပြီးလျှင်/ဝိဇယပဋိပန္န

တရား ရှစ်ပါးသာ ရှိပါလျက် သောဠသာကာရ သမ္ပန္နာ - ဟု ဟောတော်မူပုံကိုလည်း သိသာရုံ ရှင်းခဲ့ပါ။

(၇) ပရိသတ် မည်မျှရှိ၍ အဘယ်သူတို့ ဖြစ်ကြသည် - ၎င်း ပရိသတ်၌ မြတ်စွာဘုရား မည်သည့် အသွင်ဖြင့် တရားဟောသည် - သံဗုဒ္ဓ နှင့် ဗြဟ္မာတို့သည် မာဂဓဘာသာ ပြော ချင်း တူကြပါလျက် ဘာသန္တရံ-ဟု အဋ္ဌကထာ ဖွင့်ဆိုခြင်းသည် အဘယ်ကို ရည်ရွယ် သည်တို့ကို ပရိသာသုတ်သာအတိုင်း ရှင်းပြပြီးလျှင်/အောက်၂ါဂါထာကိုလည်း ပေယျာလ ဖော်၍ နိဿယနက် ပြန်ဆိုခဲ့ပါ။

တုလမတုလဉ္စ သမ္ဘဝံ (ပ) အဘိန္ဒိကဝစမိ ဝတ္တာသမ္ဘဝံ။

(၈) မေဃိယသည် ဥယျာဉ်၌ ထိုင်နေစဉ် အကုသိုလ်ဝိတက် ၃-ပါး ဖြစ်ပေါ်လာ ခြင်းအကြောင်းကို သမာနဝါဒ အပရေဝါဒ နည်းစုံပြပြီးလျှင်/ရာဂ ဗျာပါဒဝိတက် မာန-တို့ကို ပယ်ခြင်းငှာ အဘယ်တရားများကိုပွားများရမည်ဟုလည်း အသီးသီး ရှင်းခဲ့ပါ။

(၉) ဒသကနိပါတ် အပ္ပမာဒသုတ်လာ အပ္ပမာဒ ဥပမာန ၁၀-ပါးကို ပါဠိတော် အစဉ်အတိုင်း ထုတ်ပြပြီးလျှင်/ကာရကအပ္ပမာဒသည် အဘယ်အပ္ပမာဒမျိုး ဖြစ်သည်- အဂ္ဂမက္ခာယတိ-၌ အဂ္ဂ - မည်မျှ ရှိ၍-ညွှန်ရာ၌ အဘယ် အဂ္ဂ ကို ယူရမည်- မြတ်လေး ပန်းကို လက်တွေ့စမ်းသော မင်းကား အဘယ်မင်း ဖြစ်သည်-တို့ကိုလည်း ရှင်းခဲ့ပါ။

(၁၀) အဘယ်မှုသည် ဥစ္စကမ္မ၊ အဘယ်မှုသည် အဝစကမ္မ ဖြစ်သည် - အဘယ်တရား များသည် ဓမ္မ, အဘိဓမ္မ, ဝိနယ, အဘိဝိနယ-တို့ ဖြစ်ကြသည် - တို့ကို ရှင်းပြပြီးလျှင်/ ကုသလေသု ဓမ္မေသု - ၌ အဘယ် ကုသိုလ်တို့ဟုလည်း ပဋ္ဌာနဒထသုတ် အရ ရေးပြခဲ့ပါ။

(၁၁) နာရာယနသယ်ာတဗလ ဟူသည် အဘယ်ဗလမျိုးဖြစ်သည်-ဥသဘ, ဝသဘ, နိသဘ-တို့ အဘယ်သို့ ခြားနားကြသည်-ပါကဋ္ဌာနသည် အဘယ် အရာတို့ ဖြစ်ကြသည်- လောကအရ အဘယ် လောက ဖြစ်သည်-တို့ကို သိဟနာဒ သုတ်အတိုင်း ရှင်းလင်းပြီး လျှင်/မဟာဝဂ် ကာဠိသုတ်လာ အောက်ပါ ဂါထာကိုလည်း ပြည့်ခဲ့ပါ။

အတ္ထဿ ပတ္တိံ ဟဒယဿ သန္တိံ (ပ) သခိ န သမ္ပဇ္ဇတိ ကောနစိ မေ။

(၁၂) ဗျသန အပြား သချာအားဖြင့် မည်မျှရှိသည်-အဘယ် ပုဂ္ဂိုလ်မျိုးတို့သည် ပျက် စီးကြရသည်-ဓာတုတ္ထမြောက်ကား အဘယ် ဗျသနဖြစ်သည်-တို့ကို ဗျသနသုတ်လာ အတိုင်း ရှင်းလင်း၍/ မိဂသာလာသုတ်လာ ပုထုဇဉ် သီလပျက်ကြောင်း တရားများ-သဒ္ဓသုတ် လာ ဈာယတိ, ပဇ္ဈာယတိ, နိဇ္ဈာယတိ, အဝဇ္ဈာယတိ-တို့၏ ထူးခြားချက်များကိုပါ ရေးသားခဲ့ပါ။

၁၀ - မွတ်စီ

# (ခ) တိပိဋကစရ သဘောရေးဖြေ စာမေးပွဲ

## (၁) အင်္ဂုတ္တရနိကာယ (ပထမအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၄ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ဂ - ရက်။ (၂၆ - ၁ - ၇၃)

(၁) အဒန္တဝဂ်လာ အဒန္တ, အဂုတ္တ, အသံဝုတ- တို့၏ ဥပမာနတို့ကား အဘယ်အရာများ ဖြစ်ကြသည်-အရက္ခိတ ရက္ခိတ - တို့ကို အဘယ် အဇ္ဈာသယဖြင့် ဟောတော်မူသည်-ဝီရိယာ ရမ္ဘာဒိဝဂ် အပ္ပိစ္ဆတာ အရာဝယ် တယော ကုလပုတ္တာဝိယ - ဟု အဋ္ဌကထာ ပြရာ၌ အဘယ် ကုလပုတ္တတို့ ဖြစ်ကြသည်-တို့ကို အသီးသီး ဖော်ပြပြီးလျှင်/ ဥဗ္ဗာမ သေနာသန ကို လက်ခံက ယထာသာရုပ္ပသန္တောသ ဖြစ် - မဖြစ်ကိုလည်း စိစစ်ခဲ့ပါ။

(၂) ကလျာဏမိတ္တာဒိဝဂ်လာ စတုက္ကောဋိက ပါဠိသရုပ်ကို ထုတ်ပြပြီးလျှင် / စတုက္ကောဋိကေ ဝုတ္တနယမေဝ ဟူသော အဋ္ဌကထာ အရ အဘယ်၌ ဆိုအပ်ခဲ့ပြီးသည်- ဇေ၀ံ ပရိယောသာနသုတ္တေ အာဂတနယံ ဂဟေတွာ - ဟူသော ဋီကာအရ အဘယ် အဆုံး သုတ် ဖြစ်သည်- ကိုလည်း ရှင်းခဲ့ပါ။

(၃) မြတ်စွာဘုရားသည် အလုံးစုံသော သတ္တဝါတို့၏ အကျိုးငှာ ပွင့်တော်မူသည် ဖြစ်၍ အတ္ထာယ, ဟိတာယ, သုခါယ, သဗ္ဗသတ္တာနံ - ဟု ဟောတော်မူလျှင် ပြီး ကောင်းပါလျက် ဧကပုဂ္ဂလဝဂ်၌ အဘယ့်ကြောင့် ဒေဝမနုဿာနံ - ဟု ဟောတော်မူပါ သနည်း - ဟူသော အမေးစကားကို အဋ္ဌကထာ အာဘော်ကျ ရေးသားပြီးလျှင်/ တထာ ဂတော - ပုဒ် အဖွင့် အဋ္ဌကထာ၌ လာရှိသည့် အတိုင်း ပဥ္စမဟာပရိစ္စာဂ သရုပ်ကိုလည်း အပြည့်အစုံ ထုတ်ခဲ့ပါ။

(၄) တေဒဂ် ပေးခြင်း၏ အကြောင်း လေးပါးတို့ အနက် အရှင်အညာသိကောဏ္ဍည အား အဘယ် အကြောင်းကြောင့် အဘယ် တေဒဂ်ကို ပေးသည် - အရှင်အာနန္ဒာ၏ ပယ်ဆု လေးတန်, ပန်ဆု လေးသွယ်တို့ကား အဘယ် အရာများ ဖြစ်ကြသည်တို့ကို ရေး သားပြီးလျှင်/အောက်ပါတေဒဂ်ရပုဂ္ဂိုလ်တို့၏ အရေအတွက်ကိုလည်း ဂဏန်းမျှထိုးပြခဲ့ပါ။

(က) ဘိက္ခု (ခ) ဘိက္ခုနီ

(ဂ) ဥပါသက (ဃ) ဥပါသိကာ

(၅) ဘဝန္တရဂတ ဖြစ်သော အရိယာသည် ရောက်ရာဘဝ၌ မိမိကိုယ်ကို အရိယာမှန်း သိ - မသိကို လည်းကောင်း- ဒိဋ္ဌိသမ္ပန္နော ပုဂ္ဂလော အရဟန္တံ ဇီဝိတာ ဝေါရောပေယျ - ၌ အဘယ် အရဟန္တာ ဖြစ်သည်ကိုလည်းကောင်း– ဇနိကာဝ မာတာ၊ ဇနကောဝ ပိတာ - ဟု အဋ္ဌကထာ ဖွင့်ဆိုရခြင်းကိုလည်းကောင်း– အရိယာသည် မည်သည့် ဇီဝိတိန္ဒြေကိုမျှ မချပါ ဘဲလျက် မာတရံ ပိတရံ အရဟန္တံ ဇီဝိတာ ဝေါရောပေယျ - ဟု ဟောတော်မူခြင်းကို လည်းကောင်း- ရှင်းခဲ့ပါ။

**( ၆ ) ဣတ္ထိတို့ မရအပ် မရောက်အပ်သော ဥတ္တမဌာန မည်မျှ ရှိသည်- အဘယ်ကြောင့် မရ မရောက်အပ်သည်-တို့ကို** အဋ္ဌကထာ အလိုကျ ဖြေဆိုပြပြီးလျှင် / ကေမမ္မပ်ါဠိ ပဌမဝဂ်လာ ကောဓမ္မော - ကား အဘယ် ဓမ္မဖြစ်သည် - ကေန္တ နိဗ္ဗိဓာယ ဝိရာဂါယ နိရောဓာယ ဥပသမာယ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ - တို့၏ အတ္ထကား အဘယ် အရာများ ဖြစ်ကြသည် – တို့ကိုလည်း အဋ္ဌကထာ အာဘော်သွင်း၍ ရှင်းခဲ့ပါ။

( ၇ ) ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ကြောင်း မည်မျှ ရှိသည် – ဝတ္ထုဝိသဒကိရိယာ - ၌ အဘယ် အရာကို ဝတ္ထု ဟု ခေါ်ဆိုသည် – ဘယ်အခါ အဇ္ဈတ္တိက ဗာဟိရဝတ္ထု တို့ အဝိသဒဘာဝ ဖြစ်သည် - တို့ကို ရေးသားပြီးလျှင် / ဣန္ဒြိယသမတ္တ ပဋိပါဒန ဖြစ်အောင် မည်သို့ မည်ပုံ ပြုလုပ်ရမည်-တို့ကိုလည်း အဋ္ဌကထာ ဋီကာမြွော်၍ အာဘော်ကျ ရှင်းခဲ့ပါ။

( ၈ ) အပရအစ္ဆရာသင်္ဃာတဝဂ်၌ ဟောတော်မူအပ်သော မဂ္ဂင်တို့၏ လက္ခဏာ အသီးသီးကို ရေးသားပြီးလျှင် / ကာယဂတာ သတိဝဂ် ဒုတိယသုတ်၌ ဟောတော်မူအပ်သော မဟာသံဝေဂ မဟာအတ္ထ မဟာယောဂက္ခေမ - တို့ကား အဘယ်တရားများ ဖြစ်ကြသည် တို့ကိုလည်း အဋ္ဌကထာနည်း ဋီကာနည်း အစုံသွင်း၍ ရှင်းလင်းခဲ့ပါ။

( ၉ ) အမတဝဂ်၌ ဟောတော်မူအပ်သော ပရိဘုဉ္ဇန္တိ ဟူသော ပါဠ်၏ ပရိဘုဉ္ဇနာကာရကိုလည်းကောင်း-၎င်းသုတ်၌ လောကီနှင့် လောကုတ္တရာ ရောစပ် ဟောတော်မူခြင်းကိုလည်းကောင်း ပဌမသုတ်၌ ပမာဒိံသု ဟု အတိတ်ဝိဘတ်ဖြင့် ဟောတော်မူခြင်းကိုလည်းကောင်း- ရှင်းလင်းပြပြီးလျှင် /၎င်း အမတဝဂ်၏ အဆုံးသုတ်ကိုလည်း ပါဠိသက်သက်ထုတ်ရေးခဲ့ပါ။

( ၁၀ ) ဒုကနိပါတ် သမာပတ္တိဝဂ်၌ ဟောတော်မူအပ်သော သမာပတ္တိကုသလတာ သမာပတ္တိဝုဋ္ဌာနကုသလတာ - တို့ အရ အဘယ်ကဲ့သို့ လိမ္မာ ကျွမ်းကျင်သည်ကို ဖော်ပြပြီးလျှင်/ကောဓပေယျာလ၌ လာသော ကောဓ, ဥပနာဟ, မက္ခ, ပလာသ, ဣဿာ, မစ္ဆရိယ မာယာ, သာဌေယျ-တို့၏ လက္ခဏာများကိုလည်း အဋ္ဌကထာလာတိုင်း ရေးသားခဲ့ပါ။

( ၁၁ ) ဗြဟ္မာပြည်၌ တည်လျက် လူ့ပြည်က ကြားအောင် တရား ဟောနိုင်သော သာဝကသည် အဘယ်ဘုရား၏ အဘယ် သာဝကဖြစ်သည် – စူဠနိကာ လောကဓာတ် မဇ္ဈိမိကာ လောကဓာတ် မဟာလောကဓာတ် - တို့၏ အကျယ်ပမာဏ မည်မျှစီ ရှိကြသည် - တိသဟဿီ မဟာသဟဿီ လောကဓာတ်သို့ ပြန့်နှံ့သော ပရိသတ်သည် အဘယ်ပရိသတ်တို့ ဖြစ်ကြသည် – တို့ကိုလည်း စူဠနိကာသုတ် အရ ထုတ်ပြ ရှင်းလင်းခဲ့ပါ။

( ၁၂ ) ဝိဘတ္တိသုတ်လာ အာစိက္ခာမိ ဒေသေမိ ပညာပေမိ ပဌပေမိ ဝိဝရာမိ ဝိဘဇာမိ ဥတ္တာနီကရောမိ - တို့ အချင်းချင်း အဘယ်သို့ ထူးခြားပါသနည်း – ဟူသော အမေးစကားကို ဖြေကြားပြီးလျှင် / မည်သူမျှ အာမ မခံနိုင်သော တရားများကိုလည်း ပါဠိ ဘောဂသုတ် အရ ထုတ်ပြခဲ့ပါ။

၁၀ -- မှတ်ဆိ

## (ခ) တိပိဋကဓရ သဓ္ဓာဘာ ရေးဖြေ စာမေးပွဲ

### (၂) အင်္ဂုတ္တရနိကာယ (ဒုတိယအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း
### ၁၃၃၄ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၀ - ရက်။ (၂၀-၁-၇၃)

---

(၁) သမ္မာဒိဋ္ဌိက္ခယဂါမိနီ နှင့် ဒိဋ္ဌိက္ခယဂါမိနီ နှစ်ပါးတို့ တူသလော-ထူးသလော တူလျှင်အဘယ်သို့ တူသည့်-ထူးလျှင် အဘယ်သို့ ထူးသည်-တို့ကို ဝိဘတ္တသုတ်လာ အတိုင်း ရှင်းပြပြီးလျှင်/ အကုသိုလ်တရား မဖြစ်ပွားရအောင် ဟန့်တားနိုင်သော တရားများကို လည်း သမာပတ္တိသုတ်အရ ထုတ်ပြခဲ့ပါ။

(၂) ကာလဒါနဟူသည် အဘယ်ကာလ၌ လှူဒါန်းသော ဒါနမျိုးဖြစ်သည်-ကာလ ဒါန အပြား မည်မျှရှိသည်—တို့ကို သရုပ်ထုတ်ပြီးလျှင် / ပဉ္စမမြောက် ကာလဒါန၏ ဒါတဗ္ဗ ဝတ္ထုကား အဘယ် ဝတ္ထုပါနည်း—ပဌ္ဌဂ္ဂါဟကကား အဘယ်သူပါနည်း ဟူသော အမေး စကားများကိုလည်း အဋ္ဌကထာ အာဘော်ကျ ရေးပြခဲ့ပါ။

(၃) ပညာယ ဒုဗ္ဗလီယရဏာ-၌ အဘယ်ပညာကို အဘယ်တရားက အားနည်း အောင်ပြုသည်—ဉာဏ်နေရာ၌ မနုဿဓမ္မ-သည် အဘယ်ဓမ္မဖြစ်သည်-အလမရိယ ဉာဏဒဿန ဝိသေသံ-၌ အဘယ်ကို ဝိသေသပြုသည်-အဘယ်အရာကို နှင်သမှုခေါ်ဆိုသည်-တို့ ကို အာဝရဏ သုတ်လာအတိုင်း အဋ္ဌကထာ ဋီကာ အာဘော်စုံ သွင်းပြီး ရှင်းခဲ့ပါ။

(၄) နိရူပဓိ-အရ ဥပဓိ မည်မျှရှိသည်-ရင်း ဥပဓိများသည် အဘယ် တရားတို့၏ တည်ရာဖြစ်သည်—တို့ကို အတိုက် ပဗ္ဗဇိတဘိဏှသုတ်အရ ဝေဘန်ပြပြီးလျှင် / သဒ္ဓေ မဓေ အဘိဒေါ့ သို့-၌ ဓဒ ဘေဒ-နေကွမံ ဒဋ္ဌဓေမတော-၌ အဘယ် နိက္ခမ— ဗြဟ္မစရိယပရာယဏော-၌ အဘယ်ဗြဟ္မစရိယ-တို့ ဟူ၍လည်း အသီးသီး ရှင်းခဲ့ပါ။

(၅) ဥက္ကိဋ္ဌာလိဿော-၌ အဘယ်ပလိဿ— သံကိဏ္ဏပရိခေါ-၌ အဘယ်ပရိခ—အဗ္ဗူဠှ- ဧသိကော-၌ အဘယ်ဧသိက— နိရဂ္ဂဠော-၌ အဘယ်အဂ္ဂဠ— ပန္နဒ္ဓဇော-၌ အဘယ် ဓဇ—ပန္နဘာရော-၌ အဘယ်ဘာရ-ဟု ရေးပြပြီးလျှင် / စောရနဂရ, ခေမနဂရ-ဟု အဋ္ဌကထာဆရာ ဘင်စားထားသည့် မြို့များကိုလည်း ပဌမ စေတောဝိမုတ္တိဖလသုတ် အရ ထုတ်ပြခဲ့ပါ။

(၆) အနာဂတဘယ သုတ်၌ အဘယ် ဘေးများ ဖြစ်ကြသည်တို့ကို ပါဠိတော် အစဉ်အတိုင်း အသီးသီး ရေးသားပြီးလျှင် / ကတကမ္မပုဂ္ဂိုလ် အကတကမ္မ ပုဂ္ဂိုလ်တို့၏

ခြားနားပုံကိုလည်းကောင်း-ဝီရိယံ အာရဘာမိ ·၌ ဝီရိယ အပြားကိုလည်းကောင်း – ရေးသားခဲ့ပါ။

(၇) သီလဝန္တသုတ်၌ ဟောတော်မူအပ်သော သီလကား အဘယ်သီလ – ဗဟုဿုတကား အဘယ်ဗဟုဿုတ— ဝါစာကား အဘယ်ဝါစာ— ဈာနကား အဘယ်ဈာန် · တို့ဖြစ်သည်ကို ဖော်ပြပြီးလျှင်/ကသုဓဝဂ် ပဌမ သမ္ပဒါ- တသုတ်လုံးကိုလည်း အစအဆုံးရေးခဲ့ပါ။

(၈) အသန္တဝဝိဿာသိ, အနိဿရဝိကပ္ပီ, ဝိဿဋ္ဌုပသေဝီ, ဥပကဏ္ဏကဇပ္ပီ · တို့၏အဓိပ္ပာယ်ကို အနုကဝိန္ဒဝဂ် ပဌမ သုတ်လာအတိုင်း ရှင်းပြပြီးလျှင်/ စိတ္တံ ကတ္ဝာ ဒေတိ·၌ စိတ္တီကာရ မည်မျှရှိ၍ · စိတ္တီကာရ ပြုပုံကိုလည်း အသပ္ပုရိသဒါန သုတ်အရ ရှင်းခဲ့ပါ။

(၉) အဘယ်သို့ဆိုလျှင် ကထံ ပရိဘောတိ၊ ကထိကံ ပရိဘောတိ၊ အတ္တာနံ ပရိဘောတိ ·ဖြစ်သည်တို့ကို ပဌမ သမ္မတ္တ နိယာမ သုတ်လာ အတိုင်း ရှင်းလင်းပြီးလျှင် / ဒုတိယ သမ္မတ္တ နိယာမသုတ်၏ စတုတ္ထအင်္ဂါ, ပဉ္စမအင်္ဂါ · တို့ကိုလည်း သိသာအောင် ရေးခဲ့ပါ။

(၁၀) ဥပ္ပန္နဿ စ ကာမရာဂဿ နိဿရဏံ ·၌ နိဿရဏ မည်မျှ –ဗျာပါဒဿ နိဿရဏံ ·၌ နိဿရဏ မည်မျှ – ရှိသည်တို့ကို သရုပ်ထုတ်ပြီးလျှင် / ပိဂ်ိယာနီသုတ်လာ အပွေ့ကစ္ဆေ လိမ္ပတိ နီလာ ဟောန္တိ၊ နီလဝဏ္ဏာ ၌ နီလ နှင့် နီလဝဏ္ဏ အထူးကိုလည်း ရှင်းခဲ့ပါ။

(၁၁) မဟာနာမသုတ်လာ မဟာနာမသည် အဘယ်သူ၏ သားဖြစ်သည် – ယေန ဘဂဝါ တေနုပသင်္ကမိ – အရ အဘယ်အချိန်၌ အဘယ်သူနှင့် ချဉ်းကပ်သည် – အာဂတဖလော·၌ အဘယ်ဖလ –ပီတိဇာယတိ · ၌ အဘယ်ပီတိ—ကာယော ပဿမ္ဘတိ · ၌ အဘယ်ကာယ · တို့ဟု ညွှန်းပြပြီးလျှင် / ဤသုတ်၌ အဘယ်အရိယာကို ဟောတော်မူသည် ဟုလည်း ဖော်ပြခဲ့ပါ။

(၁၂) အရကသုတ်၌ ဇီဝိတ ·၏ ဥပမာန ·ကို နဒီပဗ္ဗတေယျူပမံ · ဒဏ္ဍပိဏ္ဍူပမံ · မံသပေသူပမံ – ဂေါဝဇ္ဈူပမံ – ဟု ဟောတော်မူရာ အဘယ်သို့ တူပုံကို အသီးသီး ရှင်းပြပြီးလျှင် / အသက် ၁၂၀, ၁၅၀, ၁၆၀ ရှည်သော သူတို့၏ အမည်များကိုလည်း ဋီကာလာတိုင်း ရေးသားခဲ့ပါ။ ၁၀ – မှတ်စီ

# (ခ) တိပိဋကစာရေး သဘောရေးဖြေ စာမေးပွဲ

## (၃) အင်္ဂုတ္တရနိကာယ (တတိယအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၄ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၂ - ရက် (၃၀ - ၁ - ၇၃)

---

(၁) ဣဓလောကိကသုတ်လာ အယံ သ လောကော အာရဒ္ဓေါ - ၏ အဓိပ္ပာယ်ကို အဋ္ဌကထာ ဋီကာ အာဘော်ကျ ရှင်းပြပြီးလျှင်/ သောဠသာကာရသမ္ပန္နာ အရ အဘယ်သို့ ၁၆ - ပါး ဖြစ်သည်ကိုလည်း သမာနဝါဒ ကေဝါဒ နည်းစုံဖြင့် ဝိနိစ္ဆယ ချခဲ့ပါ။

(၂) ဂေါတမီသုတ်လာ ယေန ဘဂဝါ တေနုပသင်္ကမိ ၌ ဂေါတမီသည် နိဂြောဓာရုံ ကျောင်းတော်သို့ အဘယ် အမျိုးသမီးများနှင့် ကပ်ရောက်သည် - သူနေဟိ ပါဒေဟိ ဖြင့် ခြေ၌ အဘယ်ကဲ့သို့ ဖြစ်နေသည် - အဋ္ဌ ဂရုဓမ္မ အရာ၌ အဘိက္ခုကော အာဝါသ - ကား အဘယ် အာဝါသမျိုး ဖြစ်သည် - ဩဝဋော ဘိက္ခုနီနံ ဘိက္ခူသု ဝစနပထော -၌ ဘယ်အရာကို ဝစနပထ ခေါ်သည်တို့ကို ရှင်းခဲ့ပါ။

(၃) ဒီဃဇာဏု - ကို မြတ်စွာဘုရားက အဘယ့်ကြောင့် ဗျဂ္ဃပဇ္ဇ ဟု ခေါ်တော်မူသည် - အဘယ် တရားသည် ဒိဋ္ဌဓမ္မ စီးပွား ချမ်းသာကို ဖြစ်စေနိုင်သည် တို့ကို ပြပြီးလျှင် / ဥဒုမ္ဗရခါဒိကံ ဝါယံ ကုလပုတ္တော၊ အဇေဋ္ဌမရဏံ ဝါယံ ကုလပုတ္တော - တို့၏ ဆိုလိုရင်း အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ အာဘော်သွင်း၍ ရှင်းခဲ့ပါ။

(၄) အဋ္ဌကနိပါတ် သာမညဝဂ်၌ ဟောတော်မူအပ်သော တရားတော်တို့ကား အဘယ်တရားများ ဖြစ်သည် - ၎င်းတရားကို နာယူကြသော ဥပါသကာများကား အဘယ်သူများ ဖြစ်ကြသည်တို့ကို (၁၀) ယောက်ခန့် ရေးသားပြီးလျှင်/ ရာဂ ပေယျာလ ၏ နောက်ဆုံး ဒေသိတဗ္ဗ တရားတပုဒ်ကိုလည်း ထုတ်ခဲ့ပါ။

(၅) မြို့နှင့် တောင်ကို စာလိကာ - မြစ်ကို ကိမိကာဠာ ဟု ခေါ်ဆိုခြင်း၏ အကြောင်းများကို အဋ္ဌကထာ ဋီကာ အာဘော်ကျ ရေးပြပြီးလျှင်/ အာဂမေဟိ တာဝ - ဧကကမှိ တာဝ - ဟူသော စကားများကို အဘယ် ရည်ရွယ်ချက်ဖြင့် မြတ်စွာဘုရား မိန့်ကြားတော်မူသည် - အရှင်မေဃိယ အဘယ် ရည်ရွယ်ချက်ဖြင့် မြတ်စွာဘုရားထံ ပြန်လာသည် တို့ကိုလည်း မေဃိယသုတ်လာ အတိုင်း ရှင်းခဲ့ပါ။

(၆) နန္ဒကသုတ်လာ ယေနုပဋ္ဌာနသာလာ တေနုပသင်္ကမိ-အရ အဘယ် အကြောင်းငှာ မြတ်စွာဘုရား ချဉ်းကပ်တော်မူသည် - ချဉ်းကပ်ပြီးလျှင် တရားကြီးဆုံးအောင် အဘယ် အရပ်၌ နေတော်မူသည် - နန္ဒကအား မည်သို့ မိန့်ကြားတော်မူသည်များကို ရေးသားပြီးလျှင်/ ပဋိသန္ထာရ ... တို့၏ အပ္ပဋိဘာဝ မရှိပါဘဲလျက် အဘယ့်ကြောင့် ဧတ္တကမ္ပိ နော နပ္ပဋိဘာသေယျ ဟု အရှင်နန္ဒက လျှောက်ထားပါသနည်း - ဖြေကြားခဲ့ပါ။

(၇) သေဝနာသုတ်ကို ဟောသော ဒေသကကား အဘယ် ပုဂ္ဂိုလ်ဖြစ်သည် — သေဝိ-တဗ္ဗာ သေဝိတဗ္ဗတို့ကား အဘယ် တရားများ ဖြစ်ကြသည် — အနာပုစ္ဆာ ပက္ကမိတဗ္ဗံ - ၌ အဘယ်သူကို မပန်ကြားဘဲ ဖဲသွားအပ်သည် တို့ကို ရေးသားပြီးလျှင် / န ပက္ကမိတဗ္ဗံ အပိ ပနုဇ္ဇမာနေန - ၌ ပနုဇ္ဇန ပြုပုံကိုလည်း အဋ္ဌကထာ အာဘော် သွင်း၍ ရှင်းခဲ့ပါ။

(၈) ကာယသက္ခိသုတ်လာ ယထာ ယထာ စ တဒါယတနံ - ၌ အဘယ် အာယတန — တထာ ကထာနံ ကာယေန ဖုသိတွာ ဝိဟရတိ - ၌ အဘယ် အရာကို အဘယ် ကာယဖြင့် တွေ့ထိ၍ အဘယ်သို့နေသည် — ပညာဝိမုတ္တိသုတ်လာ ပညာယ စ နံ ပဇာနာတိ - ၌ အဘယ် ပညာ - ဥဘတောဘာဂဝိမုတ္တိသုတ်လာ ဝိမုတ္တိသည် အဘယ်မှ လွတ်သည်တို့ကို အဋ္ဌကထာ မြွက်၍ အာဘော်ကျ ရှင်းခဲ့ပါ။

(၉) ထက်ဝန်းကျင် ကြည်ညိုဖွယ်နှင့် ပြည့်စုံသော ရဟန်းကား အဘယ် ရဟန်းမျိုး ဟု သန္တဝိမောက္ခသုတ် အရ ထုတ်ပြပြီးလျှင် / အဘယ့်ကြောင့် သန္တ ဖြစ်သည် — အဘယ် တရားတို့မှ လွတ်၍ ဝိမောက္ခ ဖြစ်သည် — အတိက္ကမရူပေ - ၌ အဘယ် ရုပ်တို့ကို လွန်မြောက်သည် တို့ကိုလည်း ရေးသားခဲ့ပါ။

(၁၀) ပဌမ နာထသုတ်၌ ဟောတော်မူအပ်သော ဓမ္မကာမော - ၌ အဘယ် ဓမ္မ၊ ဓမ္မေ အဘိဓမ္မေ - ဝိနယေ အဘိဝိနယေ တို့၌လည်း အဘယ်သို့သော ဓမ္မ - အဘိဓမ္မ - ဝိနယ - အဘိဝိနယ တို့ ဟူ၍ ရေးသားပြီးလျှင် / အနိက္ခိတ္တဓုရော ကုသလေသု ဓမ္မေသု တို့ကိုလည်း အဋ္ဌကထာနက် ဋီကာနက် ကြိုက်ရာ ယောဇနာခဲ့ပါ။

(၁၁) မြတ်စွာဘုရားနှင့် အတူ ဝေသာလီ မဟာဝုန်တော၌ နေကြသော သာဝကများ ၏ အမည်များကို ကဏ္ဍကသုတ်လာ အတိုင်း လည်းကောင်း - ဈာနဓမ္မတရားများကို ဈာနဓမ္မ သုတ်လာ အတိုင်းလည်းကောင်း ထုတ်ပြပြီးလျှင် / အောက်ပါ ဂါထာကိုလည်း ဖြည့်ခဲ့ပါ။

မဒေန မဒေန စ ယောဓ ဝဇ္ဇတိ (ပ) ဉာတီဟိ မိတ္တေဟိ အထောပိ ရာဇုဘိ။

(၁၂) ဂေါပါလသုတ် အဋ္ဌကထာလာ ပုဗ္ဗာစရိယာစိဏ္ဏ ကထာ သုံးပါးကို အမည် မျှ ရေးပြပြီးလျှင် / ကမ္မလက္ခဏော ဗာလော၊ ကမ္မလက္ခဏော ပဏ္ဍိတော - ၌ အဘယ် ကံတို့ ဖြစ်ကြသည် — အာသာဠ္ဍီကသည် ဂေါပါလပက္ခ - ဘိက္ခုပက္ခ - တို့၌ အဘယ်အရာ တို့ ဖြစ်ကြသည်ကို ရှင်း၍ / အင်္ဂုတ္တရနိကာယ်၌ သုတ်ပေါင်း မည်မျှ ရှိသည်ကိုလည်း သင်္ချာမျှ ထိုးပြပါ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၁ ) အင်္ဂုတ္တရနိကာယ ( ပထမအုပ် ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၇ - ရက်။ ( ၂၂ - ၁ - ၇၆ )

---

( ၁ ) ဧကက နိပါတ် ရူပါဒိဝဂ်လာ ဣတ္ထိရူပသော ဘိက္ခဝေ ပုရိသဿ စိတ္တံ ပရိယာ- ဒါယ တိဋ္ဌတိ- ၌ ဣတ္ထိရူပ ဟူသည် အဘယ်ပါနည်း—ထေရဝါဒနှင့် တကွ ရှင်းပြပြီးလျှင်/ နီဝရဏပ္ပဟာနဝဂ်လာ ယေန အနုပ္ပန္နော ဝါ ကာမစ္ဆန္ဒော ဥပ္ပဇ္ဇတိ - ၌ အနုပ္ပန္န၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ အလိုကျ ရေးသားခဲ့ပါ။

( ၂ ) ပဏိဟိတ အစ္ဆဝဂ်လာ မိစ္ဆာပဏိဟိတတ္တာ ဘိက္ခဝေ စိတ္တဿ- ၌ အဘယ် စိတ်မျိုးကို မိစ္ဆာပဏိဟိတ ဟု ခေါ်ဆိုပါသနည်း၊ ရှင်းပြပြီးလျှင်/ ပါဠိတော်လာ ဥပမာ စကား၌ မိစ္ဆာပဏိဟိတ အဓိပ္ပာယ်ကို ရေးသားခဲ့ပါ။

( ၃ ) ဝီရိယာရမ္ဘာဒိ ဝဂ်လာ ယထယိဒံ ဘိက္ခဝေ ပါပမိတ္တတာ - ၌ ပါပမိတ္တ ပါပ မိတ္တတာ တို့၏ အရကို ကောက်ပြပြီးလျှင် / ကလျာဏ မိတ္တာဒိဝဂ်လာ နဝမသုတ်ကို ဟောတော်မူရခြင်း၏ အကြောင်းရင်း ဖြစ်သော ပုဂ္ဂိုလ်များကိုလည်း ရေးသားခဲ့ပါ။

( ၄ ) မြတ်စွာဘုရားသည် တပည့် သာဝက တို့ကို ဧတဒဂ် ရာထူး ဌာန ပေးရာ၌ အကြောင်းလေးပါး တို့ကို ရေးသားပြီးလျှင်/ ဥပါသိကာမ တို့တွင် ရှေးဦးဆုံး သောတာ ပတ္တိမဂ် ဖိုလ်ကို ရသော သောတာပန် ဥပါသိကာမ သည် အဘယ်သူ ဖြစ်ပါသနည်း၊ ညွှန်ပြခဲ့ပါ။

( ၅ ) ကာယဂတာသတိဝဂ်လာ ယဿ ကဿစိ ဘိက္ခဝေ မဟာသမုဒ္ဒေါ စေတသာ ဖုဋ္ဌော - ၌ ဖုဋ္ဌ နှစ်မျိုးကို အဓိပ္ပာယ်နှင့် တကွ ရေးပြီးလျှင်/ ဝိဇ္ဇာ ဝိမုတ္တိ ဖလ သစ္ဆိ- ကိရိယာယ သံဝတ္တတိ - ၌ ဝိဇ္ဇာ ဝိမုတ္တိ ဖလ - တို့၏ အရတို့ကိုလည်း ကောက်ပြခဲ့ပါ။

( ၆ ) တိကနိပါတ ဗာလဝဂ် ဘယသုတ်လာ ဘယ ဥပဒ္ဒဝ ဥပသဂ္ဂ တို့၏ ထူးခြားသော အဓိပ္ပာယ်ကို ရေးသားပြီးလျှင်/ လက္ခဏသုတ်လာ အပဒါနသောဘနီပညာ ဟူသော စကား၏ အဓိပ္ပာယ်ကိုလည်း ရေးသားခဲ့ပါ။

( ၇ ) တိကနိပါတ ရထကာရဝဂ်လာ ရာဇာ စက္ကဝတ္တိ ဓမ္မိကော ဓမ္မရာဇာ၊ တထာ- ဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ ဓမ္မိကော ဓမ္မရာဇာ - ၌ ဓမ္မ သေးပဒ တို့၏ အရကို ကောက်ပြပြီးလျှင် / ဓမ္မိကံ ရက္ခာဝရဏဂုတ္တိံ သံဝိဒဟတိ - ၌ ဓမ္မိကရက္ခ - ဓမ္မိကအာဝ- ရဏ - ဓမ္မိကဂုတ္တိ ပြုစီရင်ပုံကိုလည်း မြတ်စွာဘုရား စကြာမင်း နှစ်ပက္ခ အားဖြင့် ခွဲခြား ဖော်ပြပါ။

(၈) အပဏ္ဏကသုတ်လာ ယောနိစဿ အာရဒ္ဓါ ဟောတိ အာသဝါနံ ခယာယ-၌ ဖြစ်သင့်သော အာသဝက္ခယ အပြားကို လည်းကောင်း— ဤသုတ်၌ အလိုရှိအပ်သော အာသဝက္ခယကို လည်းကောင်း ဖော်ပြပြီးလျှင် / သီဟသေယျံ ကပ္ပေတိ ( ပ ) သသော သမ္ပဇာနော-၌ အိပ်သောအခါ သတိသမ္ပဇညနှင့် ပြည့်စုံအောင် အိပ်နည်းကိုလည်း ညွှန်ပြခဲ့ပါ။

(၉) စတုတ္ထနိပါတ ဥရုဝေလသုတ်လာ တဿ မယှံ ဘိက္ခဝေ ရဟောဂတဿ ပဋိသလ္လီနဿ ဧဝံ စေတသော ပရိဝိတက္ကော ဥဒပါဒိ-၌ ဤသို့သော အကြံတော်ဖြစ်ရာ သတ္တာဟကို လည်းကောင်း-အကြံတော်ဖြစ်ပေါ်လာရခြင်း၏အကြောင်းကိုလည်းကောင်း ဖော်ပြပြီးလျှင်/ ဒုက္ခံ ခေါ အဂါရဝေါ ဝိဟရတိ အပ္ပတိဿော-၌ အဂါရဝ နှင့် အပ္ပတိဿ အထူးကိုလည်း အဋ္ဌကထာ အလိုကျ ရေးသားခဲ့ပါ။

(၁၀) စက္ကဝဂ် သီဟသုတ်လာ ဧဝံ မဟိဒ္ဓိကော ခေါ ဘိက္ခဝေ သီဟော မိဂရာဇာ တိရစ္ဆာနဂတာနံ ပါဏာနံ ဧဝံ မဟေသက္ခော ဧဝံ မဟာနုဘာဝေါ-၌ မဟိဒ္ဓိက မဟေသက္ခ မဟာနုဘာဝ ဖြစ်ပုံတို့ကို ရေးသားပြီးလျှင် /ခြင်္သေ့မင်း၏ အသံကို ကြားရသော အခါ ကြောက်လန့်သော သတ္တဝါ- မကြောက်လန့်သော သတ္တဝါ—မြတ်စွာဘုရား၏ တရားတော်သံကို ကြားရသောအခါ ကြောက်လန့်သော နတ်ဗြဟ္မာ- မကြောက်လန့်သော နတ်ဗြဟ္မာ—တို့ကိုလည်း အကြောင်းနှင့် တကွ ခွဲခြား ဖော်ပြပါ။

(၁၁) မြတ်စွာဘုရား၏ ခြေတော်ရာ စက်လက္ခဏာ တို့သည် မြေ၌ မထင်ရခြင်း၏ အကြောင်းတို့ကိုလည်းကောင်း—ဤသို့ မထင်ကောင်းပါဘဲလျက် ဒေါဏသုတ်၌ အဒ္ဒသာ ခေါ ဒေါဏော ဗြာဟ္မဏော ဘဂဝတော ပါဒေသု စက္ကာနိ- ဟု ဆိုရခြင်း၏အကြောင်းကို လည်းကောင်း—ဖော်ပြပြီးလျှင်/အဒ္ဒသ ဘဂဝန္တံ အညတရသ္မိံ ရုက္ခမူလေ ( ပ ) ဥတ္တမ ဒမထ သမထ မနုပ္ပတ္တံ-၌ ဥတ္တမဒမထ- ဥတ္တမသမထ တို့ကား အဘယ်တရားများ ဖြစ်ပါသနည်း ဖော်ပြခဲ့ပါ၊

(၁၂) သောတာနုဂတ သုတ်လာ မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော တိပိဋက ပါဠိစာပေ တို့ကို သင်အံ လေ့ကျက် နှုတ်တက် အာဂုံ ဆောင်ကြကုန်သော အရှင်မြတ်တို့ ရရှိအပ်သော အကျိုးအာနိသင် လေးပါးတို့ကို အကျဉ်းချုပ် ရေးသားပြီးလျှင်/ သော မုဋ္ဌဿတိ ကာလံ ကုရုမာနော အညတရံ ဒေဝနိကာယံ ဥပပဇ္ဇတိ- ဟူသော စကား၏ နေယျတ္ထ ကိုလည်း ဖော်ထုတ်ပြခဲ့ပါ။

၁၀ — မှတ်စီ

# ( ခ ) တိပိဋကဓရ သဘောတရားဖြေစာမေးပွဲ

## ( ၂ ) အင်္ဂုတ္တရနိကာယ ( ဒုတိယအုပ် ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ - ရက်။ ( ၂၄-၁-၇၆ )

——

( ၁ ) ပဥ္စကနိပါတ ပဥ္စင်္ဂိကဝဂ် စင်္ကမသုတ်လာ စင်္ကမာဓိဂတော သမာဓိ စိရဋ္ဌိတိကော ဟောတိ–၌ အဘယ် သမာဓိ ဖြစ်သည်–အဘယ့်ကြောင့် ရှည်ကြာမြင့်စွာ တည်သည်–တို့ကို ဖော်ပြပြီးလျှင်/ နာဂိတသုတ်လာ မိဠှသုခ ဟူသည့် အဘယ် သုခ ပါနည်း၊ အကြောင်းနှင့် တကွ ရှင်းပြခဲ့ပါ။

( ၂ ) အလှူဒါန ပေးလှူခဲ့ဘူးသော ရဟန်းသည် အလှူဒါန မပေးလှူခဲ့ဘူးသော ရဟန်းကို လွှမ်းမိုးသာလွန်နိုင်သော အကြောင်းအရာ ငါးပါးကို သုမနသုတ်အရ ရေးသား ပြီးလျှင်/ သစေ ဘောဂ ပရိဗျူဠှော၊ ပေစ္စ သဂ္ဂေ ပမောဒတိ ဟူသော ဂါထာဝက်ကို လည်း အနက်ပေးခဲ့ပါ။

( ၃ ) မနာပဒါယီသုတ်လာ သာလပုပ္ဖခါဒနီယ ဟူသည် အဘယ်သို့သော ခဲဘွယ်မျိုး ပါနည်း၊ ပြုလုပ်ပုံ နှင့် တကွ ဖော်ပြ၍/ ကာလင်္ကတောစ ဥဂ္ဂေါ ဂဟပတိ ဝေသာလိကော အညတရံ မနောကာယံ ဥပပဇ္ဇိ – ၌ မနောကာယ အရ ဖော်ပြခဲ့ပါ၊

( ၄ ) သာဇီဝသုတ်လာ ဣဓမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အလံ သာဇီဝေါ သဗြဟ္မစာရီနံ–၌ ပဉ္စဓမ္မ သာချုပ်ကို ပါဠိလာစဉ် အတိုင်း အကျဉ်းချုပ် ထုတ်ပြီးလျှင်/ သာဇီဝ ဟူသည့်အဘယ်ပါနည်း၊ အဓိပ္ပာယ်နှင့် တကွ ရေးသားဖော်ပြပါ။

( ၅ ) ဗြာဟ္မဏဝဂ် ဒေါဏသုတ်လာ ဧဝံ ခေါ ဒေါဏ ဗြာဟ္မဏော ဗြဟ္မသမော ဟောတိ-၌ ဗြဟ္မသမ မည်ခြင်း၏ အကြောင်းကို ရေးသားပြီးလျှင်/ ဒေဝသမ ပုဏ္ဏား စသည်တို့သည် လေးဆယ့်ရှစ်နှစ် ပတ်လုံး ဗြဟ္မစရိယ အကျင့်ကို ကျင့်ပြီး ကုန်ပါလျက် အဘယ့်ကြောင့် မယားရှာဖွေ ယူကြလေကုန်သနည်း၊ ရှင်းပြခဲ့ပါ။

( ၆ ) ကာရဏပါလီ သုတ်လာ ပသတ္ထုပွဿ ဗြာဟ္မဏ သော ဘဝံ ဂေါတမော-၌ ပသတ္ထုပွဿတ္တ ပုဒ်ကိုသာ အနက် နှစ်နည်း ယောဇနာပြီးလျှင်/ အဂ္ဂရသ ပဏ္ဍိတဈော-၌ အဘယ်အဂ္ဂရသများကို အဘယ်သို့ စားသောက် သုံးဆောင်လျှင် ပဏ္ဍိတဈ ဖြစ်ပါသနည်း၊ ရှင်းပြခဲ့ပါ။

( ၇ ) ဆက္ကနိပါတ် ဓမ္မိကဝဂ် နာဂသုတ်လာ သတိ ဂီဝါ သိရော ပညာ ( ပ )တဿ·

(၈) အပဏ္ဏကသုတ်လာ ယောနိစဿ အာရဒ္ဓါ ဟောတိ အာသဝါနံ ခယာယ-၌ ဖြစ်သင့်သော အာသဝက္ခယ အပြားကို လည်းကောင်း— ဤသုတ်၌ အလိုရှိအပ်သော အာသဝက္ခယကို လည်းကောင်း ဖော်ပြပြီးလျှင် / သီဟသေယျံ ကပ္ပေတိ ( ပ ) သတော သမ္ပဇာနော -၌ အိပ်သောအခါ သတိသမ္ပဇညနှင့် ပြည့်စုံအောင် အိပ်နည်းကိုလည်း ညွှန်ပြခဲ့ပါ။

(၉) စတုတ္ထနိပါတ ဥရုဝေလသုတ်လာ တဿ မယှံ ဘိက္ခဝေ ရဟောဂတဿ ပဋိသလ္လီနဿ ဧဝံ စေတသော ပရိဝိတက္ကော ဥဒပါဒိ -၌ ဤသို့သော အကြံတော်ဖြစ်ရာ သတ္တာဟကို လည်းကောင်း-အကြံတော်ဖြစ်ပေါ်လာရခြင်း၏ အကြောင်းကိုလည်းကောင်း ဖော်ပြပြီးလျှင်/ ဒုက္ခံ ခေါ အဂါရဝေါ ဝိဟရတိ အပ္ပတိဿော -၌ အဂါရဝ နှင့် အပ္ပတိဿ အထူးကိုလည်း အဋ္ဌကထာ အလိုကျ ရေးသားခဲ့ပါ။

(၁၀) စက္ကဝဂ် သီဟသုတ်လာ ဧဝံ မဟိဒ္ဓိကော ခေါ ဘိက္ခဝေ သီဟော မိဂရာဇာ တိရစ္ဆာနဂတာနံ ပါဏာနံ ဧဝံ မဟေသက္ခော ဧဝံ မဟာနုဘာဝေါ -၌ မဟိဒ္ဓိက မဟေသက္ခ မဟာနုဘာဝ ဖြစ်ပုံတို့ကို ရေးသားပြီးလျှင် / ခြင်္သေ့မင်း၏ အသံကို ကြားရသော အခါ ကြောက်လန့်သော သတ္တဝါ- မကြောက်လန့်သော သတ္တဝါ—မြတ်စွာဘုရား၏ တရားတော်သံကို ကြားရသောအခါ ကြောက်လန့်သော နတ်ဗြဟ္မာ- မကြောက်လန့်သော နတ်ဗြဟ္မာ—တို့ကိုလည်း အကြောင်းနှင့် တကွ ခွဲခြား ဖော်ပြပါ။

(၁၁) မြတ်စွာဘုရား၏ ခြေတော်ရာ စက်လက္ခဏာ တို့သည် မြေ၌ မထင်ရခြင်း၏ အကြောင်းတို့ကိုလည်းကောင်း—ယိုသို့ မထင်ကောင်းပါသလျက် ဒေါဏသုတ်၌ အဒ္ဒသာ ခေါ ဒေါဏော ဗြာဟ္မဏော ဘဂဝတော ပါဒေသု စက္ကာနိ- ဟု ဆိုရခြင်း၏ အကြောင်းကို လည်းကောင်း—ဖော်ပြပြီးလျှင်/အဒ္ဒသာ ဘဂဝန္တံ အညတရသ္မိံ ရုက္ခမူလေ ( ပ ) ဥတ္တမ ဒမထ သမထ မနုပ္ပတ္တံ -၌ ဥတ္တမဒမထ- ဥတ္တမသမထ တို့ကား အဘယ်တရားများ ဖြစ်ပါသနည်း ဖော်ပြခဲ့ပါ၊

(၁၂) သောတာနုဂတ သုတ်လာ မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော တိပိဋက ပါဠိတော် တို့ကို သင်အံ့ လေ့ကျက် နှုတ်တက် အာဂုံ ဆောင်ကြကုန်သော အရှင်မြတ်တို့ ရရှိအပ်သော အကျိုးအာနိသင် လေးပါးတို့ကို အကျဉ်းချုပ် ရေးသားပြီးလျှင်/ သော မုဋ္ဌဿတိ ကာလံ ကုရုမာနော အညတရံ ဒေဝနိကာယံ ဥပပဇ္ဇတိ- ဟူသော စကား၏ နေယျတ္ထ ကိုလည်း ဖော်ထုတ်ပြခဲ့ပါ။

၁၀ — မှတ်စီ

## (ခ) တိပိဋကဓရ သဘောရေးဖြေစာမေးပွဲ

### (၂) အင်္ဂုတ္တရနိကာယ(ဒုတိယအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၉ - ရက်။ (၂၄-၁-၇၆)

--

(၁) ပဉ္စကနိပါတ ပဉ္စင်္ဂိကဝဂ် စက်မသုတ်လာ စက်မာဓိဂတော သမာဓိ စိရဋ္ဌိတိ-ဋ္ဌကာ ဟောတိ-၌ အဘယ် သမာဓိ ဖြစ်သည်--အဘယ့်ကြောင့် ရှည်ကြာမြင့်စွာ တည်သည်--တို့ကို ဖော်ပြပြီးလျှင်/ နာဂိတသုတ်လာ မိဠ္ဌသုခ ဟူသည် အဘယ် သုခ ပါနည်း၊ အကြောင်းနှင့် တကွ ရှင်းပြခဲ့ပါ။

(၂) အလှူဒါန ပေးလှူခဲ့ဘူးသော ရဟန်းသည် အလှူဒါန မပေးလှူခဲ့ဘူးသော ရဟန်းကို လွှမ်းမိုးသာလွန်နိုင်သော အကြောင်းအရာ ငါးပါးကို သုမနသုတ်အရ ရေးသားပြီးလျှင်/ သစေ ဘောဂ ပရိဗျူဠ္ဌော၊ ပေစ္စ သဂ္ဂေ ပမောဒတိ ဟူသော ဂါထာဝက်ကိုလည်း အနက်ပေးခဲ့ပါ။

(၃) မနာပဒါယီသုတ်လာ သာလပုပ္ဖခါဒနီယ ဟူသည် အဘယ်သို့သော ခဲဘွယ်မျိုးပါနည်း၊ ပြုလုပ်ပုံ နှင့် တကွ ဖော်ပြ၍/ ကာလက်တော စ ဥဂ္ဂေါ ဂဟာဂတိ ဝေသာလိ-ကော အညတရံ မနောကာယံ ဥပပဇ္ဇိ - ၌ မနောကာယ အရ ဖော်ပြခဲ့ပါ၊

(၄) သာဇီဝသုတ်လာ ဣဓမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အလံ သာဇီဝေါ သဗြဟ္မစာရီနံ-၌ ပဉ္စဓမ္မ သချုပ်ကို ပါဠိလာစဉ် အတိုင်း အကျဉ်းချုပ်ထုတ်ပြီးလျှင်/ သာဇီဝ ဟူသည် အဘယ်ပါနည်း၊ အဓိပ္ပာယ်နှင့်တကွ ရေးသားဖော်ပြပါ။

(၅) ဗြာဟ္မဏဝဂ် ဒေါဏသုတ်လာ ဧဝံ ခေါ ဒေါဏ ဗြာဟ္မဏော ဗြဟ္မသမော ဟောတိ-၌ ဗြဟ္မသမ မည်ခြင်း၏ အကြောင်းကို ရေးသားပြီးလျှင်/ဒေဝသမ ပုဏ္ဏားစသည်ဘို့သည် လေးဆယ့်ရှစ်နှစ် ပတ်သုံး ဗြဟ္မစရိယ အကျင့်ကို ကျင့်ပြီး ကုန်ပါလျက် အဘယ့်ကြောင့် မယားရှာဖွေ ယူကြလေကုန်သနည်း၊ ရှင်းပြခဲ့ပါ။

(၆) ကာရဏပါလီ သုတ်လာ ပသတ္တပ္ပသန္တောဝ သော ဘဝံ ဂေါတမော-၌ ပသတ္ထပ္ပသတ္ထ ပုဒ်ကိုသာ အနက် နှစ်နည်း ယောဇနာပြီးလျှင်/ အင်္ဂရသ ပရိတိတ္တော - ၌ အဘယ်အင်္ဂရသများကို အဘယ်သို့ စားသောက် သုံးဆောင်လျှင် ပရိတိတ္တ ဖြစ်ပါသနည်း၊ ရှင်းပြခဲ့ပါ။

(၇) ဆက္ကနိပါတ် ဓမ္မိကဝဂ် နာဂသုတ်လာ သတိ ဂီဝါ သိရော ပညာ (ပ)တဿ-

ဝါလဓိ ဟူသော ဂါထာ အရ မြတ်စွာဘုရား၏ သတိပညာ ဓမ္မစိန္တနာ တို့သည် ဆင်၏ လည်ပင်း - ဦးခေါင်း - နှာမောင်းနှင့် တူပုံတို့ကို ရေးပြီးလျှင် / ဓမ္မကုစ္ဆိသမာ တပေါ- ၌ အဘယ်တရားသည် အဘယ့်ကြောင့် ကုစ္ဆိသမာတပ မည်ပါသနည်း၊ ရှင်းပြခဲ့ပါ။

(၈) မိဂသာလာ သုတ်လာ ဗာဟုသစ္စေနပိ အကတံ ဟောတိ သမာယိကမ္ပိ ဝိမုတ္တိံ န လဘတိ - တို့၏ အဓိပ္ပာယ်ကို အဋ္ဌကထာနှင့် အညီ ရေးသားပြီးလျှင်/ ဣမေ ခေါ အာနန္ဒ ဆဠင်္ဂုလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ - ၌ ဆသရုပ်ကိုလည်း အကျဉ်းချုပ် ထုတ်ပြခဲ့ပါ။

(၉) သတ္တကနိပါတ် သတ္တဝိညာဏဋ္ဌိတိ သုတ်လာ သေယျထာပိ မနုဿာ ဧကစ္စေ စ ဒေဝါ ဧကစ္စေ စ ဝိနိပါတိကာ - ဟူသော ပဌမာ ဝိညာဏဋ္ဌိတိ - ၌ ဝိနိပါတိကာ ဟူသည် အဘယ်ပုဂ္ဂိုလ်များ ဖြစ်သည်–အဘယ် ဘုံသားများ ဖြစ်သည်–အဘယ်သို့ နာနတ္တကာယ နာနတ္တသညီ ဖြစ်သည်တို့ကို ယထာသမ္ဘဝ အကြောင်းပြ၍ ရှင်းပြီးလျှင်/ ဒေဝါနှင့် ဝိနိ- ပါတိကာ အထူးကိုလည်း ရေးသားခဲ့ပါ။

(၁၀) အလျှဒါန ပြုကာမျှဖြင့် ဗြဟ္မာဘုံ၌ မဖြစ်နိုင် မရောက်နိုင်သည် မဟုတ်ပါ လော၊ အဘယ့်ကြောင့် ဒါနမဟပ္ဖလ သုတ်၌ သော တံဒါနံ ဒတွာ ကာယဿ ဘေဒါ ပရံမရဏာ ဗြဟ္မကာယိကာနံ ဒေဝါနံ သဟဗျတံ ဥပပဇ္ဇတိ ဟု ဟောတော်မူပါသနည်း၊ ရှင်းပြပြီးလျှင်/ တာဒိသံယေဝ ဒါနံ ဒိန္နံ မဟပ္ဖလံ ဟောတိ မဟာနိသံသံ - ၌ မဟပ္ဖလ မဟာနိသံသ ဖြစ်ပုံကိုလည်း ဖော်ပြခဲ့ပါ။

(၁၁) နန္ဒမာတာ သုတ်လာ သာဓု ဘဒ္ဒမုခ ဟူသော စကားဖြင့် နန္ဒမာတာ ဥပါ သိကာမသည် ဝေဿဝဏ် နတ်မင်းကြီးအား အဘယ်သို့သော ကောင်းချီးစကား ပြော ကြားအပ်ပါသနည်း၊ ရှင်းပြပြီးလျှင်/ ဝေဿဝဏ် နတ်မင်းကြီးသည် နန္ဒမာတာ ဥပါသိ ကာမအား အဘယ်မျှလောက်သော ပစ္စုပစ္စည်းတို့ဖြင့် အဘယ်သို့ ပြောဆို အမိန့်ရှိ၍ ပူဇော်သက္ကာရ ပြုခဲ့သည်–တိုသို့ ပူဇော် သက္ကာရ ပြုခဲ့သဖြင့် အဘယ်သို့ ဆိုရိုးစကား ဖြစ် ပေါ်ခဲ့ဘူးသည် တို့ကိုလည်း ရေးသားခဲ့ပါ။

(၁၂) တိဿဗြဟ္မာ သုတ်လာ တော ဘန္တေ ဘိက္ခုနိယော အနုပါဒိသေသာ သုဝိ- မုတ္တာ - ၌ အဘယ် ပုဂ္ဂိုလ်များကို အဘယ့်ကြောင့် ဥပဒိသေသ ပုဂ္ဂိုလ် အနုပါဒိသေသ ပုဂ္ဂိုလ် ဟု ခေါ်ဆို အပ်ပါသနည်း၊ ရှင်းပြပြီးလျှင်/ဝိမုတ္တိ ငါးပါး သရုပ်ကိုလည်း အဓိပ္ပာယ်နှင့် တကွ ရေးခဲ့ပါ။

၁၀ – မှတ်စီ

# ( ခ ) တိပိဋကဓရ သဓဘာဒရေးဖြေ စာမေးပွဲ

## ( ၃ ) အင်္ဂုတ္တရနိကာယ (တတိယအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၇ - ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၁ - ရက်။ ( ၂၆ - ၁ - ၇၆ )

---

( ၁ ) အဋ္ဌကနိပါတ အနုရုဒ္ဓ မဟာဝိတက္ကသုတ်လာ အပ္ပိစ္ဆဿာယံ ဓမ္မော-၌ အပ္ပိစ္ဆ လေးပါး၏ သရုပ်ကို အဓိပ္ပာယ်နှင့်တကွ ဖော်ပြ၍/ အပ္ပိစ္ဆပုဂ္ဂိုလ်၏ အင်္ဂါလက္ခဏာကို ထုတ်ပြပြီးလျှင်/ ပဝိဝိတ္တဿာယံ ကာယဝိဝေကော ဥပဓိဝိဝေကော ဝိဝိတ္တဿ ဟူသော အဋ္ဌကထာ ၌ ကာယဝိဝေက စိတ္တဝိဝေက ဥပဓိဝိဝေက တို့၏ အရကိုလည်း ယုတ်ခုဖော် ရေးသားခဲ့ပါ။

( ၂ ) စိတ် စေတနာ မရှိကုန်သော သစ်ပင်တို့သည် ဥပုသ်စောင့်တိုင်းမှုကို မပြုနိုင် ကြ ကုန်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ဝါသေဋ္ဌ သုတ်၌ ဣမေ စေပိ ဝါသေဋ္ဌ မဟာသာလာ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထံ ဥပဝသေယျုံ ဟု ဟောတော်မူပါသနည်း၊ ရှင်းပြပြီးလျှင်/အနုရုဒ္ဓ သုတ်၌ မနာပကာယိကာ နတ်သမီးတို့ အရှင်အနုရုဒ္ဓါ ထံသို့ လာ ရောက်ကြခြင်း၏ အကြောင်းတို့ကိုလည်း ရေးသားခဲ့ပါ။

( ၃ ) အနိစ္စာနုပဿနာကို ပွားသော ရဟန်းအား အနိစ္စသညာသာလျှင် ကောင်းစွာ တည်သင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် နဝကနိပါတ သမ္ဗောဓိသုတ်၌ အနိစ္စ သညိနော ဘိက္ခဝေ အနတ္တသညာ သဏ္ဌာတိ ဟု ဟောတော်မူပါသနည်း၊ ရှင်းပြပြီး လျှင်/နိဿယသုတ်လာ ဝေ ခေါ ဘိက္ခု ဘိက္ခုနိဿာယ သမ္ပန္နော ဟောတိ-၌ နိဿယ သမ္ပန္န ဖြစ်ပုံကိုလည်း ရေးသားခဲ့ပါ။

( ၄ ) မေဃိယသုတ်၌ အာဂမေဟိ တာဝ မေဃိယ ဟူ၍လည်းကောင်း ဧက ကမှိ တာဝ ယာဝ အညောပိ ကောစိ ဘိက္ခု အာဂစ္ဆတိ ဟူ၍လည်းကောင်း မြတ်စွာဘုရား တားမြစ်တော်မူခြင်း၏ အကြောင်းများကို ရေးသားပြီးလျှင်/ သရက်ဥယျာဉ်၌ နေသော ရှင်မေဃိယအား အကုသလဝိတက် သုံးပါး ဖြစ်ပုံများကိုလည်း ရေးသားခဲ့ပါ။

( ၅ ) ဝေလာမ သုတ်လာ ယော စ ပဉ္စသိက္ခာပဒ သရဏံ ဂစ္ဆေယျ သိက္ခာပဒါနိ သမာဒိယေယျ-၌ အဘယ်သို့သော သရဏကို အဘယ်သို့သော သိက္ခာပဒ တို့ကို ယူရပါ မည်နည်း၊ ရှင်းပြပြီးလျှင် / ယော စ အစ္ဆရာသင်္ဃာတ မတ္တမ္ပိ အနိစ္စသညံ ဘာဝေယျ၊ ဣဒံ တတော မဟပ္ဖလတရံ-၌ အလိုရှိအပ်သော အနိစ္စသညာကိုလည်း ညွှန်ပြခဲ့ပါ။

( ၆ ) တဏှာမူလက သုတ်လာ လာဘံ ပဋိစ္စ ဝိနိစ္ဆယော ၌ ပြဆိုအပ်သော အပြားကို ရေး သား ဖော်ပြ၍/ ဤ၌ အလိုရှိအပ်သော ဝိနိစ္ဆယကို အကြောင်းနှင့် တကွ ထုတ်ပြပြီး

လျှင်/ ဆန္ဒရာဂ ပဋိစ္စ အဗျောသာန် - ၌ အဘယ်တရားသည် ဆန္ဒရာဂ—အဘယ်တရားသည် အဗျောသာန မည်ပါသနည်း၊ ခွဲခြား ပြခဲ့ပါ။

( ၇ ) ဈာနသုတ်လာ တေ ဓမ္မေ အနိစ္စတော ( ပ ) အနတ္တတော အမနုပဿတိ - ၌ ဧဝံ ဝိလက္ခဏံ အာရောပေတွာ ဟူသော အဋ္ဌကထာ အရ အနိစ္စတော အစရှိသော ပုဒ်တို့တွင် အဘယ် ပုဒ်ဖြင့် အဘယ်လက္ခဏာကို ပြသည်ဟု ဝေဘန်ပြပြီးလျှင် / အမတာယ ဓာတုယာ စိတ္တံ ဥပသံဟရတိ - ၌ အဘယ်စိတ်ကို အဘယ်သို့ နိဗ္ဗာန်အလို့ငှာ ဆောင်ပါသနည်း၊ ရှင်းလင်းပြခဲ့ပါ။

( ၈ ) ဒသကနိပါတ် သီဟနာဒ သုတ်လာ သီဟောတိ ခေါ ဘိက္ခဝေ တထာဂတဿေတံ အဓိဝစနံ - ၌ မြတ်စွာဘုရားကို သီဟ ဟု ခေါ်ရခြင်း အကြောင်းများကို ဖော်ပြပြီးလျှင်/ သတ္တမ တထာဂတဗလ - ကို ပါဠိလာအတိုင်း ဖော်ပြ၍ ဝုဋ္ဌာန ဟူသည် အဘယ်တရားများနည်း၊ အကြောင်းနှင့် တကွ ဖော်ပြခဲ့ပါ။

( ၉ ) ပဗ္ဗဇိတ အဘိဏှ သုတ်လာ ဝေဝဏ္ဏိယမှိ အဇ္ဈုပဂတောတိ ပဗ္ဗဇိတေန အဘိဏှံ ပစ္စဝေက္ခိတဗ္ဗံ - ၌ ဝေဝဏ္ဏိယ နှစ်မျိုး ဆင်ခြင်ပုံကို ရေးပြီးလျှင်/ ဒုတိယ ပစ္စဝေက္ခိတဗ္ဗကို ဆင်ခြင်သဖြင့် ရအပ်သော အကျိုးတို့ကိုလည်း ရေးသား ဖော်ပြခဲ့ပါ။

( ၁၀ ) ဝဇ္ဇိယမာဟိတသုတ်လာ သမဏော ဂေါတမော ဝေနယိကော အပ္ပညတ္တိကော - ၌ ပရိဗိုဇ်၏ အလိုအားဖြင့် အဓိပ္ပာယ်ကို လည်းကောင်း—န သော ဘဂဝါ ဝေနယိကော အပ္ပညတ္တိကော - ၌ ဝဇ္ဇိယမာဟိတ၏ အလိုအားဖြင့် အဓိပ္ပာယ်ကိုလည်းကောင်း – ရေးသားပြီးလျှင်/ ဝိဟတ္ထိ ဝိမုစ္စတော အကုသလာ ဓမ္မာ အဘိဝဍ္ဎန္တိ - ၌ ဝိမုတ္တိ အရ ကို လည်း ညွှန်ပြခဲ့ပါ။

( ၁၁ ) အဘယ်သို့သော မြင်းကို အာဇာနည်မြင်း - အဘယ်သို့သော ယောကျ်ားကို အာဇာနည်ယောကျ်ား - ဟု ခေါ်သည်—အဘယ် တရားများကို နှင့်တန်ဟု ခေါ်သည် တို့ကို ဒသကနိပါတ်လာ သဒ္ဓသုတ် အရ ရှင်းပြပြီးလျှင် / ပထဝီယံ ပထဝီသညာ ဝိဘူတာ ဟောတိ -၌ အဘယ်ပထဝီသညာသည် အဘယ့်ကြောင့် ဝိဘူတာ မည်ပါသနည်း၊ ရှင်းပြခဲ့ပါ။

( ၁၂ ) ဂေါပါလ သုတ်လာ တေ အတိရေကပူဇာယ ပူဇိတာ ဟောတိ - ၌ သံဃပိတု သံဃပရိဏာယက ဖြစ်ကုန်သော ပထေရ်ကြီးတို့အား အဘယ်သို့သော အတိရေက ပူဇာဖြင့် ပူဇော်အပ်ပါသနည်း၊ ရှင်းပြပြီးလျှင်/ ထိုသို့ အတိရေက ပူဇော်ခြင်းဖြင့် ပူဇော်ကုန်သော သီတင်းသုံးဖော်တို့အား ရရှိ ခံစားအပ်သော အကျိုးများ ကိုလည်း ပြည့်စုံစွာ ရေးသားခဲ့ပါ။

၁၀ — မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၁) အင်္ဂုတ္တရနိကာယ ( ပထမအုပ် ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၈ - ခုနှစ်၊ တပို့တွဲလဆန်း ၃-ရက်။ ( ၂၁ - ၁ - ၇၇ )

( ၁ ) အစ္ဆရာသင်္ဃာတဝဂ်၌ အစ္ဆရာသင်္ဃာတမတ္တမ္ပိ စေ ဘိက္ခဝေ ဘိက္ခု မေတ္တာစိတ္တံ အာသေဝတိ ဘာဝေတိ မနသိကရောတိ ဟု သုံးမျိုး သုံးစား သုံးသုတ်အားဖြင့် ခွဲခြား၍ ဟောတော်မူရခြင်း၏ အကြောင်းများကို အဋ္ဌကထာအလိုကျ ရေးသားပြီးလျှင်/ယေကေစိ ဘိက္ခဝေ ဓမ္မာ အကုသလာ အကုသလဘာဂိယာ အကုသလပက္ခိကာ - ၌ အကုသလဘာဂိယ အကုသလပက္ခိက ဖြစ်ပုံကိုလည်း စေ့စုံစွာ ဖော်ပြခဲ့ပါ။

( ၂ ) အဋ္ဌာန ပါဠိလာ ယံ ဧကိဿာ လောကဓာတုယာ ဒွေ အရဟန္တော သမ္မာသမ္ဗုဒ္ဓါ အပုဗ္ဗံ အစရိမံ ဥပ္ပဇ္ဇေယျုံ -၌ ပုဗ္ဗကာလ စရိမကာလ အပုဗ္ဗကာလ အစရိမကာလ တို့ကို ပိုင်းခြားပြပြီးလျှင်/ဧကိဿာ လောကဓာတုယာတိ ဒသသဟဿိ လောကဓာတုယာ ဟု ဖွင့်ပြသော အဋ္ဌကထာ ရှေ့စကား နှင့် ဧကိဿာ လောကဓာတုယာတိ ကေသ္မိံ စက္ကဝါဠေ ဟု ဖွင့်ပြသော အဋ္ဌကထာ နောက်စကား နှစ်ရပ်တို့ကို မဆန့်ကျင်အောင် နှီးနှော ဝေဖန်ပြခဲ့ပါ။

( ၃ ) ဈာန်သမာပတ်ကို ရရှိကြသော မိမ္မများသည် ဗြဟ္မာဘုံတို့၌ဖြစ်ကြသည်မှာအထင် အရှား ရှိနေကြပါလျက် အဋ္ဌာနမေတံ ဘိက္ခဝေ အနဝကာသော ယံ ဣတ္ထိ ဗြဟ္မတ္တံ ကာရေယျ ဟု ဟောတော်မူရခြင်း၏ အကြောင်းကို အထောက် သာဓက ပြ၍ ရေးသား ပြီးလျှင်/သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ ဟူသော ဧကဓမ္မပါဠိ အရ မဂ်ဖိုလ် နိဗ္ဗာန် ရအောင် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း ပွားများပုံကိုသည်း သိသာရုံမျှ ရေးသားခဲ့ပါ။

( ၄ ) သဂ္ဂါဝရဏ မဟုတ်သော အချို့သော မိစ္ဆာဒိဋ္ဌိ ရှိသည်မဟုတ်ပါလော- အဘယ် ကြောင့် ဧကဓမ္မပါဠိ-၌-မိစ္ဆာဒိဋ္ဌိယာ ဘိက္ခဝေ သမန္နာဂတာ ( ပ ) နိရယံ ဥပပဇ္ဇန္တိ ဟု ဟောတော်မူပါသနည်း ရှင်းပြပြီးလျှင်/ မိစ္ဆာဒိဋ္ဌိကဿ ဘိက္ခဝေ ပုရိသပုဂ္ဂလဿ ယဉ္စေဝ ကာယကမ္မံ ယထာဒိဋ္ဌိသမတ္တံ သမာဒိန္နံ - ၌ ကာယကမ္မ သုံးမျိုးကိုလည်း အဓိပ္ပာယ်နှင့် တကွ ရေးသားခဲ့ပါ။

( ၅ ) သမစိတ္တဝဂ်လာ အဇ္ဈတ္တသံယောဇနဥ္စ အာဝုသော ပုဂ္ဂလံ ဒေသေဿာမိ၊ ဗဟိဒ္ဓါ သံယောဇနဥ္စ - ၌ အဘယ်အရာသည် အဇ္ဈတ္တ—အဘယ်သံယောဇဉ်သည် အဇ္ဈတ္တ သံယော ဇဉ်—အဘယ်ပုဂ္ဂိုလ်သည် အဇ္ဈတ္တ သံယောဇဉ် ရှိသော ပုဂ္ဂိုလ် မည်ပါသနည်း၊ အသီး အသီး အကြောင်းပြ၍ ဖြေဆိုခဲ့ပါ။

( ၆ ) ရထကာရဝဂ် ဉာတသုတ်လာ အနနုလောမိကေသု ဓမ္မေသု သမာဒပေတိ-၌ အဘယ်သို့သော တရားကို အဘယ်သို့ ဆောက်တည်စေသော ရဟန်းသည် ဗဟုဇနအဟိတ

အလ္လိင္ဂာ ကျင့်သော ရဟန်း မည်ပါသနည်း၊ ရှင်းပြပြီးလျှင်/ဗဟုဇနအဟိတ ဖြစ်ပုံကိုလည်း အဋ္ဌကထာ အလိုကျ ရေးသားခဲ့ပါ။

( ၇ ) ယခုဘဝ၌ မဂ် ဖိုလ် တရားထူးကို မရနိုင်သော ပဒပရမပုဂ္ဂိုလ်အားလည်းကောင်း မြတ်စွာဘုရား ဟောကြားအပ်သော တရားဒေသနာကို မကြားနာရသော်လည်း မဂ်ဖိုလ် တရားထူးကို ရနိုင်သော ဥဂ္ဃဋိတညူ ပုဂ္ဂိုလ်အားလည်းကောင်း– တရားမဟောထိုက်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် တိကနိပါတ် ဂိလာနသုတ်၌ အညေသမ္ပိ ဓမ္မာ ဒေသေတဗ္ဗော ဟု ဟောတော်မူပါသနည်း ရှင်းပြပြီးလျှင်/ ဤဂိလာနသုတ်၌ နေယျပုဂ္ဂိုလ်ကို မဟောခြင်းအကြောင်းကိုလည်း ရေးသားခဲ့ပါ။

( ၈ ) ဣဓ ဘိက္ခဝေ ကေစ္စေ ပုဂ္ဂလော ကောဓနော ဟောတိ ဥပါယာသဗဟုလော–၌ ကောဓနပုဂ္ဂိုလ်နှင့် တူသော ဥပမာ သုံးချက်ကို တူပုံနှင့် တကွ ဖော်ပြပြီးလျှင်/ဝေရူပေါ ဘိက္ခဝေ ပုဂ္ဂလော အဇ္ဈုပေက္ခိတဗ္ဗော အရ လျစ်လျူရှုအပ်ပုံကိုလည်း ဥပမာနှင့် တကွ အဋ္ဌကထာ အလိုကျ ရေးသားခဲ့ပါ၊

( ၉ ) တေရဟိ ဗြာဟ္မဏ မနုဿာ အဓမ္မရာဂရတ္တာ ဝိသမလောဘာဘိဘူတာ မိစ္ဆာဓမ္မပရေတာ–၌ အဓမ္မရာဂ ဝိသမလောဘ မိစ္ဆာဓမ္မ တို့၏ အရကို ကောက်ပြပြီးလျှင်/ အသေက္ခေန ဝိမုတ္တိဉာဏဒဿနက္ခန္ဓေန သမန္နာဂတော ဟောတိ–၌ အဘယ်တရားကို ဝိမုတ္တိဉာဏဒဿန ဟု ဆိုအပ်သည်–အဘယ့်ကြောင့် အသေက္ခဟု ဆိုအပ်သည်တို့ကိုလည်း အသီးအသီး ရေးသားခဲ့ပါ၊

( ၁၀ )ပံသုဓောဝကသုတ်လာ တသ္မိံ ပဟီနေ တသ္မိံ ဗျန္တီကတေ အာဘာပရံ ဓမ္မဝိတက္ကော ဝသိဿတိ–၌ အဘယ်တရားသည် ဓမ္မဝိတက္က မည်ပါသနည်း– ယုတ္တိ ပြ၍ ရေးသားပြီးလျှင်/တတြ တတြေဝ သက္ခိဘဗ္ဗတံ ပါပုဏာတိ သတိ သတိ အာယတနေ–၌ သတိအာယတန ဖြစ်သင့်သော တရားများကိုလည်း ရေးသားခဲ့ပါ။

( ၁၁ ) စတုက္ကနိပါတ် စက္ကသုတ်လာ ပတိရူပဒေသဝါသော–၌ အဘယ်အရပ်ကို ပတိရူပဒေသ ဟု ခေါ်ရသည်ကိုလည်းကောင်း–အတ္တသမ္မာပဏိဓိ အရ အဘယ်သို့ မိမိကိုယ်ကို ကောင်းစွာ ထားရသည်ကိုလည်းကောင်း–အဋ္ဌကထာနှင့်အညီ ရေးသားပြီးလျှင်/ ဤလေးပါးသော စက်တို့တွင် အဘယ်စက်သည် ပမာဏ ဖြစ်သည်ဟု အကြောင်းနှင့်တကွ ရေးသားခဲ့ပါ။

( ၁၂ )သီဟသုတ်လာ သီဟော ဘိက္ခဝေ မိဂရာဇာ ( ပ ) ဝိဇမ္ဘတိ အရ ခြင်္သေ့မင်း၏ စမ္ပာယ် ကွန့်မြူးခြင်းနှင့် တူသော မြတ်စွာဘုရား၏ စမ္ပာယ် ကွန့်မြူးရာ ကာလတို့ကို အဋ္ဌကထာ အလိုကျ စုံလင်စွာ ရေးသားပြီးလျှင်/ဣမေဟိ ခေါ မယံ ဘော ဂေါတမ စတူဟိ ဓမ္မေဟိ သမန္နာဂတံ မဟာပညံ မဟာပညံ ပညာပေမ–ဟု ဝေဿကာရပုဏ္ဏား လျှောက်ထားသော စကားကို အဘယ့်ကြောင့် မြတ်စွာဘုရားသည် နှစ်သက်တော်မမူ–ပယ်တော်မမူ ပါသနည်း၊ ရှင်းပြခဲ့ပါ။

၁၀ – မှတ်စီ

# (ခ) တိပိဋကဓရ သဒ္ဓာရေးဖြေ စာမေးပွဲ

## (၂) အင်္ဂုတ္တရနိကာယ (ဒုတိယအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၀ - ခုနှစ်၊ တပို့တွဲလဆန်း ၅- ရက်။ (၂၃-၁-၇၇)

---

(၁) ပဉ္စကနိပါတ ပဉ္စင်္ဂိကသုတ်လာ အရိယဿ ဘိက္ခဝေ ပဉ္စင်္ဂိကဿ သမ္မာသမာဓိဿ ဘာဝနံ ဒေသေဿာမိ-၌ အရိယ မည်ရခြင်း၏ အကြောင်းကို အဋ္ဌကထာ အလိုကျ ရေးသား ဖော်ပြခဲ့ပါ။

(၂) ပဌမ စေတောဝိမုတ္တိဖလ သုတ်၌ ပညာဝိမုတ္တိဖလာ စ ဟောန္တိ ပညာဝိမုတ္တိဖလာနိသံသာ စ-ဟု အရဟတ္တဖိုလ်ကို အထွဋ်တင်ပြီး ဖြစ်သဖြင့် ဒေသနာ ပြီးဆုံးသင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ယတော ခေါ ဘိက္ခဝေ ဘိက္ခု စသည်ဖြင့် တဖန် ဟောတော်မူပြန်ပါသနည်း၊ ရှင်းပြခဲ့ပါ။

(၃) ဒုတိယ ဓမ္မဝိဟာရီသုတ်လာ ဥတ္တရိစဿ ပညာယ အတ္ထံ ပဇာနာတိ-၌ အဘယ် ပညာဖြင့် အဘယ်အတ္ထကို သိ၏ ဟု ဟောတော်မူပါသနည်း၊ ပညာ အရ-အတ္ထ အရ တို့ကို စုံလင်စွာ ရေးသား ဖော်ပြခဲ့ပါ။

(၄) သောတသုတ်လာ ဣမေဟိ ခေါ ဘိက္ခဝေ ပဉ္စဟိ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အာဟုနေယျော ဟောတိ-၌ ပဉ္စဓမ္မ သချုပ်ကို အကျဉ်းချုပ် အဓိပ္ပာယ်အားဖြင့် ရေးသားခဲ့ပါ။

(၅) အာရဘတိသုတ်လာ ဣဓ ပန ဘိက္ခဝေ ဧကစ္စော ပုဂ္ဂလော န အာရဘတိ ဝိပ္ပဋိသာရီစ ဟောတိ-ဟူသော ဒေသနာနှင့် အညီ အာပတ် မသင့်ပါဘဲလျက် ဝိပ္ပဋိသာရ ဖြစ်ပုံကို ရှင်းလင်း ဖော်ပြပါ။

(၆) ဘဒ္ဒဇိသုတ်လာ ယထာဘူတဿ အနန္တရာ အာသဝါနံ ခယော ဟောတိ ဣဒံ ဘဝါနံ အဂ္ဂံ-၌ ဘူတ အနန္တရ ဘဝ ပုဒ်တို့၏ အနက် နှစ်မျိုးအား လျော်စွာ ဖြစ်သင့်သော အဓိပ္ပာယ် နှစ်မျိုးကို အဋ္ဌကထာနှင့် အညီ ရေးသားခဲ့ပါ။

(၇) ကမ္မဋ္ဌာန်းဘာဝနာ ပွားများ အားထုတ်၍ သမာဓိတရား ရရှိနေသော ဂါမန္တ ဝိဟာရီ ရဟန်းအား နှစ်သက်တော်မူသင့်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် မြတ်စွာ

ဘုရားသည် နာဂိတသုတ်၌ နှ အတ္တမနော ဟောမိ ဂါမန္တ ဝိဟာရေန -ဟု ဟောတော်မူပါသနည်း၊ ရှင်းပြခဲ့ပါ။

(၈) နာဂသုတ် အနုမောဒနာဂါထာ လာ စိတ္တဿုပသမေရတံ ဟူသော စကားအရ အဘယ်စိတ်သည် အဘယ်သို့ အေးငြိမ်း ငြိမ်သက်နေပါသနည်း၊ ရှင်းပြခဲ့ပါ။

(၉) ဒုတိယ မိတ္တသုတ်လာ ဂမ္ဘီရဉ္စ ကထံ ကတ္တာ ဟောတိ-၌ အဘယ်စကားမျိုးသည် ဂမ္ဘီရကထာ မည်ပါသနည်း၊ အဋ္ဌကထာ ဖွင့်ပြသည့် အတိုင်း ပြည့်စုံစွာ ရေးသား ဖော်ပြခဲ့ပါ။

(၁၀) ဒုတိယ အင္ဂိသုတ်လာ ပုဗ္ဗေပ ယညာ ဣဓာဒန့် တီ.ဘိ ဘတ္တာနိ ဥဿာပေတိ အကုသလာနိ ဒုက္ခုဒြယာနိ ဒုက္ခဝိပါကာနိ- ၌ အဘယ်အရာများကို အဘယ့်ကြောင့် သတ္တ ဟု ခေါ်ဆိုအပ်ပါသနည်း၊ စုံလင်စွာ ရေးသား ဖော်ပြခဲ့ပါ။

(၁၁) ပုရိသဂတိသုတ်လာ နော စဿ နော စ မေ သိယာ န ဘဝိဿတိ န မေ ဘဝိ-ဿတိ၊ ယဒတ္ထိယံ ဘူတံ တံ ပဇဟာမီတိ ဥပေက္ခံ ပဋိလဘတိ - ဟူသော ပါဠိကို အဓိပ္ပာ-ယတ္ထ ပေါ်လွင်အောင် အနက် ယောဇနာခဲ့ပါ။

(၁၂) ယတော ခေါ ဘိက္ခဝေ ရညော ပစ္စန္တိမံ နဂရံ ဣမေဟိ သတ္တဟိ နဂရပရိက္ခာ-ရေဟိ သုပရိက္ခတံ ဟောတိ - ဟူသော နဂရောပမသုတ် အရ အဘယ် တရားသည် အဘယ် နာဂရ ပရိက္ခာရနှင့် တူပါသနည်း၊ ရှင်းလင်း ဖော်ပြခဲ့ပါ။

၁၀-မှတ်စီ။

## (ခ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### (၃) အင်္ဂုတ္တရနိကာယ (တတိယအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၈ - ခုနှစ်၊ တပို့တွဲလဆန်း ၇ - ရက်။ (၂၅-၁-၇၇)၊

---

(၁) တိဗ္ဗရာဂ ရှိသော ရှင်နန္ဒထေရ်သည် သာသနာ့ဝန်ထမ်း ရဟန်း အဖြစ်၌ ကောင်းစွာ တည်တံ့နိုင်ခြင်း၏ အကြောင်းများကို အဋ္ဌကနိပါတ် နန္ဒသုတ် ဒေသနာအရ ပြည့်စုံစွာ ရေးသားခဲ့ပါ။

(၂) နိဂဏ္ဌနာဋပုတ္တသည် သီဟစစ်သူကြီးအား မြတ်စွာဘုရားထံတို့ မသွားရန် အဘယ် သို့သော အကြောင်းများကို ပြ၍ တားမြစ်ပါသနည်း၊ ရှင်းပြပြီးလျှင်/ မြတ်စွာဘုရားသည် သီဟစစ်သူကြီးအား ဟောကြားတော်မူသော နည်းပရိယာယ် များကိုလည်း စုံလင်စွာ ရေးသားခဲ့ပါ။

(၃) ဒုတိယ ဟတ္ထကသုတ်လာ ဒလိဒ္ဒဿ ခေါ နေဝ တထာ သောတဗ္ဗံ မညန္တိ ဟူသော ပါဠိ၏ အနက်ကို ရေးသားပြီးလျှင်/ ဟတ္ထက ဥပါသကာသည် ဤ စကားဖြင့် အဘယ်အဓိပ္ပာယ်ကို သိစေလိုပါသနည်း၊ ရှင်းပြခဲ့ပါ။

(၄) အလံ သုတ်လာ တိဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အလံ ပရေသံ နာလံ အတ္တနော-၌ သုံးပါးသော ဓမ္မ သရုပ်ကို ဖော်ထုတ်ပြပြီး လျှင်/အဘယ်သို့သော ရဟန်းသည် ကောင်းသော စကား ရှိသော ရဟန်း မည်ပါသနည်း၊ အလံသုတ် အရ ရှင်းပြခဲ့ပါ။

(၅) အဿခဠုင်္က သုတ်လာ ဧဝံ ခေါ ဘိက္ခဝေ ဘဒ္ဒေါ ပုရိသာဇာနီယော ဇဝ သမ္ပန္နော စ ဟောတိ ဝဏ္ဏသမ္ပန္နော စ အာရောဟ ပရိဏာဟသမ္ပန္န စ - ၌ အဘယ်သို့သော အာဇာနည် ယောကျ်ားသည် ဇဝသမ္ပန္န ဝဏ္ဏသမ္ပန္န အာရောဟ ပရိဏာဟသမ္ပန္န မည်ပါသနည်း၊ အသီးအသီး ရှင်းပြခဲ့ပါ၊

(၆) သီလာယူပ သုတ်လာ ရှင်သာရိပုတ္တရာ နှင့် ရှင်စန္ဒိကာပုတ္တတို့ အယူမမျှ မတူကြ သော စကားကား အဘယ်ပါနည်း၊ အဓိပ္ပာယ်အားဖြင့် ရှင်းပြပြီးလျှင်/ ဥပမေယျပက္ခ၌ မြေဝင်နက်စွာ စိုက်ထားအပ်သော ကျောက်တိုင်နှင့်တူသော ခီဏာသဝ၏ ဂမ္ဘီရနေမ ကား အဘယ်ပါနည်း၊ ရှင်းပြပါ။

(၇) အနုပုဗ္ဗဝိဟာရသမာပတ္တိ သုတ်လာ အဒ္ဒါတေ အာယသ္မန္တော နိစ္ဆာတာ နိဗ္ဗုတာ-၌ အဘယ်ပုဂ္ဂိုလ်များသည် အဘယ့်ကြောင့် နိစ္ဆာတ နိဗ္ဗုတ မည်ကြပါသနည်း- ရှင်းပြခဲ့ပါ။

(၈) ဂါဝီ ဥပမာသုတ်လာ မုဒုနာ ကမ္မညေန စိတ္တေန အပ္ပမာဏော သမာဓိ ဟောတိ-၌အဘယ်စိတ်သည် အဘယ်သို့သော အခါ၌ မုဒုကမ္မည ဖြစ်ပါသနည်း- ရှင်းပြခဲ့ပါ။

(၉) ဒသကနိပါတ် သေနာသန သုတ်လာ ဣဓ ဘိက္ခဝေ သေနာသနံ နာတိဒူရံ ဟောတိ နစ္စာသန္နံ-၌ အတိဒူရ အစ္စာသန္န ကျောင်းတို့၏ အဝေး အနီး ပမာဏကိုလည်းကောင်း-ပယ်တော်မူရခြင်း၏ အကြောင်းကို လည်းကောင်း- ဖော်ပြခဲ့ပါ။

(၁၀) သီဟနာဒသုတ်လာ ယေဟိ ဗလေဟိ သမန္နာဂတော တထာဂတော အာသဘံ ဌာနံ ပဋိဇာနာတိ - ၌ အဘယ်သို့သော တည်ခြင်းကို အာသဘဌာန ဟုခေါ်ပါသနည်း-ထင်ရှားအောင် ဥပမာနှင့် တကွ ဖော်ပြခဲ့ပါ။

(၁၁) မြတ်စွာဘုရားသည် လာဘ်ရကြောင်း နိမိတ်ပြ စကားကို မဟောသင့်သည် မဟုတ်ပါလော၊ အဘယ်ကြောင့် အာကင်္ခသုတ်၌ အာကင်္ခေယျ စေ ဘိက္ခဝေ ဘိက္ခု လာဘီ အဿံ - စသည်ဖြင့် ဟောတော်မူပါသနည်း- ရှင်းပြခဲ့ပါ။

(၁၂) ပဌမ မဟာနာမ သုတ်လာ ဣဓမေသု ခေါ တွံ မဟာနာမ ပဉ္စသု ဓမ္မေသု ပတိဋ္ဌာယ ဆ ဓမ္မေ ဥတ္တရိ ဘာဝေယျာသိ-ဟူသော စကား အရ အဘယ် ငါးပါးသော တရားတို့၌တည်၍ အဘယ် ခြောက်ပါးသော တရားများကို ပွားများရပါမည်နည်း—ရှင်းပြခဲ့ပါ။ ၁၀-မှတ်စီ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၁ ) အင်္ဂုတ္တရနိကာယ ( ပထမအုပ် ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၉- ခုနှစ်၊ ပြာသိုလဆန်း ၁၂ - ရက်။ ( ၂၀-၁-၇၈ )

---

( ၁ ) ကေဓမ္မ • ပါဠိ၌ အနုဿတိတရား ဆယ်ပါးကို ဟောတော်မူရာ ဥပသမာနုဿတိသည် ဓမ္မာနုဿတိ၌ ပါဝင်ပြီး မဟုတ်ပါလော၊ အဘယ်ကြောင့် သီးခြားတဖန် ဟောတော် မူပြန်ပါသနည်း၊ ရှင်းပြပြီးလျှင်/ ဥပသမာနုဿတိ၌ ဖြစ်သင့်သော ဥပသမ အပြားကိုလည်း တရားကိုယ်နှင့် တကွ ဖော်ပြခဲ့ပါ။

( ၂ ) သုခကာမာတေ ဘိက္ခဝေ ဓမ္မဝိနယေ ယောဂ အာရဒ္ဓ ဝီရိယော၊ သော သုခံ ဝိဟရတိ - ၌ အာရဒ္ဓဝီရိယ ရဟန်းသည် လုံ့လကြိုးကုတ် အားထုတ်အပ်သော အမှုတို့ကို ရေးသား ဖော်ပြပြီးလျှင်/ ဒိဋ္ဌဓမ္မ သမ္ပရာယ နှစ်ဌာန၌ ချမ်းသာစွာ နေရပုံကိုလည်း အဋ္ဌကထာ ဋီကာ အလိုကျအောင် ရေးသား ဖော်ပြပါ။

( ၃ ) ဝေမဝ ခေါ ဘိက္ခဝေ တီဏိမာနိ ဘိက္ခုဿ ယာဝဇီဝံ သာရဏီယာနိ ဘဝန္တိ - ၌ တီဏိ သရုပ်ကို လည်းကောင်း— ထိုသုံးပါး၌ ထည့်သွင်းယူသင့်သည့် သာရဏီယများကို ထည့်သွင်းရာ ဌာနနှင့် တကွ လည်းကောင်း— ရေးသား ဖော်ပြ ပြီးလျှင်/ သာရဏီယသုတ် အရဟတ္တဖိုလ်ကို ပြသော ပါဠိရပ်၌ သယံ အဘိညာ ဟု ဝိသေသပြု၍ ဟောတော်မူရခြင်း၏ အကြောင်းကိုလည်း ဖော်ပြခဲ့ပါ။

( ၄ ) ရာဂ ဟူသမျှသည် အဓမ္မချည်းသာ ဖြစ်သည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ပလောကသုတ် အဋ္ဌကထာ၌ ပရ ပရိက္ခာရေသု ဥပ္ပဇ္ဇမာနော ဝ အဓမ္မရာဂေါတိ - ဟု ဖွင့်ပြပါသနည်း၊ ရှင်းပြပြီးလျှင်/ မိမိ၏ ပစ္စည်း ဝတ္ထုတို့၌ ဖြစ်သော လောဘသည် အဘယ့်ကြောင့် သမလောဘ မည်ပါသနည်း၊ ရှင်းလင်း ဖော်ပြပါ။

( ၅ ) စတ္တာရော အာသဝါ ဟု အဘိဓမ္မာ၌ အာသဝလေးပါး ဟောကြားတော် မူပါလျက် တိကဏ္ဏသုတ်၌ ဧဝံ ပဿတော ကာမာသဝါပိ ဘဝါသဝါပိ အဝိဇ္ဇာသဝါပိ စိတ္တံ ဝိမုစ္စတိ ဟု အာသဝ သုံးပါးကိုသာ အဘယ်ကြောင့် ဟောတော်မူပါသနည်း၊ ရှင်းပြပြီးလျှင်/နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ - ဖြင့် အဘယ် ပစ္စဝေက္ခဏာကို ပြတော်မူပါသနည်း၊ စုံလင်စွာ ရေးသားခဲ့ပါ။

( ၆ ) သင်္ဂါရဝသုတ်လာ အနေက သာရီရိက ပုညပဋိပဒါ ဧကသာရီရိက ပုညပဋိပဒါ ဟူသည် အဘယ်ပါနည်း၊ သင်္ဂါရဝပုဏ္ဏား အလို မြတ်စွာဘုရား အလို အားဖြင့် ခွဲခြား

ပြပြီးလျှင်/ယထာ ပဋိပန္နော အဟံ အနုတ္တရံ ဗြဟ္မစရိယောဂဓံ - ၌ ဗြဟ္မစရိယ - ဗြဟ္မစရိ ယောဂဓ အရတို့ကိုလည်း ဩဂဓ ဖြစ်ပုံနှင့် တကွ ဖော်ပြပါ။

(၇) နိဝေသကသုတ်လာ ဗုဒ္ဓေ အဝေစ္စပ္ပသာဒေ သမာဒပေတဗ္ဗာ - ၌ အဘယ်သို့သော ပသာဒကို ဗုဒ္ဓေ အဝေစ္စပသာဒ ခေါ်သည် — အဋ္ဌကထာ၌ အစလပ္ပသာဒေ ဟု အဘယ့်ကြောင့် ဖွင့်ပြသည်တို့ကို ရှင်းပြပြီးလျှင် / သိယာ အညတ္ထတ္တံ - ၌ ဖြစ်သင့်သော အညတ္ထတ္တ အပြားကိုလည်း အဓိပ္ပာယ်နှင့် တကွ ရေးသားခဲ့ပါ။

(၈) သံဝရသုတ်လာ ဣဓ ဘိက္ခဝေ ဘိက္ခု သတိသမ္မောဇ္ဈင်္ဂံ ဘာဝေတိ (ပ) ဝေါဿဂ္ဂ ပရိဏာမိံ - ၌ ဝေါဿဂ္ဂ အရတို့ကို အဋ္ဌကထာ ဋီကာ အလိုကျ အဓိပ္ပာယ်နှင့် တကွ ဖော်ပြပြီးလျှင်/ ဥပ္ပန္နံ ဘဒ္ဒကံ သမာဓိနိမိတ္တံ အနုရက္ခတိ - ၌ အဘယ်သမာဓိ နိမိတ်ကို အဘယ့်ကြောင့် ဘဒ္ဒက ဟု ခေါ်ဆိုအပ်ပါသနည်း၊ ရေးသား ဖော်ပြခဲ့ပါ။

(၉) သမာဓိဘာဝနာသုတ်လာ ဉာဏဒဿနပ္ပဋိလာဘာယ သံဝတ္တတိ - ၌ အလိုရှိအပ်သော ဉာဏဒဿန အရကို ကောက်ပြပြီးလျှင် / သပ္ပဘာသံ စိတ္တံ ဘာဝေတိ - ၌ အဘယ်သို့သော အရောင် အလင်းကို ယူအပ်ပါသနည်း - ရှင်းလင်း ဖော်ပြခဲ့ပါ။

(၁၀) ပဌမ သံဝါသသုတ်လာ ကဒရိယာပုဒ်ကို ထဒ္ဓမစ္ဆရိနော ဟု ဖွင့်ဆိုသော အဋ္ဌကထာဆရာ၏ အလို အဓိပ္ပာယ်တို့ကို ဖော်ပြပြီးလျှင် / အဘယ် ပုဂ္ဂိုလ်မျိုးကို ထဒ္ဓမစ္ဆရိ မှဒုမစ္ဆရိ ပုဂ္ဂိုလ် ဟု ခေါ်ပါသနည်း - ရှင်းလင်း ဖော်ပြပါ။

(၁၁) ဗြဟ္မာဘုံမှ စုတေသော ပုထုဇဉ် ပုဂ္ဂိုလ်သည် အပါယ်လေးဘုံသို့ မသွား မရောက်နိုင်ပါဘဲလျက် အဘယ့်ကြောင့် ပဌမ နာနာကရဏသုတ်၌ တံ သဗ္ဗံ ခေပေတွာ နိရယမ္ပိ ဂစ္ဆတိ- စသည်ဖြင့် ဟောတော်မူအပ်ပါသနည်း၊ ရှင်းပြပြီးလျှင် / အာဘဿရာနံ ဘိက္ခဝေ ဒေဝါနံ ဒွေ ကပ္ပါ အာယုပ္ပမာဏံ - ဟု ဟောတော်မူခြင်း၏ သန္ဓာယဘာသိတတ္ထကိုလည်း ရေးသားခဲ့ပါ။

(၁၂) ဘိက္ခုနီသုတ်၌ အရှင်အာနန္ဒာ မတော်ရသည် ဘိက္ခုနီအား အဘယ် အကြောင်းကြောင့် အာဟာရသမ္ဘူတော အယံ ဘဂိနိကာယော - စသည်ဖြင့် ဟောတော်မူပါသနည်း၊ ပြည့်စုံစွာ ဖော်ပြပြီးလျှင် / တဏှံ နိဿာယ တဏှာ ပဟာတဗ္ဗာ - ၌ အဘယ် တဏှာကို မှီ၍ အဘယ် တဏှာကို ပယ်အပ်ပါသနည်း၊ အဋ္ဌကထာ ဋီကာ အလိုကျ ရေးသား ဖော်ပြခဲ့ပါ။

၁၀ — မှတ်စီ

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၂ ) အင်္ဂုတ္တရနိကာယ ( ဒုတိယအုပ် ) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၉ - ခုနှစ်၊ ပြာသိုလဆန်း ၁၄ - ရက်။ ( ၂၂-၁-၇၀ )

---

( ၁ ) သုမနာ မင်းသမီးသည် ရထားငါးရာ—မင်းသမီး ငါးရာ ခြံရံကာ မြတ်စွာဘုရားထံသို့ ချဉ်းကပ်ရခြင်း၏ အကြောင်းကို ဖော်ပြပြီးလျှင် / တေ့ ခေါ ပနေသာဟံ သုမနေ န ကိဉ္စိ နာနာကရဏံ ဝဒါမိ ယဒိဒံ ဝိမုတ္တိယာ ဝိမုတ္တိန္တိ - ကို အဋ္ဌကထာနှင့် အညီ အနက် ယောဇနာခဲ့ပါ။

( ၂ ) သီဟ စစ်သူကြီးအား မြတ်စွာဘုရားသည် ဟောကြားတော်မူအပ်သော သန္ဒိဋ္ဌိက ဒါနဖလတို့ကို အကျဉ်းချုပ် ရေးသားပြီးလျှင် / ဒါနာနိသံသသုတ်သာ ဂိဟိဓမ္မာ အနုပ-ဂတော ဟောတိ - ၌ ဂိဟိဓမ္မ ဟူသည့်အဘယ်ပါနည်း၊ ဖော်ပြခဲ့ပါ၊

( ၃ ) အောက်ပါ ဂါထာ၌ လိုအပ်သော ဂါထာဝက်ကို ဖြည့်စွက်၍ အနက် ပေးခဲ့ပါ။

န သောစနာယ ပရိဒေဝနာယ၊ အတ္ထောဓ လဗ္ဘာ အပိအပ္ပကောပိ။

( ၄ ) ပဋ္ဌမာနိ ဘိက္ခဝေ ဌာနာနိ အဘိဏှံ ပစ္စဝေက္ခိတဗ္ဗာနိ-ဟူသော သုတ်အရ ငါးပါး သော အကြောင်းတို့ကို ဆင်ခြင်သော ပုဂ္ဂိုလ်အား ရရှိအပ်သော အကျိုးထူး ငါးပါးတို့ ကို တွဲစပ် ဖော်ပြခဲ့ပါ။

( ၅ ) အောက်ပါ ဂါထာကို အဓိပ္ပာယတ္ထ ထင်ရှားစွာ အနက် ယောဇနာပြီးလျှင် / စိတ္တ အရကိုလည်း အဋ္ဌကထာ အလိုကျ ဖော်ပြခဲ့ပါ။

အနုဿရေယျ သမ္ဗုဒ္ဓံ၊ ဓမ္မဥ္စာနုဝိတက္ကယေ။
အဗျာပဇ္ဇံ ဟိတံ စိတ္တံ၊ ဒေဝ လောကာယ ဘာဝယေ။

( ၆ ) ပဋ္ဌမေ ဘိက္ခဝေ စေတသော ဝိနိဗန္ဓာ - ၌ စိတ်၏ အနှောင်အဖွဲ့ ဖြစ်သော တရား ငါးပါးတို့ကို ရေးသားပြီးလျှင် / ပါရာဇိကော ဝါ ဟောတိ ဆိန္နပရိပန္တော ဟူသော အက္ကောသကသုတ်လာ ပါဠိ၏ အဓိပ္ပာယတ္ထကိုလည်း ရေးသားခဲ့ပါ။

(၇) မဟာနာမသုတ်လာ ပုန စ ပရံ မဟာနာမ အရိယသာဝကော အတ္တနော သီလာ-
နိ အနုဿရတိ - ဌ ဖြစ်သင့်သော သီလဂုဏ်တို့ကို စုံလင်စွာ ဖော်ပြပြီးလျှင်/ သီလာနုဿတိ
ကမ္မဋ္ဌာန်းကို စီးဖြန်း ပွားများသော အရိယသာဝကအား ရရှိနိုင်သော အကျိုးများကို
လည်း ပါဠိ အရ စုံလင်စွာ ဖော်ပြခဲ့ပါ။

(၈) အတ္တတာရိသုတ်လာ အယံ သတ္တာနံ အတ္တကာရော အယံ ပရကာရော - အရ
အတ္တကာရ ပရကာရ ခြောက်ပါးကို အဓိပ္ပာယ်နှင့် တကွ ဖော်ပြပြီးလျှင် / မြတ်စွာဘုရား
ပရိနိဗ္ဗာန် စံတော်မူပြီးနောက် သာသနာတော် အရှည် တည်တံ့နိုင်ခြင်း၏ အကြောင်း-
များကိုလည်း ဤမိလသုတ် အရ ရေးသား ဖော်ပြပါ။

(၉) ဆဠဘိဇာတိသုတ်လာ ပူရာဏေန ဘန္တေ ကဿပေန ဆဠဘိဇာတိယော ပည-
တ္တာ - ဌ ပူရာဏကဿပသည် ပညတ်အပ်သော ခြောက်ပါးသော အမျိုးဇာတ်တို့ကိုလည်း
ကောင်း - အဟံ ခေါ ပနာနန္ဒ ဆဠဘိဇာတိယော ပညာပေမိ - ဌ မြတ်စွာဘုရားသည်
ပညတ်အပ်သော အမျိုးဇာတ် ခြောက်ပါးတို့ကိုလည်းကောင်း - စုံလင်စွာ ရေးသား ဖော်
ပြခဲ့ပါ။

(၁၀) မဇ္ဈေသုတ်လာ ယေ ဥဘော အန္တေ ဝိဒိတွာ န မဇ္ဈေမန္တာ န လိပ္ပတိ - ဌ
အန္တာရေး မဇ္ဈတရားတို့ကို ပထေရ် ခြောက်ပါး၏ အယူဝါဒ-မြတ်စွာဘုရား၏ အယူဝါဒ
အားဖြင့် ပိုင်းခြား ဖော်ပြပါ။

(၁၁) သက္ကာယသုတ်လာ ဆ ဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု ဘဗ္ဗော
တတြတတြေဝ သက္ခိ ဘဗ္ဗတံ ပါပုဏိတုံ သတိ သတိ အာယတနေ - ဌ ဆဓမ္မ သရုပ်ကို
ဖော်ထုတ်ပြပါ။

(၁၂) ပဌမ မိတ္တသုတ်လာ သတ္တဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော မိတ္တော
သေဝိတဗ္ဗော - ဌ သတ္တအင်္ဂ သရုပ်ကို ထုတ်ပြပြီးလျှင် / သေဝိတဗ္ဗ မိတ်ဆွေ ရဟန်းအား
ပြည့်စုံရမည့် တရား ခုနစ်ပါးကိုလည်း ဒုတိယ မိတ္တသုတ် အရ စုံလင်စွာ ရေးသားခဲ့ပါ။

## (ခ) တိပိဋကဓရ သဓောဘာရေးဖြေ စာမေးပွဲ

### (၃) အင်္ဂုတ္တရနိကာယ (တတိယအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၃၉–ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁-ရက် (၂၄-၁-၇၈)

—

(၁) ပဉ္စမ ဥက္က သုတ်လာ တဿ မေ ဘဂဝါ အနုပုဗ္ဗိံကထံ ကထေသိ-၌ အလိုရှိအပ်သော အနုပုဗ္ဗိကထာ နှင့် ဟောတော်မူသော အခါသမယကိုလည်းကောင်း - အထယာ ဗုဒ္ဓါနံ သာမုက္ကံသိကာ ဓမ္မဒေသနာ-၌ အလိုရှိအပ်သော သာမုက္ကံသိကာ ဒေသနာနှင့် ဟောတော်မူသော အခါသမယကိုလည်းကောင်း ကွဲပြားအောင် ခွဲခြား ဖြေဆိုခဲ့ပါ။

(၂) ပဉ္စမ ဟတ္ထက သုတ်လာ ကစ္စိတ္ထ ဘန္တေ န ကောစိ ဂိဟီ အဟောသိ ဩဝါဒံတဝသံနေတိ-ဟူသော ပါဠိကို အဓိပ္ပာယ် ပေါ်လွင်အောင် အနက် ပေးပြီးလျှင် / ဟတ္ထက ဥပါသကာသည် ဤသို့သော အမေးစကားကို အဘယ့်ကြောင့် လျှောက်ထားမေးမြန်းပါသနည်း၊ ရေးသား ဖော်ပြပါ။

(၃) အက္ခဏသုတ်လာ အယဥ္စ ပုဂ္ဂလော အညတရံ ဒီဃာယုကံ ဒေဝနိကာယံ ဥပပန္နော ဟောတိ-၌ ဒေဝနိကာယ အရကို အဋ္ဌကထာ အလိုကျ ရေးသား ဖော်ပြပြီးလျှင်/ကောဝ ခေါ ဘိက္ခဝေ ခဏော စ သမယော စ ဗြဟ္မစရိယဝါသာယ-၌ တခုတည်းသော ခဏ သမယ ကား အဘယ်ပါနည်း၊ ရေးသား ဖော်ပြခဲ့ပါ။

(၄) အဘယ် ပုညကြိယဝတ္ထုကို အဘယ်သို့ ပြုလုပ် အားထုတ်ခဲ့ကြောင့် ဤလူ့ဘုံ၌ကြွယ်ဝ ကုံလုံ ပြည့်စုံသော အမျိုး၌ ဖြစ်ရပါသနည်း၊ ပုညကြိယဝတ္ထုသုတ် အရ ရှင်းပြပြီးလျှင် / ကာမေသုမိစ္ဆာစာရကံ ၏ အကြီးလေးဆုံးသော အကျိုး နှင့် အပေါ့ဆုံးသော အကျိုးတို့ကိုလည်း ဖော်ပြခဲ့ပါ။

(၅) ရဟန္တာပုဂ္ဂိုလ်တို့အား တရားနာသဖြင့် ရရှိကောင်းသော အကျိုးကို နန္ဒကသုတ်အရ ရေးသား ဖော်ပြပြီးလျှင်/ ဣမေဟိ ခေါ ဘိက္ခဝေ စတူဟိ ဗလေဟိ သမန္နာဂတော အရိယသာဝကော ပဥ္စဘယာနိ သမတိက္ကန္တော ဟောတိ-၌ စတု ပဥ္စ သရုပ်တို့ကိုလည်း ဖော်ထုတ်ပြပါ။

(၆) ဣဓမ ခေါ သာရိပုတ္တ နဝပုဂ္ဂလာ သဥပါဒိသေသာ ကာလံ ကုရုမာနာ ပရိမုတ္တာ နိရယာ-၌ အဘယ် ပုဂ္ဂိုလ်မျိုးကို သဥပါဒိသေသ ဟု ခေါ်ဆိုအပ်ပါသနည်း၊ ရှင်းပြပြီးလျှင် / သဥပါဒိသေသသုတ်လာ ဤဒေသနာကို မြတ်စွာဘုရားသည် ရှေးအခါက အဘယ့်ကြောင့် တပည့် သာဝကတို့အား ဟောပြတော် မမူပါသနည်း၊ ရှင်းပြခဲ့ပါ။

(၇) ဣတိ ခေါ ဘိက္ခဝေ ယာဝတာ သညာ သမာပတ္တိ၊ တာဝတာ အညာ ပဋိဝေဓော - ဟူသော စျာနသုတ်၌ အဘယ်တရားများကို သညာသမာပတ္တိ ဟု ခေါ်ဆိုအပ်ပါသနည်း၊ ရေးသားပြီးလျှင် / ယာနိ ဣမာနိ ဘိက္ခဝေ နိဿာယ ဒွေ အာယတနာနိ - ၌ ဒွေ သရုပ်ကိုလည်း ဖော်ထုတ်ပြပါ။

(၈) သမ္ဗာဓသုတ်လာ ကတမော အာဝုသော သမ္ဗာဓော ကတမော သမ္ဗာဓေ ဩကာသာဓိဂမော ၌ သမ္ဗာဓ တရား - ဩကာသာဓိဂမ တရား တို့ကို တွဲစပ် ဖော်ပြခဲ့ပါ။

(၉) ပါပိကာ ဘိက္ခဝေ ဣစ္ဆာ နေဝ ကာယေန ပဟာတဗ္ဗာ နော ဝါစာယ ပညာယ ဒိသွာ ပဟာတဗ္ဗာ - ဟူသော ကာယသုတ်၌ ပါပိကာ ဣစ္ဆာ တို့ ဟူသည် အဘယ်တို့ပါနည်း၊ ပါဠိလာစဉ် အတိုင်း စုံလင်စွာရေးသား ဖော်ပြခဲ့ပါ။

(၁၀) ပရိဟာနသုတ်လာ ပရိဟာနဓမ္မော ပုဂ္ဂလော အပရိဟာနဓမ္မော ပုဂ္ဂလော - ၌ အဘယ်ပုဂ္ဂိုလ်သည် ပရိဟာနဓမ္မပုဂ္ဂိုလ် - အဘယ်ပုဂ္ဂိုလ်သည် အပရိဟာနဓမ္မပုဂ္ဂိုလ် မည်ပါသနည်း၊ ရှင်းလင်း ဖော်ပြခဲ့ပါ။

(၁၁) နိဋ္ဌင်္ဂတသုတ်လာ ယေကေစိ ဘိက္ခဝေ မယိ နိဋ္ဌံ ဂတာ - ၌ အဘယ်သို့သော ပုဂ္ဂိုလ်များသည် နိဋ္ဌင်္ဂတ - ပုဂ္ဂိုလ် မည်ပါသနည်း၊ ရှင်းပြပြီးလျှင်/ ပဉ္စန္နံ ဣဓ နိဋ္ဌာ ပဉ္စန္နံ ဣဓ ဝိဟာယ နိဋ္ဌာ - ၌ ပဉ္စ နှစ်ပုဒ်တို့၏ အရတို့ကိုလည်း ရေတွက်ပြခဲ့ပါ။

(၁၂) ဝါဟနသုတ်လာ ဒသဟိ ခေါ ဝါဟနဓမ္မေဟိ တထာဂတော နိဿဋ္ဌော (ပ) ဝိမရိယာဒိကတေန စေတသာ ဝိဟရတိ - ၌ ဒသဓမ္မ တို့ကို ရေးသား ဖော်ပြပြီးလျှင်/ ဝိမရိယာဒိကတေန - ၌ မရိယာဒ အရကိုလည်း ကောက်ပြခဲ့ပါ။

၁၀—မှတ်စီ။

# (၁) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

## (၁) အင်္ဂုတ္တရနိကာယ (ပထမအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

၁၃၄၀-ခုနှစ်၊ ပြာသိုလပြည့်ကျော် ၁၄-ရက်။ (၂၆-၁-၇၉)

(၁) အသုဘသညာ အနိစ္စသညာ ထင်မြင်အောင် ရှုပွားနေသော ယောဂီများ၏ စိတ်ကို မာတုဂါမ၏ အဆင်း ရူပါရုံသည် သိမ်းကျုံး၍ မယူနိုင်လည်း မဟုတ်ပါလော၊ အဘယ့်ကြောင့် စိတ္တပရိယာဒါနသုတ်၌ ဣတ္ထိရူပံ ဘိက္ခဝေ ပုရိသဿ စိတ္တံ ပရိယာဒါယ တိဋ္ဌတိ - ဟု ဟောတော်မူပါသနည်း၊ ရှင်းပြပြီးလျှင် / ကာယပဋိဗဒ္ဓ မဟုတ်သော မာတုဂါမ၏ အဝတ်တန်းဆာသည် ဤသုတ်အရ ဣတ္ထိရူပ ဖြစ် မဖြစ်ကိုလည်း ယုတ္တိပြ၍ ဝိနိစ္ဆယ ချခဲ့ပါ။

(၂) သမစိတ္တဝဂ်လာ ဣဓာဝုသော ဘိက္ခု သီလဝါ ဟောတိ - အစရှိသော ပါဠိတို့တွင် သမာဒါယ သိက္ခတိ သိက္ခာပဒေသု ကို အဋ္ဌကထာနှင့် အညီ အနက် နှစ်နည်း ယောဇနာပြီးလျှင် / ဤသုတ်၌ ဧဝံ ဟိ ဝေါ သာရိပုတ္တ သိက္ခိတဗ္ဗံ ဟု ဟောတော်မူချခြင်း၏ အကြောင်းကိုလည်း ရေးသား ဖော်ပြပါ။

(၃) သမစိတ္တဝဂ်လာ အာရာဓကော ဟောတိ ဉာယံ ဓမ္မံ ကုသလံ - ၌ အဘယ် တရားကို အဘယ့်ကြောင့် ဉာယဓမ္မ ဟု ခေါ်ဆိုအပ်ပါသနည်း၊ ရှင်းပြပြီးလျှင် / ပရိသဝဂ်လာ ယဿံ ပရိသာယံ ဘိက္ခူ ဥဒ္ဓတာ ဟောန္တိ - ၌ ဥဒ္ဓတာတိ ဥဒ္ဓစ္စေန သမန္နာဂတာ - ဟူသော အဋ္ဌကထာအရ ရဟန်းတို့၏ ဥဒ္ဓစ္စ ဖြစ်ပုံကိုလည်း စေ့စုံစွာ ဖော်ပြခဲ့ပါ။

(၄) တယော မေ အာဝုသော သန္တော ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ - ဟူသော သမိဒ္ဓ သုတ်၌ တယော ပုဂ္ဂလာ အရ အဝိပ္ပာယ်အားဖြင့် သရုပ်ကိုလည်းကောင်း ထိုပုဂ္ဂိုလ်တို့၏ အရဟတ္တမဂ် ဖြစ်ပုံ အထူးကိုလည်းကောင်း ဖော်ပြပြီးလျှင် / ဤပုဂ္ဂိုလ်သုံးမျိုးတွင် အဘယ် ပုဂ္ဂိုလ်သည် ပဏီတတရ ဖြစ်သည် ဟု မထေရ်သုံးပါး မြတ်စွာဘုရားတို့ မိန့်ဆို ဟောကြားကြပါသနည်း၊ အကြောင်းပြ အသီးသီးနှင့် တကွ ဖော်ပြပါ။

(၅) ဒေဝဒူတဝဂ် အာနန္ဒသုတ်လာ ဣဓာနန္ဒ ဘိက္ခုနော ဧဝံ ဟောတိ - ၌ နှလုံးသွင်းပုံ အာဘောဂ သမန္နာဟာရ ရှစ်မျိုး သရုပ်ကို ပါဠိလာတိုင်း ရေတွက်ထုတ်ပြပြီးလျှင် / ဧတံ သန္တံ ဧတံ ပဏီတံ အရ သန္တ ပဏီတ ဖြစ်ပုံကိုလည်း အဋ္ဌကထာ အလိုကျ နှစ်မျိုး နှစ်စားစီ ခွဲခြား ဖော်ပြခဲ့ပါ။

(၆) သာရိပုတ္တ သုတ်၌ ဧတဿ ဘဂဝါ ကာလော ဧတဿ သုဂတ ကာလော - အစရှိသော စကားကို လျှောက်ထားသော ရှင်သာရိပုတြာ၏ နှလုံးသွင်း အာဘောဂကို အဋ္ဌကထာ အလိုကျ ဖော်ပြပြီးလျှင် / သမ္မာ မာနာဘိသမယာ အန္တမကာသိ ဒုက္ခဿ ၌ မာနာဘိသမယာ အရ ဒဿနာဘိသမယ - ပဟာနာဘိသမယ ဖြစ်ပုံကိုလည်း ထင်ရှားအောင် ရေးသား ဖော်ပြပါ။

(၇) တိကနိပါတ် ဗြာဟ္မဏဝဂ် တိကဏ္ဏသုတ်လာ ယထာ ကထံ ပန ဗြာဟ္မဏ ဗြာဟ္မ-
ဏာ တေဝိဇ္ဇံ ပညာပေန္တီတိ ကို အဋ္ဌကထာ အလိုကျ အနက် ယောဇနာပြီးလျှင်/ တိကဏ္ဏ
ပုဏ္ဏားသည် မြတ်စွာဘုရား မျက်မှောက်၌ ဝေမှိ တေ ဝိဇ္ဇာ ဗြာဟ္မဏာ ဣတိပိ တေဝိဇ္ဇာ
ဗြာဟ္မဏာ-ဟု ပုဏ္ဏားတို့၏ ဂုဏ်ကို ထုတ်ဆို ချီးမွမ်းခြင်း၏ ရည်ရွယ်ရင်း အဓိပ္ပာယ်ကို
လည်း ဖော်ပြခဲ့ပါ။

(၈) ရှေး အတိတ်ကံကို ယုံကြည်ခြင်းမျှသည် ပုဗ္ဗေကတ ဟေတု ဒိဋ္ဌိ-မည်ပါသလော-
အဘယ်ပါနည်း-တိတ္ထာယတနသုတ် အရ ရှင်းပြပြီးလျှင် / န ဟောတိ ပစ္စတ္တံ သဟဓမ္မိ-
ကော သပဏာ ဝါဒေါ-ဟူသော ပဉ္စမ နိဂ္ဂဟ ပြုခြင်း၏ အဓိပ္ပာယ်ကိုလည်း ရှင်းလင်း
ခဲ့ပါ။

(၉) မဟာဝဂ် ဝေနာဂပုရသုတ်လာ ယာဝဉ္စိဒံ ဘောတော ဂေါတမဿ ဝိပ္ပသန္နာနိ
ဣန္ဒြိယာနိ-၌ စက္ခု စသော ခြောက်ပါးသော ဣန္ဒြေတို့သည် ပသာဒစက္ခု၌ မထင်
မမြင်နိုင်သည် မဟုတ်ပါလော-အဘယ့်ကြောင့် ဝစ္ဆဂေါတ္တ ပုဏ္ဏားသည် ဝိပ္ပသန္နာနိ
ဣန္ဒြိယာနိ-ဟု လျှောက်ထားပါသနည်း-ရှင်းပြပြီးလျှင်/ဈာန်ဝင်စားလျက် စင်္ကြံသွား
နိုင်-မသွားနိုင်ကိုလည်း သော စေ အဟံ ဗြာဟ္မဏ ဧဝံ ဘူတော စင်္ကမာမိ-ဟူသော
ပါဠိနှင့် ညှိ၍ ဆုံးဖြတ်ခဲ့ပါ။

(၁၀) သမာဓိ နု ခေါ ဘန္တေ ပုဗ္ဗေ ပစ္ဆာ ဉာဏံ၊ ဥဒါဟု ဉာဏံ ပုဗ္ဗေ ပစ္ဆာ သမာဓိ-
ဟု မဟာနာမ် သာကီဝင် မေးလျှောက်ထားသည်ကို သေခမှိ ခေါ မဟာနာမ သီလံ
ဝုတ္တံ ဘဂဝတာ အသေခမှိ သီလံ ဝုတ္တံ ဘဂဝတာ-စသည်ဖြင့် ရှင်အာနန္ဒာ ဖြေဆိုရာ၌
အဘယ်သို့ ဖြေဆိုလိုပါသနည်း-အမေးစကားနှင့် အဖြေစကားကို စပ်ဟပ် ပြပြီးလျှင် /
နိဂဏ္ဌသုတ်လာ ပုရာဏဉ္စ ကမ္မံ ဖုဿ ဖုဿ ဗျန္တီ ကရောတိ-၏ အဓိပ္ပာယ်ကိုလည်း ရေးသား
ခဲ့ပါ။

(၁၁) ယော နိန္ဒိယံ ပသံသတိ၊ တံ ဝါ နိန္ဒတိ ယော ပသံသိယော-ဟူသော စတုက္က
နိပါတ ပဉ္စမ ခတသုတ် အရ မချီးမွမ်းထိုက်သော တိတ္ထိတို့ကို ချီးမွမ်းခြင်း ပဂ္ဂဟကံ နှင့်
ချီးမွမ်းထိုက်သော အရိယာ ပုဂ္ဂိုလ်တို့ကို ကဲ့ရဲ့ခြင်း အရိယူပဝါဒကံ တို့၏ အကျိုးပေး
ထူး-မထူး အကြောင်း ယုတ္တိ ပြ၍ ဆုံးဖြတ်ပြီးလျှင် / လောကသုတ်လာ တထာ ဂတော
ဒဋ္ဌာ ဒဋ္ဌဗ္ဗံ ဒိဋ္ဌံ နမညတိ၏ အဓိပ္ပာယ်ကိုလည်း ဖော်ပြခဲ့ပါ။

(၁၂) ယုဂနဒ္ဓသုတ်လာ ဝိပဿနာ ပုဗ္ဗင်္ဂမံ သမထံ ဘာဝေတိ-အရ ဝိပဿနာကို ရှေး
ဦး ပွားများပြီးမှ သမထ ပွားများပုံကို ရှင်းပြပြီးလျှင် / သော တံမဂ္ဂံ အာသေဝတိ
ဘာဝေတိ ဗဟုလီကရောတိ-၌ စိတ္တက္ခဏ တကြိမ်တည်းသာ ဖြစ်သော မဂ်ကို အဘယ်သို့
အဖန်ဖန် မှီဝဲ ပွားများနိုင်ပါမည်နည်း-အဋ္ဌကထာ ဋီကာ ဝါဒစုံပြ၍ ရေးသားခဲ့ပါ။

၁၀ – မှတ်စီ

## (ခ) တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ

### (၂) အင်္ဂုတ္တရနိကာယ (ဒုတိယအုပ်) ပါဠိ + အဋ္ဌကထာ မေးခွန်း

### ၁၃၄၀-ခုနှစ်၊ တပို့တွဲလဆန်း ၁ - ရက်။ (၂၀-၁-၇၉)

——

(၁) ပဥ္စကနိပါတ် ဒုတိယ အဂါရဝသုတ် လာ ပဉ္စဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ဘိက္ခု အဂါရဝေါ အပ္ပတိဿော အဘဗ္ဗော ဣမသ္မိံ ဓမ္မဝိနယေ ဝုဒ္ဓိံ ဝိရုဠှိံ ဝေပုလ္လံ အာပဇ္ဇိတုံ-၌ ပဉ္စဓမ္မ သရုပ်ကို တရားကိုယ်အားဖြင့် ထုတ်ပြပြီးလျှင်/ဝုဒ္ဓိ ဝိရုဠှိ ဝေပုလ္လ တို့၏ အမိပ္ပာယ် အထူးကိုလည်း ဖော်ပြခဲ့ပါ။

(၂) ဥပက္ကိလေသသုတ်လာ ပဉ္စိမေ စိတ္တဿ ဥပက္ကိလေသာ-၌ အဘယ် ငါးပါးသော တရားတို့သည် အဘယ်စိတ်ကို အဘယ်သို့ ညစ်နွမ်း စေကုန် ပါသနည်း၊ ရှင်းပြပြီးလျှင်/န စ ပဘဿရံ ပဘင်္ဂုစ–အရ စိတ်၏ ပဘဿရ ပဘင်္ဂု ဖြစ်ပုံကိုလည်း ဖော်ပြခဲ့ပါ။

(၃) ဝိမုတ္တာယတန သုတ်လာ ပါမောဇ္ဇံ ဇာယတိ ပီတိဇာယတိ-၌ ပါမောဇ္ဇန္တိ တရုဏပီတိ၊ ပီတိတိ တုဋ္ဌာကာရဘူတာ ဗလဝပီတိဟု အဋ္ဌကထာ ဖွင့်ပြရာ အဘယ်ပီတိသည် တရုဏပီတိ ဗလဝပီတိ မည်ပါသနည်း၊ ရှင်းပြပြီးလျှင်/ပရိယတ္တိ ဓမ္မကို ရွတ်ဖတ်သင်အံ လေ့ကျက်နေသောပုဂ္ဂိုလ်အား မဂ် ဖိုလ် တရား ရနိုင်-မရနိုင် ပါဠိ သာဓက အထောက်ပြ၍ ဝိနိစ္ဆယချခဲ့ပါ။

(၄) ပဉ္စမ ဓေတော ဝိမုတ္တိဖလ သုတ်လာ ဇာတိသံသာရော ပဟီနော ဟောတိ-၌ အဘယ်တရားသည် အဘယ်ကြောင့် ဇာတိသံသာရ မည်ပါသနည်း၊ ရှင်းပြပြီးလျှင်/သံကိဏ္ဏ ပရိခေါ ဟောတိ-အရ ပရိခါ မည်ပုံကိုလည်း ရှင်းပြခဲ့ပါ။

(၅) ယဿံဒိသံ သုတ်လာ တဿိမေ စတ္တာရော ဓမ္မာ ဝိမုတ္တိံ ပရိပါစေန္တိ–၌ စတ္တာရော ဓမ္မာ အရ ရေတွက်ပြပြီးလျှင်/ ပရိပုဏ္ဏကောသ ကောဋ္ဌာဂါရော–၌ ကောသ ကောဋ္ဌာဂါရ တို့၏ အရကိုလည်းဥပမာန ဥပမေယျ နှစ်ဌာနအားဖြင့် ခွဲခြားကောက်ပြခဲ့ပါ။

(၆) ပီတိသုတ်လာ ကိန္တိမယံ ကာလေန ကာလံ ပဝိဝေကပီတိံ ဥပသမ္ပဇ္ဇ ဝိဟရေယျာမ–၌ အဘယ်ပီတိကို ပဝိဝေကပီတိ ဟု ခေါ်ဆိုအပ်ပါသနည်း၊ ရှင်းပြပြီးလျှင်/ဒုက္ခ ဒေါမနဿသည် ကုသိုလ် နှင့် မယှဉ်စပ်ကောင်းသည် မဟုတ်ပါလော၊ အဘယ့်ကြောင့် ယမ္ပိဿ ကုသလူပသံဟိတံ ဒုက္ခံ ဒေါမနဿံ ဟု ဟောတော် မူပါသနည်း၊ ရှင်းပြခဲ့ပါ။

(၇) ဝဏ္ဏိဋ္ဌာသုတ်လာ ပဋ္ဌမေ ဘိက္ခဝေ ဝဏ္ဏိဋ္ဌာ ဥပါသကေန အကရဏီယာ–၌ ပဥ္စသရုပ်ကို ပါဠိလာစဉ် အတိုင်း ဖော်ထုတ် ရေတွက်ပြပြီးလျှင်/ ဤငါးပါး ကုန်သော ကုန်သွယ် ရောင်းဝယ်မှုကို မပြုအပ် ဟု တားမြစ်တော်မူရခြင်း၏ အကြောင်း အသီးသီး ကိုလည်း တွဲစပ် ဖော်ပြခဲ့ပါ။

(၈) ပဋ္ဌမာ ဘိက္ခဝေ နိဿာရဏီယာ ဓာတုယော • ဟူသော နိဿာရဏီယ သုတ်၌ အဘယ်ငါးပါးသော ဓာတ်တို့သည် အဘယ်မှ ထွက်မြောက်ကုန်ပါသနည်း၊ အသီးသီး စပ်ဟပ် ရှင်းပြပြီးလျှင်/ ဤငါးပါးသော နိဿာရဏီယ ဓာတ်တို့သည် တဆယ့်ရှစ်ပါးသော ဓာတ်တို့တွင် အဘယ်တို့ပါနည်း၊ ရှင်းပြခဲ့ပါ။

(၉) ဆက္ကနိပါတ် ပဌမ မရဏဿတိ သုတ်၌ ဒန္ဒ မရဏဿတိ • ဘာဝေန္တိ တိက္ခံ မရဏဿတိ • ဘာဝေန္တိ–အရ ဒန္ဒ မရဏဿတိ လေးမျိုး– တိက္ခ မရဏဿတိ နှစ်မျိုးကို အကျဉ်းချုပ် အဓိပ္ပာယ် အားဖြင့် ဖော်ပြ ပြီးလျှင်/ဗဟုဝတ မေ ကတံ အဿ • ကို အဋ္ဌကထာနည်း ဋီကာနည်း အားဖြင့် အနက် နှစ်နည်း ရေးသားခဲ့ပါ။

(၁၀) ခေမသုတ်လာ ဩဟိတဘာရော–၌ အဘယ်အရာများကို အဘယ့်ကြောင့် ဘာရ ဟု ခေါ်ဆိုအပ်ပါသနည်း၊ ရှင်းပြပြီးလျှင်/နဥဿောသုန ဩမေသု သမတ္တော နော ပနီယမေ့ ကို ကတ္တားသည့်စွက် အနက်ယောဇနာခဲ့ပါ။

(၁၁) မဇ္ဈေသုတ်လာ ဖဿနိရောဓော မဇ္ဈေနာမ အရ အဘယ်တရားသည် မဇ္ဈေ မည်သည်–အဘယ်သို့ မဇ္ဈေ ဖြစ်သည်တို့ကို ရှင်းပြပြီးလျှင်/အဘိညေယျံ အဘိဇာနာတိ ပရိညေယျံ ပရိဇာနာတိ၏ အဓိပ္ပာယ်ကိုလည်း အဋ္ဌကထာ အလိုကျ ရေးသားခဲ့ပါ။

(၁၂) သယိမာနိ ဘိက္ခဝေ တထာဂတဿ တထာဂတဗလာနိ •၌ ဆ တထာဂတဗလတို့ကို ရေတွက် ပြပြီးလျှင်/ ဈာနဝိမောက္ခ သမာဓိ သမာပတ္တီနံ သံကိလေသံ ဝေါဒါနံ ဝုဋ္ဌာနံ–၌ သံကိလေသ ဝေါဒါန ဝုဋ္ဌာန တို့၏ အဓိပ္ပာယ်ကိုလည်း ပြည့်စုံစွာ ဖော်ပြခဲ့ပါ။

၁၀–မှတ်စီ။

## ( ခ ) တိပိဋကဓရ သဘောရေးဖြေ စာမေးပွဲ

### ( ၃ ) အင်္ဂုတ္တရနိကာယ ( တတိယအုပ် ) ပါဠိ + အဋ္ဌကထာ မေးခွန်း
### ၁၃၄၀ - ခုနှစ်၊ တပို့တွဲလဆန်း ၃ - ရက်။ ( ၃၀ - ၁ - ၇၉ )

—

( ၁ ) ဝေသာလီပြည်၌ ထင်ရှား ကျော်ကြားကုန်သော လိစ္ဆဝီမင်းတို့သည် စည်းဝေးရာ မင်းကွန်း၌ ရတနာသုံးပါးတို့၏ ဂုဏ်ကျေးဇူးတို့ကို အဘယ့်ကြောင့် ချီးမွမ်း ပြောဆိုနေကြပါကုန်သနည်း၊ အဋ္ဌကနိပါတ် သီဟသုတ် အရ ရှင်းပြပြီးလျှင်/မြတ်စွာဘုရားသည် သီဟစစ်သူကြီးအား အနုဝိစ္စကာရံ ခေါ သီဟ ကရောဟိ ဟု မိန့်တော်မူရခြင်း၏ အကြောင်းကိုလည်း ရေးသားခဲ့ပါ။

( ၂ ) အဋ္ဌကနိပါတ် မလသုတ်လာ မလံ ဘိက္ခဝေ ဣတ္ထိယာ ဒုစ္စရိတံ - ၌ အဘယ် ဒုစ္စရိတသည် မိန်းမ၏ မလ မည်ပါသနည်း၊ အကြောင်းနှင့် တကွ ရှင်းပြပြီးလျှင်/အဝိဇ္ဇာ ပရမံ မလံ - ၌ အဘယ်သို့သော အဝိဇ္ဇာကို အဘယ့်ကြောင့် ပရမမလ ဟု ဟောတော်မူပါသနည်း၊ ရှင်းပြခဲ့ပါ။

( ၃ ) ဒါနူပပတ္တိသုတ်လာ အဋ္ဌိမာ ဘိက္ခဝေ ဒါနူပပတ္တိယော - ၌ အဋ္ဌ ၏ သရုပ်ကို ပါဠိလာစဉ် အတိုင်း အကျဉ်းချုပ်အားဖြင့် ထုတ်ပြပြီးလျှင်/တဉ္စ ခေါ သီလဝတော ဝဒါမိ၊နော ဒုဿီလဿ ဝီတရာဂဿ၊ နော သရာဂဿ - ၌ ဝီတရာဂ အရ ဖြစ်သင့်သော ပုဂ္ဂိုလ်များကိုလည်း အကြောင်းပြ၍ ကောက်ခဲ့ပါ။

( ၄ ) သပ္ပုရိသဒါနသုတ်လာ ဝိစေယျဒေတိ - အရ အလှူဒါန ပြုကြရာ၌ အဘယ်သို့ စိစစ်၍ လှူပါမည်နည်း၊ အဋ္ဌကထာ ဋီကာ အလိုကျ ရှင်းလင်း ဘော်ပြပြီးလျှင်/သပ္ပုရိ- သော ဘိက္ခဝေ ကုလေ ဇာယမာနော ဗဟုနော ဇနဿ အတ္ထာယ ဟိတာယ သုခါယ ဟောတိ ဟူသော သပ္ပုရိသ သုတ်၌ သပ္ပုရိသ၏ အရကိုလည်း စေ့စုံစွာ ဘော်ပြပါ။

( ၅ ) ဘယသုတ်လာ ဂဗ္ဘောတိ ကာမာနမေတံ အဓိဝစနံ - ၌ ကာမတို့ကို ဂဗ္ဘ ဟု ခေါ်ဆိုရခြင်း၏ အကြောင်းကို ရေးသား ဘော်ပြပြီးလျှင်/ ဥဘယံ ဧတေ ကာမာ ပဝုစ္စန္တိ - ၌ ဥဘယကာမ သရုပ်ကိုလည်း စုံလင်စွာ ထုတ်ပြပါ။

( ၆ ) အနာထပိဏ် သူဌေးအိမ်၌ ရဟန်း သံဃာအား နိစ္စဘတ် အမြဲ လှူနေသည်ကို သိတော်မူသည် မဟုတ်ပါလော၊ မြတ်စွာဘုရားသည် အဘယ့်ကြောင့် နဝကနိပါတ် ဝေလာမသုတ်၌ အပိနု တေ ဂဟပတိ ကုလေ ဒါနံ ဒီယတိ - ဟု မေးတော်မူပါသနည်း၊ ရှင်းပြပြီးလျှင်/အပဝိဒ္ဓံ ဒေတိ - ၌ အဘယ်သို့ ပေးလှူခြင်းကို အပဝိဒ္ဓဒါန ဟု ဟော တော်မူပါသနည်း၊ အဋ္ဌကထာ ဋီကာ နည်းစုံပြ၍ ရေးသား ဘော်ပြခဲ့ပါ။

## ဆုတောင်းလင်္ကာ

---

ဤသည့်ပုည ကုသလကြောင့်၊
လောဘ ဒေါသ မောဟ ကင်းကွာ၊
သံသရာဝယ် ကျင်ပါရဘိ၊
ပညာရှိနှင့် ယှဉ်မိပေါင်းသင်း၊
ဉာဏ်မဲ့ကင်း၍ ပြည့်လင်းလျှဖွယ်၊
လျှစဉ်ဝယ်လည်း သုံးသွယ်စေတနာ၊
ဖြောင့်ညီညာသည်........၊
ခေမာအထွတ်တိုင်လိုသောင်။

---

( အကိတ္တိဇာတ်နှင့်အညီ ဆုတောင်းခြင်း ဖြစ်သည် )။